www.burmeseclassic.com

# ကလျာ (ဝိဇ္ဇာ-သိပ္ပံ)

## ဝင်ကစွပ်ကောင်လိုလူ



ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

ကြံ့စဖူး–မြင်ဖူးမှ ယုံစဖွယ်
ဖြူနီဝါပြာ တစ်စုနှင့်
ခရုထွေလာဆန်း
ကမ်းကွေ့ပတ်လည်
ရွှေမင်တံ သံပခြုပ်နှင့်
ဟန်ရုပ်ပြသွယ်သွယ်
နတ်မယ်လျှ ဆံထိုး
"ဝင်ကာစွပ်"
မြင်စွတ်ကကြည်ဖို့ရာ
ဟိုသို့လာ – သည်သို့သွားနှင့်
အငှားခန္ဓာမြှောင်ရတယ်
ဆန်းခေါင်ထိမျိုး

ဦးကြင်ဥ

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



## အခန်း တစ်

ပင်လယ်ဝသို့ ထွက်ကတည်းက လှိုင်းကြမ်းကြောင့် သင်္ဘောသည် နိမ့်ဆင်းလိုက်၊ မြင့်တက်လိုက်၊ လူးလှိမ့်လိုက်နှင့်...

သင်္ဘောကုန်းပတ်နှင့် ကြမ်းပြင်တို့တွင် တည့်မတ်တည်ငြိမ်စွာ လျှောက်လှမ်း၍မရ၊ သေသောက်ကြူးသူ၏ ခြေလှမ်းလို ရွေ့လျားတိုင်း ယိမ်းယိုင်နေကြသည်။

အခန်းတွင်း၌ ပလတ်စတစ်ခွက်လို ပေါ့ပါးသော ပစ္စည်းများ လွင့်စင်ကျလာသည်။ ချိတ်ထားသော လွယ်အိတ်နှင့် အနွေးထည်တို့မှာ ယမ်းခါနေပါ၏။

အထက်တန်းအခန်းမှ စီးကြသူများအတွက် သင်္ဘောမှ ကျွေးသော ညနေစာကို အားလုံးလောက်နီးနီး မစားနိုင်ကြ။

စားပြီးသူများ၏ အော့အန်သံကို လှိုင်းသံများနှင့် ယှဉ်တွဲကြားနေရသည်။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့ပင်လယ်ကမ်းရိုးတန်းသွား 'ဟားခါးသင်္ဘော'ကြီးကို စီးလာခဲ့ကြသော ခရီးသည်တိုင်းသည် ရန်ကုန်မြစ်မှအထွက် ဘင်္ဂလား ပင်လယ်အော်၏ ပင်လယ်ပြင်ကို အဝင်မှစ၍ အားလုံး မူးဝေကြ၊ အော့အန်ကြနှင့် လှိုင်း၏ဒဏ်ကို လူးလူးလဲလဲ ခံစားခဲ့ကြရသည်။

ခရီးသည်များ ရုတ်ရုတ်သဲသဲ လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြ၍...

"ဘာလဲဟင်"

"ဘာဖြစ်လို့လဲ"

ဆိုသော မေးခွန်းများ တစ်ဦးမှတစ်ဦးသို့ ဆက်ကူးနေကြသည်။

အိပ်ခန်းတွင်းမှာ နေသာသလို နေနေကြသူများအားလုံးလိုလို ကိုယ့်အခန်းဝမှ ခေါင်းများ ပြူထွက်လာကြလျက်...

အသံနှင့်မေးသူ၊ မျက်ဝန်းနှင့်မေးသူ၊ မေးဆတ်၍မေးသူများ အားလုံးဆီသို့...

အပေါ်ထပ်မှ ဆင်းလာသော အသက်သုံးဆယ်ခန့် လူတစ်ဦးက အဖြေပေးလာသည်။

"ပင်လယ်ထဲမှာ လူတစ်ယောက်တွေ့လို့"

"ဟယ်..."

"အဲဒါ သင်္ဘောတာဝန်ခံတွေက ကြိုးကို အဝေးကြီးရောက်အောင်ဖို့ သက်ကယ်သေနတ်မှာ ကြိုးတပ်ပြီး ပစ်ပေးလိုက်တယ်၊ အဲဒီကြိုးပစ်ကိုရိယာနဲ့ ဆွဲယူလို့ အခု ရောက်နေပြီ"





"အို...ဟုတ်လား"

"ဒီလိုမှန်းသိ တက်ကြည့်ပါတယ်"

"အခုရော"

အမေးစကားများက နေရာအနှံ့မှ တစ်ယောက်တစ်ခွန်း...

'လက်ပန်းကျခါနီး မြုပ်လုဆဲဆဲမှာ ကြိုးကို သူ ဆွဲမိသွားတာ"

ကြိုးကိုင်ထားတဲ့ ပင်လယ်ထဲက မျောလာတဲ့သူကို သင်္ဘောဝန်ထမ်းတွေအားလုံး ကူညီဖေးမပြီး ဆွဲယူနိုင်လို့ အခု သင်္ဘောပေါ် ရောက်လာပါပြီ။

"ဟာ"

"သင်္ဘောရဲ့ဆေးခန်းထဲမှာ သင်္ဘောဆရာဝန်က ပြုစုနေလေရဲ့။ အသက်တော့ ငွေ့ငွေ့ပဲဆိုလား"

"သနားစရာပဲ"

"သင်္ဘောပျက်လာတာလား"

"ဘယ်က မျောလာတဲ့လူလဲ မသိဘူးနော်"

"လာ...သွားကြည့်ကြရအောင်"

စပ်စုခြင်း၌ မွေ့လျော်လွန်းပုံရသော အမျိုးသမီးသုံးဦး အိပ်ခန်းများ၏ပြင်ပသို့ ထွက်သွားသည်။ လမ်းကြားလေးမှ တစ်ဆင့် သံလှေကားပေါ်သို့ တက်သွားကြပြီ။ သူတို့နောက်မှ အမျိုးသားများကတော့ ခပ်တည်တည်လို ပုံရုပ်ဆောင်ထားသည်။ သူတို့လည်း တို့စပ်စုများချည်းသာ...



www.burmeseclassic.com

www.burmeseclassic.com



လေးယောက်ခန်းနှင့် နှစ်ယောက်ခန်းတို့တွင် တစ်ယောက်ခ
လောက်သာ အစောင့်သဘောမျိုးလို ထားရစ်ပြီး ဒုတိယမြောက် ဇနေ
မင်းသားထံသို့ သွားရောက်ကြည့်ရှုကြလေပြီ...

"ဖေဖေလည်း အဲဒီရောက်နေပြီထင်တယ်"

**"ချစ်ငုံဖူး"**တစ်ယောက်တည်း တွေးနေမိသည်။

လာကြသည်က သားအဖနှစ်ယောက်တည်း၊ နှစ်ယောက်ခန်း
ဖြင့်...

ယခု ဖေဖေက ပေါ်မလာ၍ ချစ်ငုံဖူးမှာ အများနည်းတူ စပ်စ
စုစု လုပ်ခွင့်မရ။ ဖေဖေပြန်ရောက်မလာမချင်း ဤအခန်းမှ သူခွာ
မဖြစ်။

အပေါ်ထပ်ရှိ သင်္ဘောဆရာဝန်၏ အခန်းထဲတွင် ဆရာဝန်နှ
အတူ အနီးကပ်ပြုစုနေသူက ချစ်ငုံဖူး၏ ဖေဖေ **"ဦးလှစိုးချစ်..."**

ပင်လယ်ပြင်မှ ခုတင်ပေါ်သို့ ရောက်ရှိလာသည့် သူကို စတင
မြင်ခဲ့သူမှာလည်း ဦးလှစိုးချစ်သာ...

သူသည် သင်္ဘော၏ အပေါ်ဆုံးထပ်ရှိ ရေဒီယိုဆက်သွယ်ရေ
အခန်းမှ တာဝန်ရှိသူများနှင့် ပြောဆိုဆွေးနွေးမေးမြန်းပြီး မှန်ပြောင
တစ်လက်နှင့် ရေပြင်သာမြင်ရနေသော ပင်လယ်ပြင်ကို အမှတ်မထ
ကြည့်နေမိရာမှ...

သူ၏ ဆံ့ခွဲအားကောင်းသော မှန်ပြောင်းထဲတွင် ပန်းလျှော
ကူးခပ်မျောနေသော လူတစ်ယောက်သဏ္ဍာန်ကို စတင်မြင်မိရာမှ—





သက်ဆိုင်ရာ သင်္ဘောဝန်ထမ်းများသို့ အရေးတကြီး ပြေသ
ပြောဆို ညွှန်ပြရသည်။ ချက်ချင်းပင် သင်္ဘော၏ ကယ်ဆယ်ရေး
လုပ်ငန်းက စတော့သည်။ သူ့ထံသို့ ဦးတည်သွားနေသော သင်္ဘော
အရှိန်နှင့် အဝေးပစ်သက်ကယ်ကိရိယာကို သုံး၍ ကြိုးပစ်ပေးပြီး
ကယ်ဆယ်ရာမှ၊ ရရှိလာသော လူနာကို ကြည့်ပြီး...

"သူ သတိမရသေးပေမယ့် ကျွန်တော် သတိရပြီ"

"ခင်ဗျာ"

သင်္ဘောဆရာဝန် "ဒေါက်တာကျော်လင်းဦး"က အဓိပ္ပာယ်
ဆောက်မရသော စကားကြောင့် ဦးလှစိုးချစ်သို့ လှမ်းကြည့်လာသည်။

"ဒီသူငယ်ဟာ ကျွန်တော်နဲ့ နှစ်ပေါင်းများစွာ ကွဲကွာနေတဲ့
ကျွန်တော့်မိတ်ဆွေရဲ့ သားလေးပဲ"

"ဗြော်..."

"သူ့အခြေအနေရော ဒေါက်တာ"

"ကောင်းပါလိမ့်မယ်၊ အသက်အန္တရာယ်ကတော့ မစိုးရိမ်ရ
တော့ပါဘူး။ ဒါပေမယ့် သတိကောင်းကောင်း မရသေးတာရယ်၊
အအေးသိပ်မိနေလို့ အဖျားရှိကောင်းရှိလာနိုင်ပါလိမ့်မယ်"

"ဘာပဲဖြစ်ဖြစ် အသက်အန္တရာယ် မစိုးရိမ်ရတော့ဘူးဆိုတာပဲ
စိတ်ချမ်းသာစရာကောင်းလှပါတယ်"

"ဦးမိတ်ဆွေရဲ့သားဆိုတော့ ပိုပြီး အဆင်ပြေတာပေါ့။

သူ့အိမ်ကို အကြောင်းကြားပေးလို့ ရတာပေါ့လေ။ သက်ဆိုင်
ရာကတော့ အကြောင်းကြားပြီး ပြန်ပို့ကြမှာပါ၊ ဒါပေမယ့် ခုလို သိရ



www.burmeseclassic.com

www.burmeseclassic.com



လူနဲ့ ဆုံကြတော့ ဖာန်ကျတာပေါ့၊ သူဟာ ရန်ကုန်ကပဲပေါ့နော်”

“ကျွန်တော်နဲ့ သိခဲ့ရတာကတော့ မန္တလေးကပါ”

“သြော်…ဘယ်လိုကြောင့်များ အညာသားက ပင်လယ်ထဲ လာမျောနေပါလိမ့်”

“သူ့ဖခင်ကလည်း ကျွန်တော်တို့လိုပဲ အစိုးရဝန်ထမ်းဆိုတော့ နယ်လှည့် ပြောင်းနေရတယ်ထင်ပါရဲ့”

“ဟုတ်မှာပေါ့လေ”

“ကမ်းရိုးတန်း ဆိပ်ကမ်းမြို့တွေမှာ ရောက်နေလို့များ သွားရင်း လာရင်း အန္တရာယ်နဲ့ ကြုံလာသလား မသိဘူး”

“သူကောင်းကောင်းသတိရလာတာနဲ့ အဖြေရတော့မှာပါ”

“ဟုတ်ကဲ့…ဒေါက်တာ”

ဦးလှစိုးချစ်သည် ခုတင်ပေါ်မှာ နွေးထွေးစွာ အိပ်ရင်းမှ ကယောင်ကတမ်း ပြောလိုက်၊ ပြန်အိပ်လိုက်ဖြစ်နေသည့် လူငယ်ကို ငြိမ်သက်စွာ ကြည့်နေစဉ်…

“ဦးတို့က စစ်တွေကို အလည်ပဲလား ခင်ဗျ”

စပ်စုသူများ ရှင်းလင်းသွားပြီဖြစ်၍ ဆရာပန်က သူ့အခန်းတွင်းမှာမို့ ညှို့ဝတ်ကျေစကားမျိုး မေးမြန်းသည်။

“မဟုတ်ဘူး ဒေါက်တာ… ‘မောင်းတော’ကို တာဝန်အရ ပြောင်းဖို့ လာခဲ့တာပါ။ လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အား ဦးစီးဌာနကပါ။ လှစိုးချစ်လို့ ခေါ်ပါတယ်…”

“သြော်…ဟုတ်ကဲ့ခင်ဗျ”





“စစ်တွေမှာ နည်းနည်းကြာဦးမှာပါ”

“အတော်ပဲပေါ့။ သူ့ကို ကူညီခဲ့နိုင်မှာပါ”

“ဟုတ်တယ်၊ သူ့လိပ်စာမေးပြီး ပြန်ပို့ပေးလိုက်ပါ့မယ်။ အစစ ကူညီရမှာပဲ။ သူ့မှာ ဘောင်းဘီနဲ့စွပ်ကျယ်လေးတစ်ထည်ပဲ ပါလာတယ်လေ”

ဒေါက်တာ ကျော်လင်းဦးက ပြုံးရင်း ဆေးထိုးအပ်ကို ပြင်သည်။

“သူ့နာမည် ဘယ်သူတဲ့လဲ ဦးလှစိုးချစ်”

“ဒီသူငယ့်နာမည်တော့ မေ့နေပြီ၊ ကျွန်တော်နဲ့ ဆုံရတုန်းက သူ ကိုးတန်းကျောင်းသားလေးပဲ ရှိသေးတယ်။ သူ့မိဘတွေတော့ သိတယ်၊ တရားရေးဝန်ထမ်းတွေပဲ။ **ဦးထွန်းသာနဲ့ ဒေါ်ကေခိုင်မွန်** တဲ့၊ အဲဒီသားတစ်ယောက်ပဲရှိတယ်”

“မိဘတွေများသိရင် စိတ်ပူကြရှာမှာပဲ”

“ပူမှာပေါ့၊ သူ့အမေက သူ့ကိုသိပ်ချစ် သိပ်အလိုလိုက်တာ။ ပိုက်ဆံလည်း ချမ်းသာတယ်”

“သြော်…”

“သူတို့အိမ်လည်း ဝင်ဖူးထွက်ဖူးပါတယ်။ ဒေါ်ကေခိုင်မွန်နဲ့ ရင်းနှီးလှပေမယ့် ဦးထွန်းသာနဲ့ကတော့ ဂေါ့(ဖ်)ရိုက်ရင်း သိပ်ရင်းနှီးခဲ့ကြတာပါ”

“ဟုတ်ကဲ့… အဆင်သင့်သွားတာပေါ့လေ”



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ ကျော်လင်းဦးက ပုလင်းခေါင်းဖြတ်ပြီးသား ထိုးဆေးပုလင်းငယ်ထဲမှ ဆေးရည်များကို အပ်ခေါင်းပေါက်မှ တစ်ဆင့် လက်ကိုမြှင့်ပြီး ဖန်ပြွန်ထဲသို့ စုပ်ယူနေဆဲ...

"ကဲ...ဆရာလည်း တာဝန်ရှိသလိုသာ ကုသပါ၊ ကျွန်တော် ပြန်ထွက်တော့မယ်။ ဒီလူနာအတွက် ကျွန်တော် တာဝန်ယူပါတယ်။ ကျွန်တော်ပဲ ခေါ်သွားပါ့မယ်"

"ကောင်းပါပြီ။ ဒီသဘောပေါ်မှာလည်း ကျွန်တော်တို့ နှစ်ရက်လုံးလုံး နေကြရဦးမှာပါ"

ဦးလှစိုးချစ်သည် မှိန်းနေသော လူနာ၏ နဖူးပြင်သို့ လက်ဝါးနှင့် စမ်းသည်။ ပါးပြင်သို့မူ လက်ဝါးကို အပေါ်မှာထား၍ လက်ခုံ လက်ချောင်းများဖြင့် ကပ်စမ်းပြီး...

"အသားတွေတောင် နွေးလာပြီ၊ လူနာလည်း အိပ်ပြီ။ ဒေါက်တာလည်း နားပါ။ ကျွန်တော် ပြန်ဆင်းတော့မယ်၊ ကျွန်တော့် အခန်းနံပါတ် ၂၅၇ မှာပါ။ ကျွန်တော်ပဲ လာခဲ့ပါမယ်လေ"

"ဟုတ်ကဲ့ခင်ဗျာ"

ဦးလှစိုးချစ် ဆေးခန်းမှထွက်ပြီး သူ့အခန်းရှိရာသို့အပြန်တွင် ဟားခါးသင်္ဘောကြီးသည် မော်တင်စွန်းဘုရားရှိရာ ပင်လယ်ပြင် အငူစွန်း၏ ဆယ်မိုင်အကွာခန့်မှ ဖြတ်သန်းခုတ်မောင်းနေကြောင်း သက်ဆိုင်ရာ တာဝန်ခံများက ပြောပြကြသည်။

ကမ်းကိုလည်းမမြင်၊ မြေကိုလည်းမတွေ့၊ ပင်လယ်လှိုင်းလုံးများမှလွဲ၍ ဘာဆိုဘာမှ မမြင်ရသော ပင်လယ်ပြင်ကျယ်ကြီး





အတွင်းသို့...

"ဘယ်အရပ် ဘယ်ဒေသဆီကများ ဒီကောင်လေး လွင့်မျောလာပါလိမ့်"

အတွေးများနှင့်အတူ သံလှေကားမှဆင်းပြီး လမ်းကျဉ်းလေးကို ဖြတ်၍ အထက်တန်းအိပ်ခန်းများ၏ ရှေ့ရှိ ကျယ်ဝန်းသော ဧည့်ခန်းဆောင်ကို ရောက်ရှိလာခဲ့သည်။

မျက်မှန်းတန်းမိစ ခရီးသည်ချင်း၏ မေးမြန်းချက်များကို ဖြေကြားပြီး သူ၏အခန်းတံခါးကို ခေါက်လိုက်သည်။

"ဘယ်သူလဲ"

အသံသဲ့သဲ့လေး ကြားရ၏။

"ငံ...ဖေဖေပါ"

တံခါး ပွင့်လာပြီး နုနယ်လှပလွန်းသော သမီးလေး၏မျက်နှာမှာ ဖခင်သို့ မကျေနပ်သောစိတ်ကြောင့် မျက်နှာကို ခပ်ပုပ်ပုပ်လေး လုပ်ထားသည်ကိုကပင် ပို၍ ချစ်စရာပါ...

ဦးလှစိုးချစ်၏ လက်မှ မုန့်ပြောင်းကို လှမ်းကြိုယူ၍ တံခါးချပ်ကို အဆုံးကပ် ဖွင့်ဟပေးလိုက်သည်။

အခန်းတွင်းမှာ အိပ်စင်နှစ်ဆင့်နှင့် ကျဉ်းကျဉ်းကျပ်ကျပ်လေး၊ လေအေးစက်များ ဖြုတ်ထား၍လည်း မွန်းကျပ်သလိုလို ပိတ်ပိတ်လှောင်လှောင်...

"အဲဒီမုန့်ပြောင်းဟာ လူတစ်ယောက်ရဲ့အသက်ကို ကယ်ခဲ့တာ သမီးရဲ့၊ နှယ်နှယ်ရရမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သမီးချစ်၏ မျက်နှာလေး ဝင်းပလာစေရန် နိဒါန်းစကားပါ။

"လူတွေ ရုတ်ရုတ်သဲသဲနဲ့ ဘာဖြစ်မှန်းလည်းမသိဘူး။ လန့်လိုက်တာ၊ ဖေဖေကလည်းမရှိ"

"သြော်...ဒီသင်္ဘောကြီးထဲက ဘယ်သွားလို့ရမှာလဲ သမီးရယ်၊ လူတွေကြည့်တဲ့ဆီ လာကြည့်ရောပေါ့။ လူတစ်ယောက်ရဲ့အသက်ကို ကယ်ယူတာ ကြည့်ရတာ တကယ့်ကိုပဲ အသည်းထိတ်စရာသမီးရယ်"

"သမီးလည်း ကြည့်ချင်တာပေါ့၊ ဒီအခန်းကို ဘယ်သူစောင့်မှာလဲ"

"သြော်... ငါ့သမီးနှယ်၊ တံခါးပိတ်ခဲ့လေ၊ သင်္ဘောပေါ်မှာ ဘယ်သူက ယူပြေးလို့ရမှာလဲ၊ ပြီးတော့လည်း ဒီကခရီးသည်တွေ အားလုံးဟာ နိုင်ငံ့ဝန်ထမ်းတွေ၊ လူကြီးလူကောင်းတွေပါ။ နောက်ပြီး... သမီးတို့ ဖေဖေတို့မှာ အဖိုးတန်ပစ္စည်းလည်း ပါလာတာမှမဟုတ်ဘဲ"

"ကဲပါ ဖေဖေရာ၊ ဒါတွေထားပါတော့၊ အဲဒီလူကို ဘယ်လိုကယ်လဲ၊ ခုရောဟင်"

"သူက ဖျဉ်ဆွေးလေးတစ်ချပ်ကို ဖက်တွယ်ရင်း ကြိုးစားကူးခပ်နေတာ၊ သင်္ဘောရဲ့ ကယ်ဆယ်နည်းအတိုင်း ကြိုးနဲ့ပစ်ပြီး သူ့ကို ဆွဲယူကယ်ဆယ်ခဲ့တာပေါ့၊ အခု သူ ဆရာဝန်အခန်းထဲမှာ၊ ကောင်းကောင်း သတိမရသေးဘူး။ အခြေအနေက စိတ်ချရပါပြီ၊ ဒီမှာ သမီး ငုံ..."

"ဟုတ်ကဲ့ ဖေဖေ"





"ပင်လယ်ထဲက ဆယ်ယူခဲ့ရတဲ့ အဲဒီသူငယ်ဟာ ဖေဖေ့အသိရဲ့ သားလေးပဲသမီး"

"အို...ဟုတ်လား...သူ့နာမည်က ဘယ်သူလဲဟင်"

"ဒီကောင်လေး နာမည်တော့ ဖေဖေစဉ်းစားလို့မရသေးဘူး။ သူ လူပို့ပေါက်အရွယ် ကိုးတန်းကျောင်းသား ဘဝက သူ့မိဘများနဲ့ ခင်ခဲ့ကြတာ။ ခုဆို ခုနစ်နှစ်တောင်ရှိပြီ။ ဖေဖေ မန္တလေးပြောင်းရတုန်းကပေါ့..."

"မန္တလေးမှာ သမီး ငါးတန်းရယ်၊ ခြောက်တန်းရယ် အောင်ခဲ့တယ်လေ။ ခုနစ်တန်း နှစ်ဝက်မှာပဲ ပဲခူးပြောင်းရတာ"

"သမီး မှတ်မိလား... ဖေဖေ့မိတ်ဆွေ ဦးထွန်းသာဆိုတာလေ"

"ဟင့်အင်း"

"ဖေဖေနဲ့ ဂေါ့(ဖ်)အမြဲရိုက်တဲ့လူလေ၊ အရပ်ရှည်ရှည် အသားညိုညိုနဲ့ သူ့မိန်းမက ကေခိုင်မွန်တဲ့။ တော်တော်ခေတ်ဆန်ပြီး တော့်တော်ချောတယ်"

"မသိဘူး ဖေဖေ"

"အေးပေါ့လေ၊ သမီးက ကလေးဆိုတော့ လူကြီးတွေကို ဘယ်မှာ စိတ်ဝင်စားဖြစ်ပါ့မလဲ"

"ပင်လယ်ထဲက ဆယ်ယူခဲ့တဲ့လူဟာ အဲ့ဒီလူတွေနဲ့ ဘယ်လို ပတ်သက်လို့လဲ ဖေဖေ"

"သူတို့ရဲ့သား၊ ဦးထွန်းသာနဲ့ ဒေါ်ကေခိုင်မွန်တို့ရဲ့သားလေး သမီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်ကြာနေတာ ဖေဖေ မှတ်မိနိုင်ပါ့မလား"

"ဟာ မမှတ်မိဘဲနေပါ့မလား သမီးရယ်၊ ကလေးဘဝက ကွဲသွားကြတာလည်းမဟုတ်ဘူး။ သူ လူပျိုဖြစ်မှ လူချင်းဝေးသွားခဲ့ကြတာပဲ။ ဒီမျက်နှာ ဖေဖေ ကောင်းကောင်းမှတ်မိတာပေါ့။ လူချောလေးပဲ"

"သူကရော ဖေဖေ့ကို သိလို့လား"

"သူလည်း မမှတ်မိတောင်မှ ပြောပြရင် သိမှာပါ၊ ခုတော့ ကောင်းကောင်းသတိမရသေးဘူး။ မှိန်းနေတယ်"

"နောက် ဖေဖေ သူ့ကို တက်ကြည့်ရင် သမီးလည်းလိုက်ခဲ့မယ်...နော်"

"အေး...လိုက်ခဲ့၊ လိုက်ကြည့်သမီး"

ပေါ့ပေါ့တန်တန်လေး သားအဖနှစ်ယောက် ပြောလိုက်မိကြခြင်းသာပါ။

⌘ ⌘ ⌘



### အခန်း နှစ်

ဝတီလေးရပ် ပေါင်းစည်းကပ်ဟူသော ဆောင်ပုဒ်နှင့်အညီ ရမ္မဝတီဆိုသော ရမ်းဗြဲကျွန်း၊ မေဃဝတီဆိုသော မာန်အောင်ကျွန်း၊ ဒွါရဝတီဆိုသော သံတွဲနှင့် ဓညဝတီဆိုသော စစ်တွေ...မြို့များ ပေါင်းဆုံစုစည်းရာ ရခိုင်ပြည်နယ်သို့ သွားလာနိုင်ရန် နိုင်ငံတော်မှ ကမ်းရိုးတန်းသွား သင်္ဘောသစ်များကို ဝယ်ယူ၍ ၁၉၇၉ ခုနှစ်မှ စတင်ပြေးဆွဲစေခဲ့ရာ ယခု ခရီးစဉ်သည်...

ဟားခါး၏ ခရီးစဉ်–၁၅...

အချိန်ဖြစ်၍ ရန်ကုန်မှ စစ်တွေသို့ အထက်တန်းသင်္ဘောခန်းမှာ ၁၈၈ ကျပ် ပြား ၅၀ သာပါ...

ဤစရိတ်ထဲတွင် လက်ဖက်ရည်နှင့် ထမင်းနှစ်နပ် ပါရှိသေးသည်။

ဦးလှစိုးချစ်နှင့် ချစ်ငုံဖူးတို့ သားအဖမှာ ခရီးသည်များအတွက် စားသောက်ခန်းမမှ ထမင်းစားပြီး ထွက်လာချိန်မှာ အခန်းတွင်းသို့



www.burmeseclassic.com

www.burmeseclassic.com



ပြန်မဝင်တော့ပါဘဲနှင့် သင်္ဘော၏ အပေါ်ထပ်သို့ တက်ခဲ့ကြသည်။

နေရောင်အောက်တွင် ပင်လယ်သည် ပြိုးပြက်စွာ လှုပ်လှုန်နေသည်။

မိုးကုပ်စက်ဝိုင်းနှင့် ထိသည်အထိ ပင်လယ်ပြင်၏ ပတ်လည်မြင်ကွင်းကို ရှုမဆုံးနိုင်အောင် တပြင်တပြန့်ကြီး မြင်နေရသည်။

လူသားတို့နှင့် ထာဝရ ထိတွေ့နေကျ ကုန်းမြေ၊ သစ်ပင်၊ တောင်တန်း၊ အဆောက်အအုံ စသည်တို့ လုံးဝ မမြင်ရ မတွေ့ရ...

ပြာလွင်စွာ လှပသော ပင်လယ်ပြင်၏ ပတ်လည်မြင်ကွင်းကျယ်ကို ကြည့်ရသည်မှာ ရင်ဝယ် လှိုင်းငယ်ခတ်သည်သို့ ကြည်နူးလှိုက်ခုန်စွာ ခံစားရသည်။

ပင်လယ် လေသင်းနံ့သည် လတ်ဆတ် ရှင်းသန့်လွန်းလှပါ၏။

"သတိရပြီလား ဒေါက်တာ"

"သတိတော့ရပြီ ဦး။ ဒါပေမယ့် သူ ဘာမှ သတိမရဘူး"

"ဗျာ..."

အခန်းတွင်းသို့ မဝင်မီပင် ဦးလှစိုးချစ်ပြောခဲ့သော စကားမျိုးလို ဒေါက်တာကျော်လင်းဦးက ပြန်ပြောပါ၏။

"သူ ဘာကိုမှ သတိမရဘူး။ သူ့ကိုယ်သူတောင် ဘယ်သူမှန်း မသိဘူး"

"ဟင်"





"ဒါပေမယ့် ကျွန်တော်က ပြောလိုက်ပါတယ်၊ မင်းကို သိတဲ့လူ ဒီသင်္ဘောပေါ်မှာ ပါတယ်။ ကိုယ့်အိမ် ပြန်ရောက်အောင် လမ်းညွှန်နိုင်ပါလိမ့်မယ်လို့ ပြောလို့ သူလည်း ဦးလှစိုးချစ်ကို တွေ့ချင်နေပါတယ်... ဝင်ပါ"

ဖေဖေ၏နောက်မှ ချစ်ငုံဖူးသည်လည်း ကပ်လျက်သား လိုက်ဝင်မိသည်။ ဒုတိယ ဖနက္ခမင်းသားကြီးကို ချစ်ငုံဖူးလည်း ကြည့်လိုလှပါ၏။

သက္ကလပ်စောင် စိမ်းစိမ်းထူထူကို ရင်ဝအထိ အုပ်ထားသည်။ လည်တိုင်ရှည်ရှည် မျက်နှာသွယ်သွယ်နှင့် အသားရောင် ဖျော့နေသည်။ ဖြူဖြူဖွေးဖွေးထဲကမဟုတ်၊ ညိုညိုစိုစို ယောက်ျားပီပီသသထဲက ဖြစ်လိမ့်မည်။ နှာတံပေါ်ပေါ် မျက်ခုံးထူထူနှင့် ဆံပင်နက်နက် ရှည်ရှည်များက နဖူးပြင်ထက်မှာ ကစဉ့်ကလျား ကျနေသည်ကပင် တစ်မျိုးကြည့်ကောင်းနေသလိုလို၊ နှာတံကလည်း ရှည်ရှည်စင်းစင်း ချစ်ငုံဖူးတို့ထက်ကြီးလှမှ သုံးလေးနှစ်လောက်ထက် ပိုမည်မထင်၊ ရွယ်တူတော့ မဖြစ်နိုင်။ သူက နှစ်တန်းကြီးသည် ဟူသော ဖေဖေ၏ စကားကြောင့်...

အိပ်စက်နေခြင်း မဟုတ်သော သူသည် ချစ်ငုံဖူးတို့ အသံကြောင့် မျက်လုံးပွင့်လာသည်။ ရင်ခုန်ဖွယ် ရွှန်းရွှန်းလက်လက် စူးစူးမြမြ မျက်ဝန်းများ...

"နေကောင်းလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ခင်ဗျ။ ဒါနဲ့ ကျွန်တော့်ကို သိတယ်ဆိုတာ ဦးလား ဟင်"

"ဟုတ်တယ်၊ မင်းရဲ့နာမည်တော့ မေ့နေပြီ၊ မင်းရဲ့မိဘများနဲ့ ဦးလေးကတော့ ရင်းနှီးပါတယ်"

"ဗျာ"

"မင်း တကယ်ကံကောင်းတယ်။ ဦး မြင်ပေလို့ပေါ့... ခုတော့ သေတွင်းကထွက်လာပါပြီလေ၊ စစ်တွေရောက်ရင် မင်းမိဘတွေရှိရာကို ရှာပြီး ဦးပြန်ပို့ပေးပါမယ်"

ဇနက္ကာသည် ကျောက်ဖျာပေါ်ရောက်ပြီး မင်းအဖြစ်နှင့် လာပင့်စဉ်က ဘုရားအလောင်းမို့ တည်ငြိမ်စွာ ရင်ဆိုင်ပေလိမ့်မည်။

ယခု နှစ်ဆယ်ရာစု ဇနက္ကာသည် ဘုရားအလောင်းမဟုတ်ပါဘဲ နှင့် သူ့မျက်နှာက ဝင်းပလာရမည့်အစား တည်ငြိမ်ခြင်းထက် လွန်ကဲစွာ မျက်နှာက မှိုင်းဝေသွားလေပြီ...

"မင်းရဲ့မိဘတွေက ဦးရဲ့မိတ်ဆွေရင်းတွေပါကွ"

"သူ...သူတို့က ဘယ်သူတွေတဲ့လဲ"

"ဟင်... မင်းတကယ်ပဲ မမှတ်မိဘူးလား။ ဦးထွန်းသာနဲ့ ဒေါ်ကေခိုင်မွန်လေကွာ"

"ကျွန်တော်မသိဘူး။ ကျွန်တော် မသိဘူးဗျာ။ အဲဒီကိုလည်း ကျွန်တော် မပြန်ချင်ဘူး"

ထောင်ကြွလာသော ဦးခေါင်းကို သူ့လက်နှင့် အုပ်ကိုင်၍ မျက်စိမှိတ်၍ ... ဦး ခေါင်းအုံးပေါ်သို့ သူပြန်လှဲချလိုက်သည်။





စိတ်၏ ညစ်နွမ်း နောက်ကျိခြင်းများသည် သူ့မျက်နှာမှာ သိသိသာသာ လွှမ်းခြုံလာသည်။

သူ့နှုတ်ခမ်းကို တင်းတင်းစေ့လိုက်ပြီး အပေါ်တည့်တည့်သို့ ကြည့်နေသည်။ ချစ်ငုံဖူးတို့ဘက်သို့ မလှည့်၊ ဘာမှလည်းမပြောတော့။

"သူ့ကို စဉ်းစားမခိုင်းပါနဲ့ဦးလားဦး"

"ကျွန်တော် ဘာမှလည်း မပြောရပါလား ဒေါက်တာ"

ဒေါက်တာ ကျော်လင်းဦးသည် သူ့လက်ကို ကိုင်စမ်းပြီး အကြင်နာပြုံးဖြင့် သူ့လူနာကိုကြည့်သည်။

"သူ အတိတ်မေ့နေတာလားဟင်"

လွင်လွင်ကြည်ကြည် သာသာယာယာ အသံလေးကြောင့် သူကိုယ်တိုင် ချစ်ငုံဖူးသို့ ကြည့်လာသည်။ စူးစိုက်နက်ရှိုင်းစွာ ကြည့်ခြင်းပါ။

"အင်း...လောလောဆယ်တော့ သူ့ဘာဝကိုမှ စဉ်းစားလို့မရသေးဘူးတဲ့။ ဒါဟာ ခဏဖြစ်ချင်လည်း ဖြစ်မယ်၊ ကြာချင်လည်း ကြာမယ်၊ သူ့ ကိုယ်ခန္ဓာမှာတော့ ဘာချွတ်ယွင်းချက်မှ မရှိတော့ပါဘူး၊ လိုအပ်ရင်တော့ စိတ်ပညာဆရာဝန်နဲ့ တိုင်ပင်ရမှာပေါ့..."

ဒေါက်တာကျော်လင်းဦး စကားအဆုံးတွင်...

"ကျွန်တော့်ကို ဦးအပြင် ဒီသင်္ဘောပေါ်မှာ တခြားသိတဲ့လူများ ပါသေးလား"

"မပါဘူး ထင်တယ်၊ ဘယ်သူကမှ ဦးလှစိုးချစ်လို ခင်ဗျားကို သိပါတယ်လို့ မပြောကြဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူသည် ကိုယ်ကို လျှော့ချလိုက်ပြီး ပြန်လည် ငြိမ်သက်သွားပြန်သည်။ စကားမပြောတော့...

"ကဲ...ဒါဖြင့် ဦးတို့ရှိတုန်း ကျွန်တော် လှနာသွားကြည့်လိုက်ဦးမယ်၊ မူးပြီး မတရားအန်နေလို့ ဒရစ်(ပ)သွင်းထားရတယ်၊ မိန်းကလေးမို့ ဒီအခန်းထဲ မထားပါရစေနဲ့တဲ့..."

ဒေါက်တာကျော်လင်းဦးက သူ့ဆေးပစ္စည်းများယူပြီး ထွက်ခါနီးတွင်...

"ဒေါက်တာ"

သူ လှမ်းခေါ်လိုက်သည်။

"ကျွန်တော်က နေကောင်းနေပါပြီ၊ ပြီးတော့ ဒီဆေးခန်းထဲမှာ မနေပါရစေနဲ့၊ ကျွန်တော့်ကိုသိတယ်ဆိုတဲ့ ဦးတို့အခန်းကို လိုက်သွားပါရစေ၊ ဖြစ်မလား..."

"ဖြစ်တော့ ဖြစ်ပါတယ်"

ဒေါက်တာ ကျော်လင်းဦးက ဦးလှစိုးချစ်သို့ ကြည့်သည်။ ချစ်ငုံဖူးသို့လည်း ကြည့်သည်။

"ဖြစ်ပါတယ်... လိုက်ခဲ့လေ"

သမီးချောရှင်က အလွယ်တကူ ပင့်ဖိတ်လိုက်ပါ၍ ဒေါက်တာကျော်လင်းဦးက ပြုံးပြီး...

"ကောင်းသားပဲ၊ လိုက်သွားလေ၊ ဦးတို့အခန်းက နှစ်ယောက်ခန်းမို့ ညကျရင်သာ ဒီလာအိပ်ချင်အိပ်ပေါ့၊ စားသောက်ဖို့တော့ သဘောကပဲ ဘာဝန်ယူကျွေးပါလိမ့်မယ်"





သူက ဖျတ်လတ်စွာထသည်။ စိတ်ထက်မြက်သူ ဖြစ်ဟန်တူပါ၏။ သူ၏ ကိုယ်ခန္ဓာ နွမ်းနယ်နေဆဲ ရှိသေးသည်ကို သူဂရုစိုက်ပုံမရ။

ချစ်ငုံဖူးမှာ ခေတ်သစ်ဇနက္ကကို စိတ်ဝင်စားမိသည် မှန်သော်လည်း ရုတ်တရက်ကြီး ဖိတ်ခေါ်လာသည်ကိုတော့ ခပ်လန့်လန့်၊ ဖေဖေ့ကိုပင် စိတ်ဆိုးချင်သလိုလို၊ ပြီးတော့ သူက အတိတ်မေ့နေသူတဲ့...

မိနစ်ပိုင်းအတွင်းမှာပင် ချစ်ငုံဖူး၏အခန်းတွင်းသို့ ပြန်လည်ရောက်ရှိလာခဲ့ကြသည်။

သူ့ကို မသိ၍ သူပါလာသည်ကို ဘယ်သူကမှ အမှတ်ထင်ထင် လှမ်းပြီး ကြည့်မနေကြပါ။ စာဖတ်နေသူများ၊ စကားပြောနေသူများ၊ ချက်(စ)ထိုးနေကြသူများနှင့် ပြေးလွှားဆော့ကစားနေကြသော ကလေးများကို သူ စေ့ဝဲကြည့်ပြီး ဖွင့်လိုဟ်သောအခန်းတွင်းသို့ သူအရင်ဝင်လိုက်သည်။

အိပ်ခန်းထိပ်မှ ဆိုဖာခုံတန်းငယ်လေးတွင် သူအရင် ဝင်ထိုင်သည်။ ဦးလှစိုးချစ်က သူ့ဘေးမှာ ဝင်ထိုင်လိုက်တော့ ချစ်ငုံဖူးမှာ ယောင်လည်လည်နှင့် အိပ်ရာပေါ်တွင် ဝင်ထိုင်လိုက်ရပါ၏။

ဦးလှစိုးချစ်မှာ သူကိုယ်တိုင် မြင်တွေ့ကယ်ယူခဲ့ရသူမှာ အသက်ရှင်လျက်ရှိနေရုံမက သူ့မိတ်ဆွေ၏သား ဖြစ်နေသဖြင့် သမီးပျိုနှင့် လူငယ်လေးတစ်ယောက်ဆိုသည်ကို မေ့လျော့စွာ ဝမ်းသာလွန်းနေရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကော်ဖီဖျော်ကွယ် သမီး၊ ကိတ်မုန့်တွေလည်း ကျန်သေးတယ် မဟုတ်လား"

"နေပါစေဦး၊ ကျွန်တော် မဆာပါဘူး"

"သေ်ာက်ပါကွာ၊ ဦးက ကိုယ့်တူလေးကို သေတွင်းထဲက ဆယ်ယူလိုက်ရသလိုပဲမို့ သိပ်ဝမ်းသာနေတာ"

ချစ်ငုံဖူးက မတ်ခွက်ကိုယူပြီး ကော်ဖီဖျော်ရန် ပြင်သည်။ လမ်းတွင် စားသောက်သွားရန် မေမေက ခြင်းတစ်လုံးနှင့် စားစရာ အပြည့် ထည့်ပေးလိုက်သည်က သားအဖနှစ်ယောက်အတွက်သာမက ဧည့်ဝတ်ကျေရန်ပါ ဖြစ်နေသည်။

"ဟင်... ရေနွေးမရှိတော့ဘူး ဖေဖေ"

ဓာတ်ဗူးငယ်ကိုမ,၍ကြည့်ပြီး ဖခင်သို့ လှမ်းပြောလိုက်သည်။

"ပေးပေး...စားဖိုဆောင်မှာ ဖေဖေ သွားတောင်းမယ်..."

"သမီး သွားတောင်းမယ်လေ"

"နေ...နေ"

ဦးလှစိုးချစ်က ဓာတ်ဗူးယူ၍ ထွက်ခွာခါနီးမှ...

"ဪ... ငုံ...သောက်ရေပုလင်းရော ပေးလိုက်၊ ရေထည့်ခဲ့မယ်"

နှစ်ခွက်ဝင် ဓာတ်ဗူးတစ်ဘက်၊ ရေပုလင်းတစ်ဘက်နှင့် ထွက်သွားသော ဦးလှစိုးချစ် ကွယ်ပျောက်သွားသည်နှင့်...

"နာမည်က ငုံ...တဲ့လား"

"ချစ်ငုံဖူးပါ"





"ဪ...ဒီမှာ၊ ခင်ဗျား ကျွန်တော့်ကို ကူညီပါလားဗျာ"

"ပြောလေ... ဘာလုပ်ပေးရမလဲ"

"ကျွန်တော့်ပေါ်မှာ မိတ်ဆွေစိတ်ထားပါ၊ နှုတ်လုံပါ၊ သစ္စာရှိပါလို့ အရင်ဆုံး တောင်းပန်ပါရစေ"

"အို...ဘာယ်လိုလဲ"

သူ့ကို အံ့ဩစွာ ကြည့်မိသည်။ သူသည် စစ်မြေပြင်မှာကဲ့သို့ အရေးကြီးနေပုံမျိုးဖြင့်...

"နော်...ကျွန်တော်ပြောတာ နားလည်ပေးစမ်းပါဗျာ"

"ရှင်"

"ဦး ပြန်မလာခင် ပြောချင်တာ ပြောစမ်းပါရစေ၊ ခင်ဗျားကို ကျွန်တော် ယုံလို့ပါ"

"ရှင်ဟာ တစ်မျိုးပဲ၊ ကဲ...ပြောလေ"

"ကျွန်တော် အတိတ်မေ့နေတယ်ဆိုတာ အလကား ညာပြောနေတာ"

"ဟင်"

"ပြီးတော့...ဒီက ချစ်ငုံဖူးရဲ့ဖေဖေ သိထားနေတဲ့ ဦးထွန်းသာနဲ့ ဒေါ်ကေခိုင်မွန် ဆိုသူတို့ရဲ့ သားလည်း မဟုတ်ဘူး"

"အို... တကယ်"

"ဟုတ်တယ်"

"ဒါဆို မဟုတ်ဘူးလို့ ဘာလို့မပြောလဲ"

"ကျွန်တော့်အကြောင်းနဲ့ ကျွန်တော်မို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်…ရှင် ဘယ်သူလဲဟင်၊ ဘယ်ကနေ ဘယ်လို ပင်လယ်ထဲ ရောက်လာတာလဲ"

"အဲဒါတွေအားလုံး ခင်ဗျားကို ကျွန်တော် ပြောပြပါ့မယ်၊ ဒါပေမယ့် အခု အချိန်မရဘူး၊ ဒီတော့…"

သူသည် လန့်လန့်ဖျပ်ဖျပ်နှင့် တံခါးကို လှမ်းကြည့်လိုက်ပြီးမှ…

"ခုတော့ ဦးတို့၊ ဒေါက်တာတို့ သိထားတဲ့အတိုင်းပဲ ကျွန်တော်ဟာ အတိတ်မေ့သူ၊ ဘဝပျောက်သူတစ်ယောက်အဖြစ်နဲ့ပဲ နေပါရစေ"

"ရှင်ဟာ အဆန်းပဲနော်"

"ဒီမှာ၊ အရေးကြီးဆုံးက စစ်တွေရောက်ရင် စောစောကပြောတဲ့ လူတွေဆီကို မဆက်သွယ်အောင် တစ်နည်းနည်းနဲ့ တားပေးပါလားဗျာ"

"ဒါနဲ့…ရှင်နဲ့မသိဘူးဆို"

"ဟော…ဟိုမှာ"

တံခါးပွင့်လာ၍ ချစ်ငုံဖူးသည်ပင် သူနိုးလူမိခံရသော ကြောက်လန့်ပုံမျိုးဖြင့် မျက်လုံးအဝိုင်းသားနှင့် ကြည့်မိသည်။

"ရော့…သမီး၊ ရေယူထားဦး၊ ရေနွေးက ခဏလေး စောင့်ရဦးမယ်တဲ့"

"ဟုတ်ကဲ့…ဖေဖေ၊ ဟုတ်ကဲ့"

ရေပုလင်းကိုမြေးယူပြီး တံခါးကို ပြန်ပိတ်လိုက်ရသည်။

"ဖေဖေများ ကြားသွားပြီလားမသိဘူး"





"မကြားနိုင်ပါဘူး၊ ကဲ…ဆက်ပြောပါရစေဦး"

"ပြော…မြန်မြန်ပြော၊ ဦးထွန်းသာတို့နဲ့ ဘာလို့ မဆက်သွယ်စေချင်တာလဲ"

"ဦးထွန်းသာမှရယ် မဟုတ်ပါဘူး၊ ဘယ်သူနဲ့မှ မဆက်သွယ်စေချင်တာပါ။ ကျွန်တော့်မှာ ကျွန်တော့်အကြောင်းနဲ့ ကျွန်တော်ဘဝဖျောက်ထားစရာ ရှိနေလို့ပါ"

"ရှင်"

"ဒီခရီးစဉ်လေးတွင်ပဲ ကူညီပါဗျာ။ စစ်တွေရောက်ရင် ကျွန်တော့်ဟာကျွန်တော် စရိတ်ရှာပြီး လာရာလမ်းကို ပြန်ပါ့မယ်"

"ရှင် ဘယ်ကလာတာလဲဟင်"

"လာရာလမ်းနဲ့ ဦးတည်သွားရာအရပ်ကို မပြောပါရစေနဲ့၊ မသိချင်ပါနဲ့"

"ရှင်ဟာ လူဆိုးတစ်ယောက်လား၊ ဝရမ်းပြေးတစ်ယောက်လားဟင်"

ဖြူဖွေးသော သွားစွယ်လေးများ ပေါ်လာအောင် သူပြုံးလိုက်သည်။ သွားစွယ်ချွန်ချွန်လေးနှင့် သူ့အပြုံးက လှသည်။ အချို့အပြုံးသည် မဲ့သလိုရှိသည်။ တချို့က သာမန်၊ တချို့က ပြုံးလိုက်တိုင်း မျက်နှာလေး ကြည်လာသည်။

သူကတော့ ပြုံးလိုက်လျှင် ပို၍ တောက်ပရွှန်းလက်စွာ လှပသော အပြုံးအမျိုးအစား။

"မဟုတ်ရပါဘူးဗျာ၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက်လူကြီးနဲ့ ရဲရဲ့ထောက်ခံစာ မပြနိုင်တာနဲ့ လူကို အထင်မသေး လိုက်ပါနဲ့ဦး"

ချစ်ငုံဖူးပါ သူနဲ့အတူ ရောယောင်၍ ပြုံးမိရသည်။

"ကျွန်တော့်အကြောင်းနဲ့ကျွန်တော် လူသိမခံဝံ့စရာ အကြောင်းတွေ ရှိနေလို့ပါ"

"ပြောပြပါလားဟင်"

"အခု ဘယ်လိုလုပ် အချိန်ရမှာလဲ"

"ဟုတ်တယ်နော်၊ ဖေဖေပြန်လာရင် ပြဿနာ"

"ကဲ...ဒီမှာ...ကျွန်တော်ပြောတာ နားထောင်စမ်းပါဗျာ။ စစ်တွေ ရောက်ရင် ကျွန်တော့်အတွက် ဘယ်သူနဲ့မှ မဆက်သွယ်ပေးဖို့ ကာဆီး ပေးပါ"

"အင်းလေ"

"ပြီးတော့ လမ်းစရိတ်ကလေး မ,စမယ်ဆိုရင် အမြန်ဆုံး ပြန်ပါ့မယ်"

"ရှင်ဟာလေ"

"မမ,စနိုင်ရင်လည်း... ငွေရှာရက်လေးအတွင်းမှာ ခိုကပ်နေပါရစေဦးနော်။ သင်္ဘောပေါ်ကဆင်းတာနဲ့ ထမင်းကျွေးမယ့်လူ ရှိတော့မှာ မဟုတ်ဘူး"

"ဒါတော့ စိတ်ချပါ၊ ရှင့်ကို ဖေဖေက သိပ်သဘောကျနေတာ"

"ဒါကြောင့် ဒီအကြောင်းတွေကို ထိမ်ဝှက်ထားပေးပါလို့နော်။ ဟော... အဘိုးကြီးလာပြီ၊ အားကိုးမယ်နော်..."





မျက်စိတစ်ဘက်မှိတ်ပြီး လေသံတိုးဖြင့် 'အားကိုးမယ်နော်' ပြောအပြီးတွင် သူက ပြုံးစစနှင့် ချစ်ငုံဖူး၏ အိပ်ရာပေါ်သို့ လှဲချ လိုက်သည်။

ဦးလှစိုးချစ် အခန်းတွင်း ဝင်လာချိန်မှာ နွမ်းနွမ်းခွေခွေလေး သဲလျောင်းလျက်၊ သူသည် စောစောကတစ်ယောက် ယခုတစ်ယောက် သို့ ပုံစံက ခြားနားသွားလေပြီ...

စောစောဆီက တက်တက်ကြွကြွနှင့် စကားတွေဝေနေအောင် ဆက်တိုက်ကြီးပြောခဲ့သလောက် ယခုတော့ နွမ်းနွမ်းဖျော့ဖျော့ပုံစံနှင့် ခွေခွေလေး ပြန်လှဲအိပ်နေတော့သည်။

"တတ်လည်းတတ်နိုင်တဲ့လူ"

ချစ်ငုံဖူးက ရရှိလာသော ရေနွေးနှင့် ကော်ဖီဖျော်၊ ကိတ်မုန့်များ သိုးပြီး သူ့အိပ်ရာဘေးမှာ ချပေးသည်။

"ကဲ...သောက်လိုက်ဦးဟေ့၊ အားရှိသွားအောင်"

"ကျွန်တော့်အတွက် ဒုက္ခတွေပိုနေပြီဦးရယ်၊ အားနာလိုက်တာ"

"မင်းနှယ်ကွာ...ခုလို ကယ်ခွင့် ပြုစုခွင့်ရတာကို ဦးက ဝမ်းသာ နေတာ"

သူက အိပ်ရာမှ လေးလေးကန်ကန်ထပြီး ကိတ်မုန့်များ တစ်ချပ်ပြီးတစ်ချပ် စားနေ၍...

"မုန့်ထပ်ထည့်ပေးလိုက်ပါဦး ငုံ..."

"ဒီလူမမာတော့ စိုးရိမ်ရပြီထင်တယ်။ ကိတ်မုန့် တစ်လုံးလုံး ကိုများ တစ်ခါတည်း စားမလားမသိ..."



www.burmeseclassic.com

www.burmeseclassic.com



စိတ်တွင်းက တွေးရင်း သုံးချပ်ထပ်၍ လှီးထည့်ပေးလိုက်ရပါ၏။

"သမီးကလည်း စကားလေးဘာလေး ပြောဦးလေ။ မင်းကလည်း ကိုယ့်နှမလိုပဲ သဘောထား စကားပြောပါ။ ဆွေမျိုးဆိုလည်း မမှားပါဘူးကွာ၊ မင်းတို့ ကလေးဘဝတည်းက သိကြတာပါ"

မျက်ဝန်းချင်းဆုံတော့ မလုံသော ချစ်ငုံဖူးသည်သာ အပြုံးရိပ်လွှမ်းသည်။ သူကတော့ ခပ်တည်တည်...

"သမီးက စကားလေးဘာလေး ပြောပါဦးကွယ်"

နှစ်ယောက်တည်းနေခဲ့စဉ်ကလည်း စကားတစ်ခွန်းမျှမပြောဖြစ်ကြဟု ယုံကြည်ဟန်တူသည်။

"ရှင့်နာမည် ဘယ်သူလဲဟင်"

မမေးဖြစ်သေးသော မေးခွန်း၏ အဆက်ဖြစ်ကြောင်း ဦးလှစိုးချစ်မှာ မသိရှာ...

"ကျွန်တော်...ကျွန်တော်ကိုယ်တိုင်လည်း သိချင်လွန်းလို့ စဉ်းစားနေတဲ့ မေးခွန်းပါပဲဗျာ"

ချစ်ငုံဖူး၏ မျက်စောင်းက မရည်ရွယ်ဘဲနှင့် ချက်ချင်းရောက်သွားဖြစ်သည်။ ရိုက်ကွင်းပေါ်မှ ရုပ်ရှင်မင်းသား၏ အမူအရာမျိုးဖြင့် ခေါင်းလေးကိုနှိမ့်ပြီး မျက်နှာညှိုးညှိုး လေသံနွမ်းနွမ်းနှင့်မို့...

"သမီးကလည်းကွာ၊ အခု ရခိုင်ပြည်သွားနေတာ မြန်မာပြည်ရဲ့ အရှေ့ဘက်ပိုင်းလားဆိုတဲ့ တလွဲတချော် အမေးလို ဖြစ်နေပြီ၊ သူ့အတိတ်ကို မေ့နေပါတယ်ဆိုမှ သူ့နာမည်သူ ဘယ်သိပါ့မလဲ"





"ဟုတ်ပါတယ်ဦးရယ်။ ကျွန်တော်ဟာ ဘဝပျောက်နေသူပါခင်ဗျာ"

"ဖေဖေ့ရေနွေးကလည်း ပိုလိုက်တာနော်"

"ဘာလဲသမီး၊ ရေနွေးပိုနေတာ ဓာတ်ဗူးထဲမှာပဲ၊ နောက်တစ်ခါ သောက်ဖို့လေ"

သူ့သို့ ပိုကြောင်း စောင်းပြောသည်ကို တကယ်ထင်နေရှာသော အဖေ၏အဖြေကြောင့် ချစ်ငုံဖူး ရယ်မိသည်။ သူလည်း ပြုံးပါ၏။ အဖေကတော့ သူ့ကို မမြင်ရှာ...

"ရေခဲရေသောက်မလား"

ပုလင်းမြှောက်ပြပြီး ချစ်ငုံဖူးက မေးတော့...

"တော်ပြီခင်ဗျ... ဒါနဲ့ သင်္ဘောထဲမှာ ရေခဲသေတ္တာပါတယ်လား"

"မဟုတ်ဘူး။ အခန်းတွေရှေ့မှာ ခရီးသည်တွေအတွက် လွှတ်ထားနေတဲ့ ရေဘုံပိုင်ကရေက ရေခဲရေတွေ"

"သင်္ဘောက အပျံစားပါလား"

"ပျံဆို ၄၀၆၇၁၈၀၀ ကျပ် တန်တယ်လို့ သင်္ဘောထိပ်မှာ ရေးထားတယ်လေ...နော်ဝေနိုင်ငံက ပျံလာပြီး ၁၂-၁၀-၇၉ နေ့ကမှ ထွက်တာ၊ ခုမှ ခရီးစဉ် ၁၅ မဲ ရှိသေးတယ်"

"ဒါကြောင့် အစစ ပြည့်စုံနေတာကိုး"

"ဒါတောင် ဒီလိုအခန်းထဲက လေအေးစက်တွေ မလိုအပ်ဘူးဆိုပြီး ဖြုတ်ထားလို့ အလုံခန်းဖြစ်ပြီး လှောင်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



သူက ခေါင်းရင်းဘက်မှ လိုက်ကာတပ် မှန်တံခါးအလုံကို လှမ်းကြည့်ရင်း ခေါင်းညိတ်သည်။

"တောင်ကြီး၊ မြစ်ကြီးနား၊ ဟားခါး စတဲ့ မြန်မာ့ကမ်းရိုးတန်း သွားဖို့ နိုင်ငံတော်အစိုးရက သက်သက်မှာပေးတာလေ၊ ရတဲ့ဝင်ငွေနဲ့ ကုန်ကျစရိတ်က ပိုနေတယ်တဲ့။ အရှုံးခံပြီး ပို့နေရတာ ဆိုပါတော့"

"အခန်းခ ဘယ်လောက်လဲ"

"တစ်ယောက်မှ တစ်ရာ့ရှစ်ဆယ့်ရှစ်ကျပ် ပြားငါးဆယ်တည်း၊ စားစရိတ်ပါ"

"တန်တာပေါ့၊ စစ်တွေ ရန်ကုန် ရေလမ်းခရီးက မိုင်ငါးရာကျော် လိမ့်မယ်၊ အရင်ကဆို..."

"ဟင်...ဒါတွေ မင်းသတိရတယ်လား"

ဦးလှစိုးချစ်က ဝမ်းသာသွားသလို မေးသော်လည်း 'ငါတော့ တစ်ကွက်မှားပြီ' ဆိုသောအသိကို ချက်ချင်းသိသလို သူ့အမှားကို လည်း အမြန်ပြင်နိုင်ခဲ့ပါ၏။

"ဟုတ်ပါရဲ့၊ ကျွန်တော် သိလို့မဟုတ်ဘူး၊ လွှတ်ခနဲ ပြောမိတာ။ ဒါ...ဒါဆိုရင် ကျွန်တော့်အကြောင်းလည်း ကျွန်တော် ပြန်စဉ်းစားရင် ရမှာ၊ ဒါမှမဟုတ် ခုလို အမှတ်မထင် စကားပြောရင်းက ပြန်ပေါ်လာ နိုင်စရာ လမ်းစပဲနော်...ဦး"

"ဒါပေါ့ကွယ်...ဒါပေါ့၊ သိပ်ဖြစ်နိုင်တာပေါ့။ မင်း ပြန်သတိ ရလာမှာပါ။ ဘာမှ အားမငယ်နဲ့"





သူက ပေါ့ပေါ့ပါးပါးပြုံးသည်။ ရင်၌ ပေါ့ရှင်းသွားသည့် အသွင်လည်း မြင်ရပါသေးသည်။

"အခု ဘယ်ကိုကပ်မှာလဲ ဦး၊ စစ်တွေ တိုက်ရိုက်ပဲလား"

"သံတွဲနဲ့ ကျောက်ဖြူမှာ ရပ်ဦးမှာပေါ့၊ မင်း ဒီနေရာတွေ ရောက် ဖူးပြီးသား ဖြစ်မယ်ထင်တယ်"

"ဟုတ်နိုင်တယ်နော် ဦး။ ဒါပေမယ့် ကျွန်တော် ဘာမှ ပြန်ပြီး စဉ်းစားလို့မရပါဘူးခင်ဗျာ"

ချစ်ငုံဖူးက ဖေဖေ့နောက်ကွယ်မှ သူ့ကိုကြည့်သည်။ သူက ပြန်မကြည့်ပါဘဲ အဝေးဆီသို့ မျှော်ငေးနေသည့် သဏ္ဌာန်၊ အတိတ်ကို ခက်ခဲပင်ပန်းစွာ ပြန်လည်တူးဖော်နေရသည့်ဟန် လုပ်နေပြန်သည်။

"ကိုထွန်းသာတို့လည်း အမြို့မြို့အနယ်နယ် ပြောင်းရင်းက ဒီရခိုင်ပြည်နယ်ကို ရောက်ချင်ရောက်နေကြလိမ့်မယ်ထင်တယ်။ ဒါကြောင့်များ ငါးဖမ်းလှေနဲ့ဖြစ်ဖြစ်၊ ကြိုရာမော်တော်နဲ့ဖြစ်ဖြစ် လိုက်လာရင်းက ခုလို ပင်လယ်ထဲ မျောလာတာလည်း ဖြစ်နိုင်တာပဲ"

ရန်ကုန်မှ စစ်တွေ၏ ကမ်းရိုးတန်းအရှည် ခန့်မှန်းခြေ အကြောင်းကို ပြောနိုင်၍ ဖေဖေက မှတ်ချက်ချနေခြင်းသာ ဖြစ်ပါ လိမ့်မည်။

"ဒါပေမယ့် သူ့ကိုတွေ့ခဲ့ရတာ ရခိုင် ကမ်းရိုးတန်းမှ မရောက် သေးတာ ဖေဖေရဲ့"

"အေး...ဟုတ်သား၊ တို့ ရန်ကုန်က ထွက်လာတာ မနေ့ညနေ ငါးနာရီ မိနစ်လေးဆယ် ထွက်ခဲ့တာ၊ ရန်ကုန်မြစ်ဝအထိက ၄၅ မိုင်၊



www.burmeseclassic.com

www.burmeseclassic.com



နောက် တစ်ညလုံးမောင်းပြီး ဟိုင်းကြီးကျွန်းနဲ့ မော်တင်စွန်းကို ဆယ်မိုင်
အကွာလောက်က ဖြတ်တော့ မနက်ကိုးနာရီလေးဆယ့်ငါးမိနစ်
အဲဒီအချိန်လောက်မှာပဲ သူ့ကိုတွေ့တာ"

ဦးလှစိုးချစ်က အရာရာ သေချာသူပီပီ တိတိကျကျ တွက်ဆ
နေ၍ သူက...

"ဒါဆို ကျွန်တော်ဟာ ဟိုင်းကြီးကျွန်း၊ လိပ်ကျွန်း၊ မော်တင်
စွန်း စတဲ့ ပုသိမ်နယ်ဘက်က မျောလာတာ ပိုပြီးဖြစ်နိုင်မှာပေါ့နော်ဦး"

"အေး... ဒါလည်း ဖြစ်နိုင်တာပဲ"

ပုသိမ်နယ်ကိုလည်း လိပ်ကျွန်းကအစ သိနေသည်။

"မင်းဘဝ မင်းမေ့နေတာ အခိုက်အတန့်ပဲ ဖြစ်ပါလိမ့်မယ်
မင်းဟာ သာမန်လူတစ်ယောက်အတိုင်း သိနေ၊ ပြောနေနိုင်တာပဲ
ဒေါက်တာကျော်လင်းဦးပြောသလို စိတ်ရောဂါ ဆရာဝန်နဲ့ ပြနေစရာ
တောင် လိုမယ်မထင်ပါဘူးကွာ။ အားမငယ်နဲ့နော်"

ဖေဖေ၏ နှစ်သိမ့်နေသော စကားကြောင့် ချစ်ငုံဖူးနှင့် သူ၏
အပြုံးမျက်ဝန်းချင်း ထိခတ်မိရပြန်သည်။

"ကဲ...မင်း စားသောက်ပြီးရင် အားရှိသွားအောင် တရေး
အိပ်လိုက်ဦး"

သူသည် အားအင်ကုန်ခန်းနေသည့် ပုံသဏ္ဍာန် ရှိသော်လည်း
စိတ်ဓာတ်က အရာရာကို ခံနိုင်ရည်ရှိကြောင်း ပြနေသည်။

ဦလှစိုးချစ်မှာ အရိုန်ဝါရှိသော ဦးထွန်းသာနှင့် ချမ်းသာသော
ဒေါ်ကေခိုင်မွန်တို့၏သားကို သမီးငယ်နှင့် စိတ်ချနေပုံရသည်။





ရေမျောကမ်းတင်'တစ်ယောက်သာ ဖြစ်ခဲ့ပါလျှင် သည့်လောက်တော့
အခွင့်ရေးပေးလိမ့်မည်မထင်။ ယခုတော့ 'ရေမျော သဘောင်္ာတင်'ကို
အရေးတယူရှိလှသည်။

"ကဲ...အပေါ်တက်အိပ်"

သူက မငြင်းဆန်တော့၊ အိပ်ရာနှစ်ဆင့်၏ အထက်ထပ်မှ
ဦးလှစိုးချစ်၏ အိပ်ရာပေါ်သို့ တက်သွားတော့သည်။

ကိုယ့်အိမ်ကိုယ့်ယာ ကိုယ့်အိပ်ရာလိုပင် စောင်ကိုဆွဲယူ၍ အစန့်
သား အိပ်လိုက်တော့သည်။

အခန်းတံခါးလာခေါက်၍ ဖေဖေ၏ နယူး(စ)ဝိ မဂ္ဂဇင်းကို
ပြန်ပေးသော အားမှ အခန်းဖော်နှင့် ဖေဖေက အခန်းဝမှာ တံခါးဖွင့်
လျက်ပင် ရပ်၍ စကားပြောနေခိုက် မတ်တတ်ရပ်နေသော ချစ်ငုံဖူးသို့
သူက ငုံ့ကြည့်လာသည်။ အိပ်ရာက မမြင့်လှ၍ မျက်နှာချင်းက နီးနီး။
အသံကို မကြားသာမှန်း သူသိ၍...

"စောစောက ကျွန်တော့်နာမည် ခင်ဗျားမေးတယ်နော်..."

"အင်"

"ကျွန်တော့်နာမည် ချစ်ပွင့်"

"ဘာ"

"မောင်ချစ်ပွင့်...တဲ့"

ချစ်ငုံဖူးသည် သူ့အပြုံးမျက်နှာမှ လွှဲဖယ်၍ ခေါင်းလေး စောင်း
ငဲ့ပြီး စဉ်းစားမိသည်။

"ချစ်ပွင့်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်...ငါ့နာမည်က ချစ်ငုံဖူး"

"ငါက အငုံအဖူးမို့၊ သူက အပွင့်လို့ တမင်ပြောတာ"

ချစ်ငုံဖူးက မျက်ဝန်းလေးလှန်ပြီး...

"သွား...မဟုတ်ဘဲနဲ့"

"ဟာဗျာ...မေးလို့လည်း ပြောရသေးရဲ့"

"မသိဘူးများ မှတ်နေသလား"

"သြော်... သိတယ်လား၊ ဝမ်းသာစရာပဲနော်။ ဒါဖြင့် ကျွန်တော်ကို ကိုချစ်ပွင့်လို့ခေါ်နော်"

"မခေါ်ဘူး"

"ဟောဗျာ...မေခလာ ဇနက္ကကို ကယ်တုန်းက ဒီမျက်နှာမျိုးထားမယ် မထင်ပါဘူး"

ရှုနေသော မျက်နှာနှင့်ပင် ချစ်ငုံဖူးသူ့ကို နောက်ခိုင်းပစ်လိုက်မိသည်။ ဖေဖေတို့က စကားကောင်းနေဆဲ။ မြင်သွား ကြားသွားလည်း ဖေဖေက ကျေနပ်ပြီးသားမို့ ဒီလူနဲ့တော့ အခက်သားလား...

"ကဲ...ကျွန်တော် မောင်ချစ်ပွင့် တရေးအိပ်လိုက်ဦးမယ်ဗျနော်နိုးရင် ဘာကျွေးမလဲသာ စဉ်းစားထားပါ"

ချစ်ငုံဖူး ပြန်ကြည့်လိုက်တော့ သူက တဘက်သို့စောင်းပြီး စောင်ကို ခေါင်းမြီးခြုံလျက် ငြိမ်ငြိမ်သက်သက်ကြီး ရှိနေလေပြီ။

"ဘယ်လိုလူလဲ မသိဘူး"

ချစ်ငုံဖူးမှာ သူရောက်လာခြင်းအတွက် စိတ်အနှောင့်အယှက်ဖြစ်ရခြင်း၊ ရယ်ရွှင်ဖွယ်များကြောင့် ကြည်နူးရခြင်း၊ သူ့အဖြစ်ဆန်း





ကြောင့် စိတ်ဝင်စားရခြင်း...

စသော ဝေဒနာအရပ်ရပ်တို့သည် တစ်ချိန်တည်း တစ်ပြိုင်တည်းမှာ ပေါင်းစည်းစွာ ခံစားနေရလေပြီ။

"သြော်... ငါ့ဟာငါ ဖေဖေနဲ့ အေးအေးချမ်းချမ်း လိုက်လာချိန်မှာမှ..."

"ဘယ်လိုလူနဲ့ လာတွေ့နေရပါလိမ့်"

"သူဟာ လူကောင်းလား"

"လူဆိုးတစ်ယောက်တော့ ဖြစ်နိုင်မယ်မထင်ပါဘူးလေ"

"ဟင်...သူ့ဘက်က ဖေးဖေးမမ အတွေးတွေကို ငါဘာကြောင့်များ တွေးဖြစ်ရပါသည်လဲ..."

"အို...သူ...သူရယ်"

"သူဟာ...ဘယ်လိုလူစားမျိုးလဲကွယ်"

✱ ✱ ✱



www.burmeseclassic.com

www.burmeseclassic.com

## အခန်း သုံး

နေဝန်းနီသို့ မျက်နှာမူနေသော 'နံ့သာကျွန်း'ကို လှမ်းမြင်နေရသည်။

ရေတို့ ပတ်ဝိုင်းနေသော ပင်လယ်ပြင်ကျယ်တွင်းမှ မြေဟူသော အသိ...ပေါက်ရောက်နေသော သစ်ပင်ဝေဝေတို့ကို လှမ်းမြင်လိုက်ရသည်မှာ ကြည်နူးချမ်းမြေ့လွန်းဖွယ်ရာ...

"ကျွန်း"သည် ပင်လယ်ပြင်သွား ခရီးသည်များအတွက် အားတက်ဖွယ် မြင်ကွင်းတစ်ရပ်ဖြစ်ကြောင်း၊ ပင်လယ်ပြင်ကျယ်မှာ ကြာမြင့်စွာ ခရီးသွားဖူးသူတိုင်း စာနာမိပါလိမ့်မည်။

နေဝန်းသည် အဝါရောင် လျော့လာပြီး အနီရောင် ရင့်ရင့်လာလေ နေဝင်ချိန် နီးနီးလာလေပါ။ ယခု ပုစွန်ဆီရောင် နေလုံးကြီးကို အနီးကပ်-မြင်နေရသည်။

မြန်မာ့ကမ်းရိုးတန်းတွင် ပင်လယ်ပြင်မှ နေမထွက်၊ အနောက်ဘက်သို့ မျက်နှာမူထား၍ ပင်လယ်ပြင်သို့ နေဝင်သွားသည့် ရှုခင်းကိုမူ





သာဝရ လှပစွာ ကြည့်ရှုရတတ်ပြပါ...

"နံ့သာကျွန်းကို မြင်ရပြီဆိုရင် သံတွဲရောက်ဖို့ မိုင်သုံးဆယ်လောက်ပဲ လိုတော့မယ်ထင်တယ်"

မမူးတတ်သော်လည်း မွန်းကျပ်ဖွယ် အခန်းငယ်တွင်း၌ မနေလို၍ သင်္ဘောအပေါ်ထပ်သို့တက်ပြီး ပင်လယ်ပြင်၏ နေဝင်ချိန်ကို တမ်းတဖွယ်အရာလို မပျောက်ဆုံးခင်မှာ ငေးမျှော်ကြည့်နေမိပါ၏။

တိမ်လိပ်တို့သည် နေမဝင်ခင် ရောင်စဉ်များကြောင့် ရောင်စုံဖြင့် တောက်ပနေသည်။

ကောင်းကင်ပြာ အရိပ်ကြောင့် ထာဝရ ပြာနေရသော ပင်လယ်ပြင်သည် ပြာလွင်စွာ တောက်ပခြင်း မရှိသော ကောင်းကင်ပြင်အောက်တွင် နက်ပြာရောင်ဖြင့် ခုန်ပေါက်လှုပ်မောနေသကဲ့ ရင်မောစရာလိုလို...။

ညနေစောင်းမို့ လေက ထန်လာသည်။

လှိုင်းတို့မည်သည် သူ့ဟာသူ လှုပ်ရှား၍ လှိုင်းကြီးရသည် မဟုတ်။ လေထန်သည်နှင့်အမျှ လိုက်၍ လှိုင်းထန်ရသော အဖြစ်ပါလား...။

"ငပလီ သွားမည့် ခရီးသည်တွေ တော်တော်များတယ်၊ သကြီန်နားနီးပြီလေ၊ နွေရက်တွေမှာ အပန်းဖြေဖို့ လာကြသူတွေ များမှာပါ"

ကုန်းပတ်ဆီမှ အထုပ်ပိုး ပြင်ဆင်နေပြီဖြစ်သော ခရီးသည်များကို ကြည့်ခဲ့ပြီး ဖေဖေက၊ ချစ်ငုံဖူးနားသို့ လာရောက်သတင်းပို့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သံတွဲသွားဖို့ ဆိပ်ကမ်းက မပြီးသေးလို့ ခရီးသည်တွေ 'သပြုချိုင်'မှာ ဆင်းကြရမယ်"

"သပြုချိုင်ဆိုတာ ဘာလဲ"

"ဩော်...သမီးကလည်း၊ သံတွဲနားက ဆိပ်ကမ်းရွာပေါ့၊ အဲဒီကမှတစ်ဆင့် သံတွဲမြို့ကို သွားရမယ်၊ သံတွဲမြို့က တစ်ဆင့် ငပလီကမ်းခြေရောက်အောင် ကားနဲ့သွားကြရဦးမယ်၊ သင်္ဘောနဲ့ ငပလီလာတာ လေယာဉ်နဲ့ လာရတာလိုတော့ ဘယ်လွယ်ပါ့မလဲ"

ချစ်ငုံဖူးသို့ ရှင်းပြသော ဦးလှစိုးချစ်၏ လက်မှ မှန်ပြောင်းကြီးကိုမြင်လေမှ ကိုဇေနက္ကကို သည်မှန်ပြောင်းနှင့် မြင်ခဲ့ရပါလားဟု သတိရလာသည်။

"ဖေဖေ့လူရော"

"အခန်းထဲမှာပဲ အိပ်နေတယ်၊ ညကျရင်...အဲ...သံတွဲရောက်ပြီးရင် သူ့ကို ဆေးခန်းမှာ သွားအိပ်ခိုင်းမှာပါ"

"ဖေဖေက သူ့ကိုခေါ်လာခဲ့ဦးမှာလား"

"မခေါ်လို့ သူဘယ်သွားမလဲသမီး၊ ဒီသူငယ်ဟာ တခြားလူမှ မဟုတ်တာ၊ သူ့အမေကဆို သိပ်ချမ်းသာတဲ့ သူဌေးသမီးပါ၊ စစ်တွေရောက်ရင် သမီးရဲ့မေမေဆီ ဖုန်းဆက်ပြီး ဦးထွန်းသာတို့ကို မန္တလေးက မိတ်ဆွေတွေကတစ်ဆင့် ရှာခိုင်းပြီးတော့ အဆက်သွယ်ရတာနဲ့ သူ့ကို ပြန်ပို့ပေးလိုက်မယ်လေ"

"ဒါတော့ ဖေဖေ့ သဘောပေါ့လေ"





"တကယ်လို့ ဖေဖေတို့ မောင်းတောကို သွားရခါနီးအထိ အဆက်သွယ်မရသေးရင်လည်း အိမ်ကိုပဲပို့လိုက်မယ်၊ သမီးမေမေကြည့်စီစဉ်ပြီး လိုအပ်သလို ကူညီလိုက်ပါလို့ မှာရမှာပဲ"

"ဒီကဒုက္ခ မေမေ့ဆီရောက်ဦးမယ်"

"သမီးကလည်းကွယ်"

ဦးလှစိုးချစ်၏ မျက်နှာ တကယ်ပင် တင်းမာသွားသည်။

"ဖေဖေကိုယ်တိုင်. တွေ့မြင် ဂယ်ဆယ်လာတဲ့ အသက်တစ်ချောင်း... ပြီးတော့ တိုက်တိုက်ဆိုင်ဆိုင် ဖေဖေ့မိတ်ဆွေရဲ့သားလေးဖြစ်နေတယ်၊ ပြီးတော့ သူ့ခမျာ အတိတ်မေ့နေရှာတာ၊ ဖေဖေကူညီရမှာပဲ ငုံ"

သမီးငယ်၏ရင်တွင်းမှ လှို့ဝှက်စွာ လှုပ်ရှားနေရသည့် အဖြစ်ကို ဖေဖေမသိရှာလေခြင်း...

"ဖေဖေရယ်၊ သမီးက မကူညီချင်လို့ပြောတာ မဟုတ်ပါဘူး၊ အခန်းထဲမှာ သူရှိနေတော့ အနေကျုံ့နေလို့ပါ"

"ကောင်လေးက ငယ်ငယ်ကတည်းက အေးအေးငြိမ်ငြိမ်လေးနေတတ်တာ၊ သမီးစိတ်ထဲမှာ မောင်နှမလို သူငယ်ချင်းလို ရင်းရင်းနှီးနှီးသဘောထားလိုက်ရင် နေရတာ စိတ်ကျယ်ပြန့်လာမှာပါ"

"ဟုတ်ကဲ့ပါဖေဖေ၊ သမီးသူ့ကို ကောင်းကောင်းမွန်မွန် ဆက်ဆံပါ့မယ်"

"ဒီလိုမှပေါ့ သမီးရယ်၊ ကဲ...လာ၊ ထမင်းရနေပြီ... ထမင်းသွားစားကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ်မှ အောက်ထပ်သို့တိုင် အဆင့်ဆင့် ဆင်းလာကြရသည်။ 'ဟားခါး'သည် မြစ်ဝကျွန်းပေါ်နှင့် ရေလမ်းခရီးသွား သင်္ဘောများလို နှစ်ထပ်သင်္ဘောစားမျိုး မဟုတ်၊ သမုဒ္ဒရာကိုပင် ဖြတ်နိုင်သော အဆင့်ရှိအောင် ဆောက်လုပ်ထားသည့် ပင်လယ်ကူးသင်္ဘောမျိုးပါ။

အပေါ်ဆုံးထပ်တွင် ဆက်သွယ်ရေးခန်းရှိသည်။ သင်္ဘောအောက်မှ ရေအနက်၊ ဘေးပတ်လည်၏ အခြေအနေများကို ပြသော ကွန်ပျူတာ၊ ရေဒါကိရိယာများ ပါရှိသည့် ကမ္ဘာ့အဆင့်မီသင်္ဘောပါ၊ ခန့်ညားလှပ၍ ချစ်စရာလည်းကောင်းသည်။

တစ်ထပ်ပြီးတစ်ထပ်တော့ ဆင့်ထားသည်မဟုတ်။

ဦးပိုင်း၊ အလယ်ပိုင်းနှင့် ပဲ့ပိုင်းတို့တွင် ကုန်တင်ရန်၊ လူစီးရန်နှင့် သင်္ဘောဝန်ထမ်းများအခန်း၊ ကုန်းပတ်စီး ခရီးသည်များအတွက် ဝယ်စားရသော စားသောက်ခန်းမကြီးက အောက်ဆုံးအထပ်မှာ၊ အားလုံးကို ထည့်ရည်တွက်လျှင် ခြောက်ထပ်ရှိပါ၏။

ကုန်းပတ်စီးခရီးသည်များ၏ အမှတ်စဉ်မှ စတင်ရေတွက်လာသဖြင့် ချစ်ငုံဖူးတို့၏ အခန်းအမှတ်သည် ၂၅၇ ဖြစ်နေသည်။

သင်္ဘောအမှုထမ်း ၄၅ ယောက်နှင့် ခရီးသည် ၃၁၅ ယောက် တင်ဆောင်နိုင်ပါ၏။ ၃၁၅ ယောက်လုံး ပြည့်ရုံမက လိုက်လိုသော ခရီးသည်များ ကျန်ရစ်ခဲ့သည်ချည်းပါ။

ချစ်ငုံဖူးတို့ ထမင်းစားပြီး အခန်းသို့ ပြန်လာပြီး[?] ...လမှ သူ ဆေးခန်းသို့ ပြန်သွားသည်။

သူ ဖေဖေ့ကို နှုတ်ဆက်ပြီး ချစ်ငုံဖူးနားသို့ ကပ်လျက်...





"ကျွန်တော် မောင်ချစ်ပွင့် ပြန်လိုက်ပါဦးမယ်ခင်ဗျာ"

ချစ်ငုံဖူး၏ မျက်စောင်းသည် သူ့မြင်ကွင်းတွင်းသို့ မဝင်မိနိုင်သော့။ ချက်ချင်း လှည့်ထွက်သွားသော သူ့ကျောပြင်သို့သာ ထိမှန်ပါ၏။

⌘ ⌘ ⌘

သကြိန်လက်ဆေးမိုးရိပ်ငွေ့ကြောင့်လားမသိ...

မုတ်သုံနိဒါန်း၏ လေသည် ခပ်ကြမ်းကြမ်း ဝင်ရောက်လာ၏။

လေ၏ ဦးဆောင်ရာအတိုင်း လှုပ်ရှားရမြဲမို့ လှိုင်းသည် သူတစ်ရပ်စာမျှ မြင့်ခုန်လှုပ်ရှားနေသည်။

လှိုင်းလုံးကြီးများ တစ်လုံးပြီးတစ်လုံး ဟားခါး၏နံရံကို တိုက်ခိုက်နေပါ၏။

သွယ်ချထားသော လှေကားကို ကပ်ချိတ်ထားသည့် လှေငယ်သည် လူတစ်ရပ်စာမျှ မြင့်တက်လိုက်၊ နိမ့်ကျသွားလိုက်၊ လည်ထွက်သွားလိုက်နှင့် ပြောင်းဆန်အောင် လှုပ်ခါနေတော့သည်။

ဤ[?]လှေငယ်ပေါ်သို့ ခရီးသည်များ ကြောက်ကြောက်ရွံ့ရွံ့နှင့် သည်းခံ[?]ခဲ့စွာ ဆင်းနေကြရသည်။ ကလေးငယ်များ အော်ငို၍ ခင်မိန်းမတို့၏ မျက်နှာမှာ ဆီးရွက် ဆိုသည်ထက် သေးငယ်ပါ ထိမ့်မည်။

www.burmeseclassic.com



ဒီလိုမှမသွားလျှင် မဖြစ်၍သာ ဆင်းနေကြရသည့်သူများကို ခရီးဆက်မည့် ခရီးသည်များကလည်း ရင်တမမနှင့် စောင့်ကြည့်နေကြရပါ၏။

လေယာဉ်တစ်စင်းစာ ပြည့်သွားပြီ...

သင်္ဘောမှ ဆလိုက်မီး ထိုးထားသော အလင်းကွက်နေရာမှ ကျော်လွန်ပြီး အမှောင်တွင်းသို့ လေယာဉ်သည် လူးလိမ့်နိမ့်မြင့်စွာဖြင့် 'သပြေချိုင်'ဆိပ်ကမ်းသို့ သွားနေလေပြီ...

သင်္ဘောကကြီး၍ ဆိပ်ကမ်းငယ်သို့ ကပ်၍မရ၊ ရေတိမ်ရာဆိပ်ကမ်းသို့ မဝင်သာ...

ဤလေယာဉ်ဖြင့် နောက်ဆုံးအခေါက်ဖြစ်သော သုံးခေါက်မြောက် ခရီးသည် သယ်ယူရန် ရောက်လာသည့်အခါ၊ အလယ်မှ ဂျာကင်အင်္ကျီနှင့် ဦးထုပ်နှင့် လူတစ်ယောက် ဆင်းသွားသည်ကို စောင့်ကြည့်နေသော သင်္ဘောတာဝန်ရှိပုဂ္ဂိုလ်က သူ့လက်မောင်းကို လှမ်းဆွဲပြီး...

"အင်း ထင်လို့...ခင်ဗျား ဒီမှာဆင်းမလို့လား"

"အင်း"

"ဆရာဝန်နဲ့ ကပ္ပတိန်ရဲ့ ခွင့်ပြုချက် ပါပြီလား... ခင်ဗျားက ခရီးသည် မဟုတ်ဘူးလေ"

"ကျွန်တော် သွားပါရစေ"

"ကျွန်တော်နဲ့ ခဏလေးလိုက်ခဲ့ပါ။ လေ့ကို စောင့်ခိုင်း ထားပါ့မယ်။ သူတို့ခွင့်ပြုရင် သွားပါ"





"ဟာဗျာ"

"ခင်ဗျားက ကျွန်တော်တို့ ဟားခါးရဲ့ လက်မှတ်မဲ့ညွှန့်သည် ဆောင်မို့ပါဗျာ၊ လာပါ... ခဏလိုက်ခဲ့ပါ"

အဖြူရောင်ဝတ်စုံနှင့် သင်္ဘော၏ တာဝန်ရှိပုဂ္ဂိုလ်သည် သူ့ကို ခေါ်လာသည်။

သူသည် ဦးထုပ်ကို မျက်နှာရှေ့သို့ ပို၍ စိုက်ချလိုက်ပြီး ပြန်ကြည့်လာရ၏။ သူ့မျက်နှာကို ခရီးသည်များ မမြင်စေလိုသော ဟန်သော...

"ဒီကောင်လေး ဘယ်လိုဖြစ်တာပါလိမ့်၊ စိတ်ကလည်း သိပ်ချိန် မဟုတ်တော့ ခက်ပါလား၊ သမီး နေခဲ့မလား"

"လိုက်ခဲ့မယ် ဖေဖေ"

အားလုံး၏ အာရုံသည် လှိုင်းကြမ်းတွင်းမှ လေယာဉ်လေးပေါ်၌ စိုက်နေကြသည်။

ဆေးခန်းသို့ ပထမဦးစွာ...

နောက် သင်္ဘော အရာရှိများ...

သူ့ကို ဆွေးနွေးကြ၊ မေးမြန်းကြနှင့်...

"သူ့ရဲ့ ဖိစီကယ်(လ်)ကတော့ ကောင်းပါတယ်။ ဒါပေမယ့် သူ့ကိုယ်သူမှ ဘယ်သူလဲ စဉ်းစားလို့မှမရသေးတာ၊ ဒီမှာ ချထားခဲ့လို့တော့ မတော်ဘူးထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာ…ကုလို့မရဘူးလား"

"အတိုက်မေ့တဲ့ရောဂါဟာ သိပ်ပြီး သိမ်မွေ့ပါတယ်။ စိတ် ပညာ ဆရာဝန်နဲ့ တိုင်ပင်သင့်ပါတယ်။ ကျွန်တော်ပြောခဲ့သလို သူ့ကိုယ်ခန္ဓာ ကျန်းမာရေးကတော့ ကောင်းနေပါပြီ"

"ဒါဖြင့်လည်း ဒီသပြေချိုင်မှာ ညဘက်ကြီး ထားရစ်ခဲ့လို့ ဘယ်ဖြစ်မလဲ၊ ကျောက်ဖြူမှာဖြစ်ဖြစ်၊ စစ်တွေရောက်မှဖြစ်ဖြစ် သက်ဆိုင်ရာ သို့မဟုတ် ဆေးရုံကိုအပ်ရလိမ့်မယ်"

"ဟုတ်တယ်၊ ဒါ ကောင်းပါတယ်"

"ဒီမှာ ခင်ဗျားကို တာဝန်ယူမယ့်သူ တစ်ယောက်ယောက်ရှိမှ ပဲ ကျွန်တော်လွှတ်နိုင်မယ်၊ ကျွန်တော်တို့မှာ တာဝန်ရှိပါတယ် နောက်ဆုံးလှေကို လွှတ်လိုက်တော့ဟေ့"

"ကောင်းပါပြီဆရာ"

သင်္ဘော၏ တာဝန်ရှိပုဂ္ဂိုလ်များအလယ်တွင် သူ ကြောင်စိစိနှင့် ထိုင်နေပါ၏။ ဒေါက်တာကျော်လင်းဦးက…

"သူ့ကို တာဝန်ယူထားတဲ့ သူ့အသိ ဦးလှစိုးချစ်ဟောဟိုမှာ ရှိနေပါတယ်"

အားလုံး၏ အကြည့်က ချစ်ငုံဖူးတို့ သားအဖထံသို့ စုရုံးလာ သည်။

"ကျွန်တော် အစစ တာဝန်ယူပါမယ်လို့ ပြောပြီးသားပါ ဒေါက်တာသိပါတယ်။ နေ့ခင်းကလည်း ကျွန်တော့်အခန်းထဲမှာ သူလာအိပ်နေတာပါ၊ ခုမှ ဘယ်လိုဖြစ်သွားတာလဲ"





ဦးလှစိုးချစ် စိတ်သည်လည်း မကြည်လင်၊ ရစ်နှောင်ထားသော ဆတာနာကြိုး လျော့သွားသည်သို့ပါ…

"ခွင့်လွှတ်ပါဦးရယ်၊ ကျွန်တော်လည်း ဘာကြောင့်သွားတယ် သိပါဘူးဗျာ၊ သင်္ဘောသားတစ်ယောက်ရဲ့ အင်္ကျီနဲ့ ဦးထုပ်တွေ့တာနဲ့ ဘောက်ဝတ်ပြီး ဆင်းရမယ်မှတ်လို့ ဆင်းသွားတာပါ"

သူ့အသံက တိုးတိုးတိမ်တိမ်၊ မျက်နှာကို အောက်ချလျက်…

"ဟုတ်မှာပဲ၊ ပေလီသွားမယ့် ခရီးသည်တွေက များတယ်လေ၊ ရောက်တာလည်း ညဉ့်ကိုးနာရီထိုးတော့မယ်၊ လိုင်းလေကလည်း ကြမ်းတော့ အားလုံးလိုလို အဲဒီနားရောက်နေကြတာကို၊ သူ ထင်မယ် ဆိုရင်လည်း ထင်စရာပဲ…"

ပင်လယ်ထဲမှ ဆယ်လာသော ဒုက္ခသည် လူမမာလေးအဖြစ် နှင့် မြင်ပြီး အကြင်နာနှင့် ထောက်ပံ့ရေးအရာရှိက ဝင်ပြောသည်။

"ကျွန်တော် ဟို ဦးလေးနဲ့ပဲ လိုက်သွားပါတော့မယ်ခင်ဗျာ၊ ဒီလို ဒုက္ခပေးမိတာ အားလုံး ခွင့်လွှတ်ကြပါ"

အားလုံး ခွင့်လွှတ်စွာနှင့် ပြန်သွားကြသည်။

"ဦး ကျွန်တော် မသိလို့ မှားမိတာ စိတ်မဆိုးပါနဲ့ခင်ဗျာ"

"သိလျက်နဲ့ သွားတာ မှတ်လို့ပါ၊ မသိလို့ ဆင်းရမယ်ထင်ပြီး သွားတာ စိတ်ဆိုးစရာမှမဟုတ်တာပဲ ငါ့တူရယ်"

ယုံကြည်စိတ်ဖြင့် ဖေဖေ ခွင့်လွှတ်ရှာသည်။

"လာ…သမီး၊ လှေလေးထွက်သွားတာ စိတ်ဝင်စားစရာ ကြည့်သွားကြည့်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ဦးလှစိုးချစ်သည် ကူညီတတ်သလို အရာရာကိုလည်း သိချင်
မြင်ချင်၊ ပါဝင်ချင်သော လူစားမျိုးပါတည်း။

"သမီး နေခဲ့မယ်ဖေဖေ၊ ဒီမှာပဲ စကားပြောနေရစ်ခဲ့မယ်လေ"

"အေး...အေး... ဖေဖေ ခုပဲ ပြန်လာခဲ့ပါ့မယ်"

သူသည် ထိုင်ရာမှထပြီး ချစ်ငုံဖူးရပ်နေသော သဘော်ခန်းရှစ္စန်းသို့
လာရပ်သည်။

လဆုတ်ရက်မို့ စောစော လမထွက်။

အလင်းအားနည်းစွာ တောက်ပနေကြသော ကြယ်ရောင်
အောက်တွင် ပင်လယ်ပြင်သည် နက်မှောင်နေသည်။ လှိုင်းကြမ်းသံက
ဟစ်အော်ငိုညည်းနေသည်သို့ပါ...။

"ဒီမှာ...ရှင် တမင် ဆင်းတာမဟုတ်လားဟင်၊ စောစောက
ပြောတာတွေ တစ်ခုမှ မဟုတ်ဘူးမဟုတ်လား"

"ဟုတ်တယ်၊ ကျွန်တော် တမင်ဆင်းတာပါ"

"ဘာဖြစ်လို့လဲ"

"ခရီးမဆက်ချင်တော့ဘူး၊ ကျွန်တော့်မှာ တာဝန်တွေ ကိစ္စတွေ
အများကြီးပါ"

"ဘာတာဝန်တွေလဲ၊ ဘာကိစ္စတွေလဲ ဟင်"

"ကျွန်တော် မပြောပါရစေနဲ့"

"ဒါနဲ့ နောက်တော့ ပြောပြပါမယ်ဆို၊ အခု အချိန်ရသား
ပြောပြပါလား"





သူသည် စောစောပိုင်းဆီကလို ရှုတ်ရှုတ်နောက်နောက် ပုံစံမျိုး
မဟုတ်တော့။ လေးနက်စွာ တည်ငြိမ်လျက် သက်ပြင်းကိုချပြီး...။

"ကျွန်တော်ဟာ ငုံမှလွဲပြီး အားလုံးသိထားသလို အတိတ်မေ့
နေသူတစ်ယောက်တော့ မဟုတ်ဘူး၊ ဒါပေမယ့် ဘဝပျောက်နေသူ
တစ်ယောက်တော့ ဖြစ်ပါတယ်"

"ရှင်..."

"ငုံကို ကျွန်တော်ယုံကြည်ပါတယ်၊ ဒါပေမယ့် ကျွန်တော့်ကို
နားလည်စွာ ခွင့်လွှတ်ပါခင်ဗျာ၊ ကျွန်တော် ဘယ်သူနဲ့မှ တွေ့လို့
မဖြစ်လို့ပါ"

"ဘာအကြောင်းကြောင့်လဲ ဟင်၊ ရှင်ဟာ လူကောင်း
တစ်ယောက် ဖြစ်လိမ့်မယ်ဆိုတာတော့ ငုံ ယုံကြည်မိပါတယ်"

"အယုံမစောနဲ့ငုံ၊ မှန်တာ ဝန်ခံရရင် ဟောဒီအင်္ကျီနဲ့ ဦးထုပ်ကို
သင်္ဘောဝန်ထမ်းတစ်ယောက်ရဲ့ အခန်းထဲက ခိုးပြီး ကျွန်တော် သင်္ဘောမှာ
ဆင်းနေခဲ့မလို့..."

ယုံကြည်မှု ကမ်းပါးဆီသို့ သူ့စကားသံသည် လှိုင်းတစ်လုံးနှယ်
ရိုက်ခတ်လာသည်။

"ဒါပေမယ့် ခုတော့ လိုက်ခဲ့ရတော့မှာပေါ့လေ"

"စစ်တွေရောက်ရင် လမ်းခွဲကြတာပေါ့"

သံသယစိတ်ဖြင့် လမ်းခွဲစကားကို ချစ်ငုံဖူး ပြောမိပြီး...

"စစ်တွေရောက်ရင် အပြန်ခက်သွားပြီပေါ့"

"ဟင်..."



www.burmeseclassic.com

www.burmeseclassic.com



"ဒီသံတွဲကဆိုရင် တောင်ကုတ်အထိ ရေလမ်း၊ ကုန်းလမ်း သွားလို့ရတယ်၊တောင်ကုတ်ရောက်ရင် ရိုးမကိုကျော်ပြီး ဧရာဝတီမြစ်ကို ဖြတ်လိုက်နိုင်ရင် ပြည်ထဲဝင်သွားပြီလေ၊ အစစ်ဆေးမရှိလှပါဘူး"

တစ်စုံတစ်ခုသော ဒုစရိုက်သည် သူနှင့်အတူ ရှိခဲ့ဖူးလေပြီဟု ချစ်ငုံဖူး သိလာခဲ့ရပြီ။

"ဘာပဲဖြစ်ဖြစ်လေ၊ စစ်တွေကနေပြန်ဖို့ လမ်းစရိတ်ကအစ အကူညီ ယူရတော့မှာပါပဲ။ ကျွန်တော် ပြောထားတဲ့အတိုင်း ကျွန်တော့်ကို ကူညီပါလို့ ထပ်ပြီး တောင်းပန်ပါရစေ…ငုံ"

ချစ်ငုံဖူး ငြိမ်နေမိသည်။

"တစ်ခုတော့ ယုံထားပါဗျာ"

"ရှင်"

"ကျွန်တော်ဟာ ဘယ်လိုလူစားမျိုးပဲ ဖြစ်နေဖြစ်နေ… ဦးနဲ့ငုံကိုတော့ ဘယ်သောအခါမှ ဒုက္ခမပေးပါဘူးဆိုတာ ငုံယုံပါ"

အလင်းအားနည်းသောအရပ်တွင် သူ့မျက်နှာသို့ ချစ်ငုံဖူး စူးစိုက်ကြည့်မိသည်။

"ဘာဖြစ်လို့လဲ သိလားဟင်"

"ရှင်"

"ဒုက္ခမပေးပါဘူးဆိုတာ ကျွန်တော့်အသက်သခင်မို့၊ ပြီးတော့ ငုံ့ကို ကျွန်တော် စိတ်ဝင်စားလို့… ကျွန်တော်သွားမယ် ငုံ"





သူတစ်ပါးထံမှ ခိုးယူလာပါသည်ဆိုသော ဂျာကင်အင်္ကျီတွင်း ... လက်နှစ်ဖက်ကိုနှိုက်ပြီး ခေါင်းငိုက်စိုက်နှင့် သူ…ချစ်ငုံဖူး၏အနားမှ ...ထွက်ခွာသွားသည်။

ထိုအချိန်မှာ…

လှိုင်းကြမ်းသည် ကြောက်ခမန်းလိလိအသံကြီးဖြင့် သဲသောင်ကို ...ရောက်ရိုက်ပုတ်သည်။

ချစ်ငုံဖူးသည် တည်ငြိမ်စွာရပ်၍ မရတော့။

စိတ်သည်လည်း ကိုယ်နှယ်ပင် ယိမ်းယိမ်းယိုင်ယိုင်။

"နက်ဖြန်ဆို ကျောက်ဖြူရောက်တော့မယ်"

"ငါ ဖေဖေ့ကို အလုံးစုံ ဖွင့်ပြောပြီး ကျောက်ဖြူမှာ သူ့ကို ...ခဲ့ရကောင်းမလား"

"သူ့ကို ဓာတ်ပေးခဲ့သလို ဆက်ကူညီနေရ ကောင်းမလား"

"အို…ဘယ်လိုလူနဲ့မှ လာပြီးဆုံတွေ့နေရပါလိမ့် ... ခက်လှ ...ယ်"

✱ ✱ ✱



www.burmeseclassic.com

www.burmeseclassic.com

## အခန်း လေး

**'ဒေါက်တာ မပန်းဝေ'**သည် သူ၏ ကော်ရိုလာကားလေးကို 'နှင်းဆီနက်ဂေဟာ'တွင်းသို့ မောင်းဝင်လာခဲ့သည်။

ခြံစောင့် 'ဦးစောမောင်'က ပြုံးရယ်လျက် လက်ခါပြပြီး...

"မလာသေးဘူး"

ဟု အမေးမရှိဘဲ ဖြေပါ၏။

"ဦးလေးကလည်း...အန်တီတို့ဆီ လာတာပါ"

အရှက်ပြေ အဖြေဖြစ်ကြောင်း ဦးစောမောင်က သိသိနှင့်မျက်နှစ်ခြိုက်စွာ ပြုံးရယ်ရင်း ခြံဝင်းတံခါးကို ပြန်ပိတ်လိုက်သည်။

ဒေါက်တာမပန်းဝေသည် ခြံစောင့်ဟူ၍လည်း ခွဲခွဲခြားခြား သဘောမထားရှာ။ ပြီးတော့ ဦးစောမောင်သည် 'တိုး'၏ အချစ်တော် မဟုတ်လား။

ကားပွန်းသံကြောင့် လက်သုတ်ပဝါနှင့် လက်သုတ်ရင်း ပြေးထွက်လာသူက 'ဒေါ်ကေခိုင်မွန်'





"ငါ့သမီး ကားပွန်းသံနဲ့ တူပါတယ်ထင်လို့ ပြေးထွက်လာတာ၊ အတော်ပဲ...ဒီနေ့ ကျောက်ကျောကြိုတယ်"

"အန်တီ လုပ်စရာရှိတာလုပ်နော်"

"ပြီးပြီ သမီးရဲ့၊ ကြိုပြီး ဗန်းထဲ ဖြန့်ထားလိုက်ပြီ၊ နည်းနည်းအေးတာနဲ့ ရေခဲသေတ္တာထဲ ထည့်လိုက်တော့မယ်။ သမီးမှပြန်ခင် စားလို့ရပါပြီ"

"အန်တီက အမြဲ မုန့်လုပ်တယ်"

"ဝါသနာလေကွယ်"

ဒေါ်ကေခိုင်မွန်က ကားသော့ကိုင်၍ ဝင်လာသော ဒေါက်တာမပန်းဝေ၏ လက်ကိုတွဲလျက် ဧည့်ခန်းတွင်းသို့ ခေါ်လာသည်။

ဒေါ်ကေခိုင်မွန်သည် ချမ်းသာလွန်းလှသော သူဋ္ဌေးကြီးဒေါ်မောင်နံ၏ တစ်ဦးတည်းသောသမီးပါ။ မိဘများသေဆုံး၍ အတွင်းပစ္စည်းများစွာနှင့် ဤနှစ်ထပ်တိုက်ကြီး ဆောက်ထားသော ခြံဝင်းကျယ်ကို အမွေဆက်ခံရရှိခဲ့သည်။

သူမခင်ပွန်း ဦးထွန်းသာကို အစက မိဘများ သဘောမတူခဲ့သူပါ၊ ဦးထွန်းသာကလည်း သူ့မာနနှင့်သူ ယောက္ခမများကို မချဉ်းကပ်၊ အောက်ကျို့မခံခဲ့။

နောက်ပိုင်းနှစ်များတွင်မှ အဘိုးကြီး အဘွားကြီးများကလည်း မိခိုသူအရွယ်ရောက်လာ၊ ဦးထွန်းသာကလည်း ရင့်ကျက်လာ၍ ပြန်လည်ပေါင်းစည်းမိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မန္တလေးမှ မြိတ်မြို့သို့ ပြောင်းရွှေ့ဖို့ အမိန့်ကျပြီးသည့်နောက်တွင် ဦးထွန်းသာ အလုပ်မှထွက်လိုက်ပြီး ယောက္ခမ၏ အဆက်သွယ်နှင့် နိုင်ငံခြားကုမ္ပဏီတစ်ခု၏ ကိုယ်စားလှယ် လုပ်ငန်းနှင့် ငွေရင်းနှီးမြှုပ်နှံရသော တခြားစီးပွားရေးလုပ်ငန်းများကြောင့် ပို၍တိုး၍ ချမ်းသာကြီးပွားနေချိန်ပါ...

ဒေါ်ကေခိုင်မွန်မှာ သူပြောခဲ့သည့်အတိုင်းပင် နှုတ်မှ ဘာစားချင်သည်ဆိုရုံဖြင့် အသင့်ဖြစ်လာနိုင်ပါလျက်နှင့် ယခုလို သူကိုယ်တိုင်မုန့်၊ ဟင်းလျာ စသည်တို့ လုပ်ကိုင်စားရသည်ကို အလွန်ဝါသနာပါလေသည်။

"ထမင်းရော စားခဲ့ပြီးပြီလား"

အချိန်က နေ့လယ်တစ်နာရီ၊ နာရီသို့ မော့ကြည့်ရင်း မေးခြင်းပါ...

"ဆေးတိုက်ကပြန် ထမင်းစား ရေချိုးပြီး ထွက်လာခဲ့တာ"

"ဖုန်းကြိုဆက်လိုက်ရောပေါ့၊ စားဖို့စီစဉ်ထားမှာပေါ့၊ ခုရော သမီး ဘာစားချင်လဲ"

"ဟာ...အဲဒါကြောင့် တမင်ဖုန်းမဆက်တာ၊ လာရင် အန်တီက ကျွေးလွန်းလို့ အစားတွေ တအားစားပြီး ဝတုတ်လာတော့မှ ပစ်သွားပါဦးမယ်"

"အမယ်လေး...ပစ်ဖို့ဝေးလို့ အဖြစ်သည်းလွန်းလို့တောင် တစ်ခါတစ်ခါ အန်တီနဲ့ စကားများရသေးတယ်။

သူက သမီးဘက်ကပြောရင် အန်တီကလည်း...ဟဲ့...ငါကြိုက်





လို့ ရွေးထားတဲ့ချွေးမပါကွယ့်၊ မင်း တစ်ယောက်တည်း အဖြစ်သည်းမနေပါနဲ့လို့"

ခမ်းနားသော ဧည့်ခန်းတွင်းဝယ် ရယ်သံတို့ လွင့်ပါသတည်း။

ဧည့်ခန်းတွင်းမှ စတီရီယို ဒက်(က)ပေါ်တွင် ထောင်ထားသော ဘွဲ့ဝတ်စုံနှင့် ရောင်စုံဓာတ်ပုံငယ်သို့ မပန်းဝေ လှမ်းကြည့်လိုက်သည်။ သွားစွယ်လေးနှင့် အပြုံးလှသော ချစ်သူ၏မျက်နှာကို တမ်းတမ်းတတ ကြည့်နေကြောင်း ဒေါ်ကေခိုင်မွန် သဘောပေါက်၍...

"ဟုတ်ပါရဲ့၊ သားတစ်ယောက်ကလည်း တကယ်ပါပဲ၊ ကြာလိုက်တာ"

"ကြာတာထက် ဖုန်းမဆက်၊ စာမလာ ဘာကဆိုးတာ အန်တီရဲ့"

"ပုသိမ်မှာရှိတုန်းကတော့ ခဏခဏ ဟို ဆက်လွန်းလို့ တည်းတဲ့အိမ်တောင် အားနာမိတာ"

"ဟုတ်တယ်အန်တီ... ပုသိမ်အိမ်က ရာဝ မြင်တဲ့ မော်တော်နဲ့ ဟိုင်းကြီးကျွန်းကို လိုက်သွားမယ်ဆိုပြီးတည်းက ဘာအဆက်သွယ်မှ မရတော့တာ"

"ဟိုတစ်ပတ်က ပုသိမ်ကို လှမ်းစုံစမ်းကြ ည့်တာ သမီးသိပြီးပြီနော်"

"သိပါတယ် အန်တီ...ဟိုင်းကြီးကျွန်းက ရေလုပ်သားတွေရဲ့ ဘဝကို လေ့လာဦးမယ်တဲ့လေ၊ တံငါလှေလေးတွေ ကြာ နဲ့များ ပင်လယ်ထဲ လိုက်သွားရင်တော့ ဒုက္ခပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီလည်း စိတ်ပူတာပဲ သမီး၊ ဒါပေမယ့် သူ့အိုရီးယန့် ကလပ်(ပ)အသင်းသား ရေကူးသမားပဲကွယ်"

"ရေကူးတတ်ပေမယ့် ပင်လယ်ပြင်ဟာ ရေကူးကန်လို ဘယ်ဟုတ်ပါ့မလဲ အန်တီရယ်၊ သူလေ အမ်(မ)စီ မဝင်တည်းက စိတ်ဓာတ်ကျပြီး ရူပဗေဒတွဲ့သာယူလိုက်ရတယ်။ သူ့ကိုယ်သူ မကျေနပ်ဘူး။ အလုပ်ပေါင်းစုံ လျှောက်တွေးနေတာ၊ နောက်ဆုံး စာရေးဆရာလုပ်စားတော့မလို့လို့ စိတ်ကူးယဉ်ပြီး ခရီးထွက်သွားတာပါ အန်တီရယ်"

"သားကပြောတယ်လေ၊ သမီးထက် ဝင်ငွေပိုတဲ့အလုပ်ကို သူလုပ်နိုင်အောင် ကြိုးစားမယ်တဲ့၊ ဒီတော့မှ လက်ထပ်မယ်တဲ့၊ ငယ်ရွယ်သူတို့ရဲ့ မာနတွေပေါ့လေ၊ မေမေတို့ရဲ့အမွေ မလိုချင်ပါဘူး ဆိုတာက ပါလိုက်သေး ...းတယ်"

"အန်တီရယ်ပြ...ပန်းဝေရယ်က သူ့ကို သိပ်ချစ်မှန်းသိလို့ သူ သိပ်ဆိုးနေတာလား...လို့သိဘူး"

"ဟုတ်မယ် ...ဟုတ်မယ်"

"ပန်းဝေကကြလည်း မနေ့တစ်နေ့ကမှ ဆ–မ နံပါတ်ရတာပါ ဆရာဝန်မှတ်ပုံတင်ခဲ့တဲ့ရရုံနဲ့လည်း အလုပ်က မရသေးပါဘူး...ခုလည်း သူများဆေးခန်းမှာ သွားထိုင်နေတာပါ၊ ဝင်ငွေမများသေးပါဘူး အန်တီ ရယ်၊ အလကားသား...သူ..."

သားသို့ နှုတီချစ်ရာလွန်းသော ချွေးမလောင်းလေး ဒေါက်တာ မပန်းဝေသို့ အကြိုးဘဏ်းဝေသော အကြင်နာကြည့်ဖြင့် ဒေါ်ကျေခိုင်မွန် ကြည့်နေမိသည်။

မပန်းဝေသည် သား **'တိုးတက်ထွန်း'** ထက် တစ်နှစ်သာကြီး သော်လည်း 'တိုးတက်ထွန်း'ထက် နှစ်နှစ်စော၍ ဆယ်တန်းအောင်ခဲ့ သည်။

သားဘွဲ့ရပြီး နှစ်နှစ်နီးပါး စိတ်လေနေချိန်တွင် ဒေါက်တာ မပန်းဝေမှာ ဆရာဝန်မလေးအဖြစ်နှင့် ဆေးကုစားနေနိုင်ခဲ့လေပြီ။

မပန်းဝေတို့သည် ဒေါ်ကေခိုင်မွန်တို့လောက် မချမ်းသာသော် လည်း ညွှန်ကြားရေးမှူးနှင့် အထက်တန်းပြဆရာမတို့၏ သမီးလေးပါ၊ အင်ဂျင်နီယာ သူ့အစ်ကိုနှင့် မောင်နှမနှစ်ယောက်တည်းရှိပြီး သင့်တင့်စွာ ချမ်းသာပါ၏။ ပြည်ထောင်စုရိပ်သာမှာနေပြီး ကော်ရိုလာ ကား စီးနိုင်သော အဆင့်တန်းရှိသူပါ။

မပန်းဝေ၏မိခင်နှင့် ဒေါ်ကေခိုင်မွန်တို့ ရင်းနှီးကြရာမှ ဆေး ကျောင်းတက်နေသော မပန်းဝေကို ဒေါ်ကေခိုင်မွန် မျက်စိကျလာ သည်။ သား ဆရာဝန် မဖြစ်သော်လည်း ဆရာဝန်မလေးကို ချွေးမ အဖြစ် ရချင်လာသည်နှင့်...

အိမ်သို့ဖိတ်၊ သားနှင့်နီးစပ်အောင် စီစဉ်ပေးရာမှ ချစ်ကြိုက်သွား ခဲ့ကြသော ချစ်သူနှစ်ဦး...

တိုး...က်ထွန်းသည် မပန်းဝေသို့ စုံမက်မြတ်နိုး...စွာ ချစ်သည် ဆက် သ...မွန်၍...

မပန်းဝေသည် တိုးတက်ထွန်းသို့ ပို၍ချစ်ကြော...း ဒေါ်ကေခိုင် မွန် သိပါ၏။ မပန်းဝေသည် ရည်းစားမရှိရှာ၊ ပထမ အတွေ့အကြုံ၊







www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံးပွင့်သော ရင်နှစ် ချစ်ပန်းမို့ထုံးစံအတိုင်း ရူးရူးမူးမူး ချစ်နေရှာသည်။

တိုးတက်ထွန်းကဖြင့် ဆယ်တန်းမှစ၍ ရည်းစားထားတတ်ခဲ့သူပါ။ တက္ကသိုလ်မှာလည်း ရည်းစားသုံးလေးယောက် ပြောင်းပြီး နောက်ဆုံးချစ်သူကို သူက မပစ်ရဘဲ သူ့ကိုထားခဲ့ပြီး နောက်တစ်ယောက်နှင့် တွဲသွားသဖြင့် ခံစားနေရချိန်မှာ သူ့ဘဝတွင်းသို့ မပန်းဝေ ရောက်ရှိလာခဲ့ခြင်းဖြစ်ပါ၏။

ရည်းစားလက်မဲ့ဘဝနှင့်မို့ မပန်းဝေသို့ ချစ်ဖြစ်ခဲ့ပါသော်လည်း...

သူ့ဘဝက မပန်းဝေထက် နိမ့်ကျနေပါသေးသည်ဆိုသော ခံယူချက်ကြောင့် စေ့စပ်ကြောင်းလမ်းပြီးသော်လည်း လက်ထပ်ရန်ကိုမူ ဒီတစ်ဝါလွန်မှ သိ...င်းကျွတ်မှပဲ သူကိုယ်တိုင် ရက်ရွေ့လာခဲ့သည်။

ဘွဲ့ရ အလု...ပ်မရှိ တစ်ယောက်မို့ တိုးတက်ထွန်းသည် စိတ်လေလေဖြင့် ပုသ...မြို့ရှိ ဒေါ်ကေခိုင်မွန်၏ မိတ်ဆွေရင်းများထံသို့ သွားလည်ရာမှ ...ရလုပ်သားဘဝ လှေ့လာရေးအဖြစ်...

ဟိုင်းကြီး...ကျွန်းသို့...

ဟိုင်းကြီး...ကျွန်းမှသည်...

⌘ ⌘ ⌘



အခန်း

"လေပွေ့ဆိပ်ကမ်း"

ဆိပ်ခံကောင်းပြီး ရေနက်၍ ဟားခ...းသည် 'ကျောက်ဖြူမြို့'၏ ဆိပ်ကမ်းတွင် နံနက်ဦးပိုင်း၌ ဆိုက်က... ...၏။

ချစ်ပုံပူးတို့ သားအဖမှာ သင်္ဘောမှ ...ကျူးသော နံနက်ဦးစာကို ...စားတော့ပါဘဲ ရခိုင်မုန့်တီ ဆင်းဝယ်စား...ကြသည်။

ဦးလှစိုးချစ်က သင်္ဘောကောင်းသေ... ...ဈေးသည်ထံမှ ပန်းကန်နှစ်ချပ်ငှားလျက် မုန့်တီနှင့် ဟင်းရည်ကြ... ...ည်ကို သယ်ဆောင် လာခဲ့သည်။ လတ်သော ငါးရွှေပြုတ်ရည်နှင့် နာ... ...မည်ကျော် ရခိုင်ငပိဖြင့် ချက်ထားသော ဟင်းရည်ချိုချိုတွင် ပဲဒဂေ... ...ဘ၊ ငရုတ်ကောင်း၊ ကြက်သွန်ဖြူတို့ ကဲကား၍ ချိုချို ပူပူ စပ်စပ် ဟင်းရည်...ကိုပေါပေါနှင့်မို့ အရသာ...ရှာစား၍ ...င်လွယ်လှပါသည်။

"ဘယ်သူ့ဖို့လဲဗျ...ဦးလှစိုးချစ်"

"ကျွန်တော့်တူဖို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကြကြဖန်ဖန် ဆိုတတ်ကြတယ်ဗျာ။ ကဲ...သွား...သွား ကျွန်တော် လက်ဖက်ရည်ဆိုင် သွားလိုက်ဦးမယ်"

အခန်းနီးချင်းသို့ ခေတ်သစ် ဧနက္ကသည် သူ့တူပါဟု ဖေဖေ ပြောထားခဲ့ပြီး ဖြစ်ဟန်တူပါ၏။

"ဘယ်အချိန် ပြန်ထွက်မှာတဲ့လဲ"

နောက်သို့ လှည့်မေး၏။

"ကြာဦးမယ်တဲ့။ အချိန်အတိအကျတော့ ကျွန်တော်မသိဘူး"

"အိုကေ...အိုကေ...ကျွန်တော် မေးကြည့်လိုက်မယ်"

ဦးလှစိုးချစ်က တခါက်တည်းပင်...

"ပြီးတော့မှ အပေါ်တက်ပြီး ဖေဖေမေးကြည့်လိုက်ဦးမယ်၊ ကြာဦးမယ်ဆိုရင် မြို့ထဲခဏဆင်းရအောင်။ ကျောက်ဖြူဆိပ်ကမ်းက သိပ်လှတယ်သမီး"

ဖေဖေသည် အမြဲတက်ကြွစွာ တစ်ခုခုကို လုပ်နေရမှ ပြောနေရမှ ကျေနပ်သူဖြစ်ပါ၏။ ၎င်း တစ်နေရာတွင် ဇောက်ချ၍ထိုင်နေရိုးထုံးစံမရှိ၊ ကိုယ်ပိုင်ကိစ္စကုန်လျှင် သူများကိစ္စကို လိုက်ကူညီတတ်သူပါ။ ဘာမှလုပ်စရာမရှိလျှင် လမ်းလျှောက်၊ ဂေါ့(ဖ်)ရိုက် စသည်များ... ပျင်းရိခြင်းဟူသည် ဖေဖေ့အဖို့ နားမလည်သော ဘာသာရပ် ဖြစ်ပါသိမ့်မည်တည်း။

"စားလိုက်ဦးလေ"

"ချစ်ငံ့ရော"

"စားပြီးပါပြီ့ ခေါ်ပုံကြီးကလဲ"

"နာမည်ခေါ် ဘာပဲဗျာ"





"ငံ့ရင်လည်းငံ့ပေါ့၊ အပြည့်အစုံခေါ်လည်းဟုတ်သေး"

"ဒီနေရာတင် ရပ်ထားချင်လို့ပါ"

"ကဲ... စားမှာသာ စားစမ်းပါ။ ဖေဖေက ရှင့်မြေပါလာသလား သိဘူး။ ဝဋ်ကြွေးဆပ်နေရသလိုပဲ"

"မလုပ်ပါနဲ့ဗျာ။ ကျွန်တော့်အသက်သခင်ပါ၊ ဦးလေးရော"

"ကျောက်ဖြူမှာ ဘယ်လောက်ကြာမှာလဲလို့ အပေါ်ထပ် တက်မေးတယ်လေ။ ကြာရင် လည်ဦးမယ်ထင်ပါရဲ့"

"ကျွန်တော်တော့ လိုက်လို့မဖြစ်ဘူး"

"ရှင့်လည်း မခေါ်ပါဘူး"

"အတော်ပဲပေါ့။ ဒီအခန်းမှာ ထားခဲ့လေ၊ ပစ္စည်းတွေလစ်ပြီး ဆင်းပြေးသွားမှာဗျ"

"ဖြစ်နိုင်တယ်။ အကျႌနဲ့ဦးထုပ်တောင် ခိုးသေးတာပဲ"

"အဲဒါ သင်္ဘောပေါ်က လစ်မလို့ပါဗျာ၊ မဖြစ်တာနဲ့ ယောင်ကြောင် လုပ်လိုက်ရတာ"

"ဒီမှာတော့ လစ်မသွားနဲ့နော်"

"နေစေချင်သေးတယ်လား"

"ငံ့တို့ပစ္စည်းတွေ ခိုးသွားမှာစိုးလို့"

"ခင်ဗျား ထဘီ ငါးထည်လောက် ခိုးလိုက်ရင် လမ်းစရိတ် ပါလေလား"

"ရှင်က ဘယ်အထိ သွားမှာမို့လဲ"

"မြောက်ဝန်ရိုးစွန်း"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို...ငါးထည်လောက်ခိုးရင် ဘိုးရင်းလေယာဉ် စီးနိုင်လောက်ပါပြီ"

သူက မုန့်တီစားရင်း ရယ်သည်။

လှပသော အပြုံးသည် ပွင့်လန်းပြန်လေပြီ။

"မေးတာလေးတစ်ခွန်းတည်း ဖြေစမ်းပါရှင်"

"ဘာလဲဗျ"

"ရှင့်နာမည် ဘယ်သူလဲ"

"နာမည်ဆိုတာ သညာပါ၊ အမှတ်အသားပါ၊ ဒီမှာ လူတစ်ကောင်လုံးရှိနေသားနဲ့"

"နာမည်လေး ပြောရတာ နှမြောစရာလား၊ ရှင်မပြောရင် ရှင့်အကြောင်းတွေ ဖေဖေ့ ပြောပြလိုက်ရမလား"

"အာ...အာ...ဒါတော့ မလုပ်ပါနဲ့ဗျ။ ငတ်သွားဦးမယ်၊ သူကဦးထွန်းသာရဲ့သားလို့ ကျွန်တော့်ကိုထင်နေတာ"

"အဲ့ဒါ ရှင့်ကြောကယ် မဟုတ်ဘူးလား ဟင်"

"ဘယ်က ဟုတ်ရမှာလဲဗျာ၊ ဦးလေး ပြောတုန်းက ကျွန်တော်ရယ်ချင်လိုက်တာ"

"ဘာကိုလဲ"

"မင်းဟာ အရာရှိကြီးရဲ့သားတဲ့၊ မင်းမေမေ ဒေါ်ကေခိုင်မွန်ကသိပ်ချမ်းသာတာတဲ့၊ မင်းလည်း ခုလောက်ဆို ဘွဲ့ရပြီးပြီပေါ့တဲ့ပြန်စဉ်းစားတဲ့"

"ဒီတော့ ရှင်က ဘာပြောလိုက်လဲ"

"ဟုတ်ကဲ့။ ခုနေတော့ ဘာမှတွေးလို့မရသေးပါဘူးခင်ဗျာ





ဖေဖေနဲ့မေမေနဲ့ကို ပြန်မြင်ရရင်တော့ ပြန်သတိရမလားမသိဘူးလို့ဖြေလိုက်တာ တကယ်ယုံသွားတယ်"

"လိမ်တာ ယုံသွားလို့ ရှင့်ရဲ့အောင်မြင်မှု အဖြစ်နဲ့ ဟားတာပေါ့လေ...ဟုတ်လား"

"ဘယ် ဟုတ်ရမှာလဲ၊ ကျွန်တော့်ကို သူဌေးသား ပညာတတ်လို့ထင်နေတာကို ဟားတာ၊ ကျွန်တော်က လူကောင်းတစ်ယောက်မဟုတ်ဘဲ"

"ရှင်..."

"မလန့်ပါနဲ့ဗျာ၊ ကိုယ့်ပေါ်ကောင်းတဲ့သူတွေကို ကျွန်တော်ဘယ်တော့မှ ဒုက္ခမပေးတတ်ပါဘူး"

"မကောင်းရင်ရော"

"အဲဒီမကောင်းတာရဲ့ နှစ်ဆပြန်ပြီး တုံ့ပြန်တတ်ပါတယ်"

ချစ်ငုံဖူး အလန့်လန့်အထိတ်ထိတ်ဖြင့် သူ့မျက်နှာကို ကြည့်မိသည်။ သူသည် ချောမောသူတစ်ယောက် ဖြစ်သော်လည်း မှန်သော်လည်းတောက်ပလွန်းသော သူ့မျက်ဝန်းအကြည့်များက သူ့စကားမှန်ကြောင်းထောက်ခံနေသည်ဟု ချစ်ငုံဖူး ယူဆလာမိသည်။

ကိစ္စတစ်ခုကို သွေးအေးအေးနှင့် ကြိုစဉ်းစားဆုံးဖြတ်ရဲသောလူသားမျိုး ဖြစ်ပေလိမ့်မည်လား။

"ရှင် လူသတ်ဖူးလား ဟင်"

"သတ်ဖူးတယ်"

"ဟင်...ရှင် ကျွန်မကို မချောက်နဲ့နော်"

"ဟာဗျာ...မေးလို့လည်း ပြောရသေးတယ်၊ ခင်ဗျားကလည်း"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်နဲ့ကျွန်မတို့ လမ်းခွဲကြရင်ကောင်းမယ်"

"ကျွန်တော်ဟာ လူကောင်းတစ်ယောက် မဟုတ်တာတော့ အမှန်ပဲ၊ ဒါပေမယ့် ခင်ဗျားတို့သားအဖပေါ်ကိုတော့ ဒုက္ခပေးဖို့မပြော… အန္တရာယ်ကြုံလာရင်တောင် ကျွန်တော် ကာကွယ်ပေးမှာပါ… စိတ်ချပါ"

ချစ်ငုံဖူးသည် စိတ်ကျဉ်းကျပ် ကြောက်ရွံ့စွာဖြင့် တံခါးဆီသို့ သူမသိအောင် ခိုးကြည့်မိ၏။ ဖေဖေသွားစဉ်ကတည်းက တံခါး… ဟထား၍ တော်ပါသေးသည်။

သူပြောသလို တကယ်လူဆိုးလား၊ ဖေဖေပြောသလို ဦးထွန်း… သာရဲ့သားအစစ်လား၊ ဒါမှမဟုတ် ခုနစ်နှစ်လောက်က တွေ့ဖူးသူ… လူတူတစ်ယောက်လား။

ပြီးတော့…

ဆရာဝန်ပြောသလို သူဟာ တကယ် အတိတ်မေ့နေပြီး တွေ… ကရာ လျှောက်ပြောနေတဲ့ 'အရူး'တစ်ယောက်များလား…။

"ဘာလဲ…ခင်ဗျား ကျွန်တော့်ကို သိပ်လန့်သွားပြီလားဟင်"

"ရှင်…ရှင်ပဲ မကြောက်နဲ့ဆို၊ ဒါနဲ့ လူသတ်မှုဖြစ်တာ ကြာပြီ… လားဟင်၊ ဘယ်သူ့ကိုသတ်တာလဲ"

"အချင်းချင်းထဲကပါဗျာ၊ အရက်အတူသောက်ရင်း သက်သက်… ရန်စလို့ မခံချင်တာနဲ့ အုတ်ခဲကောက်ပြီး တစ်ချက်တည်း ထုလိုက်တာ… အုတ်ဆက်ကွဲပြီး ပွဲချင်းပြီးပဲ…"





"အမယ်လေး"

"ဒါနဲ့ ဖမ်းထားတာပေါ့ဗျာ၊ နောက်တော့ ကျွန်တော့်အဘွားက …ိုက်ပေးလို့ ဒေါသအလျှောက်ဆိုပြီး ထောင်တစ်နှစ်ပဲ အပြစ်ရတယ်ဗျ၊ …ွက်လာတာ ကြာပါပြီ"

ချစ်ငုံဖူး၏ရင်များ ဒိတ်ဒိတ်ခုန်လာသည်။ သူ့ဘက်မှနေ၍ …ိုယ့်အဖေကို ဒီကိစ္စတွေ မပြောဘဲနေ၍ မဖြစ်တော့…။

"ကျွန်တော့်ကို လန့်သွားတဲ့မျက်လုံးလေးနဲ့ ခင်ဗျားမျက်နှာက …ူလိုက်တာဗျာ၊ ကျွန်တော်တယ်တော့မှ မေ့လို့ရတော့မှာ မဟုတ်ဘူး"

"အို…ရှင်ကလည်း"

အကြောက်အိုးထဲသို့ အရှက်တို့ပါ သွန်လောင်းခြင်း ခံရသဖြင့် …ချစ်ငုံဖူး ခေါင်းငုံ့ပစ်လိုက်သည်။

"ကျွန်တော် ဘယ်သူလဲဆိုတာ ခင်ဗျားသိချင်နေတယ် မဟုတ် …လားဟင်"

"ဟုတ်တယ်"

"ကျွန်တော့်မှာ မိဘမရှိဘူး၊ အဘွားနဲ့ နေရတယ်။ အဘွား …အမည်က ဒေါ်ရတနာခင်ဦးလှိုင်တဲ့"

"ဒေါ်ရတနာခင်ဦးလှိုင်"

"ဟုတ်တယ်။ တစ်ခါကြားဖူးရင် မမေ့မလျော့နိုင်မှာမည်ပေါ့ဗျာ"

"ချမ်းသာလို့လားဟင်"

"ဟိုတုန်းက သိပ်ချမ်းသာခဲ့တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟိုတုန်းက ချမ်းသာခဲ့လို့ မိဘမဲ့မြေးကို မြှောက်စားလို့များ သူ ရမ်းရမ်းကားကား ဆိုးခဲ့လေသလား။

"အဲဒီအဘွား ရှိသေးလား"

"ရှိတယ်၊ ကျွန်တော်နဲ့ မတွေ့တာတော့ ကြာပြီ၊ ကျွန်တော် သွားတွေ့ဖြစ်တဲ့အခါ ခင်ဗျားလိုက်ခဲ့ပါလား"

"အို...ရှင်နဲ့ ကျွန်မနဲ့က မကြာခင် လမ်းခွဲရတော့မှာပါ"

"ဟုတ်ပါတယ်၊ ခဏပဲ ခွဲခွဲ၊ ထာဝရပဲ ခွဲခွဲ ကျွန်တော် ခင်ဗျားကို ဘယ်တော့မှ မမေ့ဘူး"

အပြင်မှ ဖေဖေ၏အသံကို ကြားရပြီ။ သင်္ဘော ကြာဦးမည် နေ့လယ် နှစ်နာရီမှ ပြန်ထွက်မည့်အကြောင်း၊ ဆိုင်းဘုတ်ကို ဆိပ်ကမ်းမှာ ထောင်ထားပြီး ကျောက်ဖြူသို့ ဆင်းလိုသူများ ဆင်းလို့ရကြောင်း အခန်းနီးချင်းများသို့ ပြောကြားနေသံကို အတိုင်းသား ကြားနေရပါ၏။

"ချစ်ငုံ"

"ဟင်"

"ကျွန်တော့်ကို ချစ်ပွင့်လို့ မှတ်ထားပါလား... ချစ်ငုံရယ်-- ဟင်"

"ရှင့်ကို ကျွန်မ ဘယ်လိုနာမည်ရမှန်းတောင် မသိတော့ပါဘူး"

"ဟော...ဦးလေးလာပြီ၊ စကားတွေအများကြီးပြောချင်ပါသေးတယ် ချစ်ငုံရယ်။ ဒါပေမယ့်..."

❋ ❋ ❋



## အခန်း ခြောက်

တိုက်တန်းရှေ့မှ ပင်လယ်ရေချိုးဆိပ်သည် သိပ်လှလွန်းသည်။

ကျောက်ဆောင်ကြီးများကြားမှ ကွေ့ဝိုက်၊ တိုက်ဖြတ်လာသော လှိုင်းဖွေးဖွေးတို့သည် ကျယ်ပြန့် ညီညာလွန်းလှသော သောင်ပြင်ဆီသို့ အဆက်မပြတ် ပြေးလာဦးခိုက်နေကြသည်။

စနစ်တကျ လှပစွာ စိုက်ပျိုးထားသော ပင်လယ်ကဗွီးပင် အုပ်အုပ်လေးများ၏ ရွက်မြွာချွန်ချွန်လေးများသည် မကွဲပြားတော့။ စိမ်းစိုစွာ ရောထွေးအုပ်ဆိုင်းနေပါ၏။

နောက်ဘက်တွင် အစိုးရဝန်ထမ်းများ နေထိုင်ရာ တိုက်ခန်းများနှင့် တိုက်တန်းရှိလေသည်။

မြန်မာ့ပင်လယ်ကမ်းခြေ ရေချိုးဆိပ်များစွာတွင် ငပလီလို၊ ချောင်းသာလို၊ မကန်လိုပင် '**ကျောက်ဖြူမြို့၏ ပင်လယ်ကမ်းခြေ**'သည် မှေးပျောက်သွားနိုင်စရာ မြင်ကွင်းမျိုးမဟုတ်။ ကြည်နူးနှစ်သိမ့်စွာဖြင့် ခံစားသွားစေနိုင်လောက်သည့် ရခိုင်ပြည်နယ်၏ ကျက်သရေဆောင် နေရာတစ်ခုပါတည်း။



www.burmeseclassic.com

www.burmeseclassic.com



သဘော်ာနှင့်ပါလာကြသော အမျိုးသားလူငယ်များ လှိုင်းစီးပြီ
ရေချိုးနေကြသည်။ မိုင်ဝက်မျှမက ဝေးကွာသောနေရာအထိ သွား
ရောက် ကူးခတ်နေကြ၏။

ပင်လယ်၏ သဘာဝက ကမ်းခြေမှ သုံးလေးမိုင်ဝေးသည်အထိ
သောင်ပြင်ပြန့်ရှိသည်။

ပြီးမှ...ဒယ်အိုးလို တစူးထိုးအနက်ကြီး ဖြစ်သွားတတ်သဖြ
ကမ်းခြေမှာ ရေချိုးသူတို့အတွက် အန္တရာယ်မရှိနိုင်လှ။

"ကဲ...သမီးတို့ လာကြ၊ မြို့ပြင်ဘက် သွားကြရအောင်"

တဘက်ခန်းမှ ချစ်ငုံဖူးနှင့်ရွယ်တူ မိန်းကလေးနှစ်ယောက်
သူ့မိဘများက အပ်ထားလိုက်သဖြင့် ဖေဖေက တာဝန်ယူ၍ ခေါ်လာ
ခဲ့၏။

ရွယ်တူချင်း ပါလာသည်မှာ ပျော်စရာဖြစ်ရမည့်အစား ချစ်ငုံဖူ
စိတ်ညစ်ရပါပြီ။

အခန်းတွင်း မှာ ကျန်ရစ်သူ၏ အကြောင်းကို အစဆုံး ဖေဖေ
အား ပြောပြနိုင်ခွင့်မသာတော့။

ငှားထားသောကျစ်ကားဖြင့် မြို့ပြင်ဘက်သို့ ထွက်ခဲ့ကြရသည်

"မတတ်နိုင်တော့ဘူး။ သဘော်ာပေါ် ရောက်မှပဲ ဖေဖေ့ကို
အောက်ဆုံးထပ် စားသောက်ဆိုင်ခန်းမှာဖြစ်ဖြစ်၊ အပေါ်ဆုံးထပ်မှာ
ဖြစ်ဖြစ်၊ အလယ်ထပ်က ကုန်းပတ်ပေါ်မှာဖြစ်ဖြစ်၊ သွားပြီးပြောရမှာပဲ"

"သူမမြင်နိုင်တဲ့နေရာတွေသွားမှ။ သူဟာ သိပ်ပြီး ပါးနပ်
ရတယ်"





"တစ်မျိုးပါပဲလေ...ဘယ်လိုလူမှန်းလည်း မသိဘူး"

ချစ်ငုံဖူး၏စိတ်ကို သူနှင့်ပတ်သက်စေသော အတွေးတို့ဖြင့်သာ
ချုပ်ဖွဲ့ထားနေမိဆဲ။

"သမီးတို့...ဟိုမှာကြည့်၊ လက်ဝဲဘက်က ကျန်ခဲ့တာ ကျောက်
ဖြူလေယာဉ်ကွင်း။ အခုဖြတ်နေတာ 'ကုမ္ပဏီဈေးရွာ'တဲ့။ ဟော
ဟိုးရှေ့မှာမြင်ရတဲ့ တောင်ကုန်းမှာ တည်ထားတဲ့ ဘုရားကတော့
ဟိုတုန်းက ဝန်ကြီးဦးဘစော တည်ခဲ့တဲ့ဘုရားပေါ့"

နေရာသစ်သို့ အာရုံပြောင်းလာ၏။

"ကျောက်တစ်လုံးဘုရား"

ကျောက်သားကို အခန်းခန်း ထွင်းပြီး ဘုရားတည်ထားသည်
ကို ကားရပ်၍ ဆင်းဖူးကြသေးသည်။

နောက်ဆုံးတွင်မှ ဂုံးချိုင်ရွာကိုဝင်ပြီး...

ခရီး၏ ဦးတည်ရာ ကျောက်ဖြူနှင့် ၆ မိုင်မျှဝေးသော **'ကံ့ကော်
တောဘုရား'**သို့ ရောက်ခဲ့ကြသည်။

သက္ကရာဇ် ၁၄၇ ခုနှစ်မှာ တည်ထားခဲ့သော ရွှေတွေအိနေ
သည့် ဆင်းတုတော်နှစ်ဆူကို ဖူးမြော်ရသည်။

"ကံ့ကော်တောလို့ ခေါ်ထိုက်အောင် ကံ့ကော်ပင်တွေချည်းပဲ
နော် သမီး"

"ပွင့်ချိန်ကျရင် သိပ်လှမှာပဲ ဖေဖေ"

တစ်ခြားသစ်ရွက်များလို ပျော့ပျော့နွဲ့နွဲ့ မဟုတ်ပါဘဲ...ထူထိန်း



www.burmeseclassic.com

www.burmeseclassic.com



ပိန်း မာဆတ်ဆတ်ဖြစ်သော ကွဲကော်ရွက်ချွန်းများသည်လည်း နွေဓော ဒဏ်ဖြင့် ရွက်ကြွေအဖြစ်နှင့် ပြန့်ကျဲလျက်ပါ...

အရွက်စိပ်စိပ် အရိပ်ကောင်းကောင်း ကုက္ကိုပင်ကြီးများက လည်း မြင့်မြင့်မိုးလျက်...

"လာ သမီးတို့...အန်ကယ်က ဒီနေရာ ရောက်ဖူးတော့ လိုက်ပြမယ်၊ ဒီမှာ သိပ်ထူးဆန်းတာတစ်ခုရှိတယ်"

ဦးလှစိုးချစ်သည် 'စန္ဒာကျော်'တို့ ညီအစ်မနှင့် နာမည်ပင် မသိသော သက်လတ်ရွယ် အမျိုးသမီးတစ်ဦးကိုပါ ခေါ်သွားပြီး လက်ယက်တွင်းလေးလို ရေတစ်ဖလားစာလောက် ရှိနေသော ရေကွက်ကလေးကိုပြပြီး...

"ဒါ 'အိုးတစ်လုံးကန်'လို့လည်း ခေါ်ကြတယ်၊ ရွက်နိုင်တဲ့ အိုးတစ်လုံးစာ ရေအမြဲကျန်ရှိနေလို့"

"ဖေဖေဟာ ဘာဆန်းလို့လဲ"

"ဆန်းပြီလား သမီး။ ပွဲချိန်ကျရင် အဲဒီ ကွဲကော်ရိပ်ရှိရာ ကွင်းပြင်နဲ့အပြည့် လူတွေရာထောင်ချီပြီး လာကြလည်း အဲဒီတွင်းလေးထဲကပဲ ခပ်ယူကြတာပဲ။ ဘယ်လောက်ခပ်ခပ် ခုမြင်ရသလောက်က အမြဲကျန်တယ်။ ဘယ်တော့မှ ကုန်ခန်းမသွားဘူး"

"ဟာ...ဟုတ်လား"

"ဖေဖေ့ဟယ်... ရေလေးက ကြည်ပြီး အေးစိမ့်နေတာပဲ"

ရေသို့ လက်နှစ်ပြီး စန္ဒာကျော်က တအံ့တသြ ပြောနေသည်ကို ဖေဖေသဘောကျနေလေသည်။ ဖေဖေသည် သူ့တစ်ပါးကို ဒုက္ခခံ၍





ညီပြီး သူ့အကူအညီအတွက် ကျေနပ်စွာ ခံစားရသည်၌ မွေ့လျော် ရွှန်းလှသူပါ။

"သာယာတယ်နော် အန်ကယ်"

"အေး...ရခိုင်ပြည်နယ် ကမ်းရိုးတန်း တစ်ခုလုံးဟာ သာယာတယ်၊ ဒီကနေ 'ရမ်းဗြဲကျွန်း'ကို ကားလမ်းခရီးရှိတယ်။ ဆယ်မိုင်လောက်ပဲ လမ်းကောင်းလို့ တစ်နေ့နီးနီးခရီး ကားစီးရတယ်လေ။ ခရီးက မိုင်ငါးဆယ်ခန့်လောက်ပဲ ဝေးတာပါ။ ဟိုးဘက်မှာတော့ လေဘေးဒဏ် မကြာခဏခံရတဲ့ 'မြေပုံမြို့'ရှိတယ်။ ဟောဟိုမှာ မြင်နေရတဲ့ ကျွန်းတန်းတွေမှာ ရွာတွေအများကြီး ရှိသေးတယ်"

ပင်လယ်ပြင်ဘက်သို့ လက်ညှိုးညွှန်ပြီး တိုးရစ်(စ)ဂိုက် တစ်ယောက်ပမာ နိုင်ငံခြားဧည့်သည်များအား ရှင်းပြသလို ပြောနေပါ၍...

"ကဲ...ဖေဖေ သင်္ဘောထွက်သွားမှ ဒုက္ခဖြစ်နေဦးမယ်"

"သမီးကလည်း...သင်္ဘောကြီးပဲ၊ စည်းကမ်းတကျ ထွက်မှာပေါ့။ နေ့လယ် ၂ နာရီမှထွက်မယ်လို့ ကြေညာပြီးသားပဲ။ သင်္ဘောက ကိစ္စမရှိဘူး။ ကိစ္စရှိတာက...ငါတို့"

"ဟင်..."

"သူ့ကို တစ်ယောက်တည်းထားရတာ သိပ်စိတ်မချလှဘူး။ သူဟာ ပုံမှန်စိတ် မရှိရှာသေးလို့ အရာရာကို စိတ်ချလို့ မဖြစ်သေးဘူး၊ ဟုတ်တယ်။ ပြန်ကြမှ..."

လှပသာယာလွန်းသော ပင်လယ်ပြင်၏ဘေးမှ ကားလမ်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်သန်းခဲ့ရသည်မှာ ရင်ချမ်းမြေ့စရာပါ။

ပုလဲနှင့်ငါးမှ ငါးပုစွန်များသိုလှောင်ရန် အအေးခန်းအဆောက်အအုံများ ကြီးကျယ်စွာ တည်ဆောက်နေသော ကျောက်ဖြူမြို့၏ လေလပွေ့ဆိပ်ကမ်းကို ပြန်လည်၍ ရောက်ရှိခဲ့ကြပါပြီ...

မကျယ်သော်လည်း မကျဉ်းလှသော ကျောက်ဖြူမြို့တွင်းသို့ လှည့်လည်ကြည့်ရှုနေကြချိန်တွင် ချစ်ငုံဖူးမှာ သူ့ဆီသို့သာ စိတ်ရောက်နေမိသည်။

အဖြေမဲ့ ပုစ္ဆာများစွာနှင့် ရောက်လာသော သူ၏ အကြောင်းသည်သာ သူ့ခေါင်းမှာ ကြီးစိုးနေသည်။ အလယ်ဆင်းကြသော လူ... ကွဲသည်နှင့် ဖေဖေနှင့် ဆွေးနွေးရပေတော့မည်။ အကြောင်းစုံ ဖွင့်ပြော... ဖြစ်ပါတော့မည်။

• လှပသော...ဟားခါးသဘော်ဖြူဖြူခန့်ခန့်ကြီးပေါ်သို့ ပြန်တက်ပြီး အခန်းတွင်းသို့ သော့ဖွင့်ဝင်လိုက်သည်နှင့်...

"ဟင်"

"အို...ဘာ့ယ်လိုဖြစ်သွားတာလဲ"

ဦးလှစိုးချစ်တို့သားအဖမှာ အိပ်ရာပေါ်တွင် သွားတိုက်ဆေးဗူးနှင့် ဖိထားသော စာရွက်ဖြူဖြူကြီးကို ဖတ်မိကြသည်။

ဦးလှစိုးချစ် ဘာမှမပြောနိုင်ဘဲ ငြိမ်သက်စွာ တိတ်ဆိတ်နေပါ၏။

ချစ်ငုံဖူးသည် စာကို ဒုတိယအကြိမ် ဖတ်နေမိပြန်သည်။





**ဦးလေးနှင့်...ငုံ**

သေတ္တာကိုခိုးဖွင့်ပြီး ငွေတစ်ရာယူသွားပါတယ်။

တစ်ချိန်ချိန်မှာ ဆက်ဆက်ပြန်ပေးမယ်လို့ ကတိပေးပါတယ်။

ဦးလေးရဲ့ကျေးဇူးကို ကျွန်တော် မမေ့ပါခင်ဗျား။

ငုံနဲ့လည်း ပြန်ဆုံချင်ပါသေးတယ်...

**တိုး**

(တိုးလိုက်ထွန်း)

ဦးလှစိုးချစ်က ငုံ၏လက်မှ စာရွက်ကို ပြန်ကြည့်ပြီး...

"အင်း...ဟုတ်ပြီ...ဟုတ်ပြီ၊ ဖေဖေသတိရပြီ"

"ဘာကိုလဲ ဖေဖေ"

"တိုး... ဟုတ်သားပဲ၊ သူ့နာမည် တိုးဆိုတာ ဖေဖေခုမှ ပြန်သတိရတယ်"

"တိုးဆိုတာ ဦးထွန်းသာနဲ့ ဒေါ်ကေခိုင်မွန်ရဲ့သား ဆိုတာလား။ ဟုတ်လားဖေဖေ"

"ဟုတ်တာပေါ့...တိုးတက်ထွန်းဆိုတာ သူ့ကျောင်းနာမည်ပေါ့၊ ကြည့်စမ်း ခုမှသတိရတယ်။ အိမ်မှာခေါ်တော့ တိုး...တိုးကြီးနဲ့၊ ဖေဖေ ကောင်းကောင်းမှတ်မိပြီ"



www.burmeseclassic.com

www.burmeseclassic.com



ချစ်ငုံဖူးမှာ ဖေဖေ့မျက်နှာမူရာအရပ်နှင့် ဆန့်ကျင်ဘက်သို့ လှည့်လိုက်ရသည်။ ပျက်သောမျက်နှာကို ဖေဖေမမြင်စေချင်။

ဦးလှစိုးချစ်သည့် အာရုံစူးစိုက်မှုရှိသူ၊ မသေချာဘဲနှင့် ပြောလေ့မရှိကြောင်း ချစ်ငုံဖူး ယုံကြည်သည်။

ဦးထွန်းသာနှင့် ဒေါ်ကေခိုင်မွန်တို့တွင် 'တိုး'ဟုခေါ်သော 'တိုးတက်ထွန်း'ဆိုသည့် သားတစ်ယောက် အမှန်ပင် ရှိခဲ့ပါလိမ့်မည်။

သူကပြောတော့ သူ ယုံးဝမဟုတ်ပါတဲ့၊ ယခုတော့…နာမည်က အတိအကျ…

သူသည် ဖေဖေ့မိတ်ဆွေ ဦးထွန်းသာတို့မိသားစုနှင့် သိကျွမ်းခဲ့ဖူးသူလား။

သို့မဟုတ်

ဦးထွန်းသာတို့၏ သားအစစ် တိုးဆိုသော တိုးတက်ထွန်းကိုယ်တိုင်များ ဖြစ်နေလေသလား…

သူ့ကို ကြောက်ရွံ့မိသည်ထက် သာလွန်၍ စိတ်ဝင်စားမိခြင်း၊ ရင်လှိုက်ခုန်အောင် အံ့သြရခြင်း၊ သံသယများစွာ ဖြစ်ထွန်းရခြင်းစသည်တို့ပါ ယှဉ်တွဲခံစားရသည်။

သူ့ကို မယုံကြည်စိတ်နှင့် ဖေဖေသို့ အကြောင်းစုံဖွင့်ပြောပြီး လမ်းခွဲကြမည်။ အရှင်းဆုံးပြောရပါလျှင် နှင်ထုတ်မည်ဟု စိတ်ကူးကြံရွယ်ခဲ့သော ချစ်ငုံဖူးသည်…

ယခုကိုပုံ ရုတ်တရက်ကြီး ပျောက်ဆုံးသွားပြန်တော့ ရင်မှာဟာ၍ ကျန်ရစ်ရသလိုပါ။





"ငုံနဲ့လည်း ပြန်ဆုံချင်ပါသေးတယ်…တဲ့"

ဖေဖေများ တစ်မျိုးထင်နေမလားမသိ…

အတွေးစုံတို့ဖြင့် လှည့်ဝေ့နေချိန်မှာ ဒုတိယအသံဖြင့် တေးသံနောက်ခံမှ ဆိုပေးနေသလိုမျိုး ရင်ထဲမှ ကြားနေရသည်။

"ငုံနဲ့လည်း ပြန်ဆုံချင်ပါသေးတယ်"

"ငုံနဲ့လည်း ပြန်ဆုံချင်ပါသေးတယ်"

"အို…သူရယ်…ကျောက်ဖြူမှာ ဆင်းနေရစ်ခဲ့ပြီပဲကွယ်။ ဘယ်လိုနည်းနဲ့ ဘယ်လိုအချိန်မှာ ပြန်ဆုံခွင့်ရနိုင်ပါတော့မလဲ"

ပြီးတော့…

သူကလှူဆိုးဆို…

လူသတ်ခဲ့ဖူးတယ်ဆို…

"အို…သူ့ကို ငုံဘယ်လို နားလည်ရမှာလဲကွယ်"

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြစ်ဝမှ ထွက်သည်သို့ပင်... လှိုင်းလူးသော လှေငယ်လေးများနှင့် တာဝန်ပြောင်းသူများ ဆင်းသည်။ ပင်လယ်ထဲတွင် မောင်းသူနှင့် ရန်ကုန်မြစ်၊ စစ်တွေမြစ်တို့တွင် မောင်းသူများ သီးခြားတာဝန်ထားသည်ဟု လိမ့်လိမ့်လူးလူး ထွက်သွားသော လှေငယ်လေးကို ကြည့်ပြီး ချစ်ငုံဖူး တွေးမိသည်။

မြစ်မှအထွက် ပင်လယ်သို့အဝင်၊ ပင်လယ်မှအထွက် မြစ်သို့ဝင်ချိန်တွင် ဒေါသတကြီးဖြင့် ရက်စက်ကြမ်းကြုတ်လွန်းစွာ လှိုင်းကြီးတတ်ပါ၏။

လမ်းလျှောက်၍မရ၊ မူးဝေအော့အန်ကြနှင့်...

"ဆံတော်ရှင်ဘုရား" ရှိရာ ကျောက်ဆောင်ကျွန်းစုငယ်နားတွင် အဆိုးရွားဆုံးပါ...

တဘက်မှာ "ဖရုံကာကျွန်းစုများ..."

ကျောက်ဆောင်များကို ဖြတ်သန်းတိုက်ခိုက်၍ ပြေးလာသော လှိုင်းရေတို့သည် အလိပ်လိုက် အလိပ်လိုက်၊ ဖွေးခနဲ...ဖွေးခနဲ ကမ်းခြေနီးလေ များပြားလာလေသာ...။

ကုလားတန်မြစ်တွင်းသို့ ဝင်ခဲ့ပါပြီ၊

စစ်တွေ၏ မြေအဆုံး ပင်လယ်ကမ်းထိပ်မှာ စစ်တွေ... ကျက်သရေဆောင်တစ်ခုဖြစ်သည့် ပို့ငှနှင့် မီးပြကို လှမ်းမြင်နေရ၏။

အချိန်သည် ညနေဆည်းဆာ ရောက်လုနီးသော ကာလပါ။





"ကုလားတန်မြစ်"ဟု ခေါ်နေကြသော "ဂစ္ဆပ"ဆိုသည့် မြစ်နဒီ၏ အတွင်းမှာ...။

ဟားခါးသည် ခရီးဆုံးခဲ့လေပြီ။

ရပ်တန့်သွားခဲ့ပါပြီ...။

သက်ဆိုက်ရာတို့၏ တာဝန်ရှိသည်များကို စစ်ဆေးဆောင်ရွက်နေ၍ ည ၈ နာရီကျော်မှ ဘဏ်ထိပ်အမှတ် ၁ ဂိတ်မှာ ဟားခါးသင်္ဘောကြီး ကပ်ခွင့်ရရှိခဲ့ပါ၏။

လမ်းထက်ဝက်မှာ ဆယ်ယူရရှိလာခဲ့သော ဧည့်သည်သည် လမ်းထက်ဝက်မှာပင် ပြန်လည်ပျောက်ဆုံးခဲ့ပါပြီ...။

စစ်တွေမြို့၏ ဘေးတလျှောက်မှာ တည်ရှိနေသော ကုလားတန်မြစ်သည် ထိုနေ့က တည်ငြိမ်ခြင်းကင်းစွာ စီးဆင်းလျက်ပါသကား....။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၃

ဒေါ်ရတနာခင်ဦးလှိုင်သည် သူ၏မြဘယက်ကြီးကို လက် ပြင်ပေါ်သို့ တင်လိုက်သည်။

ထုတ်ချင်းပေါက် မြင်ရသော မြ၏အရောင်သည် အစိမ်း များ ထည့်ထားသည်သို့ ကြည်လဲ့စွာ တောက်ပနေပါ၏။

အလယ်မှ ဒေါင်းမြီးကွက်ပုံ အလုံးကြီးများသည် သူ့လ ပေါ်မှာ...

လက်ဝါးပြင်၏ ဘေးနှစ်ဘက်သို့ သွယ်ဆင်းနေသောအသွ အသွယ်များကလည်း ပြိုးပြိုးပြက်ပြက်...။

မြကို အသားပေးပြီး စိန်ကလေးများ ဝန်းရံထားသော ရှေးဆ ပုံစံ မြဘယက်ကြီးကို အနီးကပ်ကြည့်နေပြီး ဒေါ်ရတနာခင်ဦးလှိုင်က

"အင်း... ဒီမြဘယက်ကြီးကို ငါ့မြေး ချွေးမလေးအတွ လက်ဖွဲ့ရမှာ ခပ်လန့်လန့်ပဲ၊ သူ့အမေ မင်္ဂလာဆောင်တုန်းကလ အဲဒါဝတ်ပေးမိလို့များ...

အတွေးများကို ရပ်ပစ်လိုက်သည်။





ဤအဖိုးတန်ပစ္စည်းကြီးကို သူ၏ လိမ္မာသော တစ်ဦးတည်း မြေးလေး မင်္ဂလာဆောင်လျှင် လက်ဖွဲ့ချင်လှသည်။

"တိုး...လာဦး ငါ့မြေး"

"တိုး ဘာလုပ်ပေးရမလဲ မေမေကြီး"

"ဘာမှလုပ်ပေးစရာမလိုပါဘူး၊ တိုးကို မေးချင်တာရှိလို့ပါ"

"မေးလေ...မေမေကြီး"

"ကျိန်စာဆိုတာ ငါ့မြေးယုံသလားဟင်"

"ကျိန်စာ"

ဒေါ်ရတနာခင်ဦးလှိုင်သည် ခေါင်းညိတ်ပြီး မြဘယက်ကြီးကို သူ၏ ငွမ်းခံစက္ကူကတ်ထူဗူးထဲသို့ ထည့်သည်။ အဖုံးတော့ မပိတ်။

"တိုးတော့ မယုံဘူး၊ မေမေကြီး၊ ကျိန်စာဆိုတာ လူတစ်ယောက်က ပါးစပ်နဲ့ပြောခဲ့တဲ့ မစ္ဆရိယစကားတွေပဲ၊ နောက်တစ်ယောက်ကို သူပြောတဲ့အတိုင်းဖြစ်ဖို့ဆိုတာ မလွယ်ပါဘူး မေမေကြီး"

"ငါ့မြေးက မယုံဘူးဆိုပါတော့"

"မယုံဘူးဆိုတာထက် မယုံသင့်ဘူးလို့ ပြောချင်ပါတယ် မေမေကြီး"

"ဒါဆိုလည်း ကောင်းတာပေါ့ကွယ်၊ တိုက်ဆိုင်မှုတွေ ရှိနေခဲ့လို့ နည်းနည်းစိတ်လေးနေလို့ပါ"

"ဘာကိုလဲ မေမေကြီးရဲ့"

"ဟောဒီ မြဘယက်ကြီးပေါ့"

"အဲဒါ ဘာဖြစ်လို့လဲဟင်"

"မေမေကြီးငယ်ငယ်က မေမေကြီးရဲ့မိဘတွေက ဒီဘယက်



www.burmeseclassic.com

www.burmeseclassic.com



ကြီးကို မေမေကြီး မင်္ဂလာဆောင်အတွက်ဝယ်ပြီး လက်ဖွဲ့ပေးမယ် လုပ်တော့ စိန်ပွဲစားမကြီးတစ်ယောက်က တားဖူးတယ်၊ အဲဒါတော့ မဝယ်ပါနဲ့၊ ကျိန်စာတိုက်ထားတဲ့ ဘယက်ကြီးတဲ့"

"ဟင်...ဘယ်လို ကျိန်စာတိုက်ထားတာတဲ့လဲ"

"အဲဒီဘယက်ဆွဲသူတိုင်း ချစ်သူနဲ့ ကွဲပါစေ၊ မျက်ရည် စက်လက် ဖြစ်ပါစေ...လို့ ကျိန်စာတိုက်ခဲ့တာတဲ့"

"ဘယ်သူက တိုက်ခဲ့တာလဲ မေမေကြီး"

"ကုန်းဘောင်ခေတ် နန်းတွင်းအပျိုတော်တစ်ဦးတဲ့"

"ဟာ...ရာဇဝင်နဲ့ပါလား မေမေကြီးရဲ့"

"အေး...သူ့ကို အိမ်ရှေ့မင်းသားက 'တော်ကောက်'မယ်လို့ ကြံရွယ်ပြီး ဒီမြဘယက်ကြီးကို အရင်ဆုံး ဆုလာဘ်အဖြစ် ပေးသနားခဲ့တယ်တဲ့။ အဲဒီနန်းတွင်းသူလေးက ရွှေနားတော်ဆက်သွင်းရတဲ့ အဆိုတော်၊ သူ့ဖခင်က စောင်းဆရာကြီးတဲ့"

"ပုံပြင်လေးတစ်ခုလို နားထောင်လို့တော့ ကောင်းသား။ ဆက်ပြောပါဦး မေမေကြီး"

"မယုံမရှိနဲ့ ငါ့မြေးရဲ့။ တကယ်ဖြစ်ချင်ဖြစ်နေမှာ"

"ကဲ...ဆက်ပြောပါဦး"

"အိမ်ရှေ့မင်းသားက အဆိုတော်လေးကို တော်ကောက်လိုက်ပြီး မင်းအဖြစ် ခံယူရင် မိဖုရားခေါင်ကြီး မဟုတ်တောင် အနောက်နန်း သို့မဟုတ် မြောက်နန်းဆိုတဲ့ မိဖုရားကြီးလေးပါးစာရင်းဝင်အဖြစ် သတ်မှတ်လိမ့်မယ်လို့ သတင်းစကား ကြားလေတော့၊ အိမ်ရှေ့စံမိဖုရားဟာ..., အိမ်ရှေ့မင်းသား စစ်ထွက်သွားနေတုန်းမှာ အဲဒီ နန်းတွင်း





အဆိုတော်လေးကို သတ်ခိုင်းပြီး ဆုလာဘ်ပေးထားတဲ့ မြဘယက်ကြီးကို ငါ့အတွက်ယူခဲ့လို့ မှာလိုက်တဲ့အတိုင်း အာဏာပါးကွက်သားတွေက မိန်းကလေးကိုသတ်ပြီး ယူလာဆိုပဲ"

"မိန်းကလေးနာမည်က ဘယ်သူတဲ့လဲ"

"ဘယ်အတိအကျသိမှာလဲ ငါ့မြေးရယ်၊ အဆင့်ဆင့် စကားကြားရတာလေ"

"ကဲ...ပြောပါဦး"

"အဲ...သူ့အသက်မခံရခင်လေးမှာ အိမ်ရှေ့မိဖုရားရဲ့လက်ချက်၊ ဘယက်ကိုလည်း ပေးလိုက်ရမယ်ဆိုတာသိလို့ စောစောကလို ကျိန်စာတိုက်ခဲ့ဆိုပါလား"

"ချစ်သူနဲ့ကွဲပါစေ၊ မျက်ရည်စက်လက် ဖြစ်ပါစေတဲ့လား"

"အေး"

"အိမ်ရှေ့မိဖုရားရော"

"သူပြောတဲ့အတိုင်းပဲလေ၊ အိမ်ရှေ့မင်းက စစ်ထွက်ရင်း ကျဆုံးသတဲ့။ နောက်တက်တဲ့မင်းက သူ့ကို နန်းတော်က နှင်ထုတ်ခဲ့တယ်ဆိုလားပဲ"

"ဒါဖြင့် အဆိုတော်မလေးရဲ့ကျိန်စာအတိုင်း ဒီမိဖုရား ထိတာပေါ့နော်"

"အေးပေါ့"

"ဒါဆိုလည်း ဒီကျိန်စာဟာ လုံလောက်ပြီးဆုံးရော့ပေါ့။ သူ့ကို သတ်ခိုင်းတဲ့ မိဖုရားအတွက် ကျိန်စာတိုက်ခဲ့တာမဟုတ်လားအဘွား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တော့ဟုတ်တယ် တိုး၊ ဒါပေမယ့် သူ့ကျိန်စာက 'ဒီဘယက်ဆွဲသူတိုင်း' လို့ ဆိုခဲ့တာကို..."

"နောက်လူတွေ ဘာဖြစ်ကြသေးလဲ"

"ခေတ်အဆက်ဆက်ကို ဘယ်လိုကျော်ဖြတ်လာလဲတော့ မသိဘူး တိုး။ မေမေကြီးတော့ အဲဒီဘယက်ကို မေမေကြီးရဲ့ မင်္ဂလာဆောင်ပွဲနေ့က ဆွဲမိတယ်"

"ဟင်...အဲဒီတော့..."

"မင်းအဘိုး...တိုးတို့ဖေဖေကြီးနဲ့ သုံးနှစ်ပဲ ပေါင်းလိုက်ရတယ်လေ"

"တိုက်ဆိုင်လို့ဖြစ်ပါလိမ့်မယ်"

"အင်း...သားမေမေကိုလည်း ဒီဘယက် လက်ဖွဲ့ခဲ့ဖူးတယ်။ သူလည်း ဖတ်ခဲ့တယ်၊ ငါ့မြေးမေမေ...မေမေကြီးရဲ့ တစ်ဦးတည်းသော ချွေးမလေးဟာလည်း သိတဲ့အတိုင်းပဲလေ"

ဒေါ်ရတနာ့ခင်ဦးလှိုင်၏ အရောင်မတောက်တော့သော မျက်ဝန်းများ ပိုမိုမှိုင်းစင်းသွားပါ၏။

"ဒါတွေ မမှတ်တွေးပါနဲ့တော့၊ အယုံအကြည်လည်း မထားပါနဲ့ဗျာ"

"မေမေကြီးမှာလည်း အဖိုးတန်ပေးစရာဆိုလို့ ဒါပဲကျန်တော့တယ်လေ၊ သား...ယူဝံ့မလား"

"ဟာ...ယူဝံ့တာပေါ့၊ ဒါဆို နှစ်သိန်းလောက်များ တန်နေမလား"

"ဘယ်မှာမလဲ ငါ့မြေး"





"ဒါဆိုပေး...မေမေကြီးရာ..."

တိုးတက်ထွန်းက ပြုံးပြီး သူ့အဘွား၏ ပခုံးစွန်းမှာ ခေါင်းခွေ့သည်။ အကျောမျှား တွန့်လိမ်စွာ ထွက်ပေါ်နေသည့် လက်ခုံကို ပြီး...။

"တကယ်ပေးမှာလား"

"ပေးလည်းပေးချင်တယ်၊ စိတ်လည်း ထင့်နေတယ်"

"တိုး...အလကားပြောတာပါ၊ မေမေကြီး အသက်ကြီးပါပြီ၊ င်းပြီးလှူပါ၊ သုံးပါ၊ တိုး မယူချင်ပါဘူး"

"လှူဖို့သုံးဖို့ မလိုပါဘူး တိုး၊ မေမေကြီးမှာ ရှိပါသေးတယ်၊ ဆုံးဖြတ်ပြီးသားပါ၊ ပေးရမှာသာ စောစောကပြောသလို..."

"ဒါတွေတော့ တိုး လုံးဝ အယုံအကြည်မရှိပါဘူး၊ သူကလည်း တွေ ဘယ်ယုံပါ့မလဲ"

"အေးလေ၊ ဒါဖြင့်လည်း သားတို့ကို အမွေအဖြစ်ပေးပါ့မယ်၊ ဘာဆောင်မှာတော့ မဆွဲစေနဲ့။ ဒီအကြောင်းကိုလည်း မြေးလေး နီးဝေ မသိပါစေနဲ့လား ငါ့မြေး"

"စိတ်ချပါ မေမေကြီးရဲ့... အားလုံး စိတ်တိုင်းကျ ဖြစ်စေမယ်"

အသက်ကလည်းကြီး၊ နှလုံးရောဂါလည်း ဖိစီးနေသော ရတနာ့ခင်ဦးလှိုင်သို့ နှစ်သိမ့်မှုများစွာပေး၍ နှုတ်ဆက်ပြီး သူပိုင် ဆန်း 160 J ကားပြာလေးကိုမောင်းလျက်...

သူ၏ချစ်သူ ဒေါက်တာ မပန်းဝေရှိရာသို့...

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ရှစ်

"တိုးဟာလေ ခုတစ်ခါ ပုသိမ်ကပြန်လာမှ တစ်မျိုးကို ဖြစ်လာတယ်"

"ဘာဖြစ်လို့လဲ မ ရဲ့"

"ဘာဖြစ်တယ်လို့တော့ ပြောလို့မရဘူး၊ တစ်မျိုးတော့ ထူးခြားတာ အမှန်ပဲ"

"တိုးက ဘာဖြစ်နေလို့လဲ၊ အရင်အတိုင်းပါပဲ"

"အရင်အတိုင်းဆိုတာလည်း မမှားပါဘူး၊ ဒါပေမယ့် တစ်ခါတလေ ငေးလို့ငိုင်လို့ ပြောတာတောင် မကြားသလိုပဲ..."

"မဟုတ်ပါဘူး"

"ဟုတ်ပါတယ် တိုးရာ၊ ဟိုင်းကြီးကျွန်းဘက်သွားရင်း စိတ်ညစ်စရာတစ်ခုခုနဲ့များ ကြုံခဲ့သလားဟင်"

"မဟုတ်တာ၊ ဘာမှမကြုံပါဘူး"

"ဘာမှ မဖြစ်ဘူးဆိုပေမယ့် တိုးကိုကြည့်ရတာ ပျော်ပျော်ရွှင်ရွှင် မဟုတ်တာတော့ အမှန်ပဲကွယ်...ပြီးတော့လည်း..."





စကားရပ်သွား၍ ကားမောင်းနေရာမှ တိုးတက်ထွန်းက ရောက်တာ မပန်းဝေအောက်လှည့်ပြီး...

"ပြောလေ မ၊ ပြီးတော့ ဘာဖြစ်လဲ"

"ခုလည်း ခရီးထပ်ထွက်ဦးမှာဆို"

"အင်း..."

"ပုသိမ်ပဲလား"

"မဟုတ်ဘူး၊ ကျောက်ဖြူကို"

"ဘာသွားလုပ်မှာလဲ တိုးရယ်"

"အလုပ်လက်မဲ့ကောင်ပဲ၊ သွားလေရာမှာ အလုပ်ရှာဖို့ပေါ့ မရယ်..."

"တိုးဟာလေ တကယ်ပဲ သိပ်စိတ်ညစ်ဖို့ကောင်းတာပဲ"

"ဘာကို စိတ်ညစ်တာလဲ မ ရဲ့"

"သြော်...အလကားနေရင်း အားငယ်စကားတွေပဲ ပြောပြီး အလုပ်လက်မဲ့၊ အလုပ်မရှိတဲ့ကောင်လို့ပဲ ပြောပြောနေလို့ပေါ့"

"တိုးပြောတာ မမှန်လို့လား"

"မှန်တော့မှန်တယ် ဒါပေမယ့် မဟုတ်ဘူး"

"မ စကားကလည်း...ဒါဖြင့် ကျွန်တော်မျိုး တိုးကို အမှတ်ပေးပေးလား၊ အမှားခြစ်မှာလား"

"အမှတ်ပေးလို့လည်း မရဘူး၊ အမှားခြစ်လို့လည်း မရနိုင်ပါဘူး တိုး၊ တိုးဟာ ဘွဲ့ရပြီး အလုပ်မရှိတာတော့ မှန်ပေမယ့် အလုပ်ကို မလုပ်ချင်လို့ မရှိတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ရမှာလဲ၊ လေဘာကတ်လည်း ထပ်ခါတလဲလဲပြီးပြီ၊ အလေ့ပ်တွေလည်း လျှောက်နေတာပဲဟာ"

"အစိုးရဝန်ထမ်းမလုပ်ဘဲ တခြားစီးပွားရေးတစ်ခုခုလုပ်ပေါ့ တိုးရယ်"

"ဘာလုပ်ရမှာလဲ"

"လုပ်စရာတွေပြည့်လို့ပါ၊ ကားထောင်မလား၊ ဆိုင်ထွက်မလား၊ နောက်ဆုံး ဆရာဝန်တွေငှားပြီး ဆေးခန်းပိုင်ရှင်ပဲ လုပ်ဦးတော့ မ,က ဒီလောက ကပဲ။ အဆက်အသွယ်အများကြီး ရှိတာပဲဟာ"

"မ ပြောတဲ့ လုပ်ငန်းတွေက ဘာမှ တစ်သိန်းမကျော်ဘဲ မရဘူး"

"ဟုတ်တယ်လေ"

"ဘယ်မှာလဲငွေ"

"အို…အန်တီကေခိုင်တို့ ဒီလောက်ချမ်းသာနေတာပဲ၊ မ ကိုတောင် ပြောခိုင်းနေ…"

"တော်…မ၊ သူ့များငွေ တိုးမလိုချင်ဘူး"

"ခက်တဲ့တိုးရယ်၊ မိဘငွေဟာ သူများငွေ မဟုတ်ပါဘူး၊ အန်တီတို့ကလည်း တစ်ဦးတည်းသောသားလေး၊ ခုလို စိတ်ဓာတ်ကျနေတာကို လုံးဝကြည့်ရက်ကြတာမဟုတ်ဘူး၊ နောက်…တိုး ခုလို လျှောက်သွားနေတာကိုလည်း မ ရော တစ်အိမ်လုံးကပါ ကြည့်ဖြူကြတာမဟုတ်ဘူး တိုး"

"မကြည့်ဖြူဘူးဆိုရင် ပြန်မလာပါဘူး။ စိတ်ချပါ"





"ရှေ့နားမှာ ခဏရပ်ပါ တိုး"

ဝင်ဒါမီယာ၏ လမ်းသွယ်လေးထိပ်မှာ အားသို့ ကားထိုးရပ် …ကြသည်။

"ဘာလဲ၊ မ…ဆင်းမလို့လား"

"တိုးကို မ စကားအေးအေးဆေးဆေး ပြောချင်လို့ပါ။ မကို …င်ပါနဲ့ တိုးရယ်"

ဒေါက်တာ မပန်းဝေ၏ အသံလေးများတုန်၍ မျက်ရည်တို့ …လာသည်။…

"တိုးကို မ ပြောခဲ့မိတာတွေဟာ တိုးက အလုပ်မရှိလို့ စိတ်ဓာတ်ကျနေတယ်ဆိုလို့ ပြောမိတာပါ"

"စိတ်ဓာတ်ကျတာတော့ အမှန်ပဲ"

"မကျပါနဲ့တိုးရယ်၊ မတို့ အိမ်ထောင်ရေးအတွက် မရဲ့ ဝင်ငွေနဲ့ …လောက်အောင် မရှာပါ့မယ်၊ တိုး စိတ်ညစ်တယ် ဆိုလို့ လျှောက်ပြော မိတာပါ။ အဲဒီအလုပ်တွေ လုပ်စေချင်လို့ ငွေမက်လို့ မဟုတ်ရပါဘူး။ …လေ တိုးဆီက တောင့်တတာ တစ်ခုတည်းရှိပါတယ်ကွယ်"

"ဟင်"

"မေတ္တာပါ၊ တိုးရဲ့ တုံ့ပြန်မှု မေတ္တာပါ"

လှလွန်းသူဟု မသတ်မှတ်နိုင်ပါသော်လည်း အသားဖြူဖြူ မျက်ခုံးထူထူ၊ ဆံပင်နက်နက်ရှည်ရှည် အုံကောင်းကောင်းနှင့် အရပ် မြင့်မြင့်၊ ကိုယ်လုံးပြည့်ပြည့်နှင့် ဒေါက်တာမပန်းဝေမှာ…

ကျက်သရေရှိစွာ လှသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုကြည့်နေသော တိုးသို့ သူက ဖြည်းညင်းစွာ ပြန်လှည့်ကြည့်ရင်း...

"ပန်းဝေ သိပ်ချစ်တယ် မောင်မောင်ရယ်၊ ပန်းဝေရဲ့ အချစ်မျိုးတုံ့ပြန်မရရှိနိုင်ဘူးဆိုတာ ကြိုပြီးသိပါတယ်။ ပန်းဝေဟာ တိုးကိုလွန်လွန်ကဲကဲ ချစ်နေမိသူမို့ပါ"

ပန်းဝေဟု တစ်ခါတလေ အများသို့ပြောသည့်အတိုင်း ပြောသည်။ တစ်ခါတလေ တိုးခေါ်သည့်အတိုင်း 'မ'ဟု ပြောလေ့ရှိပါ၏။ သူ့ကိုတော့ 'မောင်မောင်'တဲ့...

"ခုရော မောင်က မကို ချစ်လို့လား။ သိပ်ချစ်လွန်းလို့ မ နဲ့ မထိုက်တန်ဘူးထင်နေလို့ အလုပ်သိပ်လုပ်ပြချင်နေတာ"

"မ ပြောပါပြီ။ တိုးဆီက မ မျှော်လင့်တာ မေတ္တာတစ်ခုတည်းပါကွာ။ ပန်းဝေတို့ဟာ နှစ်ဘက်လုံး ပြည့်စုံနေကြသူတွေပဲ မဟုတ်လား"

"မတော့မသိဘူး။ တိုးရဲ့ အတိုးကြီး အဘွားကြီး ပစ္စည်းဟာ တိုးနဲ့မဆိုင်ဘူးလို့ ခံယူထားတယ်"

"သိပ်လွဲမှားတဲ့ အတွေးပဲ တိုးရယ်။ သားသမီးရဲ့ စည်းစိမ်ချမ်းသာသည်သာ မိဘအတွက် မဟုတ်ပေမယ့် မိဘရဲ့ ချမ်းသာကြွယ်ဝမှု အားလုံးဟာ သားသမီးအတွက်ပဲပေါ့"

"မက ဒါတွေ မျှော်လင့်နေသလား"

ဒေါက်တာ မပန်းဝေသည် တိုးတက်ထွန်းသို့ ဆုံးဖြတ်ရဲစွာ ဝံ့ဝံ့စားစား ကြည့်လိုက်ပြီး...





"ဦးထွန်းသာတို့ ချမ်းသာသမျှ ကျွန်တော် တစ်ပြားတစ်ချပ်မှ မယူဘူး။ အားလုံး စွန့်လွှတ်တယ်လို့ တရားဝင် လက်မှတ်ထိုးပြီး ဆင်းလာခဲ့ပါလား တိုး၊ ပန်းဝေ ချက်ချင်း လက်ထပ်ပါရစေ"

တိုးတက်ထွန်းသည် ဒေါက်တာမပန်းဝေ၏ လက်ကလေးကို ဆွဲပြီး ရင်ခွင်ထဲမှာ ဖက်ပိုက်ထားလိုက်သည်။ သူ့နှလုံးသားနှင့် နီးကပ်စွာ ထိတွေ့ရသော မိမိလက်မှတစ်ဆင့် နှလုံးသားရှိရာသို့ ကြည်နူးမှုများ စီးမျောကူးယှက်လာသ ည်။

"အခြေနေချင်း ညီမျှစေချင်တာကလွဲလို့ တိုးလည်း မ ကို သိပ်ချစ်ပါတယ်ဗျာ"

"တိုးရယ်...ဒါဆိုလေ ပန်းဝေအတွက် အရာအားလုံး ပြည့်စုံသွားလောက်သွားပါပြီ အချစ်ရယ်"

တိုး၏ ပခုံးထက်မှာ နဖူးဖိကပ်ပွတ်တိုက်ရင်း လှိုက်လှဲသော ကြည်နူးခြင်းဖြင့် စကားဆိုမိသည်။

"တိုး...မောင်ရယ် တခြားအကြောင်းကြောင့်ဆိုရင်တော့ ဘယ်လောက်ကြာကြာ ပန်းဝေ စောင့်ပါ့မယ်။

မောင်မောင်ပြောတဲ့ အခြေနေကြောင့် ဆိုရင်တော့ ပယ်ဖျက်လိုက်ပါတော့လားနော်"

တိုးသည် မပန်းဝေ၏ အချစ်ဦးမို့ ဆရာဝန်မလည်း ရှုံးရပါလား။ မိန်းကလေးက စ၍ လက်ထပ်ပါရစေတော့ဟူ၍ ပြောရသည့် စကားထဲတွင် အရှက်တို့ တိမ်မြုပ်ပျောက်ဆုံးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော်...အချစ်ဟူသည် အရုက်ကိုလည်း မဲ့စေသည်၊ သတ္တိကိုလည်း ဖြည့်စေသည်ပါလားကွယ်..."

လမ်းဆွယ်လေးဘေးမို့ ဖြတ်သွားသော ကားများ မြင်တွေ့ခ… စိုး၍သာ တိုး၏ ရင်ခွင်နားမှ ခွာလိုက်ရသည်။ ဖြစ်နိုင်လျှင် ဤကာ… လေးအတွင်းမှာ မေတ္တာကမ္ဘာငယ် ပေါ်ထွန်းပြီး နှလုံးသားနိုင်ငံ… အချစ်မြို့မှာ အကြင်နာစံအိမ်လေး တည်ဆောက်ပြီးသား ဖြစ်စမ်းချင်ပါဘိ။

ဒေါက်တာ မပန်းဝေသည် ဆန္ဒနှင့် လိုက်မီမည့် ဝန်းကျ… မဟုတ်မှန်း သိ၍သာ ချစ်သူ၏ ပခုံးပေါ်မှ ပါးကို ခွာလိုက်ရသည်…

"ကဲ... ပြန်စို့လေ၊ မောင် ဘယ်သွားချင်သေးလဲဟင်"

သူ့ဆန္ဒကို ပြောမိပြီးမှ သတိရသလို ချစ်သူ၏ဆန္ဒကို အရင်… ယူပါသည်ဟု ဒုတိယစကား ဖြစ်သော်လည်း ပထမနေရာကပါ… တိုး သိပါလိမ့်မည်။

"ဟင်...တိုး"

အပြုံးမျက်နှာနှင့် ချစ်သူကို ကြည့်လိုက်တော့ မပန်း… လန့်စရာတစ်ခုကို တွေ့လိုက်ရသည်သို့ပါ။

"အိုကွယ်...တိုးရယ်၊ ဘာလို့ မျက်ရည်တွေ ဝိုင်းနေရတာ… ဟင်၊ စိတ်အားမငယ်စမ်းပါနဲ့ တိုးရယ်၊ တိုးဘေးမှာ ပန်း…ဝေ ရှိ… ပါတယ်ကွယ်"

တိုးတက်ထွန်းတွင် 'ဒီပရက်ရှင်'ဆိုသော 'စိတ်ဓာတ်…





ရောဂါ'မှာ လွန်ခဲ့သော လေးငါးနှစ်မှစ၍ မကြာခဏ ဝင်ရောက်ခဲ့ကြောင်း ဒေါက်တာမပန်းဝေ သိခဲ့ပါသည်။

ရှီးသားစွာ စာကြိုးစားလွန်းသလောက် စာတော်ခဲ့သော တိုးတက်ထွန်းသည် သူဖြစ်ချင်လွန်းသော ဆေးတက္ကသိုလ်သို့ ဝင်ခွင့်မရခဲ့သည်မှစ၍ စိတ်ဓာတ်ကျခဲ့ခြင်းပါ။

ယင်းအခြေခံကိုသိသော ဒေါ်ကေခိုင်မွန်နှင့် ဒေါက်တာမပန်းဝေ တို့သည် ထာဝရ သူ၏အလိုကို လိုက်လျော၍ စိတ်ဓာတ်မြှင့်တင်ပေးနေခဲ့ကြရသည်။

ဒေါက်တာမပန်းဝေမှာ တိုးတက်ထွန်း၏ ဒတ်ဆန်း 160 J ကား ပြင်ပသို့ ထွက်လိုက်ပြီး ကားဦးပိုင်းမှ ကွေ့ဝိုက်၍ တိုးတက်ထွန်း၏ဘေးမှ ကားတံခါးကိုဖွင့်ပြီး...

"ကဲ...မောင်မောင် ဟိုဘက်တိုး၊ ပန်းဝေမောင်းမယ်"

သူ့ နေရာရွှေ့ပေးလိုက်သည်။

ဒေါက်တာမပန်းဝေက စတီယာရင်နောက်တွင် ဝင်ထိုင်ပြီးမှ တိုးတက်ထွန်း၏ နဖူးပြင်ကို လှမ်း၍ နမ်းလိုက်ပြီး လွင်လွင်ကြည်ကြည် ပြုံးပစ်လိုက်သည်။

"အိမ်မပြန်သေးဘူး။ မောင်ကြိုက်တဲ့ ကရဝိက် …နီဒီ သွားစားကြရအောင်နော်"

…ည်တော့လည်း သူပြုံးပါ၏။

…ိတ်ပါကြည်လင်လာသဖြင့် ရီဝေနေသော မျက်ဝန်းလည်း ဆောက…လာခဲ့ပြီ။ မျက်ဝန်းမှ မျက်ရည်စတို့လည်း သွေ့ခြောက်



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ဆုံးလေ၏။

"မောင်ရေ…ဟိုခြံထဲမှာ ပန်းလေးတွေ ပွင့်နေတာကို ကြည့်ပြီး မ တစ်ခုစဉ်းစားမိပြီ"

ကား စမောင်းရင်း ဒေါက်တာမပန်းဝေက ပြုံး၍ ပြောသည်

"ဘာလဲ"

"မောင်က ပန်းစိုက်ဝါသနာပါတယ် မဟုတ်လား။ မနဲ့မောင် ချောင်ကျတဲ့ တောင်ပေါ်မြို့လေးတစ်မြို့မှာ သွားနေရအောင်လေ မောင်က ဥယျာဉ်မှူးကြီးလုပ်ပြီး ပန်းတွေစိုက်၊ ပန်းဝေက ပန်းတွေ ခေါင်းမှာရွက်ပြီး ဈေးထွက်ရောင်းမယ်လေ၊ မကောင်းဘူးလား"

"မ တကယ် နေနိုင်လို့လား"

"ကြိုက်ရာမြို့ကိုသွားဖို့ လေယာဉ်လက်မှတ်ဝယ်လေ မောင် ကဲ… ဘယ့်နှယ်လဲ"

"မ အချစ်ကို မောင် ယုံပါတယ်၊ ဒါပေမယ့်… စိတ်ကူးမယ် စမ်းပါနဲ့ ပန်းသည်မလေး မပန်းဝေ"

သူ့စိတ်ကို ပြောင်းစေသော စကားကို စလိုက်တော့လည်း ချက်ချင်းပြောင်းသွားသဖြင့် ဒေါက်တာမပန်းဝေက အသံထွက်အော ရယ်လေတော့ သူလည်း ရယ်မောပါ၏။

စောစောဆီက စိတ်အားငယ်မှုများသည် ရယ်သံလေးမျာ ရှေ့မှ လွင့်ပြေးပျောက်ဆုံးပါသတည်း။

⌘ ⌘ ⌘



## အခန်း ကိုး

"ကြည့်စမ်းပါဦး ကိုရယ်၊ သားဟာ မဟုတ်တဲ့နေရာကျရင် အကယ်အပင်ပန်းခံတယ်"

ခြံတွင်းမှ ပန်းပင်များအတွက် မြေကို ကိုယ်တိုင် တူးဆွနေသော ိုးတက်ထွန်းသို့ကြည့်ပြီး ဒေါ်ကေခိုင်မွန်က ဦးထွန်းသာသို့ ပြော ိုက်သည်။

"သူက အဲဒီလို အေးအေးနေပြီး ပန်းလေးတွေ၊ တေးဂီတတွေ၊ ခင်းလှလှ ပန်းချီကားချပ်တွေကို ငယ်ငယ်လေးတည်းက စိတ်ဝင်စား တဲ့သူပဲ ကေခိုင်ရယ်…။ နေစမ်းပါစေ"

"ကို သားကို ဒီလိုပဲ ကြည့်နေတော့မလား"

"မကြည့်လို့ ဘာလုပ်ပေးရမလဲ ကေခိုင်"

"သူ စိတ်ဝင်စားတာ တစ်ခုခု စီစဉ်ပေးမှပေါ့"

"ဟိုမှာ သူစိတ်ဝင်စားတာ လုပ်နေတယ်လေ၊ မတွေ့ဘူးလား"

"ကိုဟာလေ…အဖေအရင်းဖြစ်ပြီး သားအတွက်ဆို ဘာကိုမှ



www.burmeseclassic.com

www.burmeseclassic.com



အလေးအနက်မထားဘူး။ ပြီးခဲ့တဲ့ ကိစ္စအတွက် သားပေါ်မှာကို
အခဲမကျေနိုင်သေးဘူးလားဟင်"

"သြော်... ကေခိုင်ရယ်။ ဒါတွေအားလုံး ပြီးဆုံးပြီပဲ။ သူ့ပေါ်
လည်း အပြစ်လို့ မမြင်ရက်ခဲ့ပါဘူး။ ဖခင်တစ်ယောက်အနေနဲ့လည်း
သူ့ကို ဘာပြောလို့မှ မရဘူးလေ"

"ဟုတ်တယ်။ သူက ခုလို ကြီးပွားလာတာ ကေခိုင်ရဲ့အ
ကေခိုင်ရဲ့ ငွေဆိုပြီး ဘာတစ်ခုမှ အရင်းနှီးမယူချင်ဘူးတဲ့
ခက်ပါတယ်၊ သိပ်ခက်တယ်"

"ဒါတွေ ထားလိုက်စမ်းပါ ကေခိုင်ရယ်၊ ဒီကောင် အလ
သူ့ဒုက္ခ သူရှာနေတာ၊ နေပါစေ။ အခု ဘာအလုပ်မှမလုပ်ချင်ပေမယ့်
တော်ကြာ မိန်းမရလာတော့ သူလုပ်ချင်လာမှာပါ"

"ဒါကြောင့် ကေခိုင်က မပန်းဝေလေးနဲ့ အမြန်ဆုံး လက်
ပေးချင်တာပေါ့"

"ဒါကိုသူက ငြင်းနေသေးတယ်လေ။ သူက သူအလုပ်မ
မိန်းမ မယူချင်သေးတာ မဟုတ်လား။ မပန်းဝေကလည်း သူ့
သစ္စာရှိရှိစောင့်မယ့် မိန်းကလေးပါ"

"ဟုတ်ပါတယ်၊ ဒါပေမယ့်..."

"ဒါပေ မမယ့်နဲ့။ အချိန်တန်တော့လည်း ယူဖြစ်ကြမှာ
ယောက်ျားဆိုတာ မိန်းမ မရှိဘဲ မရပ်တည်ချင်ကြပါဘူး။ ကြ
ကြည့်လေ"

"သွားစမ်းပါ...အရေးထဲ"





"မဟုတ်ဘူးလား...သားတို့မေမေ ဆုံးတုန်းက ငိုလိုက်ရတာ။
သာလာသူတိုင်း သနားကြလို့ တချို့ ဝိုင်းတောင် ငိုခဲ့ကြတာ။
နောက်တော့လည်း ဘာကြာလဲ။ ကေခိုင်နဲ့ လက်ထပ်ဖြစ်ခဲ့တာပဲ။
ယောက်ျားတွေမှ တကယ့်အကြာကွေး၊ နှစ်ချောင်းပေါင်းမှ တစ်ခု
ဖြစ်တယ်၊ မိန်းမ မပါဘဲနဲ့"

"ကဲ..."

ဒေါ်ကေခိုင်မွန်၏ လက်သီးက ဦးထွန်းသာ၏ ကျောပြင်
ပေါ်သို့ ထိထိမိမိ။

"သားကိစ္စ အရေးကြီးနေရတဲ့အထဲ သူကတစ်မျိုး၊ ဒီမှာ..."

"အင်း..."

"ကိုသား ခရီးထွက်ဦးမလို့တဲ့"

"ကိုလည်း ကြားနေတာပဲ"

"အဲဒီလို ခရီးထွက်နေတာကို ကေခိုင် နည်းနည်းလေးမှ မကြိုက်
ဘူးတာ။ ဦးလှစိုးချစ် စစ်တွေက ပေးတဲ့ သတင်းဟာ သိပ်တို့ကျလွန်း
တယ်၊ ကေခိုင်တော့ သားလို့ပဲထင်တယ်"

"သူကတော့ သူ မဟုတ်ရပါဘူးလို့ အတင်းငြင်းနေတာပဲ"

"ကေခိုင်လေ သားအတွက် တကယ်စိတ်ညစ်ရ စိတ်ဆင်းရဲ
တာပါ ကိုရယ်။ ဟော...လာနေပြီ၊ သူ့အကြောင်း ပြောနေရင် ကြိုက်
တာမဟုတ်ဘူး"

ဒေါ်ကေခိုင်မွန်က ဆိုဖာပေါ်မှထပြီး ကက်ဆက်ခလုတ်ကို
နှိပ်၍ သီချင်းဖွင့်နေလိုက်သည်။ ဦးထွန်းသာကလည်း သူ၏



www.burmeseclassic.com

www.burmeseclassic.com



နှစ်သောင်းတန် ဂေါ့(ဖ်)ဆက်ကြီး၏ ဖစ်ကို အကြောင်းမရှိပါဘဲ ဆွဲချည်ပိတ်ချည် လုပ်နေသည်။

"မေမေတို့ စားပြီးကြပြီလား"

"သားကိုစောင့်နေတာ။ ပြင်ခိုင်းလိုက်တော့မယ်နော် သား..."

ဒေါ်ကေခိုင်မွန်က 'ထမင်းပြင်တော့ဟေ့'ဟု နောက်ဖေးခန်းသို့ ကြားသာအောင် ဟစ်လိုက်ပါ၏။ သက်ဆေးပြီး လက်သုတ်ရင်း ဒေါ်ကေခိုင်မွန်၏ဘေးမှာ တိုးတက်ထွန်း ဝင်ထိုင်သည်။

"ရေ့လဆန်း ခြောက်ရက်နေ့ဟာ ဖေဖေ့မွေးနေ့လေ သား... အိမ်မှာ ဆွမ်းကျွေးပြီး အလှူအတန်းလေးလုပ်မလားလို့"

"ကောင်းသားပဲမေမေ"

"ဒါဆို အဲဒီရက်လွန်မှ သား ခရီးထွက်ပါလားကွယ်။ မိသား... လေးမှ သုံးယောက်ရှိတာ၊ စုံစုံညီညီ လှူချင်လို့ပါ"

"မဖြစ်လို့ပါ။ ဒီတစ်ခါ ကြာချင်မှ ကြာမှာပါ"

"ဘာသွားလုပ်မှာလဲ သားရယ်၊ မေမေ့ကို ပြောစမ်းပါဦး"

"အသားအကြောင်းနဲ့သားပါ"

"ကျောက်ဖြူကိုဆို"

"ဟုတ်တယ်၊ ရခိုင်ပြည်နယ်သွားမှာပါ"

"အရင်တစ်ခါလည်း ဖြစ်ခဲ့ပြီးပြီ သားရယ်၊ အန္တရာယ်များလို့... တာ"

"အရင်တစ်ခါ သား ဘာမှမဖြစ်ခဲ့ပါဘူးလို့ ပြောပြီးပြီပဲ"

"တယ်လီဖုန်းနဲ့ သတင်းပေးတဲ့လူက အတိအကျပေးတာ..."





"မေမေတို့ပြောတဲ့ ဦးလှစိုးချစ်ဆိုတဲ့ နာမည်ကို သား ကြား... အောင် မကြားဖူးဘူး"

"မေမေနဲ့ သိပ်မခင်လှပေမယ့် အဲဒီလူဟာ သားဖေဖေရဲ့ ...ဆွေပါ။ သူပြောတဲ့ ပုံပန်းသဏ္ဌာန်အားလုံးဟာ သားနဲ့ တစ်ထပ် ...ည်းပဲကွယ်။ ပြီးတော့လည်း ကျောက်ဖြူမှာ ဆင်းသွားတာတဲ့၊ အခု ...သားကလည်း ကျောက်ဖြူသွားမယ်ဆိုတော့ မေမေတို့ စိုးရိမ်မိတာ ...သလား...မှားသလား သားစဉ်းစားကြည့်ပေးပါ"

"ဒါ...တိုက်ဆိုင်တာပါ"

"ပင်လယ်ထဲမှာ မျောလာတာကို သင်္ဘောပေါ်အရောက် ...ခက်ခဲခဲ ဆယ်ယူကြရသတဲ့၊ ကြားရတဲ့သတင်းက ရင်ခုန်စရာ ...ကောင်းလိုက်တာ၊ မသေကောင်း မပျောက်ကောင်းကွယ်"

"အဲဒါ သားလုံးဝ မဟုတ်ရပါဘူးလို့ ပြောလို့လည်း မေမေတို့ ...မယုံတာ၊ သိပ်ခက်တာပဲ၊ ကဲ...ထမင်းဆာပြီ"

"ကေခိုင်၊ ထမင်းဝိုင်းမှာ ဒီအကြောင်း ရပ်တော့ကွယ်"

ဒေါ်ကေခိုင်မွန်သည် တိုးတက်ထွန်း၏ အဒေါ် တစ်ဝမ်းတည်း ...သူပါ...

ပြီးတော့ သားသမီး လုံးဝမရရှိသူမို့ ဤတစ်ဦးတည်းသော ...သားလေးကို အသည်းခိုက်အောင် ချစ်နေရှာသူပါတည်း။

⌘ ⌘ ⌘



www.burmeseclassic.com

www.burmeseclassic.com

## အခန်း တစ်ဆယ်

လူပျိုပိုးတော့ လမ်းကိုလျှောက်တယ်
ဝါကြီးပိုးတော့ အိမ်ကိုရောက်တယ်

◆ ◆ ◆

ဝါကြီးတွေ...ဝါကြီးတွေ
ဝါကြီးတွေ...ဘေးကို...ဘေးကို...

◆ ◆ ◆

ဟေ့...
လူပျိုပိုးတော့ လမ်းကိုလျှောက်တယ်
ဝါကြီးပိုးတော့ အိမ်ကိုရောက်တယ်

◆ ◆ ◆

ဝါကြီးတွေ ဝါကြီးတွေ× ဝါကြီးတွေ ဘေးကို...ဘေးကို။

◆ ◆ ◆





ရခိုင်ရိုးရာသင်္ကြန်၏ လူငယ်တိုင်း ပါးစပ်တွင် မဆိုဘဲ မနေကြ သံချပ်ပါ။ အဖွဲ့တိုင်း အဖွဲ့တိုင်းဆီမှ ကြားနေရ၍ စလိုက်သည် ကြားရသူပါ စိတ်မှ လိုက်ဆိုနေမိသည်။ အလိုက်ကလေးကလည်း ဆောင်ကျောင်းပြီး ဆိုရလွယ်သည်။

ရခိုင်စကား ဝါကြီး ဟူသည်မှာ လူကြီး...ဟူသတည်း။ လူပျို ကော့ ဆိုသောနေရာတွင် ရခိုင်သံနှင့် 'လူပျို'ကို 'လပို'ဟု အော်ဆိုသံ ရသည်။

အရပ်တိုင်းလို၏ လမ်းထောင့်မှ တစ်စုတစ်ရုံကြီး 'နံ့သာသွေး" သည်။

နံ့သာဖြူနှင့် နံ့သာနီများကို ကျောက်ပျဉ်ကြီးများနှင့် အပျိုလေး ကလေးငယ်များ၊ အမျိုးသမီးကြီးများ စသော မိန်းမသားများက နေကြချိန်တွင်...

အနီးပတ်လည်နှင့် လမ်းတကာတို့တွင် အမျိုးသားငယ်တို့ လိုက် သီချင်းဆိုကြ၊ သံချပ်တိုင်ကြ၊ တီးကြမှုတ်ကြ၊ အရက် ကြနှင့် လူငယ်တို့အတွက် ပျော်စရာ အကောင်းဆုံးအချိန်ပါ။

အကျွေးအမွေးပါသော နေရာအချို့လည်း ရှိပါ၏။

ရိုးရာတေးသံသာအဖွဲ့ကလည်း စင်နှင့် ဆိုကြ တီးကြ...

မြန်မာသင်္ကြန်အကြိုညဖြစ်သော ဧပြီလ ၁၂ ရက်၊ နှောင်း လဆုတ် ၁၃ ရက်မှာ..

ရခိုင်သင်္ကြန်အတွက် 'အကြို၏ အကြို'ည ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ ဧပြီလ ၁၃ ရက်သည် မြန်မာတစ်ပြည်လုံး သင်္ကြန်ကျပြီဖြစ်သော်လည်း...

ရခိုင်ပြည်တွင် သင်္ကြန်မကျသေး...

ညက သွေးထားကြသော နံ့သာများနှင့်အတူ 'ဘုရားရေချိုး ရက်' အဖြစ် သတ်မှတ်ပြီး ဘုရား ရေသပ္ပာယ်ရန်။

ရပ်ကွက်တိုင်း ရပ်ကွက်တိုင်းက ကိုယ့်ပဒေသာပင်၊ ကိုယ့် အပြင်အဆင်နှင့်အတူ ကားများနှင့် ဆိုကြ၊ တီးကြ၊ ကကြနှင့် တဖော် တပါးကြီး။

"အတုလ မာရဇိန် ကြေးဆင်းတုတော်ကြီး" ဆီသို့...

တစ်ဖွဲ့ပြီးတစ်ဖွဲ့ ရေသပ္ပာယ်ရန် သွားနေကြသည်ကို ကြည့် သည်မှာ ဆိုက သူများနှင့်ရော၍ပင် ပျော်ရွှင်မြူးထူးမိသည်။

ဗုဒ္ဓဘာသာကို နက်ရှိုင်းစွာ သက်ဝင်ယုံကြည်သော ဓလေ့ ကိုလည်း ကြည်နူးချမ်းမြေ့စွာ မြင်ရသည်။

ဘုရားသို့ ရေသပ္ပာယ်ပြီးမှသာ လူများ ရေပက်ကြ၊ ရေကစား ကြသည်မှာလည်း သဘာဝကျသော လုပ်ရပ်တစ်ခုပါပင်။

ဘုရားသွား ကျောင်းတက်ဆိုသည်ကို အစွဲပြု၍များ မှည့်ထား လေသလား...ရွာပရပ်ကွက်ရှေ့ 'ကျောင်းတက်လမ်း'မှ တစ်ဖွဲ့ပြီးတစ်ဖွဲ့ စီတန်းသွားနေကြသည်မှာ အမြင်ဆန်းပြီး ရှင်လန်းကြည်မွေ့ဖွယ် ကောင်းလွန်းသော မြင်ကွင်းတစ်ရပ်ပါပင်...





ရ ကောက်ကို ယ လို အသံထွက် မဟုတ်...ပုံငို အခေါ်အဝေါ် ဒီ အာမထိတဲ...ရ ဟူသော အသံဖြင့်...

"အိုး...အရီး...အရီး"

"အရီး...သူ့ကို...သူ့ကို"

ဓါးလှော်ပ်တစ်ခုလုံး ဆူညံနေပါ၏။

ရိုးရာ 'လှေ'ကြီးကို မဏ္ဍပ်၏ အလယ်တွင်ချ၍ ရေအပြည့် ဖြည့်ထားရသည်။ ကုန်လည်း ထပ်ဖြည့်...

လှေ၏ နောက်တွင် မဏ္ဍပ်အသင်းဝင် အမျိုးသမီးငယ်လေး များက ဝတ်စုံဆင်တူဖြင့် ရှိနေကြသည်။ မဏ္ဍပ်တစ်ခုတွင် အမျိုးသမီး များ နှစ်ဆယ်အစိတ် ဝန်းကျင်ရှိရမြဲ။

မဏ္ဍပ် အုပ်ချုပ်သူ အမျိုးသမီးကြီးများကလည်း ဘေးမှ တော်တော်ရပ်၍ စောင့်ကြပ်လျက်...

မဏ္ဍပ်၏ အတွင်းနှင့် အပြင်ကို ဝါးရာဇမတ်ကွက်များ ခါးနား သာက်အထိ ပိုင်းခြားကာရံထားသည့် ရှေ့မှလူငယ်တို့၏...

"အိုး...အရီး...သူ့ကို...သူ့ကို...ခေါ်ပေးပါ"

ဆိုသော အသံများသည်သာ ကျွက်ကျွက်ညံလျက်...

မဏ္ဍပ်အုပ်ချုပ်သူကလည်း ရေလာကစားသော လူငယ်၏ သက်ညှိုးထိုးရာ မိန်းကလေးကို...

"သူလား...သူ့လား"



www.burmeseclassic.com

www.burmeseclassic.com



ဟု မဟုတ်မချင်းမေးပြီးမှ တောင်းဆိုခံရသော အမျိုးသမီးကို လှေကြီး၏ရှေ့သို့ ထုတ်ပေးရသည်။

ခွက်တစ်ခုနှင့် လှေတွင်းမှရေကို ခပ်၍ အမျိုးသားကိုပက်ပြီး နောက်တစ်ခွက်ခပ်၍ အမျိုးသမီးက အမျိုးသားကို ပေးရသည်။

အချို့လည်း ဝှန်းခနဲ ပက်လိုက်ကြ...

ငေါခနဲ လောင်းလိုက်ကြနှင့်...

တချို့ကျတော့...

ရေစက်ချနေသလားမှတ်ရအောင် မိန်းကလေး၏ ကျောပြင်ပေါ်သို့ ဖြည်းဖြည်းလေးလောင်းရင်း...မရိုင်းပျသော လူပျိုစကားများကို ကြိုက်သလိုပြော၊ ကြိုက်သလို မေးနိုင်ခွင့်ရှိသည်။

ကောင်လေးက မပြီးမချင်း မဏ္ဍပ်ရှိ အမျိုးသမီးလေးက ရပ်ဆိုင်းပစ်၍မရ...ကြိုက်သလောက် အကြာကြီး အပြန်အလှန် ပက်နိုင်သည်။

နာမည် ဘယ်သူလဲ၊

ဘယ်မှာနေလဲ။

သိပ်လှတာပဲ။

မှအစ မိတ်ဆွေဖြစ်ပြီး ချစ်သွားခဲ့ကြသည့် သင်္ကြန်ဖူးစာရှင်များလည်း များစွာရှိခဲ့ဖူးသည်။ သင်္ကြန်အတွဲများလည်း များစွာပေါ့...

သိပ်ကြာလွန်းပြီး စိတ်ညစ်လာလေမှ မိန်းကလေးက မဏ္ဍပ်အုပ်ချုပ်သော အမျိုးသမီးကြီးကို တိုင်ရသည်။





သည်တော့မှ အမျိုးသမီးကြီးက တော်သင့်ပြီဖြစ်ကြောင်း ပြောရာ [...]ကြောင်း ပြောသည့်အခါ...ကောင်လေးက...

"ကျေနပ်ပါပြီ...ထိုင်တော့"

ဟု အခွင့်ပေးလေမှ မဏ္ဍပ်စည်းနှင့် လက်တစ်ကမ်းစာ အကွာ[...]ွင် ချထားသော ခုံပေါ်မှာ ထိုင်ပေးရသည်။ မထိုင်မီ ကောင်လေးသို့ [...]တစ်ဖလား အပြည့်ခပ်ပေးရသေးသည်။

"မေတ္တာရေ လောင်းသည်"

ဟူ၍ ပြောပြီး...ကောင်မလေးနှင့်ကောင်လေး၊ ရေကစားမှု [...]ဆုံးနိဂုံးချုပ်သည့်သဘောနှင့်...

မေတ္တာရေကို ဖြည်းဖြည်းချင်းလောင်းပြီးမှ...ကျေကျေနပ်နပ် [...]ွက်သွားလေတော့သည်။

ဤမလေ့မှာ...

မဏ္ဍပ်တိုင်း...မဏ္ဍပ်တိုင်းမှ အမျိုးသားငယ်နှင့် အမျိုးသမီးငယ် [...]င်း၏ ရိုးရာဓလေ့ ရေကစားနည်းဖြစ်ပေသည်။

မဏ္ဍပ်တစ်ခု၏ လှေကြီးရှေ့မှာ ဤသို့ ကြိုက်ရာ ရွေးပြီး အပြန်အလှန် ပက်နေကြသော အမျိုးသမီး၊ အမျိုးသားတို့က ဝံ့စံတတန်းကြီး [...]ါ...

မြန်မာပြည်အရပ်ရပ် အမျိုးသားငယ်များထက် ဝ ူးကဲစွာ အခွင့်[...]သော ရခိုင်နှင့် ရခိုင်ပြည်ရောက် အမျိုးသားငယ်တို့အတွက် ရရှိ[...]သာ အခွင့်ရေးပါတည်း။



www.burmeseclassic.com

www.burmeseclassic.com



## "ရှုပသူ့ဇာ ရီလောင်းမဏ္ဍပ်"

ပျှသော ဝါးနှင့် အလှဆင်ထားသော မဏ္ဍပ်မှာ ရှုပရွာခေါ် ရှုပရပ်၏ မဏ္ဍပ်ပါ...

ရခိုင်စကားနှင့် မြန်မာစကား မကွဲပြားလှပါ၊ နားထောင်ပါများလျှင် နားရည်ဝပြီး နားလည်လာသည်။ သူတို့၏ အသံထွက်ကလေးများကိုသာ မှန်းတတ်ဖို့လိုပါ၏။

ရီလောင်းမဏ္ဍပ်...ဆိုသည်မှာ ရေလောင်းမဏ္ဍပ်ပါ၊ 'ရေ'ကို 'ရီ'၊ 'လေ'ကို 'လီ'၊ 'တစ်'ကို 'တိုက်'ဟု ခေါ်သလို 'ချစ်'ကျတော့'ချိုက်'ပါတည်း...။

ကချို့ လုံးဝခြားနားသော စကားမျိုးလည်း ရှိပါ၏။ ဥပမာ ဆပ်ပြာကို သူပုန်ဟုခေါ်တာမျိုး...

ဘာပဲဖြစ်ဖြစ် ရခိုင်စကားသည် မြန်မာနှင့် အနီးစပ်ဆုံးသော တိုင်းရင်းသားဘာသာစကားတစ်ရပ်ဖြစ်ပါ၏။

လမ်းမကြီးမှ 'ရေနန်းသူ့ဇာမဏ္ဍပ်'

အိုးတန်းရပ်မှ 'အိုးတန်းမဏ္ဍပ်'နှင့်...

'ကျောင်းပင်ကြီးရပ်ကွက်မဏ္ဍပ်'စသည်များနှင့်...

စစ်တွေမြို့၏ ကျက်သရေဆောင် 'နာရီစင်ကြီး'အောက်မှ ကောင်စီက ကြီးမျိုးကျင်းပသော ခမ်းနားကြီးကျယ်၍ အချောအလှလေးများ အများဆုံး တွေ့ရသည့် မဏ္ဍပ်မှ ထွက်လာခဲ့ကြပြီး...





## "ပန်းငုဝါမြိုင်မဏ္ဍပ်"

တွင် ချစ်ငုံဖူးတို့အဖွဲ့ ကြည့်နေကြစဉ် အေးကျော့စံက...

"ငုံရေ...ကျော့ သတိထား ကြည့်နေမိတာ ကြာပြီ။ ကျော့တို့နောက်ကို လျှောက်လိုက်နေတယ်။ ပြီးတော့ ငုံ့ကိုပဲ အမြဲကြည့်နေတယ်၊ ငုံသိမလား။ ဟိုဘက်ထောင့်မှာ ဂျင်းပဲန်နဲ့ တက်ပိုက်နေတဲ့လူပေါ့"

အေးကျော့စံ ပြရာသို့ ဖြတ်ခနဲ လှည့်ကြည့်လိုက်မိသည်။ မှူးနှင့် ပျော်နေကြသော သူများနောက်တွင် ရှင်းရှင်းထင်းထင်း ရပ်နေသော...

"ဟယ်...သူ...သူပါလား"

အံ့ဩလွန်းမှုကြောင့် မိမိ၏အသံကို ထိန်းထားရမှန်း မေ့သွားလေပြီ။

"ငုံနဲ့သိလို့လား"

"သိ...သိတယ်၊ ခဏလေးနော်"

ချစ်ငုံဖူးသည် ပျောက်ဆုံးသွားခဲ့သော သူ့ကို ပြန်လည်တွေ့ရှိလေပြီ။ နေရာကလည်း လွတ်လပ်စွာ ပြောဆို၍ဖြစ်သော အခြေအနေမို့...

"ရှင်...ရှင်...စစ်တွေကို ရောက်နေတယ်လား...။ ကျောက်ဖြူမှာ ဘာလို့ ဆင်းသွားတာလဲဟင်၊ ဖေဖေကဖြင့် မေးတာမှုလို့"



www.burmeseclassic.com

www.burmeseclassic.com



"ချင်ငုံကရော"

"မပူပါဘူး"

"ညာတာပါ"

"အို..."

"ဟား...ဟား... ကျွန်တော်မျိုး မောင်းတောရောက်ခဲ့ပြီးပြီ ခင်ဗျ"

"ဟယ်..."

"ဦးလှစိုးချစ်နဲ့ သမီး ချောချောလေးတစ်ယောက် မရောက်လာသေးဘူးတဲ့။ အခု စစ်တွေသင်္ကြန်မှာပဲ ရိုကြလိမ့်မယ်ဆိုလို့ ပြန်လိုက်လာခဲ့တာ။ မနေ့ကပဲ ရောက်တယ်ခင်ဗျ"

"အို...မောင်းတောတောင် ရောက်ပြီးပြီ၊ ဟုတ်လား။ ဘာ ဘာကိစ္စလဲဟင်"

"မေ့သွားပြီလား"

"ဘာကို သတိရရမှာလဲ"

"စဉ်းစားစမ်းပါဦး"

"ငုံ မသိပါဘူး"

"ငွေတစ်ရာ ခိုးသွားတယ်လေ၊ အဲဒါ ပြန်ဆပ်မလို့ လိုက်လာတာပေါ့"

"ဟင်...ရှင့်ဟာကလည်း၊ လမ်းစရိတ်က တစ်ရာဘယ်ကလောက်မလဲ"

"ဘယ်တတ်နိုင်မလဲ...ခိုးမိပြီကိုဗျ"





"သူခိုးဆိုတာ ခိုးတဲ့ပစ္စည်း ပြန်ပေးရရိုး ထုံးစံမှမရှိတာ။ ဘာလို့ ပြန်ပေးနေတော့မှာလဲ"

"ဒီလို ပြန်မပေးရဘူးမှန်းသိရင် ငွေတစ်ရာ မခိုးဘဲ ချစ်ငုံကို ခိုးသွားပါတယ်ဗျာ"

"ရှင်နော်..."

"အဟားဟား...နောက်တာပါဗျာ"

"ရှင်ဘယ်မှာတည်းလဲ ဟင်"

"လမ်းပေါ်မှာပဲ"

"အကောင်းမေးတာ"

"တကယ်ပြောတာပဲ။ အသိမှ မရှိတာ။ ကယ်တင်ရှင်တွေကို လိုက်ရှာနေတာ၊ အခုတွေ့ပြီ။ ကျွန်တော့်ကို ဟိုတယ်ကုန်းကလို ဆယ်ပြီး ခေါ်သွားပါဦးနော်"

"တော်စမ်းပါ။ ဇနက္ကတောင် တစ်ခါပဲ ပဘော်ဘုက်တာ။ များသွားတော့မယ်"

"သွားလေ...သွားသလောက် နောက်က လိုက်နေမှာပဲ"

"ရှင်နော်...ဒါပဲ၊ ငုံတို့နောက်က လိုက်မနေ ပါနဲ့"

"ဟာ ဒါ လုပ်သားပြည်သူပိုင် လမ်းပေါ်မှာ ကိုယ်ပိုင်ခြေ ထောက်နဲ့ လမ်းလျှောက်တာပဲဗျာ"

"ငုံမှာ အဖော်တွေပါတယ်။ လိုက်မနှောင့် ယှက်ပါနဲ့နော်..."

"ဘာနှောင့်ယှက်လို့လဲဗျ၊ လှလို့ လိုက်ကြည့် တာ ဘာပုဒ်မနဲ့မှ အရေးယူခွင့်မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ဟာလေ… ငံ့ကို ဒုက္ခပေးဖို့ မွေးဖွားလာသလား မသိ…
ပါဘူး။ လိုက်နှောင့်ယှက်နေတာပဲ"

"စဉ်းစဉ်းစားစားပြောပါနော် အစ်မကြီး၊ ကျုပ်ဟာကျ…
လမ်းပေါ်မှာ ရပ်နေတာ။ ကျုပ်နားကို ရောက်လာတာက ခင်ဗျား…

သူ့စကားက ရိုင်းစိုင်းသလိုလို မာကျောသလိုလို ရှိသော်လည်…
သူ့မျက်နှာက အောင်မြင်သူတစ်ယောက်၏ အပြုံးမျိုးလို လွှင်လွှ…
ကြည်ကြည်ကြီးပြုံး၍ ကြည့်နေသည်။ သူ့စကားကလည်း မှန်နေ…
ချစ်ငုံဖူး ရှက်သွားမိသည်။

"တော် ရှင်ဒ ရှင်နဲ့ စကားပြောရတာကို အပေါက်အလ…
မတည့်ဘူး။ ဘယ်လိုလူနဲ့မှ လာဆုံရတယ်မသိပါဘူး။ ငွေတစ်…
လည်း မဆပ်ပါနဲ့… လာလည်း မပတ်သက်ပါနဲ့။ ဒါပဲ"

သူ့ထံ သွားမိ၍ အပြောခံရသဖြင့် ရှက်ရှက်နှင့် ဒေါသထွက်…
ပြောမိပြောရာ ဖွပ်ပြောပစ်လိုက်ပြီး ချစ်ငုံဖူး သူ့ကို ထားရစ်ခဲ့…
အဖွဲ့များရှိရာသို့ ပြန်ပြေးလာခဲ့သည်။ ရေများစိုနစ်နေသော မိမိ…
နောက်ခိုင်းအနေအထားကိုလည်း သူစောင့်ကြည့်နေပေလိမ့်မည်…
ထင်သည်။

အပြတ်ပြောခဲ့သော ချစ်ငုံဖူးသည် အဖွဲ့ထဲသို့ ပြန်ရောက်…
သည်နှင့် ခေါင်းလေးစောင်းပြီး ဆံပင်ကို ရေညှစ်ရင်း ခိုးကြည့်မိသည်…

"ဟော…ဘာ့"

သူက သက်ညှိုးလေးတစ်ချောင်းထောင်ပြီး သုံးလေး…
ဆတ်ပြသည်။ 'မပြီ'ဆိုသည့် သဘော၊ ကျောင်းဆရာက မြှောမရ…





…ည့်သို့ သတိပေးပုံမျိုး…

ချမ်းနေသော ကိုယ်ခန္ဓာသည် ပူနွေးလာသည်အထိ ရှက်
…ဘက်စိတ်က တစ်ကိုယ်လုံးသို့ ပြန့်နှံ့ပါ၏။

ချစ်ငုံဖူးတို့ ပွဲငှဘက်သွားရန် ပြန်လည်ထွက်ခွာလာတော့
…ည်း သူနောက်က ပါလာမှန်း…

ဒုတိယအကြိမ် ခိုးကြည့်၍ ချစ်ငုံဖူး သိပါလေ၏။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း တစ်ဆယ့်တ

"ကျွန်တော် လှစိုးချစ်ပါခင်ဗျ၊ စစ်တွေက ပြောနေတာပါ ဦးထွန်းသာ ရှိပါသလားဗျား"

"သြော်...ဟုတ်ကဲ့၊ ရှိပါတယ်။ ခဏလေးကိုင်ထားပါ"

"အခု စကားပြောနေတာ ဒေါ်ကေခိုင်မွန်လား...ခင်ဗျ"

"ဟုတ်ပါတယ်"

"သားလေး...တိုး...အိမ်မှာရှိသလား"

"ရှင်"

"တိုးတက်ထွန်း အိမ်မှာရှိသလားလို့"

"ဘာ...ဘာဖြစ်လို့လဲရှင်"

"သူ စစ်တွေရောက်နေလို့ ကျွန်တော်ထပ်ပြီး ဖုန်းဆက်တာပါ"

"အို..."

"အဲဒါ သူက...သူ့ကိုယ်သူ ဦးထွန်းသာရဲ့သား မဟုတ်ဘူး ပြောနေလို့...တိုးကြီးအိမ်မှာ ရှိသလား မရှိဘူးလားဆိုတာ ကျွန်တော်





ရှင်..."

"နေ...နေပါဦးရှင်...သူ့အဖေ ဟို...ကို...လာနေပါပြီ"

ဒေါ်ကေခိုင်မွန်သည် တယ်လီဖုန်း၏ စကားပြောခွက်ကို လက်နှင့်အုပ်ပြီး အရေးတကြီး အမောတကောဖြင့်...

"ကို...မြန်မြန် လာစမ်းပါ။ စစ်တွေမှာ သားရောက်နေပြီတဲ့။ ဘယ်လိုလုပ်ကြမှာလဲ"

"စိတ်ငြိမ်ငြိမ်ထားစမ်း ကေခိုင်။ ဘာမှ ဝင်မပြောနဲ့နော်..."

ဦးထွန်းသာက တယ်လီဖုန်းလက်ကိုင်ကို ယူပြီး...

"ဟုတ်ကဲ့...ကျွန်တော် ထွန်းသာပါ ခင်ဗျ"

၁၉၈၀ ခု နှစ်ဦးပိုင်းဆီက စစ်တွေနှင့်ရန်ကုန် အော်တိုတယ်လီဖုန်း မရသေး၍ အဝေးပြောစကားကို အော်ရဟ စ်ရဆဲပါ။

"ကိုထွန်းသာရေ...ခင်ဗျားသား တိုးတက်ထွန်း စစ်တွေမှာ ရောက်နေပြန်ပြီခင်ဗျ"

"ပြောပါဦး"

"သူကတော့ သူဟာ တိုးကြီးမဟုတ်ပါဘူး၊ ဦးထွန်းသာရဲ့သား မဟုတ်ပါဘူးပဲ ပြောနေတယ်"

"အင်း"

"ကျွန်တော် ကောင်းကောင်း မှတ်မိပါတယ်ခင်ဗျာ၊ အရင်တုန်းကလည်း ကျောက်ဖြူမှာ ဆင်းကျန်ရစ်ခဲ့တဲ့အကြောင်း ဖုန်းဆက်ပြီး ... အခုလည်း..."

"ဒီမှာ...ဦးလှစိုးချစ်ရေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"အရင်တစ်ခါ ဖုန်းဆက်တုန်းက သားကလည်း ပုသိမ်သွား နေလို့ ဟုတ်မှာပဲထင်ခဲ့တာ။ အခုတော့..."

"ကျယ်ကျယ်ပြောပါ ဦးထွန်းသာ၊ မကြားရဘူးခင်ဗျ"

"ဟုတ်ကဲ့...ကြားလား"

"အင်း...အင်း...ကြားပါပြီ"

"အဲ...သူ့ကိုမေးကြည့်တော့ သူ မဟုတ်ပါဘူးတဲ့။ အ လည်း..."

"အခု စစ်တွေ ရောက်နေတာ ကျွန်တော့်သား တိုးတက်ထွန်း မဟုတ်ဘူးခင်ဗျ"

"ဗျာ"

"သားဟာ အခု ကျွန်တော်တို့တိုက်မှာ ရှိနေပါတယ်"

"ဟုတ်ရဲ့လားဗျာ။ ဒါဆို ကျွန်တော် လူမှားပြီ"

"ဟုတ်...ခုလိုဆက်တာ ကျေးဇူးတင်ပါတယ်၊ ဒါပဲနော် ဦးလှစိုးချစ်..."

"ကျွန်တော်...ကျွန်တော် မကျေနပ်ဘူးဗျာ။ တိုးကြီးနဲ့ သိပ် တူလွန်းနေတယ်။ ရန်ကုန်ရောက်ရင် ဝင်ခဲ့ဦးမယ်"

"ကိုယ့်ဖုန်းဆက်လေ၊ ကျွန်တော် ခရီးထွက်နေတာနဲ့ ကြ စိုးလို့ပါ၊ ကျေးဇူးပဲ ဦးလှစိုးချစ်"

"အေး တိုးတက်ထွန်း ရန်ကုန်မှာရှိနေတယ်နော်"

"ကျွန်တော်တို့နဲ့အတူ ရှိနေပါတယ်ဆိုဗျာ"





"ကောင်းပါပြီဗျာ။ ဒါဖြင့်လည်း ဒါပါပဲ"

ဦးလှစိုးချစ်၏ တယ်လီဖုန်း ချသွားလေမှ ဦးထွန်းသာက ခရီးရှည်သမားတစ်ယောက် ခရီးဆုံးရောက်သွားခဲ့သလို ပင်ပန်းလွန်းသော သက်ပြင်းကို ချလိုက်နိုင်သည်။

"သား စစ်တွေရောက်နေပြန်ပြီတဲ့ ကောခိုင်ရေ"

"အင်းလေ...ဘယ်လိုလုပ်ကြမလဲ"

"ရတဲ့နည်းနဲ့ ပြန်ခေါ်ရမှာပဲ၊ ကိုလှစိုးချစ်လို ရင်းနှီးတဲ့သူနဲ့မှ ဆိုက်ဆိုက်မြိုက်မြိုက် သွားတွေ့တာ သိပ်ခက်တာပဲ"

"ဒါပေမယ့် အဲဒီ ကိုလှစိုးချစ်က ကောခိုင်တို့ရဲ့ မိသားစုကိစ္စကို ဘာမှမသိဘူးမဟုတ်လားဟင်...ကို"

"မသိဘူးလို့ထင်တာပဲ၊ မသိနိုင်ပါဘူးလေ"

ဦးထွန်းသာမှာ စီးကရက်တစ်လိပ်ကို မီးညှိ၍ ဖွာလိုက်သည်။ မီးခိုးများစွာ လွင့်လူအောင် ဖွာရှိုက်နေမိကြောင်း သူကိုယ်တိုင်ပင် သိမည် မဟုတ်ချေ။

အတွေးတို့သည် သားကြီးရှိရာ ရခိုင်ကမ်းခြေဆီသို့ ပြေးလွင့်နေ၏။

မိနစ်များစွာ မေ့လျော့နေမိသော ချစ်ဇနီးဘက်သို့ ပြန်လှည့်ကြည့်မိချိန်တွင်...

"ဟင်...ကောခိုင် ငိုနေတယ်လား"

"ဟုတ်တယ်...ကိုရယ်။ သားအတွက် စိတ်ပူလို့ပါ။ အရင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါလည်း ပင်လယ်ထဲက ဆယ်ခဲ့ရတယ်တဲ့။ ခုလည်း အဲ
အကျွမ်းမရှိတဲ့ ပြည်နယ်တစ်ခုကို လွင့်သွားပြန်ပြီ။ ဘာတွေဖြစ်လာ
ခလဲ မသိဘူး။ ကေခိုင် စိတ်ပူလှပြီကိုရယ်"

"မပူပါနဲ့ကွာ၊ ကို ကြည့်စီစဉ်ပါ့မယ်"

"သား စိတ်ကူးလွဲနေတာတွေ၊ အတွေးချော်နေတာတွေ၊ စိ
အားငယ်နေတာတွေကို ပြင်မပေးနိုင်တော့ဘူးလားဟင်"

"သူက တယူသန်ဖြစ်နေတာ သိပ်ခက်တယ် ကေခိုင်ရဲ့
အကောင်းဆုံးနည်းလမ်းဟာ..."

"ဘာလဲဟင်...ကို"

"မပန်းလေးနဲ့ အမြန်ဆုံး လက်ထပ်လိုက်သင့်တယ်"

"ဟိုကလည်း သူ့ကို သိပ်ချစ်ရှာတာပါ။ အားလုံး သူ့သဘော
အတိုင်း လိုက်လျောမယ့် မိန်းကလေးကို သား ငြင်းနေသေး
တကယ်ခက်တယ်"

"သူ့မှာ အလုပ်မရှိဘူး။ ဆရာဝန်မထက် နိမ့်ကျနေတယ်
ပြီးတော့ ဒီတိုက်တွေ၊ ခြံတွေဟာလည်း ကေခိုင့်ပစ္စည်းတွေဆိုတဲ့ အ
ရှိနေတာကို ဘယ်လိုမှ ပြင်လို့မရတာက ပိုခက်တယ်"

"အဲဒါတွေက နောက်ပိုင်းမှ ဖြေရှင်းရမယ့်ကိစ္စတွေလို့ ထား
အခု သားကို ဘယ်လိုလုပ်ပြီး ပြန်ခေါ်မှာလဲဟင် ကို။ စိတ်
မာန်ပါနဲ့ ဝင်စ်စုံတစ်ခု ထပ်ဖြစ်မှာစိုးရိမ်လွန်းလို့ပါ"

"ကို ခေါင်းအေးအေးထားပြီး စဉ်းစားပါရစေဦး ကေခိုင်ရဲ့
အရေး အကြီးဆုံးက ဒီကိစ္စကို ကိုနဲ့ကေခိုင်ရယ်။ ပြီးတော့ မပန်း





ယ်ကလွဲပြီး ဘယ်သူမှ သိလို့မဖြစ်သေးဘူးနော်"

"ကေခိုင် နားလည်ပါတယ် ကိုရယ်"

❋ ❋ ❋

စစ်တွေမှာလည်း...

တယ်လီဖုန်းပြန်ချပြီး မျက်နှာမသာယာသော ဖခင်သို့ ချစ်ငုံဖူး
အခဲခတ်စောင့်ကြည့်နေမှန်း သိပါ၍...

"ဦးထွန်းသာက သူ့သား သူ့ဆီမှာ ရှိနေပါတယ်ဆိုတာကို
မယုံနိုင်သလိုပဲ။ ပထမ ဒေါ်ကေခိုင့်မွန်ဒါအသံတွေ မှုမမှန်ဘူး။
ပြီး ဦးထွန်းသာရဲ့ စကားလုံးတွေဟာ မရင့်သီးရုံတမယ်ပဲ။
ည်းနည်းမှ မပျော့ပျောင်းဘူး။ ရန်ကုန်ရောက်ရင် သူ့ကိုလာတွေ့မှာ
ောင် စိုးရိမ်နေသလိုပဲ"

"ဒါဖြင့်လည်း မသွားစမ်းပါနဲ့ ဖေဖေရာ၊ ကိစ္စ ပြီးပြတ်ပြီလို့
သဘောထားပြီး အားလုံးကို မေ့ပစ်လိုက်ပေါ့။ သူ့ကိုလည်း ထပ်ပြီး
ဆက်သွယ်ပါနဲ့လား ဖေဖေ"

"ဖေဖေဟာ ကိစ္စတစ်ခု မပြီးပြတ်ရင် စားမဝင် အိပ်မပျော်
ောင် ဖြစ်တတ်တယ်ဆိုတာ သမီးလည်း အသိနေ။ ဘာအလုပ်ပဲ
ဖြစ် ဝီရိယရှိစွာနဲ့ အပြီးအပြတ် လုပ်တတ်ခဲ့တယ်"

"ဒါတွေ သမီးသိပါတယ် ဖေဖေရဲ့"

"ခုကိစ္စကို ဖေဖေ နည်းနည်းလေးမှ မကျေနပ်နိုင်ဘူးသမီး"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေကလည်း ခက်တော့တာပဲ။ ဟိုကလည်း သူတို့သ
မဟုတ်ဘူး။ ဒီကလည်း သူ့ရဲ့အဖေ မဟုတ်ပါဘူးလို့ ပြောနေတာပဲ
ရှင်းပြီပေါ့"

ဦးလှစိုးချစ်သည် အတွေးနွံထဲမှ လေးတွဲစွာ ရုန်းထွက်လျက်

"မဟုတ်သေးဘူးသမီး၊ မဟုတ်သေးဘူး။ ဒီကိစ္စမှာ တစ်ခု
တော့ အမှားအယွင်းရှိနေပြီ"

"ဖေဖေကလည်း"

"တိုးတက်ထွန်းကို ဖေဖေ မလွှတ်နိုင်ဘူး။ သူဟာ ဘာလ
ဘယ်သူလဲ၊ ဘာအကြံအစည်နဲ့လဲဆိုတာ ဖေဖေသိချင်သေးတယ်
သမီး"

"သူ့ရဲ့ အကြောင်းစုံ သမီးကို ပြောပြခဲ့သမျှ ဖေဖေ့ကို ပြောပြ
ပြီးပြီပဲ ဖေဖေရယ်။ သူပြောသလို သူဟာ ဖေဖေတွေ့ဖူးခဲ့တဲ့ တိုးဆိုတာ
မဟုတ်ဘဲ တခြားတစ်ယောက် ဖြစ်နေတယ်ဆိုတာတော့ သေချာ
မဟုတ်လား..."

"မသေချာဘူးသမီး၊ မသေချာဘူး၊ ဒီကောင်လေး အမူအရာ
တွေဟာ ဖန်တီးထားသလိုပဲ၊ ဖေဖေတော့ သူတို့တွေနဲ့ ပတ်သက်
နက်ရှိုင်းရှုပ်ထွေးတဲ့ ပြဿနာတစ်ရပ်ရပ် သူတို့နောက်ကွယ်မှာ ရှိ
လိမ့်မယ်လို့ ထင်မိတယ်။ ဖေဖေရအောင် စုံစမ်းမယ်။ ဖော်ထုတ်မယ်
ဒီသူငယ် သမီးဆီလာတာ မတားနဲ့ လာပါစေ။ ဖေဖေ မကျေနပ်ဘူး
ရအောင်ဖော်ထုတ်မယ်"

"ကောင်းပါပြီ...ဖေဖေရယ်"

❋ ❋ ❋



## အခန်း တစ်ဆယ့်နှစ်

ယနေ့ မြန်မာနှစ်ဆန်းတစ်ရက် ဖြစ်သော်လည်း ရခိုင်တွင်
သင်္ကြန်ကြဆဲ၊ မြန်မာထက် တစ်ရက်နောက်ကျပြီး သင်္ကြန်ကျခဲ့သော
ကြောင့်ပါ။

ကြာခံသုတ်ကို အဓိကထား၍ သုတ်စားဖော်ငှပြီး တချို့လည်း
အချိုမုန့်များစွာဖြင့် ဒါနပြုကြပါ၏။ အုန်းသီး ပေါသော အရပ်မို့
အုန်းသီးနှင့် လုပ်စားရသော မုန့်မျိုးစုံက စားပွဲမှာ ပြည့်နေသည်။

"သမီး...ငုံ...ဒါ **'မောင်မင်းမြတ်မင်း'** တဲ့၊ သူလည်း တာဝန်
နဲ့ ရခိုင်ပြည်နယ်ရောက်နေတာ"

"ကြော်...ဟုတ်ကဲ့ရှင့်...ထိုင်ပါ"

"သူက ဒေါ်ရတနာခင်ဦးလှိုင်ရဲ့ လင်ညီအစ်မတော်ခဲ့တဲ့
ဒေါ်ခင်သိန်းမြင့်ရဲ့ မြေးပါ။ တဘက်စီ တော်စပ်ကြတဲ့ ဆွေမျိုးတွေတဲ့"

"ဒေါ်ရတနာခင်ဦးလှိုင်"

"ဟုတ်တယ်သမီး၊ ဖေဖေ့မိတ်ဆွေ ဦးထွန်းသာ ရဲ့မိခင်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ချစ်ငုံဖူး၏ ဝန်းဝိုင်းသော မျက်ဝန်းအစုံဖြင့် ဖခင်သို့ လှမ်းကြည့်
မိသည်။

"ကဲ...မင်းမြတ်မင်း ကြာဇံသုပ် စားပြီးတော့ အချိုနဲ့ ကော်
သောက်ပေါ့၊ ဦးလေးတို့က လုပ်ကျွေးတာမဟုတ်ဘူးနော်...ကော်
လွဲရင် အားလုံး သူများပေးစာ ကမ်းစာတွေချည်းပဲ၊ သမီး ရေနွေးကြ
လုပ်ဦး"

"နေပါစေဦး၊ ကျွန်တော် အကြမ်းလည်း အမြဲမသောက်တ
ပါဘူး"

"အေးကွယ်။ ယောကျ်ားလေးဆိုတာ ဒါမျိုးမှ။ ကြုံတဲ့အစာ
များများစားနိုင်ရမယ်။ ဖြစ်သလို နေရာမှာ ပျော်အောင် အိပ်တ
မယ်။ ပြီးတော့ အလုပ်အများကြီး လုပ်နိုင်ရမယ်။ ဒါမှ ရောက်ရာနေ
မှာ ပျော်ပျော်ရွှင်ရွှင်နဲ့ ကျရာတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်
မှာပေါ့"

"ကျွန်တော်ကိုယ်တိုင်လည်း အဲဒါမျိုးပဲ ခံယူထားပါတယ်ဦး
မိဘလက်ထက်ကလည်း သိပ်ချမ်းသာခဲ့တာ မဟုတ်တော့ ဘ
အခက်ခဲဒုက္ခနဲ့တွေ့ရင်လည်း သိပ်ကြောက်စရာမလိုတော့ပါဘူးခင်
"ဒီလိုမှပေါ့...ဒါပေမယ့် မင်းက အင်ဂျင်နီယာတစ်ယောက်
ကွာ၊ ဘာမှ အခက်ခဲပင်ပန်းစရာ မလိုတော့ပါဘူး"

"ဒီလို ပုံသေကြီးတွက်လို့ မရသေးဘူး ထင်ပါတယ်ဦး။
ဘဝဆိုတာ ကိုယ်သိပ်မျှော်လင့်တဲ့အရာတွေ ဖြစ်ချင်မှဖြစ်လာနိုင်
မျိုးပါ"





ဦးလှစိုးချစ်က ချစ်ငုံဖူး ချပေးသော ရေနွေးကြမ်းကို မှုတ်
သောက်ရင်း ခေါင်းတညိတ်ညိတ်နှင့် ထောက်ခံသည်။

ဦးလှစိုးချစ်က သူ့ကိုကြည့်နေခိုက်မှာ...

မင်းမြတ်မင်းသည် ချစ်ငုံဖူးသို့ စူးစူးစိုက်စိုက် ကြည့်လာသည်။

အလှတရားတို့ ပေါင်းဆုံစုစည်းရာသို့ တပ်မက်ကြည့်ရှုသော
အကြည့်ဖြင့်...

အချစ်၏ မျှော်လင့်ချက်ရနံ့များစွာပါသော ဤအကြည့်မျိုး
ပေါင်းများစွာကို ခံယူခဲ့ဖူးသော ချစ်ငုံဖူးက စတင်မျက်နှာလွှဲလိုက်
ချိန်မှာ...

"မောင်မင်းမြတ်မင်း...ဒေါ်ရတနာခင်ဦးလှိုင်တို့နဲ့ ပတ်သက်ပြီး
သိထားသမျှ ပြောနိုင်တာရှိရင် ဦး သိချင်နေပါတယ်။ အကြောင်းရှိ
လို့ပါ"

"ဟုတ်ကဲ့...ကျွန်တော့်ဘိုးဘိုးနဲ့ ဒေါ်ရတနာခင်ဦးလှိုင် ရဲ့
ယောကျ်ားက ညီအစ်ကိုအရင်းပါ၊ ဒါပေမယ့် ကျွန်တော်တို့ ငယ်ငယ်
လေးတည်းက ဘိုးဘိုးဆုံးသွားတော့ သိပ်ပြီး တရင်းတနှီးတော့ မရှိကြ
ပါဘူး။ ကျွန်တော်ဆိုရင် အဲဒီ အဘွားကြီးအိမ်ကို နှစ်ခေါက်လောက်ပဲ
ရောက်ဖူးပါတယ်။ ဒါလည်း ကြာပါပြီ"

ဦးလှစိုးချစ်က စပ်စပ်စုစု မေးမြန်းရှာဖွေပြီး ဦးထွန်းသာတို့၏
မျိုးနွယ်စဉ်မှ တစ်ယောက်ကို တွေ့ရှိရသဖြင့် ဝမ်းသာအားရ ခေါ်လာ
ခဲ့မှ မင်းမြတ်မင်း၏ စကားကြောင့် စိတ်ပျက်သွားခဲ့ရလေပြီ။
မင်းမြတ်မင်းကတော့ မသိရှာ။ ဆက်လက်၍...



www.burmeseclassic.com

www.burmeseclassic.com



"နာမည်က ပျံလှချည်လားလို့ ကျွန်တော့်အဘွားကို မေး ပါတယ်၊ 'ရတနာ'ဆိုတာ သူတို့အရင်တုန်းက ကုမ္ပဏီရှိတယ်၊ 'ရတနာ ကုမ္ပဏီ'တဲ့။ သိပ်တော့ မကြီးကျယ်လှပါဘူး၊ ရတာထက် ကြွေး သုံးစွဲတာက ပိုပြီးများလို့ ပျက်စီးရတယ်လို့ အဘွားက ပြောပြပါတယ် အဲ...ဦးမေးတဲ့ အဘွားကြီးက ဦးဘိုးလှိုင်ရဲ့သမီးကြီးမို့ ခင်ဦးလှိုင် ကုမ္ပဏီနာမည်ပါထည့်ပြီး အမွှန်းတင်ခေါ်လို့ 'ဒေါ်ရတနာခင်ဦးလှိုင်' ဖြစ်သွားရတာတဲ့"

"သြော်...သြော်..."

"အဘိုးချင်း ညီအစ်ကိုအရင်းပေမယ့် ကျွန်တော့်အဘိုးအရင်း ညီ၊ ကျွန်တော်တို့အဘိုးလေးက အရင်ဆုံးသွားပါတယ်၊ ဒေါ်ရတနာ ခင်ဦးလှိုင်က နောက်အိမ်ထောင် ပြုလိုက်ပါတယ်၊ အဲဒီက ပေါက်ဖွား လာတဲ့ ဆွေစဉ်မျိုးဆက်ကျတော့ ကျွန်တော်တို့နဲ့ မပတ်သက်တော့ဘူး ပေါ့ခင်ဗျာ"

"အေးပေါ့၊ တကယ်လို့သာ အဘိုးညီအစ်ကိုအရင်းက မွေးဖွား လာကြသူတွေဆိုရင် တိုးတက်ထွန်းနဲ့ မင်းမြတ်မင်းတို့ဟာ ညီအစ်ကို နှစ်ဝမ်းကွဲ ဖြစ်ရမှာပေါ့"

"ဟုတ်ကဲ့...ခုတော့ အဘိုးဆုံးပြီး နောက်အိမ်ထောင်နဲ့ရတဲ့ သားတွေ၊ မြေးတွေကျတော့ ဘာမှမပတ်သက်လို့ မသိတော့ပါဘူး၊ ကျွန်တော့်အဘွားက လင်ညီအစ်မတော်ခဲ့ဖူးလို့ နေမကောင်းတော့ သွားမေးချင်တယ်ဆိုလို့ ကားမောင်းပြီး ပို့ပေးခဲ့တာပါ၊ နှစ်ခါရောက်ဖူး ပါတယ်"





"ဘာဖြစ်တာလဲ၊ ဘာရောဂါလဲ"

"တစ်မျိုးပါပဲ"

"ဘယ်လို..."

"သြော်...ဟော်၊ နည်းနည်းကြောင်နေတယ်၊ နည်းနည်း ရူးနေ တယ်လို့ ပြောတာပါ"

"အခုလည်း ရူးနေသလား"

"သွက်သွက်လည်ကြီးတော့ မဟုတ်ပါဘူး၊ နည်းနည်း စိတ်မနှံ့ တာ၊ တစ်ခါတလေလည်း သိပ်ဆိုးလာတယ်၊ တစ်ခါတလေလည်း အကောင်းအတိုင်းပါပဲတဲ့၊ ကျွန်တော်လည်း အိမ်မှာ ပြောနေသံကြားမိ တာပါ"

"စိတ်မရှိပါနဲ့ကွာ၊ ဦးမှာ သူတို့မိသားစုနဲ့ ပတ်သက်ပြီး သိချင် တာ ကိစ္စလေးတွေရှိလို့ မေးနေမိတာပါ"

"ရပါတယ် ဦး၊ ကျွန်တော်သိသလောက် ပြောပြနိုင်ပါတယ်"

"အေးကွာ၊ မင်းသိသလောက် ပြောပြစမ်းပါ...သူ့သား ဦးထွန်း ဘာကိုရော သိသလား"

"အဲဒါတော့ မသိပါဘူး ဦး၊ ဒါပေမယ့် အဲဒီ ဒေါ်ရတနာ ခင်ဦးလှိုင်ရဲ့မြေး တိုးတက်ထွန်းဆိုတဲ့သူနဲ့ စေ့စပ်ထားတဲ့ 'ဒေါက်တာ ...ဝေ'ဆို ...က ကျွန်တော့်ရဲ့ ငယ်သူငယ်ချင်းပဲ၊ ...သူက အမ်(မ)စီ ...ပြီး ကျွန်တော်က စက်မှုတက္ကသိုလ်ရောက်သွား...ကာ"

"တိုးတက်ထွန်းဆိုတဲ့သူနဲ့ စေ့စပ်ထားတဲ့ ဒေါ်...ါက်တာမပန်း ... တဲ့"



www.burmeseclassic.com

www.burmeseclassic.com



ချစ်ငုံဖူး၏ နှလုံးသားသည်သာ ကြားသာနိုင်သောစကား။

တစ်ယောက်နှင့်တစ်ယောက် မျက်ဝန်းချင်း ဆုံတွေ့လေတိုင်း စိတ်ဝင်စားမှုများ လျှံကျလာခဲ့ရသောသူသည်...

အကယ်၍ ဖေဖေစွပ်စွဲသလို ဦးထွန်းသာ၏သား တိုးတက်ထွန်းသာဆိုပါလျှင်...

"ဒေါက်တာမပန်းဝေဆိုသူ၏ ချစ်သူပါလား"

ချစ်ငုံဖူး၏ တင်းကျပ်သောရင်မှ သက်ပြင်းငွေ့ကို ကြိတ်၍ ရှိုက်ထုတ်လိုက်ရသည်။

"မောင်မင်းမြတ်မင်း ဒီမှာ ကြာဦးမှာလား"

"ဟုတ်ကဲ့၊ 'ကျောက်တန်း' တံတား တည်ဆောက်ရေးအတွက် တာဝန်နဲ့ရောက်နေရတာပါ၊ ဦးတို့ ဘူးသီးတောင်၊ မောင်းတောဘက် လည်း ကျွန်တော်လာခဲ့နိုင်ပါပြီ၊ အဲဒီဘက်လည်း တာဝန်အရ ရောက်ဦးမှာပါ"

"အေးကွာ...ဒီလိုပဲ ပြည်နယ်တွေ ရောက်တဲ့အခါမှာ ဝန်ထမ်းချင်း သွေးသားရင်းလို ဆက်ဆံကြရတာပဲပေါ့"

"ဟုတ်ကဲ့... ခင်ဗျ၊ ဦး ကျွန်တော့်ကို တွေ့ချင်တယ်ဆိုတာ ကျွန်တော်လည်း ဝမ်းသာပါတယ်"

"အေး...တွေ့ချင်တဲ့အကြောင်းကလည်း ဦးလေးတို့ဌာနက ဝန်ထမ်းတစ်ယောက်က မင်းမြတ်မင်းဆိုတာ ဒေါ်ရတနာခင်ဦးလိုင်ရဲ့ အမျိုးတော်တယ်လို့ စကားစပ်မိသွားလို့ပါ"





မင်းမြတ်မင်း ပြုံး၍ ရေနွေးကြမ်းကို ငုံသောက်ရင်းမှ ချစ်ငုံဖူးသို့ ခိုးကြည့်ပြန်သည်။

ချစ်ငုံဖူးလို မိန်းမလှလေးတစ်ယောက်အတွက် ဤအကြည့်မျိုး ရှိုးနေလေပြီ။ သူ့အနေနှင့် ရှောင်ကွင်းပြီး စကားဝိုင်းနှင့် ဝေးရာသို့ ရှောင်သွားသင့်မှန်း သိသော်လည်း ကိုဇနက္က၏ အကြောင်းက သူ့ကို ချိုးနေ၍ ဖေဖေတို့ ပြောသမျှကို စိတ်ဝင်စားစွာဖြင့် စကားဝိုင်းနားမှာ ရှာနိုင်ခြင်းပါ။

"ချစ်ငုံဖူးရော ကျောင်းပြီးသွားပြီလား"

သူခိုးကြည့် မကြည့်တော့ဘဲ လူကြီးလူကောင်းကြည့် ကြည့်တည့်ကြည့်ပြီး မေးလာတော့သည်။

"သမီးက ဒုတိယနှစ် အောင်ပြီးပြီလေ"

"ဘာလျှောက်ထားလဲ"

"ငုံက အမှတ်နည်းပါတယ်"

အင်ဂျင်နီယာ အောင်ပြီးစ ပညာတတ်တစ်ဦး၏ ရှေ့မှာ ရှက်ရွံ့ ဖွယ်စွာ ဖြေမိသည်။

"မေဂျာလိုင်းတော့ ရမှာပေါ့ကွာ...၊ အဓိက ဒီတော့ ဦးစားပေး လျှောက်ထားတယ်။ စီးပွားရေးတက္ကသိုလ်မဝင်လည်း ရရာပဲ။ သင်္ချာ ကတော့ဖြစ်ဖြစ်ပေါ့"

"ဘာပဲဖြစ်ဖြစ်၊ ဘွဲ့တစ်ခုခု ရထားဖို့ပဲ အဓိကရှိုးကြီးပါတယ်၊ နိုင်ငံ့ဘဝအတွက် တိုးတက်ရာ လိုင်းခွဲတွေ အများကြီးရှိပါတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



သူ့အပြုံးက တောက်ပနေသည်။ ဘဝ၏ တိုးတက်ရာ လမ်း
ဆိုသည့် အထဲမှာ မိုခိုအားထားစရာ ခင်ပွန်းသည် ရွေးချယ်နိုင်ခြင်
ဆိုသည့် အဓိကဘာသာရပ်ပါ ပါရှိသည်ဟု သူ့အပြုံးက ပြောနေ
ပါ၏။

"ဦး ကျွန်တော် ပြန်ပါဦးမယ်"

"အေးကွာ...ဝမ်းသာတယ်၊ နောက်လည်း လာခဲ့ဦးနော်..."

"ကောင်းပါပြီ ဦး၊ ငုံပြန်မယ်နော်"

"ဟုတ်ကဲ့..."

"ကျွန်တော်လည်း တစ်ယောက်တည်းမို့ ပျင်းပျင်းရှိတိုင်း ငုံ
အိမ်ဘက်ကို ရောက်ဖြစ်နေမိမှာပါ"

လွင်လွန်းသော အပြုံးရှင် မင်းမြတ်မင်သို့ ငေးကြည့်ရင်း ချစ်ငုံ
ကျန်ရစ်ရသည်။

ဖေဖေကတော့ ခြံအထိ လိုက်ပို့နေပါ၏။

⌘ ⌘ ⌘



## အခန်း တစ်ဆယ့်သုံး

"ပွိုင့်"

စစ်တွေတစ်မြို့လုံး၏ အနားယူ အပန်းဖြေရာ ပင်လယ်
ကမ်းခြေ ရှုခင်းသာ...

ပေလီ...မောင်းမကန် စသော မြန်မာပြည်၏ အသာယာဆုံး
ပင်လယ်ကမ်းခြေတို့သည် မြို့နှင့်မနီးကြ၊ ပေလီသည် သံတွဲနှင့်
...မိုင်ကျော် ဝေးသလို မောင်းမကန်သည် ထားဝယ်နှင့် ၁၀ မိုင်
...ပါ၏။ ဤမြို့များမှ ပင်လယ်ပြင်ကို မြင်နိုင်ခွင့် မရှိကြသော်
...သည်း...

စစ်တွေသည်မူ...

သဘော်ဆိပ်မှ ပွိုင့်အထိ ဖြောင့်တန်းသော လမ်းမကြီးအတိုင်း
...ပ်ရှိရာ မြို့ဆုံးသို့ သွားလိုက်ရုံနှင့် လှပသော ပင်လယ်ပြာ၊ ထာဝရ
...သွားဦးခိုက်နေသော လှိုင်းဖွေးဖွေးများနှင့် သဲအိနု သောင်ကမ်း
...



www.burmeseclassic.com

www.burmeseclassic.com



စသည်တို့ကို ထိတွေ့ခံစားနိုင်ပါသည်။

အဖြူအမည်း လိုင်းကြားများ သုတ်ထားသော မျှော်စင်သည် ပင်လယ်ကမ်းထိပ်မှာ ကျက်သရေရှိစွာ ရပ်တည်နေပါ၏။

ကျောက်ဆောင် လေးခြမ်းကွဲနေသည့် နေရာတွင် ယခင် မီး ဟောင်း ရှိလေသည်။

ယခုမူ 'ပွိုင့်'ဟူသော ပင်လယ်တွင်းသို့ ထိုးဆင်းနေသည် မြေကျွန်းဆွယ်လေးထဲမှာပင် သံတိုင်များနှင့် အခိုင်အမာ စိုက်ထူထား သော မီးပြကို မြင်ရသည်။

မီးပြသာ မရှိပါလျှင် ကျောက်ဆောင် ပေါလွန်းသော စစ်တွေ ကမ်းခြေသို့ ဦးတည်လာကြသည့် သင်္ဘောများအတွက် အန္တရာယ် မကင်းနိုင်ပါချေ။

ကျောက်ဆောင် ကျောက်ဆွယ်တို့ကို အထပ်ထပ် ဖြတ်သန်း တိုက်ခိုက်လာရသဖြင့် ရေလှိုင်းညွန့်တို့သည် ဖွေးဖွေးဖွာနေကြသည်

မျက်စိရှေ့မှာ '**ဖရုံကာကျွန်းစုများ**'က ပင်လယ်ပြင်အလယ် တွင် မုံပုံ့ပုံ့လေး သွယ်တန်းနေကြပါ၏။

နေညိုးချိန်မို့ ခရမ်းနှင့် ပန်းရောင် အဝါရောင်တို့ ကောင်းက ပြာမှာ ယှက်ဖြာနေကြသည်။

နက်ပြာရောင် ပင်လယ်ပြင်တွင် ငွမ်းဆိုင်လို ဖြူဖွေးသော လှိုင်းများက ပြေးလွှားလှုပ်ရှားလျက်...

ယနေ့သည် အပန်းဖြေရာ တနင်္ဂနွေနေ့။

သောက်ကမ်းခြေ သဲအိနပေါ်တွင်မူ အဖွဲ့လိုက် အစုလိုက်





ညင်းခံကြ၊ အပန်းဖြေကြ၊ ရေချိုးကြ၊ ဆိုတီးကြနှင့်... စည်စည် ဆဲ ရှိနေကြဆဲ...

"ဟာ...ဟိုမှာ...ဟိုမှာ ရန်ဖြစ်နေကြပြီ"

'**အေးကျော့စံ**'က ပြလေမှ လူငယ်တစ်စု ဝိုင်းအုံ၍ ရန်းရင်း န်ခတ် ဖြစ်နေကြသည်ကို တွေ့ရ၏။

"ပြန်ကြမလား ဟင်"

ချစ်ငုံဖူးက ကြောက်ကြောက်ရွံ့ရွံ့စိတ်နှင့် ရပ်ထားသော ကား ရာသို့ အားကိုးတကြီး လှမ်းမျှော်ကြည့်၍ ပြန်ပြေးချင်ကြောင်း ာမိသည်။

"နေပါစေ၊ ဒါ...ဖြစ်နေကျပဲ၊ ဟိုမှာ ဝိုင်းဆွဲလို့ ပြီးသွားပါပြီ"

ချစ်ငုံဖူး လှမ်းကြည့်လိုက်တော့ လူစုကွဲလေပြီ။

သောင်ပြင်ပေါ်မှာ လဲကျသွားသော လူငယ်တစ်ယောက်က းကို အုပ်ကိုင်ရင်း ဒေါသမျက်ဝန်းနှင့် လှမ်းကြည့်နေသော်လည်း ပြန်၍ ရန်ဖြစ်ရဲပုံ မရတော့။

"ခံရတဲ့ကောင်က လွန်တာ၊ သက်သက် လိုက်စနေလို့ ဟိုက ချက်တည်း ထိုးလိုက်တာ မှောက်သွားတာပဲ"

ဝန်းကျင်မှ လူငယ်တို့၏ ဝေဖန်သံ။

"ပြီးသွားပါပြီ၊ ဟိုမှာ လျှောက်လာနေတဲ့ သူပေါ့။

ရန်ပွဲတွေ ကျွမ်းနေပုံရတယ်၊ ပုံစံကလည်း မိုက်တယ်"

ယောက်ျားလေးချင်းပင် အားကျစကားဆိုသံ ကြားရ၍ ချစ်ငုံဖူး ကြည့်လိုက်တော့...



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်...သူ...သူပါလား"

သူ ဘာဖြစ်နေဖြစ်နေ၊ သူ့ကို ချစ်ငုံဖူး ရှောင်မပြေးချင်၊ ဆုံ

သည်။ ကြုံရင် စကားတွေ ပြောချင်မိသည်။

"ဩော်...ချစ်ငုံ စိတ်ဝင်စားနေရသူရေ၊ ရောက်လေရာ

အရာနဲ့အကြောင်းနဲ့ချည်းပါပဲလားကွယ်"

ဂျင်းပဲန်ကို ဒူးအောက်နားအထိ ခေါက်လိပ်တင်ထား

သောင်ပြင်မှမလျှောက်၊ ရေစပ်လှ လျှောက်လာနေသော သူ့

ကြည့်ပြီး...

"ငုံ့အသိပဲ၊ ခဏ သွားစကားပြောလိုက်ဦးမယ်နော်... အေး

ကျော့စံ"

"ပြော...ငုံ၊ ဟိုနားက 'လှဦးစိန်'ကို့ဆီ ကျော့လည်း သွားမ

ချစ်ငုံဖူး သူ့နားသို့ မျက်နှာချင်းဆိုင် လျှောက်လာသည်အ

သူ မမြင်သေး။

"ရန်ဖြစ်လာပြန်ပြီလား"

ဒေါသငွေ့ဖြင့် မှုန်ဝေနေသော မျက်နှာသည် အံ့ဩမှုတစ်

ကြားခံပြီးနောက်တွင် ကြည်ဝင်းသွားခဲ့ပြီ။

"သက်သက် လာကျောလို့ပါ။ ဒီက ဒါမျိုးမရဘူးလေ၊ ထား

တော့...ခု ချစ်ငုံ ဘယ်သူနဲ့လာလဲဟင်"

"သူငယ်ချင်းတွေနဲ့"

"အေးကျော့စံတို့နဲ့ မဟုတ်လား"

"ဟင်...သူသိတယ်"





"ချစ်ငုံ ဒီကိုထွက်လာတည်းက လိုက်လာတာ၊ ချစ်ငုံတို့

ဘက်နားမှာ တစ်ဖွဲ့ကြီးထိုင်နေကြတာနဲ့ ဒီဘက်ကို လျှောက်လာ

ရန်ဖြစ်တာ။ ချစ်ငုံ ကိုယ့်ကိုမတွေ့ဘူးလားဟင်"

"ဟင့်အင်း...ခုမှတွေ့တာ"

"ခုကျတော့ ကိုယ်က မတွေ့ပြန်ဘူး။ နည်းနည်းဒေါပွလာလို့"

"သူက လူဆိုးပဲ"

"လူတွေက ဆိုးတာပါဗျာ။ ဒီက မဆိုးရပါဘူး"

ဒေါသငွေ့ ကင်းစင်သွားသော သူ့အပြုံးသည် သစ်လွင် လန်း

ဆန်းစွာ လှပပါ၏။

"ချစ်ငုံ အချိန်ရတယ်နော်၊ ခဏလောက် စကားပြောကြရ

အောင်"

"ပြောလေ"

"ဒီမှာ လူတွေသိပ်ရှုပ်တာပဲ၊ ဟိုဘက် သဲသောင်ပြင်ဘက် ခဏ

လျှောက်ကြရအောင်လားနော်"

ရန်ပွဲမှ အောင်နိုင်လာစ ဟီးရိုးတစ်ယောက်နှင့် မိန်းမချောလေး

နှစ်ဦးကို လှေလာဝိုင်းကြည့်နေကြသော ဝန်းကျင်မှ ချစ်ငုံဖူးလည်း

ခွာလိုပါ၍ လူစုများရှိရာကို ကျောခိုင်းလိုက်သည်။

အုန်းတောများရှိရာဘက်သို့ ကတ္တီပါထက် နူးညံ့သော သဲနု

ပေါ်မှာ ဖိနပ်မပါဘဲ လျှောက်လာခဲ့ကြသည်။

"ချစ်ငုံတို့နောက်ကို တမင်သက်သက် ကိုယ်လိုက်လာတာ"

"အိမ်တော့ ဘာလို့မလာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဘိုးကြီးရဲ့ မေးခွန်းလွှာတွေ၊ ဗိုင်ဗာတွေကိုကြောက်လွန်း[...]

စပ်စုမေးမြန်းတတ်လွန်းသော ဖခင်အတွက် ချစ်ငုံဖူးလည်း[...] ရယ်မိပါ၏။ ရေးဖြေ၊ နှုတ်ဖြေ မေးခွန်းများလို ကြောက်စ[...] ပုစ္ဆာများကို ရှောင်ရှားလိုသည်မှာ သူ မလွန်...

"ချစ်ငုံ"

"ဟာ...ခေါ်ပုံကလည်း၊ သူများထက်ကို ထူးတယ်၊ မကြို[...] ပါဘူး"

"ဒါဖြင့် တစ်လုံးတည်းခေါ်မယ်ဗျာ"

"ခေါ်လေ၊ အားလုံးက တစ်လုံးတည်း ငုံလို့ ခေါ်နေကြတာ[...]

"ကိုယ်က အားလုံးနဲ့မှ မတူတာ၊ ငုံလို့ မခေါ်ချင်ပါဘူး၊ ချ[...] လို့ပဲ ခေါ်မယ်"

"အိုး..."

"တကယ်... ချစ်လို့ခေါ်မှာ...သိပ်ချစ်လို့..."

"အာ..."

သောင်ပြင်ပ်မှာ ခြေစုံရပ်မိသည်။ ရှေ့ဆက်မလှမ်းတော့။ သူ[...] မျက်နှာချင်းဆိုင်မှာ လာရပ်ပြီး...

"ကိုယ်လေ...ချစ်ရှိရာကို သက်သက် လိုက်လာတာ၊ စတွေ့[...] ကတည်းက ရင်ငုံထဲကိုဝင်လာတဲ့ အဲဒီရုပ်လွှာလေးကို ကိုယ့်ရင်ထဲ[...] ပြန်ထုတ်လို့ မရတော့ဘူး...ချစ်ကို ကိုယ်သိပ်ချစ်တယ်"

ရည်းစားစကားကို သည့်လောက်မြန်မြန်ကြီး ပြောချလိုက်[...] မည်မထင်မိ၊





အနုအနွဲ့ အလှအပ စကားလေးများ ငွေ့ဝိုက်ပြီးမှသာ မေတ္တာ[...]သည့်အရာကို သိမ်သိမ်မွေ့မွေ့ တောင်းခံတတ်ကြသည့်သဘောကို [...] ဆန့်ကျင်ရဲသည်။

"အချစ်ဆိုတာ သိမ်းဆည်းပိတ်ဆို့ထားအပ်တဲ့အရာမှ မဟုတ်[...] သိပ်လှတဲ့မင်းကို ချစ်တယ်လို့ ပြောတာက ကိုယ် မလွန်ပါဘူး၊ [...]မှာ ချစ်..."

"အင်..."

"ကိုယ့်ကို ချက်ချင်း အဖြေပေးဖို့ မလိုသေးပါဘူး၊ ချက်ချင်း [...]ချစ်ရင်လည်း ရပါတယ်၊ စဉ်းစားဦးပေါ့၊ ဒါပေမယ့် တစ်ခုတော့ [...]ကယ်နော်"

အမိန့်ဆန်သော စကားသံ ဆင့်လာ၍ သူ့ကိုကြည့်လိုက်မိ[...]တော့လည်း သူ့မျက်ဝန်းမှာ အချစ်အပြုံးတွေဝေလို့ပါ...

"ဘယ်သူ့ကိုမှ မချစ်ရဘူး"

ချစ်ငုံဖူး၏ မျက်စောင်းရင့်ရင့်က သူ့ပေါ်သို့ ကျရောက်သည်။ မကျေနပ်ရုံသာ။ သဝန်တိုသော သူ့အပြောကို နှစ်သက်မိသည့် [...]ကြည့်ကလည်း ဤ မျက်စောင်းတို့နှင့်အတူ...

"ကိုယ် သိပြီးပါပြီ၊ ချစ်မှာ ရည်းစားမရှိသေးဘူးဆိုတဲ့ ဟို အင်ကျင် [...]သော ကြောင်ကလည်း ချစ်ရဲ့အဘိုးကြီးကို ကပ်နေတာ"

"ဖေဖေနဲ့ အသိပါ"

"သွားစမ်းပါ ဒါမျိုးတွေ၊ သူက ဆယ့်ကိုးရာစုခေတ်ဦးပိုင်းက [...]ကပ်ပိုးနည်းနဲ့ အဘိုးကြီးကို ကပ်နေတာ။ မသိရင်ခက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက ကျောက်ခဲတစ်ခုကိုကောက်ပြီး လှိုင်းလုံးများကြေ
အောင် ဟိုးအဝေးကြီးသို့ ပစ်ပေါက်ရင်း ပြောနေသည်။

"ဘာယ်လိုမှန်းလည်း မသိဘူး"

စိတ်ထဲမှ မချင့်မရဲနှင့် သူ့ကိုကြည့်ပြီး...

"ငုံ ပြန်တော့မယ်"

"ဟိုမှာ အေးကျော့စံတို့ စကားပြောနေကြတုန်းပါ။ ချစ်သ
ကိုယ်နဲ့ စကားမပြောချင်လို့လား"

"ပြောချင်စရာစကားမှ မပြောတာ"

"ဟာ...လောကမှာ အချစ်ဆိုတဲ့ စကားလုံးတွေလော
ပြောချင်စရာကောင်းတာ ဘယ်မှာရှိပါမလဲဗျာ..."

"အို...ဘာတွေ ပြောနေမှန်းလည်း မသိဘူး"

"ချစ်ကို ကိုယ်သိပ်ချစ်တယ်၊ ဒါကြောင့် အချစ်စကားတွေ
ပြောနေတာပေါ့။ ချစ်ကရော ဟင်..."

"ဒါနဲ့ စဉ်းစားဦးဆို"

"အဲဒါ မိန်းကလေးတိုင်းက ကျွန်တော်မျိုးတို့ကို နှိပ်စက်ထား
ဖို့ အားလုံးပြောတတ်ကြတဲ့ စကားလုံးပါ၊ ဘာဖြစ်လဲ၊ ချစ်ရင်ချစ်တ
ပေါ့"

"မချစ်ပါဘူး"

"ဟာ...အပြတ်မပြောနဲ့ဗျာ၊ ခင်ဗျားကို ဒီလောက်ချစ်နေ
ကောင် ဆိုတာလည်း သိမှတ်ထားစမ်းပါဦး"

"အဲဒါကိုရော ဒီက ဘယ်လိုလုပ် ယုံရဲရမှာလဲ၊ သူဘယ်သူ
ဘယ်ကမှန်းလည်းမသိရဘဲနဲ့"





"အဲဒါ အကြောင်းမဟုတ်ပါဘူး၊ ဒီက ရင်ထဲမှာ ခင်ဗျားကို
သိပ်ချစ်တာပဲဆိုတာ မလုံလောက်သေးဘူးလား..."

"ဘယ်လုံလောက်ပါ့မလဲရှင်၊ မိန်းကလေးတစ်ယောက်ရဲ့
အချစ်ဆိုတာ သူ့ဘဝနဲ့ ချိန်စက်လဲလှယ်ရတာမျိုးပါ"

"ကျွန်တော်ကတော့ ချစ်တာတစ်ခုပဲသိတယ်။ ဒါပေမယ့်တစ်ခု
ရှိတယ်လေ၊ အဲဒီအချစ်ရဲ့ အားအင်တွေနဲ့ ခင်ဗျားဖြစ်စေချင်တာ
ဖြစ်ရမှာပေါ့"

"ဘာကိုလဲ"

"ဘာကိုပဲဖြစ်ဖြစ် ကျွန်တော့်မှာ မဖြစ်ဘူးဆိုတာ မရှိစေရပါဘူး၊
ခင်ဗျား ဘာဖြစ်စေချင်သလဲ၊ ကျွန်တော်ဖြစ်အောင် လုပ်ပေးမယ်၊
သတ်ပြီလား၊ ကဲ...ဟိုမှာ ခင်ဗျားရဲ့ အေးကျော့စံ လာနေပြီ၊ သွားတော့"

"အို..."

သူက ချစ်ငုံဖူး၏ ရှေ့မှာပင် တစ်ပတ်လှည့်လျက် ချစ်ငုံဖူး
ရပ်နေရာ၏ ဆန့်ကျင်ဘက်အရပ်ဆီသို့ ဆက်လက်လျှောက်လှမ်း
သွားနေသည်။ နောက်ကို တစ်ချက်မျှ ပြန်လှည့်မကြည့်...

"ဟေး...ငုံ...သူ့ကိုငေးပြီး ဘာငိုင်နေတာလဲ"

အေးကျော့စံက ၎ အက္ခရာချည်း ဆက်သွား၍ သူ့ဟာသူ
သဘောကျစွာ ရယ်နေသည်။

ချစ်ငုံဖူးသည်မူ တဖြည်းဖြည်း ဝေးဝေးသွားသော သူ့နောက်
ကျောက်သို့သာ လိုက်လှမ်းကြည့်နေမိဆဲပါ။ အင်္ကျီလက်ရှည်ကို ဖြစ်သလို
ခေါက်တင်ဝတ်ထားသည်။ ဂျင်းဘောင်းဘီကို လိပ်တင်ထားပြီး ပုံ်င်း



www.burmeseclassic.com

www.burmeseclassic.com



ရိုက်ခတ်ခံ၍ လျှောက်သွားနေသော သူ့ကို အေးကျော့စံက ကြည့်ပြီး–

"ငုံ့ချစ်သူက တကယ်ခန့်တယ်"

"အို...ဘယ်က ငုံ့ချစ်သူရမှာလဲ"

"အပြင်မှာ မဟုတ်ဘူးလို့ ငြင်းပေမယ့် ဟောဒီ နှလုံးသားထဲက ချစ်သူဆိုတာတော့ ငြင်းလို့မရပါဘူး ငုံ့ရာ၊ လှမ်းကြည့်နေတဲ့ မျက်ဝန်း လေးတွေက သက်သေခံနေပါပြီ။ ကဲ လာ...သွားကြစို့"

အပြုံးခြေလှမ်းတို့ နှေးနေ၏။

အေးကျော့စံ ပြောသည်သို့ သူ့နှလုံးသားထဲမှာ သူ့ကို တကယ် ချစ်နေမိပြီလား...

သူကိုယ်တိုင်တောင် မသိသေးပါဘဲနှင့် မျက်ဝန်းမှတစ်ဆင့် အေးလူတို့မြင်သာအောင် သူ့အမူအရာက သည်မျှ ကြွေမြှုမဲ့သွား[illegible] လေပြီလား...

ရှက်ရှက်နှင့် အေးကျော့စံသို့ ဘာမှပြန်မပြောဖြစ်တော့...

အသင့်ရှိနေသော ဂျစ်ကားပေါ်တက်ပြီး ရေတပ်စခန်းကို ဖြတ်[illegible] သန်းပြီးမှ မြို့ငွေ့သို့ ဝင်ခဲ့ရသည်။

ပင်လယ်တွင်းမှ ခွဲဖြာထွက်သွားသော ကုလားတန်မြစ်သည် လှပ်ရှားစွာ စီးဆင်းလျက်...

ချစ်ငုံ့ဖူး၏ နှလုံးသားပင်လယ်ပြင်မှ ခွဲဖြာထွက်လာသော အချစ်မြစ်သည်လည်း 'သူ' ရှိရာ အရပ်ဆီသို့ သံသယ လှိုင်းဂြုမ်[illegible] လေးများကို သယ်ဆောင်၍ စီးဆင်းနေမိလေပြီလားကွယ်...

❋ ❋ ❋



## အခန်း တစ်ဆယ့်လေး

"ခုတိုင်းဆို ဘာမှစိတ်ညစ်စရာမလိုတော့ဘူး၊ အားလုံး အဆင်ပြေသွားပြီလေ၊ မမကြီးကလည်း သူ့အိမ်ကို ပြန်နေချင်တာ ကြာလှပြီ။ တစ်ယောက်တည်း မဖြစ်လွန်းလို့သာ မလွှတ်တာ။ ခုတော့ သမီးအတွက် နေဖို့ရော အဖော်ရော ဘာမှ ပူစရာမလိုတော့ဘူးပေါ့"

"ဟုတ်ကဲ့ အဲဒီအစီအစဉ်ပြောပြလို့ ပန်းဝေတို့ အိမ်ကလည်း အားလုံး ဝမ်းသာနေကြပါတယ်။ အိမ်မှာနေသူတွေကလည်း အားလုံး အလုပ်သမားနဲ့ ကျောင်းသားတွေချည်းပဲ။ လူအားတစ်ယောက်မှကို မရှိဘူး။ ပန်းဝေကိုလည်း စိတ်မချလို့ မေမေလည်း အလုပ်ထွက်ပြီး သမီးနောက်လိုက်ရတော့မလိုလိုတောင် ဖြစ်နေချိန်မှာ ခုလို အဆင်ပြေ သွားလို့ အားလုံးက ကျေးဇူးတင်ဝမ်းသာနေကြပါတယ်အန်တီ"

"အေးကွယ်...မပန်းဝေရော...သူသိပ်ချစ်တဲ့ သူ့ရဲ့ မမကြီး ရာ စစ်တွေမှာ ရောက်နေတယ် ဆိုရင် သူလည်း တစ်မျိုး စိတ်ပြောင်း သွားပါလိမ့်မယ်လေ..."

"အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ သမီး"

"သူ့ဆီကလည်း ဘာဆို ဘာသတင်းမှ မကြားဘူးနော်"

"အေးကွယ်"

"အဲဒီ ဦးလှစိုးချစ် ဆိုတဲ့လူကတော့ သူ့အကြောင်းစုံ သိမ ထင်ပါရဲ့နော်"

"အင်း... ဒါပေမယ့် သူ ဖုန်းဆက်ချိန်က သားဟာ ရန်ကု မှာပဲ ရှိနေပါတယ်လို့ ညာပြောထားတော့ သူ့ကို ဘယ်ဆက်သွယ် ဖြစ်ပါ့မလဲ"

"ဟုတ်တော့...ဟုတ်ပါတယ်လေ"

"အဲဒီ ဦးလှစိုးချစ် လာရောက် ဆက်သွယ်မှာတောင် လန့် ရတာ"

"အားလုံး အမှန်အတိုင်း ဖွင့်ပြောပြလိုက်ရင် မကောင်းဘူးလာ ဟင် အန်တီ။ အဲဒီ ဦးလှစိုးချစ်ကလည်း သူ့အသက်ကို ကယ်ထား သူ့ကို သံယောဇဉ်ဖြစ်နေပါတယ်ဆို"

ဒေါ်ကေခိုင်မွန်သည် ချွေးမလောင်းလေး ဒေါက်တာမပန်း ၏ မျက်နှာကြည်ကြည်လေးကို ကြည့်ပြီး ခေါင်းယမ်းပြသည်။

"သား ကိုယ်တိုင်က လက်မခံခဲ့တဲ့ကိစ္စကို ဖွင့်မလုပ်ချင်ဘူ ဖွင့်လုပ်လို့လည်း မရဘူး။ မဖြစ်ဘူးတဲ့ကွယ်"

"ခုလိုသာ သူ ထွက်သွားချင်တိုင်း သွားနေတာကို ကြည့်နေ ပိုဆိုးလိမ့်မယ် အန်တီရယ်"

"သိပ်လည်း စိတ်မပူပါနဲ့ သမီး။ ကံကောင်းချင်တော့ သ ဆုတောင်းထားတဲ့ နယ်စစ်တွေဆေးရုံမှာပဲ တာဝန်ကျတယ်။ ဖြေ





ကို အမိန့်ထွက်လာခဲ့တယ်။ စစ်တွေမှာလည်း မမကြီး ဒေါ်ရတ ဦးလှိုင်ရဲ့အိမ် ရှိတယ်။ သူကိုယ်တိုင်လည်း လိုက်နေမယ်။ ပြီး ...

"ဟုတ်ကဲ့...အန်တီ"

"သားကလည်း ကျောက်ဖြူသွားမယ်ဆိုပြီး အခု စစ်တွေ က်နေပြီဆိုတော့ ဟိုမှာ အားလုံး ဆုံဆည်းစုမိသွားကြမှာပါ"

"သူက ပန်းဝေတို့ဆီ လာဦးမှကို အန်တီရယ်... ခုလောက် နေဝေးနေရင် သူ ချစ်သူတစ်ယောက်များ တွေ့နေပြီလားပဲ"

"ဒါတော့ စိတ်မပူနဲ့သမီး၊ သားဟာ မပန်းဝေကို သိပ်ချစ်ရှာ ပါကွယ်"

ကြည်နူးမှုတို့ ရင်မှာဝေတော့သည်။ ပန်းနုရောင် အရုက်မျက်နှာ းဖြင့် ယောက္ခမလောင်းကြီးသို့ ပြုံး၍ကြည့်မိပါ၏။

"သမီးက ဆရာဝန်မ။ သူက ဘာမှ မဟုတ်တဲ့အကောင်ဆိုတဲ့ နဲ့ အားငယ်တာကလွဲပြီး သူ သမီးကို တကယ်ချစ်ရှာတာပါ။ အတွက်တော့ ငါ့သမီး စိတ်ဆင်းရဲမခံပါနဲ့၊ 'လူကြီးစုံရာနဲ့လည်း ပြီးသား၊ သတင်းစာအသီးသီးကလည်း ကြေညာပြီးသားပါ"

ဒေါက်တာမပန်းဝေသည် ခေါင်းလေးငုံ့၍ မျက်ဝန်းစင်းစင်းဖြင့် းနေရှာသည်။ နှုတ်ကတော့ ဘာမှမပြော မိ။

တစ်စိတ်တိုင်းပြည်လုံး သိသိ မသိသိ အရေးမကြီးပါဘူး။ မောင့် ကို ပိုင်ဆိုင်ခွင့်ထက်ဝက်ရပြီလို့ ကြေညာ ရတာထက်ကို...

"မောင့်ရဲ့ အသည်းနှလုံး၊ မောင့်ရဲ့အချစ် မောင့်ရဲ့ အရေးယူ မောင့်နှလုံးသားက မေတ္တာတရားအားလုံးကွယ် ပန်းဝေ ပိုင်ဆိုင်ခွင့်



www.burmeseclassic.com

www.burmeseclassic.com



ရချင်လှပါပြီရှင်...”

ချစ်ရလွန်းသူအတွက် အတွေးလွန်နေဆဲ...

“ကဲ...ရွှေတောင်ခေါက်ဆွဲ စားကြစို့နော်။ ဟင်းချိုရည် နွေး

ထားတာ ပူလောက်ပါပြီ”

“အို...အန်တီကလည်း လာတိုင်း တစ်ခုတစ်ခု အမြဲကျွေး

တော့တာပဲ”

“သမီးလာမယ်ဆိုလို့ တမင်ချက်ထားတာပါ။ လာ သမီး လာ

လက်ကိုဆွဲယူပြီး ထမင်းစားဝိုင်းဆီသို့တိုင် ခေါ်သွားသည်

ခေါက်ဆွဲ၊ အုန်းနို့ချက်၊ ကြက်သားတုံးလေးများ ဆီပြန်ဟင်း၊ ငရုတ်သီး

ကြော်၊ မုန့်ကြွပ်ကြော်နှင့် ကြက်သွန်နီအချဉ်၊ ငံပြာရည် စသည်

အားလုံး ရော၍ သူကိုယ်တိုင် နယ်ပေးသည်။

“အန်တီတို့ရော”

“စားပြီးကြပြီ”

“ဟင်...အများကြီးပါလား”

“နောက်တစ်ထပ် စားဦးမှာပါ သမီးရဲ့။ မမကြီးကတော

လုံးဝ မစားသေးဘူး”

“ဟုတ်လား ပန်းဝေက အရင်ဖြစ်နေပြီ”

“စားစမ်းပါ မမီးရဲ့။ စစ်တွေက သူ့အိမ်ကို ပြောင်းရမယ်

ဆိုတည်းက သိပ်ပြီး ကြနေတာ။ သူ့ပစ္စည်းတွေသိမ်းလို့ဆည်း

လို့ကို မပြီးနိုင်တော့ဘူး”

ဒေါ်ကေခိုင်ညွှန်သည် ယောက္ခမဖြစ်သူနှင့်လည်း သင့်တင့်

ကြည်ဖြူသော ချွေးတော် ဖြစ်သည်။ ချွေးမဖြစ်သူနှင့်လည်း အဆင်ပြေနေနိုင်မည်





ယောက္ခမမျိုးပါဟု ဒေါက်တာမပန်းဝေ တွေးမိသည်။

အိမ်ကလည်း မည်သူမှ မလိုက်နိုင်ကြ၊ စေ့စပ်ထားသော ခင်ပွန်း

လောင်း၏ အဘွားကိုယ်တိုင် သူပိုင်အိမ်မှာ လိုက်နေ၍ စောင့်ရှောက်

မည်ဟုဆိုသဖြင့် ဒေါက်တာ မပန်းဝေ၏ အိမ်သားများ အားလုံး

အေးငြိမ်းနေကြသည်။

ရင်မအေးရသည်က ဒေါက်တာမပန်းဝေကိုယ်တိုင်ပါ။

မိမိ၏ အချစ်ရဆုံးသော အချစ်ဦးသည် ကြာလေ အနေဝေး

ဖြစ်နေရသည့်အတွက် သောကသည် ရင်မှာ ထာဝရလို ကြီးစိုးနေ

သည်။

အနိမ့်မှာရှိနေသော ကိုယ့်ချစ်သူအတွက် အထင်မြင်သေးခြင်း

ဆိုသော အရာတို့ ချဉ်းကပ်ခြင်း မရှိလာသည့်အပြင် သနားကြင်နာ

သော စိတ်တို့သည်။ ချစ်ခြင်းမေတ္တာနှင့်ပါ လာရောက်ပေါင်းဆက်

ပါ၏။

ဤမေတ္တာ ဤသစ္စာနှင့် ဤကရုဏာတို့ကို ပန်းဝေ၏ အချစ်

ဦး သိပါစေ...

“ကဲ...စားနော် သမီး၊ ခုဆို သားကလည်း ရခိုင်ပြည်မှာ ရောက်

နေပြီ၊ မေမေ ဒေါ်ခင်ဦးလှိုင်ကလည်း သူ့အိမ်ကို သူပြန်နေမယ်။

အန်တီကလည်း တာဝန်နဲ့ စစ်တွေပြောင်းရမယ်လေ။ ဒါဆို အားလုံး

အဆင်ပြေသွားပြီ”

“ဒါပေမယ့် သူက တစ်မျိုးဖြစ်နေတယ်လေ အန်တီရယ်”

“သူ့အဖြစ်ကို သမီး ကုစားနိုင်ပါတယ်ကွယ်”



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကေခိုင်မွန်က ချွေးမ ဆရာဝန်မလေး၏ ပခုံးကို ကိုင်ပြ
ယုံကြည်အားကိုးမှုပြည့်သော လေသံနှင့် ပြောလိုက်သည်။

ဒေါက်တာ မပန်းဝေသည်မူ အချစ်၏ အားနည်းချက်ကြော
မတက်ကြွနိုင်ရှာ...

"သမီး"

"ရှင်...အန်တီ"

"သားဟာ သမီးကို သိပ်ချစ်တာ အန်တီသိတယ်၊ တကယ့်
သူ့ရင်ထဲက နှင့်နဲလှိုက်လှဲတဲ့ မေတ္တာနဲ့ ချစ်ခဲ့ရှာတာပါ။ သူ့မှာ အား
တဲ့ ရောဂါကြောင့်သာ ခုလိုဖြစ်နေရတာကို နားလည်ပေးပါကွယ်
ပြီးတော့..."

"ဟုတ်ကဲ့ အန်တီ"

"သမီးရဲ့ အင်အားကြီးမားတဲ့ မေတ္တာကရုဏာတွေနဲ့ သူ့
ပြန်ပြီး ဆွဲယူပေးပါ၊ သားရဲ့ဘဝကို ပြန်လည်ပြုပြင်တည့်မတ်
နိုင်မယ့်သူဟာ သမီးတစ်ယောက်တည်းပါကွယ်..."

ဒေါ်ကေခိုင်မွန် မျက်ရည်ဝဲလေပြီ...

"သူ့ရဲ့ ကိုယ်ခန္ဓာ ကျန်းမာမှုနဲ့ နှလုံးသားရောဂါ ကင်းစ
အားလုံးကို ကုစားနိုင်မယ့် တစ်ယောက်တည်းသော ကယ်တင်ရှင်
သမီးပါ..."

"သမီးလေး ဒေါက်တာမပန်းဝေသာပါကွယ်..."

ဦး

❋ ❋ ❋



## အခန်း တစ်ဆယ့်ငါး

"မောင်မင်းမြတ်မင်းဟာ တစ်ခြားလူမဟုတ်ဘူး သမီး၊ ဖေဖေ့
ယ်ချင်းရဲ့ သားလေးပဲ"

"အမယ်လေး...ဖေဖေကလည်း မြန်မာပြည်ကလူထက်ဝက်
က်ကို သိနေတော့တာပဲ။ ဟိုတစ်ယောက်တုန်းကလည်း ဖေဖေ့
ဆွေရဲ့သားပဲ"

ဦးလှစိုးချစ်က ဂုဏ်ယူကျေနပ်မှုနှောသော လေသံနှင့် ရယ်
သည်။

"သမီးသိတဲ့အတိုင်း ဖေဖေက ဘယ်သူ့ကိစ္စမှ မနေတတ်ဘူး။
ီရင်း၊ အကူညီတောင်းရင်းနဲ့ ကိစ္စတွေကဆက်ပြီး မိတ်ဆွေတွေ
သွားရတာပါ။ မောင်မင်းမြတ်မင်းရဲ့အဖေကတော့ ဖေဖေရဲ့
ယ့်သူငယ်ချင်းပဲ၊ ဒီကောင်လည်း ဘီအက်စီ အင်ဂျင်နီယာလေ၊
ဆောက်လုပ်ရေး ရုံးချုပ်မှာ၊ ဖေဖေတို့ကသာ ဝိဇ္ဇာတွဲနဲ့ ဘီအေ
င်ခဲ့တာ၊ ကိုယ့်သူငယ်ချင်းသားလေးကို ပြန်တွေ့ရတာ ကိုယ့်သား



www.burmeseclassic.com

www.burmeseclassic.com



သမီးလို ကိုယ်ချင်းစာစိတ်နဲ့ သံယောဇဉ်ဖြစ်မိတယ်။ ဒီညနေ ဒီ
ထမင်းလာစားလို့ မှာထားခဲ့တယ်"

ဦးလှစိုးချစ်က အားပါးတရ ပြောနေသော်လည်း ချစ်ငုံဖူး
စိတ်ဝင်စားရာအကြောင်းဆီသို့သာ ဆွဲယူမေးဖြစ်သည်။

"ဒါနဲ့...ဖေဖေ စုံစမ်းမယ်ဆိုတဲ့ ဟိုလူရဲ့သတင်းရော ရပြီလား"

"သေချာပါတယ် သမီးရယ်၊ သူတို့လင်မယားရဲ့ဖြေသံ မှ
တာတွေရယ်၊ ဒီကောင်လေးရဲ့ ရုပ်ရည်ရယ်ဟာ ကိုထွန်းသာရဲ့သား
တိုးတက်ထွန်းမှ တိုးတက်ထွန်းအစစ်ပါ။ ဘာကြောင့်များ သားအ
နှစ်ယောက်လုံးက လိမ်နေကြတယ် မသိပါဘူး"

"အဲဒါကိုပေါ်အောင် ဖေဖေက ဖော်ထုတ်မယ်ဆို"

ချစ်ငုံဖူးကိုယ်တိုင် သိလိုလှပြီဖြစ်သော ဆန္ဒမို့ ဖခင်မှတစ်ဆ
အပူတပြင်း စုံစမ်းဆောင်ရွက်ပေးစေချင်သည်။

တစ်နေ့က ဆည်းဆာချိန်မှာ သဲသောင်ခုံ၌ ဆုံရပြီးတည်း
သူ့ကို မတွေ့ရတော့။ ချစ်ငုံဖူးသည်ပဲ လမ်းမထွက်ဖြစ်၍ မတွေ့ရသေ
သလား မသိ။

ဆန္ဒက သူ ဆက်သွယ်လာစေချင်သည်။

ခပ်ကျောကျော စကားလုံးများဖြင့် တင်ပြသွားသော သူ
ချစ်ခြင်းမေတ္တာ တောင်းခံမှုကို မေ့မရ၊ မနွဲ့ပျောင်းသော စကားလုံးများ
သည် နှလုံးသားကို ပိုမိုပြင်းထန်စွာ ထိမှန်ခဲ့လေသလားမသိ
လက်တွေ့လုပ်ကိုင်နေရသော အလုပ်ကိစ္စများမှနေ၍ လွင့်ခွာ လွင့်
သွားတတ်သော အတွေးတိုင်းသည် သူ့ထံသို့ချည်း...

❁





သူ့အသံ၊ သူ့ဟန်ပန်...သူနှင့် တွေ့ဆုံရပုံတို့သည် ပစ္စုပ္ပန်မှာ
သန်နေသည့်အတိုင်း ချစ်ငုံဖူး မြင်တွေ့ ကြားနာခံစားနေရပါလေ
သည်။

"ဟော...ပြောရင်းဆိုရင်း မောင်မင်းမြတ်မင်း လာနေပြီ"

"သူ့နာမည် ရှည်ရတဲ့အထဲ ဖေဖေက မောင်ထည့်ခေါ်တော့
သပတေးနံ့လေးလုံးနဲ့ ကြားရတာတောင် မောမိသလိုပဲ"

"သြော်...ကိုယ့်သားအရွယ် လူငယ်မို့ မောင်ထည့်ခေါ်တာပဲ၊
င်မပါပဲ မင်းမြတ်ဆိုရင် ဘုရင်မင်းမြတ်လိုလိုနဲ့ ပိုပြီး တင်စီးတယ်
သမီးက ပြောအုံးမယ်။ ကဲပါ...ထားပါတော့၊ သမီးနဲ့ မောင်နှမ
ချင်းလို ရင်းရင်းနှီးနှီး နေလိုက်ပါကွယ်...ဟုတ်လား"

ချစ်သမီးသို့ သွန်သင်မှုဆက်တိုက်ပေးပြီး မင်းမြတ်မင်းကို
လှစိုးချစ် ထ၍ကြိုဆိုသည်။

"အတော်ပဲဟေ့...ထမင်းစားကြစို့"

"ကျွန်တော် စားခဲ့ပြီးပြီ ဦးလေး။ ဒီမှာ ပါပရာခြောက် ဝယ်လာ
ယ်။ ချစ်ငုံဖူးကို အလုပ်ပေးမလို့ ကြော်ပြီး ရေနွေးကြမ်းနဲ့ သောက်ကြ
အောင်နော်"

သူက ရခိုင်ပြည်မှ ငါးမုန့်ပြားညိုညိုဝိုင်းဝိုင်း အခြောက်များ
သည့် ပလတ်စတစ်ထုပ်ကို ချစ်ငုံဖူးသို့ လှမ်းပေးရင်း ပြုံးပြုံးရွှင်ရွှင်
င်းရင်းနှီးနှီး ပြောနေ၏။

သူ့ကို ထမင်းစားစောင့်နေရာမှ သူ မစားဘူးဆို၍ မဂ္ဂဇင်း
အုပ်များချပေးပြီး သားအဖနှစ်ယောက် ထမင်းအမြန်စားကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းကန်များဆေးပြီး သိမ်းဆည်းရင်းက ဆီအိုးတည်ထား လိုက်သည်။ ဆီကျက်ပြီး ဆီတွေ့တက်သည်နှင့် ပါပရာခေါ် ငါးမုန့်ပြား များကို ဆက်တိုက်ကြော်သည်။ ဆီပူနှင့်ထိသည်နှင့် ပွကားလာသော ငါးမုန့်ပြားများကို ဆယ်ယူ၏။ ထမင်းစားပန်းကန်ပက်နှင့် နှစ်ချပ်စီ ကြော်ပြီး ရေနွေးကြမ်းနှင့် အိမ်ရှေ့မှာ ဆုံဖြစ်ကြသည်။

"တယ်မြန်ပါလား...ညီမရဲ့၊ အစ်ကိုက သိပ်ကြိုက်တာ၊ မကြော် တတ်လို့၊ တကယ်ကျေးဇူးတင်ပါတယ်ကွာ"

"ငုံတို့က တင်ရမှာပါ၊ သူ့မုန့်နဲ့သူ လာပြီးတော့..."

"မုန့်ထက် လုပ်အားခက တန်ဖိုးပိုပါတယ်ဗျာ"

"အေးဟေး...မင်းတို့မောင်နှမ စကားနိုင်လုနေကြ။ ငါတော့ စားကောင်းကောင်းနဲ့ စားနေပြီ"

ပူပူကြွပ်ကြွပ် ဒေသအခေါ် ပါပရာကြော်များကို တဗြုတ်ဗြုတ် နှင့် ဦးလှစိုးချစ် စားနေတော့သည်။

✻

ဖေဖေသည် လူကြီးလူငယ်မရွေး ရင်းရင်းနှီးနှီး ရောရောနှော နှောနှင့် ပျော်ပျော်ရွှင်ရွှင် နေလေ့ရှိ၍ လူတိုင်း၏ ချစ်ခင်ရင်းနှီးမှု လည်း သူပြန်လည်ရရှိသည်။

"ဪ... ဟိုတလောက ဦးလေးနဲ့ စကားစပ်မိကြတဲ့ ဒေါ်ရတနာခင်ဦးလှိုင်ဆိုတာ မှတ်မိလား"

"အာ...မှတ်မိတာပေါ့၊ ဘာဖြစ်လို့လဲ၊ လုပ်စမ်းပါဦး"

"အဲဒီအဘွားကြီး အခု စစ်တွေမှာ ရောက်နေပြီ"





ချစ်ငုံဖူးသည် ကိုင်ထားသော ရေနွေးကြမ်းခွက်ကို ရောက်သည့် နေရာမှာ မေ့လျော့စွာ ရပ်ထားရင်း နားစွင့်နေမိသည်။

"သူက ဒီကလား၊ ရခိုင်လား"

"မဟုတ်ဘူး ဦးလေး၊ သူ့ခင်ပွန်း အလုပ်ပြောင်းရင်း ဒီမှာ နေကြလို့ အိမ်ဝယ်ထားတာ။ နောက် အဘိုးကြီး ဆုံးတော့မှ သူ့သား ဦးထွန်းသာကလည်း ယောက္ခမနဲ့ အဆင်မပြေပြီး ခြံကြီးမှာ နေခွင့်ရတော့ သူ့အမေကို ခေါ်ထားတာပါ"

"ဒေါ်ကေခိုင်မွန် မိဘတွေတော့ မရှိတော့ဘူးနော်"

"ဟုတ်ကဲ့...ဆုံးကုန်ကြပါပြီ"

"ဒေါ်ရတနာခင်ဦးလှိုင်က ဒီကို ဘာလာလုပ်တာတဲ့လဲ"

"ခဏပြန်လာနေတယ်လို့ ပြောတာပဲ။ 'ပန်လင်တော'က သူ့အိမ်ကြီးကိုလည်း ပြုပြင်သန့်ရှင်းပြီး ဒေါက်တာမပန်းဝေဆိုတဲ့ ဆိုင်းဘုတ် ချိတ်ထားတယ်"

"ဒေါက်တာ မပန်းဝေ"

ချစ်ငုံဖူးထံမှ ထွက်လာသောအသံ။

"ဒါဆို ရှင်းနေပြီ။ တိုးတက်ထွန်းဆိုတဲ့ သူငယ်ဟာ အဲဒီအိမ်နဲ့ ဆက်သွယ်မယ်။ အဲဒီအိမ်မှာ ရှိနေမယ်ဆိုရင် အဲဒါဟာ ဦးထွန်းသာရဲ့ သား၊ ဒေါ်ရတနာခင်ဦးလှိုင်ရဲ့မြေးပဲ ဖြစ်ရမယ်"

"ဟုတ်နိုင်ပါတယ် ဦး"

"အေး...ဟုတ်ခဲ့ရင်တော့ အသက်ကယ်တဲ့ ကျေးဇူးမှမထောက်၊ တို့သားအဖကို သက်သက်အရူးလုပ်ခဲ့တဲ့ကောင်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးလှစိုးချစ်က ခံပြင်းသော လေသံနှင့် ပြောပြီး...

"သမီးနဲ့ရော တွေ့သေးလား"

"ဟင့်အင်း...မတွေ့ပါဘူး ဖေဖေ"

ပို့ဒ်၏ သောင်ကမ်းခြေမှာ ဆုံခဲ့ရခြင်းကို ဖေဖေ မသိရှာ၊ မုသာ ဖြင့် ကာဆီးမိသည်။

"သူက အဲ...အဲဒီ မပန်းဝေနဲ့ စေ့စပ်ထားတာပေါ့နော်..."

အင်အားကို အသုံးချပြီးမှ မေးရသော မေးခွန်းပါ။

"ငုံတို့ ကယ်ခဲ့တဲ့လူဟာ ဦးထွန်းသာရဲ့သား ဖြစ်ခဲ့ရင်တော့ ဟုတ်ပါတယ်"

'မဖြစ်ပါစေနဲ့'ဆိုသော ဆန္ဒသည် နှလုံးသားတွင်းမှ ရု တရက် သူ့ဟာသူ ဖြစ်ထွန်းပြောဆိုလာသည်။

"သြော်...ဒီလူနဲ့ ပတ်သက်ရင် ငါဟာ သိပ်ပြီး စိတ်လှုပ်ရှား မိတာပဲ"

ပျက်သောမျက်နှာကို ဖုက်ပစ်ရန် ရေနွေးကြမ်းကို ငုံ့သောက် လိုက်ရသည်။

"အေး...မောင်မင်းမြတ်မင်းနဲ့ ပတ်သက်ခဲ့ဖူးတဲ့ အဲဒီ ဒေါ်ရော နာခင်လှိုင်ဦးဆိုတဲ့ အဘွားကြီးဆီကို တစ်နေ့လောက် ဦးကို ခေါ်သွား စမ်းပါကွာ"

"ဟုတ်ကဲ့ပါ ဦးလေး၊ ကျွန်တော် အရင်သွားပြီး တွေ့ထားနှ လိုက်ပါ့မယ်"

"ဖေဖေက ဘာသွားလုပ်မှာလဲ"





"သြော်...သမီးရယ်၊ သူတို့မိသားစုနဲ့ ပတ်သက်ပြီး ဖေဖေ့ မှာ မရှင်းလင်းဘူး။ ဘာအကြောင်းကြောင့်များ သူတို့သား ကိစ္စကို ဆီးကွယ်ဖုက်ထားရတာလဲဆိုတာ ဖေဖေ သိပ်သိချင်နေတယ် မီး"

"ဖေဖေ ကယ်ခဲ့တာက တစ်ယောက်၊ ဦးထွန်းသာရဲ့သားက ယောက်နေမှာပေါ့။ တခြားစီရော မဖြစ်နိုင်ဘူးလားဟင် ဖေဖေ"

ဦးလှစိုးချစ် ခေါင်းခါယမ်းသည်။

"ဖေဖေ သိပ်မှတ်ဉာဏ်ကောင်းတာ သမီးတို့ အသိပါ။ အထူး ဖြင့် လူတစ်ယောက်ကို ခပ်ကြာကြာ ဆုံဆည်းထားခဲ့ဖူးရင် ဖေဖေ သက်လုံး ဘယ်တော့မှ မမေ့တော့ဘူးသမီး"

"ဒါဖြင့် ဖေဖေ ပင်လယ်ထဲက ဆယ်ခဲ့တဲ့လူဟာ..."

"ဟုတ်တယ်။ ဦးထွန်းသာရဲ့သား တိုးတက်ထွန်းပဲ"

"ဖေဖေကလည်း အပိုင်ကို ပြောနေတာပဲ"

"ကဲပါလေ... ဒီကိစ္စ မကြာခင် ရှင်းသွားတော့မှာပါ။ အခု တိုးတက်ထွန်းရဲ့ အဘွားအရင်းရယ်၊ သူနဲ့ စေ့စပ်ထားတဲ့ ဆရာဝန် သေးရယ် ဒီကိုရောက်လာကြပြီပဲ။ သူလည်း မဆက်သွယ်ဘဲဘယ်နေ လဲ။ ဦးလေးသိချင်တဲ့ အဖြေလည်း မကြာခင် သိရတော့မှာပါ"

ချစ်ငုံဖူးသည် စကားဝိုင်းမှ ထခဲ့သည်။ အော်တို တယ်လီဖုန်း ဆင်နိုင်ရန်အတွက် မိုက်ကရိုဝေ့(ဖ်)မျှော်စင်ကြီး စိုက်ထူထား သည်ကို ပြတင်းမှတစ်ဆင့် ငေးကြည့်နေမိသည်။

ရင်ထဲသို့ ဝင်ရောက် နေရာယူထားပြီဖြစ်သော 'သူ'သည်



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ ပြောသည့် ဦးထွန်းသာ၏ သားပဲလား...

"ဒါဆို ဒေါက်တာ မပန်းဝေရဲ့ ချစ်သူပေါ့၊ ခင်ပွန်းလော[cut] ပေါ့နော်"

"အို...သူ...ရယ်"

"ဒီလိုရှိလျက်နဲ့ ဒီကရင်ထဲကို ဘာလို့ဝင်ပြီး ဒီရင်ထဲ[cut] မေတ္တာတွေကို သယ်ယူသွားချင်ရတာလဲရှင်"

"ချစ်ငုံလေ...သူ့ရဲ့ ဂျစ်ကန်ကန်ပုံစံ ဆန်းဆန်းကြီးကို ရင်ထဲ[cut] စွဲနေမိပြီရှင့်၊ သိရဲ့လား"

"မိန်းကလေးရင်က ဦးဆုံးပွင့်တဲ့ပန်းကို ချိုးယူနေနေကျ[cut] သူရယ်"

"ငုံ့ရင်ထဲမှာ ပွင့်နေပြီဖြစ်တဲ့ သည်းဦးပန်းလေးကိုတော့ ည[cut] အောင် မချိုးလိုက်ပါနဲ့နော်"

"အို...သူ... ငါ စိတ်ဝင်စားရတဲ့သူ...ငါ...ငါ သူ့ကို ချစ်[cut] ပါပြီလေ"

သူသည်သာ...

"ဒေါက်တာ မပန်းဝေရဲ့ချစ်သူ မဖြစ်ပါစေနဲ့"

"တစ်ယောက်စီဖြစ်ပါစေ"

"တခြားစီဖြစ်ပါစေ...ရှင်"

⌘ ⌘ ⌘



## အခန်း တစ်ဆယ့်ခြောက်

"ချစ်တို့ နက်ဖြန် မောင်းတော သွားတော့မှာဆို"

"သန်ဘက်ခါမှပါ"

"ကို လိုက်ခဲ့ရမလားဟင်"

"ဒါနဲ့ ဖေဖေနဲ့ မတွေ့ချင်ဘူးဆို"

"ဖေဖေနဲ့ တွေ့ချင်ပါတယ်ဆိုရင်ရော ချစ်က လိုက်ခွင့်ပြုမှာ လား"

"အို...မသိဘူး"

"ဒါဖြင့် လိုက်ခဲ့မယ်နော်"

"ဘာလို့ လိုက်မှာလဲ"

"ချစ်နဲ့ မခွဲနိုင်လို့ပေါ့"

"သူ ငုံ့ကို တကယ်မချစ်ပါဘူးကွယ်"

"ဟောဗျာ...ဘာလို့ မချစ်ရမှာလဲ၊ မယုံရင် ရင်ထဲဝင်ကြည့် လေ"



www.burmeseclassic.com

www.burmeseclassic.com



"နောက်နောက်ပြောင်ပြောင် လုပ်မနေစမ်းပါနဲ့။ သူ့အတွက် သိပ်စိတ်ညစ်ရတာပဲ သိလား၊ ဘယ်သူမှန်းမသိ၊ ဘယ်ကမှန်းလည်း မသိဘဲနဲ့"

"ချစ်"

"ဘာလဲ...စိတ်ညစ်တယ်"

"ဒီမှာ...မောင်ဟာ ရန်ကုန်ကပါ၊ ဘွဲ့မရသေးဘူး။ ပုသိမ်နယ် ဘက်မှာ ရေလုပ်ငန်းကို လုပ်ကိုင်ဖို့ ကြိုးစားနေပါတယ်။ မောင့်မှာ မိဘမရှိဘူး။ မခံချင်တတ်တဲ့ စိတ်ထားကလွဲရင် ဘယ်သူ့အပေါ် မ◌ာင်စီးဘူး။ သစ္စာမမဲ့ဘူး။ အဲဒါတော့ လုံးဝစိတ်ချပါ။ ပြီးတော့ ချ◌ ာ့်လည်း မောင်သိပ်ချစ်နေပါတယ်"

လျှပ်နွယ်တို့ ရင်မှာလက်သည်၊ ချစ်ငုံဖူးမှာ သူ့စကားကို နားနှ မကြား၊ နှလုံးသားနှင့်ကြားသည်။ ဦးနှောက်နှင့်မခံယူ၊ အသည်းနှ ယူမိသည်။

"ချစ် ပြောဦးလေ၊ လိုက်ခဲ့ရမှာလား"

"ဒီကတော့ လိုက်စေချင်ပါတယ်"

"ဟာ"

"ဒါပေမယ့် ဖေဖေက သိပ်မကျေနပ်ဘူး။ ညာနေတယ်လို့ ထင်နေတာ"

"ဦးလေး ထင်တဲ့အတိုင်း မောင်သူဌေးသားဖြစ်ရင် ကောင်းမှာ နော်"





"မကောင်းပါဘူး"

"ဘာဖြစ်လို့"

"သူဌေးသားဆိုတဲ့ ဂုဏ်ကြောင့်တော့ ဒီက မချစ်သေးဘူး"

"ဒါဖြင့် ဒီဆင်းရဲသားလေးကို သနားပြီး ချစ်တော့မယ်ပေါ့"

"သွားစမ်းပါ...ဘာမှန်းလည်းမသိဘူး"

"မောင် လိုက်ခဲ့မယ်နော် ချစ်"

'မောင်'ဟူသော ချစ်သူသို့ သီးသန့်နာမ်စား 'ချစ်"ဟူသော ခေါ်သုံးနှုန်းမှုများကို တားမြစ်ထိုက်ပါလျက် ရင်သိမ့်ကြည်နူးစွာ သုံးနေမိသည်။

"ပြောလေကွာ"

"ဖေဖေက မောင့်ကို ကျေနပ်တာ မဟုတ်ဘူး။ ဦးထွန်းသာရဲ့ သားအစစ်လို့ ထင်နေတာ"

"မောင်ကလည်း တကယ်ဖြစ်ချင်တာပေါ့၊ သူဌေးသားပဲ။ ခံနေရမှာ"

"ငုံကတော့ မဖြစ်စေချင်ပါဘူး"

"ဘာဖြစ်လို့လဲ"

"အဲဒီ တိုးတက်ထွန်း အစစ်ဖြစ်သွားရင် သူဟာ ဒေါက်တာ ပန်းဝေရဲ့ ချစ်သူ ဖြစ်သွားမှာပေါ့"

"ဒေါက်တာမပန်းဝေ"

သူက ယင်းအမည်ကို ရွတ်ပြီး ငြိမ်သွားသည်။ တွေဝေသလို သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လို့လားဟင်"

ပူပန်စိတ်တို့ ရေတံခွန်လို သွန်ကျလာတော့သည်။

သူ့မျက်နှာသည် မှိုင်းငွေ့ဟပ်သည်သို့ ညိုမှောင်သွားမါ

"သူ...ငုံ့ကို ညာနေတာလား ဟင်"

မေ့မြောသွားသူတစ်ယောက် သတိပြန်လည်လာသ သူသည် ချစ်ငုံဖူးသို့ မှုန်မှုန်ဝေဝေကြည့်ပြီး ခေါင်းယမ်းသည်။

"ငုံ့ရှေ့မှာ ရှိနေတဲ့မောင်ဟာ တခြားတစ်ယောက်သာ ဖြစ် တယ် ငုံ၊ မပန်းဝေရဲ့ချစ်သူ မဖြစ်စေရဘူး။ ဒါပေမယ့် မောင် အဲဒီ တော့ အဆက်အသွယ်ရှိတယ်"

"ရှင်..."

"သူ့ကိုယ်စား သူ့ကိုယ်ပွားအဖြစ်နဲ့ ကိုယ်ဟာ ရှင်သန်လှုပ် နေသူတစ်ယောက်သာ ဖြစ်ပါတယ်လို့ ငုံ့ကို ကိုယ်ဖွင့်ပြောလိုက်

"ဟင်..."

"ဒါကိစ္စကို သိသူဟာ အဲဒီ ကိုတိုးတက်ထွန်းရယ်... ကိုယ် ပြီးတော့ ကိုယ့်ရဲ့အချစ်ဆုံးလေး ငုံ့ရယ်ပါပဲကွယ်"

"ပဒေါင်္ဂါဆန်လွန်းသူရယ်။ ငုံ ဘာကိုယုံပြီး ဘယ်လိုနား ရမှာလဲရှင်"

"အခုတော့ ငုံ့ကို ငုံထားချင်လောက်အောင် ချစ်လွန်း မောင်ပါလို့သာ ငုံသိမှတ်ထားပါ အချစ်ရယ်နော်..."

စိုးထိတ်စိတ်ပြည့်လျှမ်းသော သံသယ မျက်ဝန်းလေး မော့ကြည့်နေသဖြင့်...





"မောင့်ကို ယုံပါ ငုံရယ်၊ တကယ်ယုံပါ...ဒီဘက်ဘဝမှာ အခြေ အောင် မောင်ကြိုးစားပြီးတော့မှ ငုံ့ဆီက လက်ထပ်ခွင့်တောင်း ။ ဒီအတွင်းမှာ ချစ်ဟာ မောင့်ကြောင့် စွန်းထင်းစရာ မဖြစ်စေရ ဘူးဗျာ။ ချစ်ခွင့် ရနေချင်တယ်၊ ပြီးတော့ ချစ်ရဲ့ အချစ်ကိုလည်း ကြီးမားဆုံးဆန္ဒနဲ့ မောင် မျှော်လင့်နေမိတယ်"

ချစ်ငုံဖူး၏ လက်ကို ဆုပ်ကိုင်ရင်း ပြောနေသော်လည်း လက်ကို ခဲ့မိ။

အေးမြခြင်းလား...ပူနွေးခြင်းလား...မကွဲပြားသော ဝေဒနာ သည် လက်၏ သွေးကြောများမှတစ်ဆင့် နှလုံးသားဆီသို့ ကူးဆက် နေသည်။

"ချစ်ရယ် မောင့်ကိုချစ်တယ်မဟုတ်လား ဟင်"

"မသိဘူး...သူ့ကို မယုံရဲဘူး၊ ကြောက်တယ်"

"မကြောက်ပါနဲ့ဗျာ၊ ချစ်ကို ချစ်နေရုံကလွဲပြီး မောင်ကလည်း မတောင်းဆိုရဲသေးပါဘူး၊ ဒီမှာချစ်ရယ်"

"အင်း..."

"မောင့်ကိုရော ချစ်တယ်မဟုတ်လား ဟင်"

"မသိဘူး၊ သူ့အကြောင်းပဲ အမြဲတွေးနေမိတယ်... သူဟာ ငုံ မှာ အမြဲရှိနေသလိုပါပဲကွယ်"

"အဲဒါ ချစ်တာဗျ၊ မောင့်ကို ချစ်...ချစ်နေတာ သိရဲ့လား"

"အို..."

သည်တစ်ခါတော့ အလန့်လန့် အဖျပ်ဖျပ်နှင့် ရုန်းမိသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ကြိမ် ပခုံးကို ညင်ညင်သာသာ ဖက်လာတော့ သူ့ရင်မှာ မျက်နှာဝှက်မိ၏။

"ချစ်ရယ်...မောင်သိပ်ပျော်တယ်၊ မောင့်ဘဝထဲကို အားမာန်သစ်တစ်ခု ထပ်ပြီး ရောက်ရှိလာသလိုပါပဲဗျာ..."

သူလည်း လှုပ်လှုပ်ရှားရှားပါ...

အချစ်၏ အတွေ့ဦးသည် သူရူးတစ်ယောက်၏ စိတ်နှ[illegible] တည်ငြိမ်ခြင်းကင်းမဲ့စွာ ယောက်ယက်ခတ်လို့ပါလား။

"ချစ်တယ်နော် ငုံရယ်..."

ကပ်ထားသောရင်တွင်းမှ ခေါင်းက ညိတ်မိလျက်သား...

ရစ်နှောင်ပိုက်ထွေးမှုက တင်းကျပ်သွားသည်။ နှုဖူးပြေပြေ[illegible] ပါးညက်ညက်ပေါ်သို့ ကျရောက်လာသော အနမ်းဦး...အနမ်းနု[illegible] များ...များစွာ ဆင့်ကဲလာ...

✸ ✸ ✸



## အခန်း တစ်ဆယ့်ခုနစ်

စစ်တွေဆိပ်ကမ်းမှ ထွက်လိုက်ကတည်းက ရင်တွင်းမှ တစ်စုံ[illegible]ခုသော ရတနာ ကျကျန်ခဲ့သည်သို့ ခံစားရပါ၏။

မနက် ၆ နာရီကတည်းက ထပြီး ဂျစ်ကားကို ဘော်ဒီအရှည်[illegible]အောင် ပြုပြင်ထားသော ကားနှင့်ပင် သင်္ဘောဆိပ်သို့ ဆင်းခဲ့ကြ[illegible]ည်။ ရှုပတောင်၊ ရှုပမြောက်၊ ပါဒလိပ်ချိပ်၊ တရားသီးစု စသည့်[illegible]ကွက်များကို ဖြတ်ပြီး သင်္ဘောဆိပ်ရပ်ကွက်ရှိရာ လက်ဝဲဘက်သို့[illegible]ချိုးခဲ့၏။

စစ်တွေမြို့၏ သင်္ဘောဆိပ်ဖြစ်သော **'ဆိတ်ရိုးကျချောင်း'** [illegible]င်းမှာ သင်္ဘောများ၊ မော်တော်ကြီးငယ်များ၊ ဌာနဆိုင်ရာ သင်္ဘော[illegible]နှင့် ရှုပ်ပွပြွတ်သိပ်နေသည်။ ဟားခါး ဆိုက်ခဲ့သည့်ဆိပ်နှင့်[illegible]က်စီပါ။

**'အောင်သီဟ ဘုတ်'** ဟုခေါ်သော တစ်ထပ်သင်္ဘောလေးမှာ [illegible] ကျပ်သိပ်နေသော်လည်း ချစ်ငုံဖူးတို့အတွက်မူ စက်ခန်းတွင်းမှာ [illegible]ရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းများ၊ နေရာထိုင်ခင်းများ စနစ်ကျစေရန် လိုက်လံစီမံပေး နေသူက ကိုမင်းမြတ်မင်းပါ။

ပင်လယ်ကမ်းထိပ်၏ သင်္ဘောဆိပ်မြို့ဖြစ်သော စစ်တွေ ဆိပ်ကမ်းမှ ခွာသည်နှင့် ပင်လယ်ပြင်အဆွယ်ကို ဖြတ်ရသည်၊ မော်တော်သည် လူးနေပါ၏။

မရူးမြစ်ဟုခေါ်ကြသော 'မေယုမြစ်'တွင်းသို့ ဝင်ခါနီးမှ စ၍ တည်ငြိမ်မှုကို ရရှိလာခဲ့တော့သည်။

"စောစောက သင်္ဘော သိပ်လူးတယ်။ မူးသလားဟင် ငုံ—"

"အင်း...ခေါင်းနည်းနည်းတော့ မူးတယ်"

"ဆေးသောက်လိုက်နော်"

"ရပါတယ်။ နေပါစေ"

"ရော့ပါ၊ ဘီစစ်(ခ်စ်)နဲ့ ကော်ဖီသောက်လိုက်နော်..."

သူက ဆေးတစ်လုံးနှင့် ဖျော်ပြီးသားကော်ဖီကို ဓာတ်ဗူးထဲ... မတ်ခွက်တွင်းသို့ ငှဲ့ထည့်လိုက်သည်။

ပြီးတော့ ချစ်ငုံဖူး၏ အနားမှာထိုင်ပြီး ဆေးကိုအရင်ပေးပြီး ကော်ဖီခွက်ကို ကမ်းသည်။ မင်းမြတ်မင်း၏ မျက်ဝန်းတွင် ညီမ... တစ်ယောက်သို့ သနားနေမိသော အစ်ကိုကြီးတစ်ယောက်၏ အကြ... နာကြည့်တစ်မျိုးတည်းသာ ရှိပါ၏။

"ဘာလဲ သမီးမူးလို့လား"

"နည်းနည်းပါ ဖေဖေ"

"ဟားခါးပြန်ပဲကွာ။ ငါ့သမီး ဒီလောက်တော့ ခံနိုင်ရည်ရှိမှ...





"ဟားခါးသင်္ဘောက ကြီးတယ်။ တည်ဆောက်ပုံက သိပ္ပံနည်း ...တော့ ပင်လယ်ဖြတ်ပေမယ့် အရေးမကြီးဘူး။ ဒီဘုတ်ကလေးက ...နေတာပဲ၊ ငုံ မူးမှာပေါ့...ဦး"

ဦးလှစိုးချစ်သည် အိပ်စင်ငယ်လေးတစ်ခုတည်းမှာ ယှဉ်တွဲ ...နေသော မင်းမြတ်မင်းနှင့် သူ၏ချစ်လှစွာသော သမီးလေးကို ...ကျေနပ်သော အကြည့်ဖြင့် ပြုံး၍ကြည့်ပြီး မော်တော်ငယ်၏ ...ဆီသို့ ကျော်လွှားထွက်သွားတော့သည်။

"ကျွန်တော် လိုက်ပို့ပါရစေ။ ကျွန်တော်လည်း ဘူးသီးတောင် ...တောကို မရောက်ဖူးသေးလို့ပါ"

ဟူသော တောင်းဆိုစကားကို ကျေကျေနပ်နပ် လက်ခံ၍ ...မြတ်မင်း ပါလာခဲ့ခြင်းပါ...

ချစ်ငုံဖူးတို့တွင် မောင်နှမငါးယောက် ရှိပါ၏။ ချစ်ငုံဖူး၏ ...ညီမက ဆယ်တန်း၊ နောက် မောင်နှစ်ယောက်က ရှစ်တန်းနှင့် ...တန်း၊ အငယ်ဆုံး သမီးလေးက လေးတန်းမို့ မေမေသည် ဖေဖေ ...ရာ မြန်မာ့ကမ်းရိုးတန်း၏ အစွန်ဆုံးနှင့် ထိပ်ဆုံးမြို့ဖြစ်သော ...တောင် မောင်တောသို့ လိုက်မနေနိုင်၊ ရန်ကုန် ကျောက်မြောင်း ...အိမ်ပိုင်ကလေးလည်း ရှိနေ၍ ထားခဲ့လို့မဖြစ်...

အစားအသောက်ကို ကောင်းကောင်းမွန်မွန်မှ ကြိုက်တတ်သော ...အတွက် ချစ်ငုံဖူး၏ မိခင် 'ဒေါ်မြမြနု'က ချက်ပြုတ်တတ်သော ... အချစ်ဆုံးသမီးကြီးကို ထည့်ပေးလိုက်ခြင်းဖြစ်လေသည်။

ချစ်ငုံဖူးသည်လည်း ကျောင်းအားရက်မို့ ချစ်လှစွာသော ဖခင်



www.burmeseclassic.com

www.burmeseclassic.com



ကို ကူညီရန် ဖခင်ကြီးနှင့်အတူ တာစန်ကျရာ ဒေသသို့ ဖျော်
ချမ်းမြေ့စွာ လိုက်လာခဲ့မှ...

ခံစားမှုမျိုးစုံစေသော ဝေဒနာအရပ်ရပ်တို့သည် ငုံ
နှလုံးသားသစ်လေးအတွင်းသို့ စုစည်းရောက်ရှိလာရသည်။

အချစ်ရဆုံးသော အချစ်ဦးသည် အဖြေမရသော ပုစ္ဆာတ
လို ရှုပ်ထွေးနေသော်လည်း ရင်မှ မထုတ်ပယ်ရက်တော့။

ယခုခရီးကို ခွဲခွာလာရသည်ကပင် နှလုံးသား အပိုင်းအစ
များ စစ်တွေကမ်းခြေတွင် ကျကြွေကျန်ရစ်သည်သို့ မောင်ကိုလွ
သည်။

"ငုံ နေသာရဲ့လားဟင်"

"ဩော်...ဟုတ်...ဟုတ်...ဟုတ်ကဲ့"

အနီးတွင် ဖေးမယုယစွာ ဂရုစိုက်နေရှာသော ကိုမင်းမြတ်
ကို အနားတွင်ရှိနေသည်ဟူသော အသိလည်းမရှိ၊ မျက်စိကလ
မမြင်မိတော့...

အတွေးအာရုံ၊ အကြည့်အာရုံ၊ အကြားအာရုံ၊ အလုံးစုံတို့
မောင်ရှိနေရာ စစ်တွေမြို့သို့ ပြန်လည်ပြေးလွှားသွားနေသည်။

"အိပ်ပျော်အောင် ခဏအိပ်လိုက်ပါလား ငုံ..."

"ဟင်အင်း...သင်္ဘောက သိပ်ခါနေတော့ အိပ်တတ်ဘူး"

"ညကရော အိပ်ရေးဝရဲ့လား"

"ဟုတ်ကဲ့"





"မနက်ကလည်း အစောကြီးထပြီး စားသောက်ဖို့တွေ ပြင်ဆင်
ရတာ၊ ငုံ သိပ်ပင်ပန်းနေပြီကွယ်"

"ရပါတယ်။ ဒါတွေက ငုံအိမ်မှာလည်း လုပ်နေကျပါ"

"သမီးအကြီးဆုံးဆိုတာ ဒီလိုပဲ မိဘကူညီရမြဲပဲထင်ပါရဲ့။
...သည်းလိမ္မာတဲ့ သမီးမို့ပါ။ ဒီမှာ ငုံ၊ အခု ခရီးမှာတော့ ကိုယ့်ကို
...ကိုကြီးတစ်ယောက်လိုပဲ သဘောထားပြီး အားမနာတမ်း ပြောပါ။
...သားအဖကို ကူညီဖို့ ကို လိုက်လာခဲ့တာပါ"

"ကျေးဇူးတင်ပါတယ်"

"ကျေးဇူးလည်း မတင်စမ်းပါနဲ့ငုံရယ်၊ ကိုယ့်သံယောဇဉ်နဲ့
...ပါ"

"ကိုယ့်ဒုက္ခ ကိုယ်ရှာတာဆိုပါတော့"

"ဟာ... ဘယ်က ဒုက္ခရမှာလဲငုံရယ်... ငုံတို့သားအဖနဲ့
...သက်လာရင် ဘယ်တော့မှ ဒုက္ခလို့ မထင်ပါဘူး။ ကိုယ့်စေတနာ
... ငုံနားလည်နိုင်ပါစေလေ"

မင်းမြတ်မင်းက ငုံသောက်ပြီးသား ကော်ဖီခွက်ကို သူကိုယ်တိုင်
...၍ နေရာတကျ ထားပေးသည်။

သူသည် ပညာတတ် အင်ဂျင်နီယာလည်းဖြစ်သည်။ ယဉ်ကျေး
...ရုံမက ငုံတို့သားအဖပေါ်၌ ကကယ့်စေတနာလည်း ရှိပုံရ
...လူတော်လူကောင်းတစ်ယောက် ဖြစ်ကြောင်း ငုံသိရှိပါ၏။ မိမိ
...မြတ်နိုးစွာ လိုက်လာမှန်း သိသော်လည်း သူ့ကို၊ ငုံ မမုန်းပါ။
...ဘက် အနှောင့်အယှက် မဖြစ်ရပါ။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ မမုန်းနိုင်သော်လည်း ဘယ်နည်းနှင့်မှ ချစ်၍ရ မည် မဟုတ်ကြောင်း သူမသိရှာ။

ချစ်ငုံဖူး၏ရင်မှာ ဦးဆုံးပွင့်သော အကြင်နာပန်းသည် အခု မောင့်အတွက် ခူးခြွေပေးဆပ်ခဲ့ပြီးပါလေပြီ။

"ငုံ…အပြင်ထွက်မလို့လား"

"ဟုတ်ကဲ့"

"ဖြစ်ပါ့မလား၊ အပြင်မှာ လူတွေကျပ်ညပ်နေတာပဲ"

"ရပါတယ်"

"ဖြည်းဖြည်းသွားနော်၊ မူးနေဦးမယ်"

"ဟုတ်ကဲ့…ရပါတယ်"

ချစ်ငုံဖူးသည် အိပ်ရာမှထပြီး ဦးပိုင်း၏ စက်ခန်းဝမှ တစ်ခြမ်းထွက်၍ လှမ်းမျှော်ကြည့်လိုက်မိသည်နှင့်…

"ဟာ…လူတွေကလည်း အပြည့်အသိပ်ပါလား။ ဘယ်လို ကျော်လွှားသွားရပါ့မလဲ"

စိတ်ပျက်စွာတွေးရင်း နေရာမှာ ပြန်လာထိုင်နေသည်။ အ သွားလိုကြောင်း ရိပ်မိဟန်တူသော မင်းမြတ်မင်းက ဘာမှ မမေး ချစ်ငုံဖူးသည်လည်း ရှက်ရှက်နှင့်…

"အခု ဘယ်ရောက်နေပြီလဲဟင်"

"စပထား နဲ့ 'အမြင့်ကျွန်း' လွန်ခဲ့ပြီ။ အခု 'ငလ 'ခူတောင်'ကို ရောက်တော့မယ် ငုံ။ အဲဒါပြီးရင်တော့ 'ရသေ့တော





"အင်း…ရသေ့တောင် ဆိုတာ နာမည် ခဏခဏကြားဖူးပါ ယ်၊ အကြာကြီးရပ်မှာလားဟင်"

"အင်း…နည်းနည်းတော့ ကြာလိမ့်မယ်ထင်ပါတယ်"

"ဘူးသီးတောင်က ဘယ်အချိန်ရောက်မှာလဲ"

"ရောက်ဖူးသူတွေ ပြောကြတော့ တစ်ခါတလေလည်း မိုးစုပ်စုပ် ချုပ်မှ ရောက်တယ်တဲ့။ တစ်ခါတလေလည်း စောတယ်တဲ့။ ဒီနေ့ လိမ့်မယ်ထင်ပါတယ်"

"ဆိပ်ကမ်း ဘယ့်လောက်များများ ကျန်သေးလဲဟင်"

"ရသေ့တောင်သာ ဆိပ်ကမ်းကြီးဖြစ်မှာပါ။ ကျန်တာတွေ တော့ ဖြစ်သလို တက်ရလိမ့်မယ် ထင်ပါရဲ့။ ရသေ့တောင်ပြီးရင် ပြင်'၊ 'သေတန်'၊ 'သြောင်ချောင်း'၊ ပြီးတော့ 'ဘူးသီးတောင်'ပါပဲ

"အဲဒီကမှ ကားနဲ့ မောင်းတောရောက်အောင် သွားရမှာဆို"

"ဟုတ်တယ်။ ဒါပေမယ့် ဦးလေးကပြောတော့ ဒီည ဘူးသီး င် ဘန်ဂလိုမှာပဲ အိပ်မယ်တဲ့"

"သြော်…ဟုတ်တယ်၊ ပြောပါတယ်"

စကားစ ပြတ်သွားကြသည်။

ကော်ဖီနှင့်ရေများ အသောက်များထား၍ ချစ်ငုံဖူး ကြာရှည် မဖြစ်တော့။ ထိုင်နေသော၊ လဲလျောင်းနေကြသော လူများနှင့် င်းများ၊ သေတ္တာများ စသော ပစ္စည်းပစ္စယများကို ကျော်လွှားတန် လွှား၊ ငုံ့လျှိုးတန် ငုံ့လျှိုး။



www.burmeseclassic.com

www.burmeseclassic.com



"ကန်တော့နော်"

ဟု တောင်းပန်တန် တောင်းပန်ပြီး ခက်ခက်ခဲခဲ အိမ်သား
ရောက်ခါနီးတွင်မှ...

"လူတစ်ယောက်လုံး မမြင်ဘူးလားဗျ"

"အာ...မတော်လို့ပါရှင်"

"ဒီလိုပြောတိုင်း ရမလား"

လေသံက ထန်လွန်းမာလွန်း၍ ဒေါနှင့်သူ့ကို ပြန်ကြည့်မိသည်

ဆံပင်ရှည်ရှည်၊ နေကာမျက်မှန်ကြီးနှင့် မုတ်ဆိတ်မွေး၊ ပါးမြိုင်
မွေးများ၊ ဂျာကင်ကားကားနှင့် တကယ့်ရုပ်ရှင်ထဲမှ လူဆိုးခေါင်းဆော
ပုံစံနှင့် ပြောပုံကလည်း ရင့်လွန်း ကျောလွန်းသဖြင့်...

"လူတွေ ဒီလောက် ကျပ်နေတာပဲ။ ဒီလိုပြောတိုင်း ရမလား
ဆိုတော့ ဘာလဲ...ရှင် ထိုင်ကန်တော့ရဦးမှာလား"

မျက်စောင်းကြမ်းကြမ်း၊ မျက်နှာထားတင်းတင်းနှင့် ပြော
အိမ်သာတွင်း ဝင်ရသည်။ ပြန်ထွက်လာသည်နှင့် တံခါးဝမှာ သူ

"အို...ရှင် ဘာရပ်လုပ်နေတာလဲ။ လူကို ဘာမှတ်လို့လဲ။
စမ်းပါ"

"ဒီလိုမှပေါ့ ချစ်ရယ်"

"ဟင်"

"ကိုယ့်ပေါ် မခံချင်အောင်ပြောလာရင် ပြတ်ပြတ်မာမာလေး
ခုလို ဟောက်ပစ်...သိလား"

"အို...မောင်...မောင်လိုက်လာတယ်"





"ချစ်နဲ့ မခွဲနိုင်လို့ပေါ့"

"ကြည့်စမ်းပါဦးကွယ်။ ပုံစံကလည်း တကယ့်လူမိုက်ကြီး
တာပဲ"

"မောင် ရုပ်ဖျက်လာတာ ဘယ်သူ့အတွက်လဲ သိလား"

"မောင်က သိပ်ပယောဇ္ဇဆန်တဲ့လူပဲ။ တစ်ယောက်ယောက်ကို
ခြည်ဖြတ်ချင်လို့ဖြစ်မှာပေါ့။ ငုံတောင် မောင့်ကိုမှ မမှတ်မိတာ"

"မောင် ခုလို ရုပ်ဖျက်လာရတာ တစ်ယောက်တည်းအတွက်ပါ
"

"ဟင်..."

"ဦးလှစိုးချစ်အတွက်ပါ"

"ဘာဖြစ်လို့လဲ"

"သူနဲ့မောင်နဲ့ ဆုံလို့ ဘယ်ဖြစ်မှာလဲ။ ပြီးတော့ ဟိုအင်ဂျင်နီယာ
ကလည်း ကပ်ပါလာတယ်လေ"

"တိုးတိုးပြောလေ မောင်ရယ်"

"ငုံတို့ ဒီည ဘူးသီးတောင် ဘန်ဂလိုမှာ တည်းကြမယ် မဟုတ်
မောင်လည်း အဲဒီမှာ တည်းခွင့်ရအောင် လုပ်လာတယ်"

"ဟုတ်လား"

ချစ်ငုံဖူးမှာ ရင်လိုက်ခုန်ရင်းဖြင့် ဝမ်းသာမှု ဆင့်ရပြန်သည်။

"အဘိုးကြီးနဲ့ ဟိုကောင် လမ်းထွက်ရင် ငုံလိုက်မသွားနဲ့
"

"စိတ်ချမောင်၊ ငုံ ဝမ်းသာလိုက်တာကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ...သွားတော့၊ သိပ်လှတဲ့ မောင့်ချစ်ကို လူတွေ ဝိုင်းကြ
နေကြပြီ"

ချစ်ငုံဖူးမှာ လှုပ်ရှားမှု ရင်ကြောင့် အလာတုန်းကလို ကျို
ရို့ရို့လေး မပြန်မိ၍ ခလုတ်တွေတိုက်၊ ခြေထောက်တွေပေါ် တက်
မိ၍ အပေါက်ခံရနှင့် အပြန်လမ်းက ကသောင်းကနင်း...

"ငုံ အသိနဲ့ တွေ့နေလို့လား"

"ဟင်..."

"အိမ်သာဝမှာ ရပ်စကားပြောနေလို့"

ဖြေစရာ စကားလုံး ပျောက်နေ၍ ဘာစကားသံမှ ထွ
မလာနိုင်။

မင်းမြတ်မင်း၏ အကြည့်မှာ သံသယရောင် သမ်းလာသ

"ဘယ်က သိရမှာလဲ၊ ဘူးသီးတောင်ကို ဘယ်အချိန် ရောက်
လဲ။ ဘူးသီးတောင် ဇာတိလား၊ ဒါဖြင့် ဘယ်မှာ တည်းမှာလဲ ဆို
တွေ လိုက်လျှောက်မေးနေလို့ စိတ်တောင် ညစ်လာတာ"

အချစ်သည် အင်အားတစ်ရပ်ပါလား။ မှသားစကားမျ
ချက်ချင်း တည်ဆောက်နိုင်သော အားအင်များကို မွေးဖွားဖြစ်ပ
လာစေနိုင်ခဲ့သည်။

"ထင်သားပဲ။ ငုံက သိပ်လှလို့ လိုက်'ရော'နေတဲ့ ကောင်
ပုံစံကလည်း ဂျွန်ဆွဲချင်စရာ"





ထိုအချိန်က ဂျွန်စစ်ဆင်ရေးဖြင့် အမြင်မတော်သူ၊ သံသယ
သူများကို ဖမ်းနေချိန်ဖြစ်၏။

ချစ်သူအတွက် မခံချင်သော်လည်း သူ့သံသယများ ပျောက်ဆုံး
သွားသည်ကိုပင် ကျေနပ်စွာနှင့် ငြိမ်နေလိုက်ရသည်။

"ငုံ ဆာနေပြီလား"

"မဆာပါဘူး။ ရင်ထဲမှာကို ပြည့်လို့"

ဝမ်းသာလွန်း၍ ပြည့်နေကြောင်း ကိုယ့်အဓိပ္ပာယ်နှင့်ကိုယ်
ပြောလိုက်သည်ကို မင်းမြတ်မင်း မသိရှာ။

"ရသေ့တောင် ရောက်တော့မယ်။ အဲဒီမှာ စားစရာ၊ ရတယ်၊
ပါတယ်၊ မဆာပေမယ့် ဝယ်သွားတာပေါ့။ သဘောဆိုတာ အချိန်မှန်
တတ်တာ မဟုတ်ဘူး။ ရေကြောင်းပေါ် မူတည်သွားရတာ။ ကိုယ်
တစ်ခုခု ဆင်းဝယ်မလို့"

"ကောင်းပါတယ်။ တော်ကြာ ဆာလာမှာပေါ့"

"ငုံရော လိုက်ခဲ့မလား"

"ဟင့်အင်း...ဆင်းရတက်ရတာ ကြောက်တယ်"

"ဒီဆိပ်ကမ်းမှာ သဘောကပ်ပြီးရပ်လို့ရပါတယ်"

"ဒါပေမယ့်...ငုံ မတက်ချင်လို့ မလိုက်ပါရစေနဲ့ ဖေဖေ့ကိုပဲ
ခေါ်သွားလိုက်ပါ။ ဖေဖေက သိပ်စပ်စုချင်တာ"

"ဦးလေးကတော့ တကယ့်လူငယ်တစ်ယောက်အတိုင်းပါပဲ။
အရာရာမှာလည်း အာရုံစူးစိုက်တတ်တဲ့ အကျင့်ရှိတယ်။ ကိုယ်
ခေါ်လည်း သူက ရသေ့တောင်ကို ဆင်းဦးမှာ၊ လေ့လာဦးမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်လွန်းသော အပြုံးဖြင့် ချစ်ငုံဖူး၏ မျက်နှာလေး ဝင်းလက်သွားသည်။

ရသေ့တောင်မှာ သင်္ဘောတစ်နှစ်လောက် ဆိုက်ထားလိုက်ချင်သည်။ မင်းမြတ်မင်းနှင့် ဖေဖေတို့ ဆင်းနေချိန်မှာ မောင်နှင့် စကားများ အားပါးတရ ပြောလိုလှ၍ပါ။

အမြင့်ကျွန်းရှာ အလွန်မှာ 'မင်းဂံချောင်း'နှင့် ဆက်သွယ်ရေ… တူးမြောင်းတစ်ခု ဖောက်လုပ်ထားသည်ကို ဖြတ်သန်းလာခဲ့ရ၏။

စစ်တွေမှ နံနက် ၈ နာရီ ထွက်လာခဲ့သော အောင်သီဟဘုတ်… သည် ၁၁ နာရီ ၄၅ မိနစ်တွင် ရသေ့တောင်သို့ ဆိုက်ကပ်ခဲ့ပါလေပြီ…

"သမီး…လာ…ဆင်းရအောင်"

"သမီး မလိုက်ချင်ဘူး ဖေဖေ"

"လာပါ။ ဆိပ်ခံကလည်း သစ်သားတံတားနဲ့။ ဒီလမ်းမှာ ဒီ… ဆိပ်ကမ်းအကောင်းဆုံး၊ ရောက်တုန်းမှာ ဝင်လေ့လာရတယ် သမီးရဲ့"

"သမီး ခေါင်းသိပ်မူးနေလို့ပါ ဖေဖေ၊ တောင်းပန်ပါတယ်… နေခဲ့ပါရစေ"

ချစ်သမီး၏ စကားကို အကြွင်းမဲ့နည်းဖြင့် အပြတ်ယုံရှာလေပြီ…

ဦးလှစိုးချစ်နှင့် မင်းမြတ်မင်းတို့သည် ရေ့ဆုံးမှ ဆင်းသွားခဲ့ကြ… လေပြီ။ မြို့သည် ပျဉ်ထောင်အိမ်လေးများ၍ သင့်တင့်ပါ၏။ သင်္ဘော… ဆိပ် တည့်တည့်လမ်းမှ ကုန်စုံအိမ်ဆိုင်များကို ဖြတ်သန်းပြီး နွားနို့… ပေါပေါနှင့် ဖျော်သော ပြား ၅၀ တန် လက်ဖက်ရည်ဆိုင်မှာ…

သားမက်ယောက္ခမ ဖြစ်ရအံ့နီးနီးဖြင့် တစ်ယောက်နှင့်တစ်ယောက်…





…ခွယ်လျက် ရှိကြသော ဦးလှစိုးချစ်နှင့် မင်းမြတ်မင်းတို့ လက်ဖက်ရည် သောက်နေကြချိန်မှာ…

ဆိုက်ရပ်ထားသော ဘုတ် ပေါ်တွင်

"ချစ်နဲ့ မခွဲနိုင်လွန်းလို့ လိုက်လာခဲ့တာပေါ့ဗျာ… ဒါများ …နေရသေးလား"

"ဟိုနေ့က တွေ့တုန်းကဖြင့် ဘာမှမပြောဘဲနဲ့များ"

"ကြံ့ရဖန်ရသေးတယ်လေဗျာ"

"ဘာကိုလဲ"

"ဩော်…ချစ်တို့ သွားဖြစ်မယ့်နေ့နဲ့ တိုက်ဆိုင်အောင်လေ"

"မောင်"

"ချစ်"

"မောင့်ကို ချစ်ရတာ ငုံ သိပ်ရင်ပန်းရပါလားကွယ်။ ငုံ့ကို …ချစ်မှာပဲလို့ ယုံစားနေမိတာကလွဲလို့ မောင်နဲ့ ပတ်သက်ပြီး သိပ်ကို …သိတ်ပူပန်ရတာပဲ"

"ဘာကိုလဲဗျာ"

"မောင် ဘယ်သူ့လဲမှ ငုံ သိခွင့်မရသေးတာ"

"ငုံ့ကို မတရားချစ်တဲ့၊ အားကြီးချစ်တဲ့ ကောင်လေ ငုံရဲ့…"

"မောင်ဟာလေ စကားပြောလိုက်ရင် ဘယ်တော့မှ လေးလေး …နက်နက် မရှိဘူး"

"နောက်တစ်ခါ အုတ်ခဲတွေသီပြီး လည်ပင်းမှာ ဆွဲထားပြီးမှ …စကားပြောရမလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကြောင့် ခက်တာပေါ့"

"မျက်နှာ ပျက်မသွားပါနဲ့ ချစ်ရယ်၊ တော်ကြာ မိလ္လာပိုက်ပြင်တဲ့ အင်ဂျင်နီယာကြီး ပြန်လာမှဖြင့်..."

"မောင်နော်"

"သူ့ဘက်က မနာစမ်းပါနဲ့၊ မောင့်ဘက်ကပဲ နာစမ်းပါ..."

"ငုံ့ စိတ်ညစ်တယ် သိလား"

"ဘာကိုလဲ"

"မောင် ဘယ်သူလဲဆိုတာ မသိရတာကိုပေါ့... ဒီမှာ မောင်"

"အင်း..."

"မောင်ဟာ...ဦးထွန်းသာနဲ့ ဒေါ်ကေခိုင်မွန်တို့ရဲ့ သားပဲမဟုတ်လားဟင်"

ဒါဆို ဒေါက်တာ မပန်းဝေဆိုသူရဲ့ ချစ်သူဖြစ်သွား...ကြောက်နေတယ် မဟုတ်လားဟင်...မောင့်အချစ်လေး၊ စိတ်ချပါ...လုံးဝမဟုတ်ရပါဘူး"

"တကယ်လား မောင်ရယ်"

"ဟောဗျာ လာကုန်ကြပြီ။ ညကျ ဘန်ဂလိုမှာ မောင်နဲ့ဆုံ...အောင် ကြံထားနော်၊ မောင်သွားပြီ"

စက်ခန်း၏ ဦးဘက်မှ ပတ်ကွေ့လှည့်ပြီး သူ့အရိပ်အယောင် ပျောက်သွားလေမှ ဖေဖေနှင့် မင်းမြတ်မင်းတို့ အခန်းတွင်းသို့ ဝင်...ခဲ့ကြသည်။

"ရှေ့သမီး...မုန့်ကရပ်တိုက်"





"ဘာ...ဖေဖေ"

ဦးလှစိုးချစ် ရယ်နေ၍ မင်းမြတ်မင်းက ဖြေရှင်းရသည်။

"ရခိုင်စကား ရခိုင်အသံထွက်က...ယပင့်ဆိုရင် ဒီအတိုင်းပဲ၊ ...မော'ကျ'ဆိုရင် ကျပဲ။ ယရစ်ဆိုရင် ကရလို့ အသံထွက်ရတယ်။ ...ကြောင့် 'ကြ'ဆိုရင် ကရ၊ အခု ကြပ်တိုက်မုန့်ကိုတော့ ကရပ်တိုက် ...လို့ ခေါ်တယ်...ငုံ့"

"သြော်...ဟုတ်ပြီ။ ရှေ့မှာ ထိုင်နေတဲ့ အမျိုးသမီးတစ်ယောက် ...ပြောကြားလိုက်တယ်။ ခရောက်နားလောက်မှ ရောက်မှာတဲ့။ ဒါဆို ...ခေါက်နာရီလောက်မှ ရောက်မှာကို ပြောတာပေါ့နော်"

"ဟုတ်တယ် ငုံ့...ကဲ...မုန့်ကရပ်တိုက်လေး စားလိုက်ပါအုံး"

ရယ်ရယ်မောမော ပြောပြီး မင်းမြတ်မင်းက ဝါးညှပ်နီးစနှင့် ...ထား၍ ညိုမည်းနေသော ငှက်ပျောဖက်ကို ဖြေသည်။ အတွင်း၌ ...နေသော ကောက်ညှင်းနှင့် အုန်းသီးစိပ်ပါးပါးလေးများ ရောထွေး... စား၍ကောင်းပါ၏။ ရခိုင်ပြည်နယ်သည် ပင်လယ်ကမ်းခြေ ...သမို့ မြစ်ချောင်းပေါသည်။ ငါးပုစွန်လည်း ပေါမည်ထင်ပါ၏။ ...နှံကျော် တစ်ကျပ်လေးခုတန်များကို ဖေဖေ ဝါးနေသည်။ ...ဆတ်၍ ချိုချိုကြွပ်ကြွပ်လေး စားကောင်းသည်ဟု ဖေဖေ ...သောကျနေပါ၏။

"ရသေ့တောင်"

ဂူတွင်း၌ ရသေ့နေပြီး တရားကျင့်နေသည့်တောင်မို့ ရသေ့...တောင်ဟု ခေါ်သည်ဆို၏။ ရသေ့နေထိုင် တရားကျင့်သော ဂူပေါက်ဝ



www.burmeseclassic.com

www.burmeseclassic.com



ကို မြင်နေရပါ၏။ ရသေ့တောင် မြင့်မြင့်နှင့် စောင်းတန်းများ ထိပ်မှ စေတီတော် တည်ထားသည်ကို ရသေ့တောင်သို့ မရောက်မီနှ လွန်သွားပြီးသည်အထိ ရသေ့တောင်နှင့် စေတီတော်ကို ကျက်သရေ ရှိစွာ မြင်နေရလေသည်။

မမေသည်သာ သည်သို့ သဘော် ကျပ်ပုံမျိုး ဆိုလျှင် ရှုံ့မဲ့ ညည်းညူနေပေလိမ့်မည်။ ဖေဖေကတော့ ခြေချစရာ နေရာလေး ရလျှင်ပင် ပြီးသည်။ ဘယ်လိုဖြစ်ဖြစ် ကျေကျေနပ်နပ် နေတတ်ရှာ ပါ၏။

သည်ခရီးသို့ စတင်ထွက်ခွာလာစက ချစ်ငုံဖူး စိတ်ညစ်မိ သလောက်၊ ယခုမူ...

အချစ်ဆုံးသည် သံယောဇဉ်များစွာနှင့်အတူ မိမိ၏ ခြေ နောက်က လိုက်ပါလာကြောင်း သိရ၍ တက်တက်ကြွကြွ ပျော်ရွှင်ခဲ့ မိသည်။ ဖြစ်နိုင်ပါလျှင် ဖေဖေနှင့် မင်းမြတ်မင်းကို ထွက်စေပြီး မောင်နှ နှစ်ယောက်တည်း စကားတွေ တဝကြီး ပြောလိုက်ချင်စမ်းလှပါဘိ...

"ကြည့်စမ်းပါဦး သမီးရယ်။ တက်ရဆင်းရတာ သနားစရာ နော်"

'စေတီပြင်သည်'ဆိပ်ခံကောင်းကောင်း မရှိသဖြင့် သဘော်နှင့် ကမ်းခြေကြားတွင် ရွှံ့နွံ လတာပြင် ကာခြားနေသည်ကို ဒူးဆစ်မြုပ် လောက်သည်အထိ နွံထဲမှာ ရုန်းလျက် ကမ်းခြေသို့ ဆင်းသက်ရသည် သဘော်ပေါ်သို့ တက်ကြရသည်။ ကလေးများ ချီလျက် ပစ္စည်းများ ဆွဲလျက်နှင့် ဒုက္ခရောက်လိုက်ကြသည့် ခရီးသည်များ...





သည်မှာဘက်မှစ၍ တိုင်းရင်းသား ရခိုင်အမျိုးသားများထက် ကုလားဒေ့ရှိဘက်ကမ်းဆီမှ ပြောင်းရွှေ့အခြေချနေကြသော ကုလား များ၊ ကုလားလူမျိုး ခရီးသည်များစွာတို့ တစ်ဆင့်တစ်ဆင့်တိုးပြီး သာလာနိုင်ခဲ့ပါပြီ။

"စေတီပြင်"

"သေတန်"

ပြီးတော့ 'ညောင်ချောင်း'သို့ နေ့လယ် ၂ နာရီ ရောက်ပါပြီ...

"ဒီနေ့ ဘုတ် စောမယ်"

ခရီးသည်များထံမှ အားတက်သံ။ ခရီးသည်တိုင်းသည် မိမိ တို့၏ ခရီးဆုံးကို ရောက်ချင်စိတ် စောတတ်ကြမြဲ။ မျှော်လင့်စွာ မှန်းဆ တတ်ကြမြဲပါ။

ရခိုင်ပြည်နယ်၏ နာမည်ကြီးမြစ်တစ်ခုဖြစ်သော 'မေယုမြစ်' သည် လှပအေးငြိမ်းစွာ စီးဆင်းနေပေသည်။

ဤမေယုမြစ်ကြောအတိုင်း 'အောင်သီဟဘုတ်'သည် တည်ငြိမ် မှန်စွာ မောင်းနှင်လာရာမှ...

ညနေ ၄ နာရီတွင်...

မေယုမြစ် ပတ်ခွေစီးဆင်းရာ မြန်မာနိုင်ငံ၏ အနောက်ဘက် အစွန်ဆုံးကျသော နယ်ခြားမြို့ဖြစ်သည့်...

ဘူးသီးတောင်မြို့သို့ ဆိုက်ရောက်ခဲ့ပါပြီ။

✱ ✱ ✱



www.burmeseclassic.com

www.burmeseclassic.com

## အခန်း တစ်ဆယ့်ရှစ်

မှတ်သုံ့ဦးလေးသည် ကြမ်းတမ်းစွာ တိုက်ခတ်နေ၏။

ချစ်ငုံဖူးတို့ တည်းခိုရာ ဘူးသီးတောင် ဘန်ဂလိုသည် မြို့
ကျပြီး ကွင်းပြင်ကျယ်များ၏ အလယ်မှာမို့ လေသည် ဗိုလ်
အဆောက်အအုံလေးကို သိမ့်သိမ့် တုန်စေသည်။

"လေတွေ သိပ်တိုက်နေတယ်၊ သမီးမလိုက်ချင်ဘူး... ခေါ
လည်း မူးနေလို့ ဖေဖေ"

"ဒါဖြင့် ဦးလေးပါနေခဲ့၊ ချိုင့်နဲ့ ကျွန်တော် ထမင်းသွား
လာခဲ့မယ်လေ"

"အို...နေပါစေ၊ တခြား ညှော်သည်တွေလည်း ဒီမှာရှိတာ
ငုံ အိပ်နေခဲ့မယ်၊ မကြောက်ပါဘူး"

"ဖြစ်ပါ့မလား သမီး"

"ဖြစ်ပါတယ် ဖေဖေရဲ့၊ သမီး နေခဲ့ပါရစေ၊ ပစ္စည်းတွေလည်း
စိတ်မချဘူး။ ခေါင်းလည်းမူးနေလို့၊ ပြီးတော့...ထမင်းဆိုင်မှာ





ဟင်း၊ ငါးပိ တို့စရာတွေနဲ့ အစုံစားရမှာ၊ ဒါမှ ဖေဖေက စားကောင်း
..."

"ဟုတ်တယ်ဦး၊ ကျွန်တော်ကြားဖူးတဲ့ မောင်းတော မြန်မာ
..င်းဆိုင်လေးဟာ တော်တော်ကောင်းပါတယ်တဲ့။ မြန်မာစားပွဲနဲ့
..မှာထိုင်စားရတာ ကိုယ့်အိမ်မှာ စားရသလိုပါပဲ၊ ကုန်သည်တွေက
..ကထပ်မှာတည်းတယ်၊ ထမင်းဆိုင်က အပေါ်ထပ်ကလေးမှာတဲ့၊
..တော်တို့ရုံးကလူတွေ သွားဖူး၊ စားဖူးကြတယ်"

"ဘာ ကုန်သည်တွေလဲ"

"ဩော်...ဒီမှာတော့ ဘင်္ဂလားဒေ့ရှ် ဘက်ကမ်းကလာတဲ့ အဆိုး
..တွေ လာဝယ်ကြ...သယ်ကြတဲ့ မှောင်ခိုကုန်ကူးနေတဲ့ ခရီးသည်
..ပါ"

"ဩော်...အေး...၊ စပို့ရှပ်တွေ၊ အမွေးထည်တွေ၊ ဘလောက်(စ်)
..ပုံတိုက်ပဲ၊ စစ်တွေမှာ တွေ့ခဲ့တယ်"

"စစ်တွေတင် မကတော့ပါဘူး၊ မြန်မာပြည်အနှံ့ အဟောင်း
..ည်တွေ ပြန့်နှံ့နေပါပြီ"

စကားအပေးအယူ သင့်မြတ်လှလွန်းသူ နှစ်ယောက်သို့
..ပြီး ချစ်ငုံဖူးက စိတ်မရှည်နိုင်စွာဖြင့်...

"ကဲ...ဖေဖေတို့ရယ်၊ မတွေ့ကြမယ့်လူတွေလည်း မဟုတ်ပါ
..သွားမှာ သွားပါတော့၊ သမီးဖို့သာ လွယ်တာ တစ်ခုခုဝယ်ခဲ့ပါ။
..ချုပ်သွားရင် ခက်နေပါဦးမယ်"

www.burmeseclassic.com



နှစ်ယောက်လုံး ပြုံးကြသည်။ ချစ်ငုံဖူး၏ စကားကို နာခံသ[illegible]သော အမိန့်တစ်ခုလို ဂရုပြုပြီး ဖေဖေနှင့် မင်းမြတ်မင်းတို့ ထွက်သွ[illegible]ကြလေတော့သည်။

အဆင်သင့်ပင် ဘန်ဂလိုသို့ ပြန်လာသော ဝန်ထမ်းတစ်ဦး[illegible] ဆိုက်ကား အားသည်နှင့် သူတို့ တက်လိုက်သွားကြသည်။ ဆိုက်က[illegible] တိုင်းလိုလို ကုလားများသာ နင်းကြကြောင်း ချစ်ငုံဖူး မြင်ခဲ့ရသည[illegible]

"ချစ်...မောင်က ဒီမှာ"

"အို"

ဖေဖေတို့ ထွက်သွားသည်ကို ကြည့်ပြီး ပွင့်နေသောအခ[illegible] ရှိရာသို့ အပြန်တွင် အရှေ့ဆောင်၏ ကုလားထိုင်အပေါ်မှ ထ[illegible] အနီးကပ် ခေါ်လိုက်သော ချစ်ငုံဖူး၏ ချစ်လှစွာသောမောင်...

"လာ...အခန်းထဲမှာပဲ စကားပြောကြမယ်"

"အို...ဖြစ်ပါ့မလား"

"ဘာလို့မဖြစ်ရမှာလဲချစ်ရဲ့။ တံခါးဖွင့်ပြီး ထိုင်စကားပြော[illegible] မှာပဲဟာ။ သူတို့ နောက်တစ်နာရီလောက်ကြာမှ ပြန်ရောက်ကြမှာ[illegible] ထမင်းစားဦးမှာ မဟုတ်လား"

"အင်း...ဒါပေမယ့် တစ်နာရီကြာချင်မှကြာမှာ၊ ပြန်လာ[illegible] ဒုက္ခ"

"မောင် နားပါးပါတယ်ဗျ။ သူတို့လာတာနဲ့ နောက်ဖေးဘ[illegible] ထွက်သွားမှာ၊ လာစမ်းပါအချစ်ရယ်...မခွဲနိုင်လွန်းလို့ လိုက်လာ[illegible]





[illegible]ကို မသနားဘူးလားဟင်"

အချစ်ဆိုသော အရာတွင် သနားကြင်နာရသော ခံစားမှုများစွာ [illegible]ရသည့်အထဲ မသနားဘူးလားဆိုတော့၊ ချစ်ငုံဖူးမှာ ရင်ခိုက် [illegible]အောင် အချစ်ဆုံးသို့ သနားမိရပြန်သည်။

တံခါးကို ကန့်လန့်မထိုးသော်လည်း ဟရုံလေး စေ့ထားပြီး [illegible]တစ်ခုပေါ်တွင် နှစ်ယောက်ယှဉ်၍ ထိုင်ဖြစ်ကြသည်။

"မောင်က ဒီမှာ တည်းခွင့်မရဘူး။ လူပြည့်နေလို့...မြို့ထဲ [illegible]ရမှာ"

"ဟင်...ဖြစ်ပါ့မလား၊ မြို့ထဲမှာ မောင့်အသိ ရှိလို့လား"

"မရှိပါဘူး။ မစိုးရိမ်စမ်းပါနဲ့။ မောင်က ဘာဖြစ်ဖြစ် ဖြစ်ပါ [illegible]ဘုန်းသီးတောင်မှာ မောင့်ခြေရာတွေချည်းပဲ"

"ဒီဘန်ဂလိုမှာ ဒီလိုပဲ အမြဲလူတွေ အများကြီးလားမောင်"

"ဘယ်ဟုတ်ရမှာလဲ၊ တစ်ခါတလေ သရဲချောက်မှာတောင် [illegible]ရသေးတယ်"

"သရဲရော ရှိလို့လား"

"ရှိတာပေါ့၊ သွေးစက်လက်နဲ့ လျှာကြီးက တံတောင်လောက် [illegible] မျက်လုံးနီကြီးက..."

"တော်စမ်းပါ...မဟုတ်တာတွေ၊ ဟိုဘက် ခုတင်မှာ ဖေဖေရှိနေ [illegible]ကြောက်သေးဘူး။ စကားအကောင်းပြောစမ်းပါကွယ်။ [illegible]ရတာ တကယ် ရင်ပူရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ရည်းစားဘဝမှာ ရင်ပူတယ်။ လင်မယားအ
ကျတော့ ဗိုက်ပူတယ်"

"ကဲ..."

နာချင်လည်း နာပစေတော့။ အားနှင့်ပင် သူ့ပေါင်ကို ထု
လိုက်မိသည်။

သူက အသံကျယ်ကျယ်ကြီးနှင့် ရယ်ပစ်လိုက်ပြီး ချစ်ငုံ့ဖူး
လက်သီးဆုပ်ကလေးကိုယူ၍ နမ်းသည်။

"မောင်ရယ်...စကားကောင်း ပြောစမ်းပါ"

"ဟုတ်ကဲ့၊ ကျွန်တော်ပြောချင်တဲ့အချစ်အကြောင်းက ဒီ
ခင်ဗျာ"

ချစ်ငုံဖူး ဘာမှမတုံ့ပြန်မိတော့။ သူ့ကိုသာ စိတ်ပျက်
ကြည့်မိသည်။

ချစ်ငုံဖူး၏ မျက်ဝန်းမှာ ချက်ချင်း သူ့အဓိပ္ပာယ်ရှာတွေ့သော

"ချစ်ရယ်...မောင်ပျော်လွန်းလို့ပါ။ ချစ်နဲ့ ခုလို လိုက်လာ
ခုလို နီးကပ်ခွင့်ရအောင် ကြံဆောင်နိုင်တဲ့ မောင့်ကိုယ်မောင် အ
ကြီးသွားလွန်းလို့ လွတ်သွားတာပါ။ ကဲ...ကဲ၊ ချစ် မေးချင်တာ
မောင် ဖြေမယ်"

"တစ်ခုပဲ သိချင်ပါတော့တယ် မောင်ရယ်"

"ပြောစေဗျား"

"မောင်...ငုံ့ကို တကယ်ချစ်တာမှ ဟုတ်ရဲ့လား။ မောင်
လူညာတစ်ယောက်များလားကွယ်။ ငုံ...တစ်ခုတောင်းပန်ပါရစေ





ာင်မညာပါနဲ့နော်"

နွမ်းသွားသော ငုံ၏မျက်နှာလေးကို မေးစေ့မှဆွဲယူမော့စေ
ာ...

"မောင်ဟာ ဘာပဲဖြစ်ဖြစ် ငုံ့ကို တကယ်ပဲ လိုက်လိုက်လှဲလှဲ
တယ်ဆိုတာတော့ ယုံပါ ငုံရယ်။ ဒါတော့ မောင့်ရင်ထဲက သစ္စာ
ပါကွယ်"

"မောင်"

"ငုံ..."

"မောင်ဟာ ဘာပဲဖြစ်ဖြစ်ဆိုတာ ဘာကိုပြောတာလဲဟင်"

"သြော်...မောင့်ဘဝ အတည်တကျမဖြစ်သေးတာကို ပြောတာ

"အဲဒါ ငုံသိပါရစေ မောင်ရယ်"

"မောင်ဟာ ငုံ့ဖေဖေသိနေတဲ့ သူဌေးသားတစ်ယောက်တော့
ဘူး ငုံ။ ဒါပေမယ့် ကိုယ့်ဘဝ တက်လမ်းအတွက် ကိုယ့်ဒူး
ကြိုးစားနေတဲ့ လူငယ်တစ်ယောက်ပါ"

"မောင်...ဘာတွေလုပ်နေလဲဟင်"

"ရေလုပ်ငန်းမှာပဲ တိုးတက်အောင် သိပ္ပံနည်းကျ ငါးဖမ်း
ကို ပျိုးထောင်နေတယ် ငုံ၊ နိုင်ငံခြားအထိ ဆက်သွယ်မယ်၊

"အဲဒီလို လုပ်လို့ ရလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ရတာပေါ့၊ အင်းလေးလံဆွဲတာတွေ၊ ဘာတွေ မကြ
ဘူးလား"

"ကြားဖူးပါတယ်။ ဒါပေမယ့် ဘယ်လိုလုပ်ပြီး နိုင်ငံခြား
ရမှာလဲ"

"မောင်ခို စက်လှေတွေနဲ့ပေါ့၊ လုပ်ငန်းက သိပ်ကျယ်ပြန့်
ငံနှားလည်မှာမဟုတ်ပါဘူး"

"မောင်ရယ်...မောင့်ဘဝရော မောင့်လုပ်ငန်းကရော ရင်
စရာကောင်းလိုက်တာနော်"

"ငံ မကြိုက်ရင် တခြားနိုင်ငံကို မှောင်ခိုကူးတဲ့အဆင့်ထိ
မလုပ်တော့ဘူးလေ။ မြန်မာပြည်မှာတော့ ရေလုပ်ငန်းနဲ့
ချမ်းသာနေကြတဲ့ သူဌေးတွေ အများကြီးပဲ ငံရဲ့"

ချစ်ငံဖူးမှာ ဖေဖေတို့ကြိုက်မည်မဟုတ်သော အကုသိုလ်
သည့် ရေလုပ်ငန်းအတွက် တစ်ခါ စိတ်ထင့်ရပြန်ပါပြီ။

"ဒီတော့ မောင်ပြောချင်တာက မောင့်ဘဝအတွက် တ
မောင် ကြိုးစားနေမယ်...မောင့်ဘဝ အတည်မကျသေးသမျှ အ
မောင့်ပေါ်မှာ သစ္စာရှိနေပါလို့"

"မိန်းမတွေ တကယ်ချစ်လာပြီဆိုရင် တန်ဖိုးအထား
သစ္စာတရားပါမောင်ရယ်။ ဒီစကားကို ငံက ပြောရမှာပါရှင်

တစ်ဦးနှင့်တစ်ယောက် တောင်းခံမှု ပေးဝေမှုများဖြင့်
ခြင်း၏ နောက်ကွယ်မှာ အချစ်သည် မြင့်မားစွာ ရှင်သန်နိုးကြ





သိက္ခာကို ထိပါးစေသော ထိတွေ့မှုများ မရှိသော်လည်း
မွှတ်နိုးခြင်း အနမ်းများစွာသည် ချစ်ငံဖူး၏ နဖူးပြင်၊ ပါးနုနုနှင့်
ည်တိုင်ကြောကြောများအပေါ်သို့ အနှံ့အပြားရောက်ပြီး အနမ်းသည်
နှုတ်ခမ်းနွေးနွေးပေါ်မှာ ကြာမြင့်စွာ ရပ်တန့်ပါသတည်း...

"မောင်ရယ် ဖေဖေတို့ ပြန်လာတော့မယ်ထင်တယ်။ သွားတော့
"

"နေပါရစေဦးချစ်ရာ...မောင့်ကို မနှင့်ပါနဲ့"

"ငံကလည်း ဘယ်ခွဲချင်ပါ့မလဲ။ တွေ့သွားရင် ပြဿနာ
တ်မှာ"

"ဟို အင်ဂျင်နီယာကောင်က ဘာလို့ လိုက်ရှုပ်နေတာလဲ'

"လိုက်ပိုတာတဲ့လေ"

"ငံကို ကြိုက်နေတာမဟုတ်လား"

"ကြိုက်လို့ လဲသေသွားစမ်းပါစေ၊ မောင် ငံ့ကို မပစ်သွားသမျှ
သူမှ ငံ့ချစ်သူ မဖြစ်စေရပါဘူး...စိတ်ချပါ"

"ဒီမျက်ဝန်းလေးတွေ ဒီနှုတ်ခမ်းလေးတွေမှာ သစ္စာတရား
သည့်ရှိလို့ ဟောဒီနှုတ်ခမ်းက ဖြစ်လာတဲ့ စကားသံပါလို့ မောင်
ယုံကြည်ပါတယ် ချစ်ရယ်"

"ငံကလည်း မောင့်ကို ယုံပါရစေနော်... ကိုယ့်ချစ်သူရဲ့ အချစ်
ယုံရပေမယ့် ဘဝကို မယုံရ မသိရသေးတာ အသည်းနာစရာ
"



www.burmeseclassic.com

www.burmeseclassic.com



"မောင့်ဘဝက ဝင်ကစွပ်ဖြစ်နေသေးလို့ အသေးစိတ် မပြော နိုင်တာပါငုံ"

"ဝင်ကစွပ်...ဟုတ်လား"

"ဟုတ်တယ်"

"ဒါဖြင့် မောင့် ကိုယ်ပိုင်ဘဝ ပျောက်ဆုံးနေတယ်လို့ ပြော ပေါ့ ဟုတ်လား။ ပင်လယ်ကမ်းခြေက ဝင်ကစွပ်ဆိုတာ ကြုံရာ ခရုခွံ ဝင်ပြီး သူ့ဘဝပျောက်ဆုံးစေတယ်။ ပြီးတော့ ဘဝသစ် အမျိုးမျိုး မွေးဖွားနေတဲ့ သတ္တဝါပဲလေ မောင်"

"ဟုတ်တယ်။ ခုလည်း တိုးတက်ထွန်းရဲ့ဘဝကို ခဏငှားထား ရသလိုပဲ မောင်လှုပ်ရှားနေရတာ ငုံ..."

"အဲဒါ ဘာဖြစ်လို့လဲကွယ်"

"ဩော်... ဝင်ကစွပ်လို ခေတ္တ ဘဝဖျောက်ထားမှ ဖြစ်ရ အခြေနေမို့ပါငုံ"

"ချစ်သူဘဝ ရောက်ကြပြီ၊ ခုထိ အဖြစ်မှန်ကို သိမရသေး တော့..."

"ဟာ...ပြန်လာကြပြီငုံရေ"

"ဟင်...တကယ်လား...သွား...သွားတော့မောင်"

"ငုံ့ကို သိပ်ချစ်တယ်။ ဒါတစ်ခုတော့ ယုံနော် ငုံ မောင်သွား

အရေးကြီးသောစကားများ မပြီးပြတ်မီ မောင် လစ်ပြေးလေ သူ နောက်ဖေးလှေကားမှ ဆင်းသက်သွားပြီးသည်နှင့် အခန်းဝ ဖေဖေ့ကို မြင်တွေ့လိုက်ရပါပြီ။





"သမီး ဆာနေပြီလား"

"မဆာပါဘူးဖေဖေ"

"ရင်ပြည့်နေသလား"

"ဟုတ်ကဲ့ဖေဖေ"

"လေခံနေတာထင်တယ်။ အစာစားလိုက်သမီး"

ဦးလှစိုးချစ်က ထမင်းချိုင့်ကို ခုံပေါ်တင်ရင်း ပြောရှာသည်။

"ဖေဖေရေ...ရင်ထဲမှာ...လေခံနေတာမဟုတ်ဘူး။ အချစ်တွေ လို့ ဖေဖေ့သမီး ရင်ပြည့်နေတာလို့သာ ပြောလိုက်ချင်ပါပြီ"

ထိုနေ့ညက ထမင်းသည် အရသာ ကင်းမဲ့လှချေသည်။ အိပ်ချိန်ကိုမူ မောင်နှင့်ပတ်သက်သော အတွေးတို့က ယူလိုက် ကြသည်။

အချစ်ဆုံးနှစ်ယောက်တို့ ဆုံဆည်းခွင့် ရကြပြီးသည်၏ နောက်

တွေ့ရချိန်ထက် တွေးရချိန်က ပိုမို၍ ကြာမြင့်လှပါကြောင်း သူတိုင်း၏နောက်မှ ချစ်ငုံဖူး သိခွင့်ရခဲ့ပါပြီ။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း တစ်ဆယ့်

'မရှု'ဟု ရကောက်သံနှင့် ရခိုင်တို့ ခေါ်ဆိုကြသော 'မေယု
သည် ဘူးသီးတောင်မြို့လေးကို လုပစ္စာ ရစ်ခွေစီးဆင်းနေပေသ

ရွှေဘူးသီး ရှိသည်ဟူသော သိုက်သမိုင်းအဆိုအရ ဘူး
တောင်ဟု မှည့်ခေါ်ထားသော ဘူးသီးတောင်ပေါ်မှ စေတီတော်
ဘက်ရောက်ဖူးမြော်ရင်း မြို့ရှုခင်းကို အပေါ်စီးမှ ကြည့်မြင်ရသ

ဘင်္ဂလားဒေ့(ရှ်)လူမျိုး ကိုးဆယ်ကျော် ရာခိုင်နှုန်း နေထိုင်
သော ဤဘူးသီးတောင်တွင် ကျန်ရှိသော ဆယ်ရာခိုင်နှုန်း မပြည့်သ
မြန်မာအစိုးရ ဝန်ထမ်းများနှင့် ဌာနေ ရခိုင်တိုင်းရင်းသား တို့
ဗုဒ္ဓဘာသာကို အလေးထား ကြည်ညိုကြသည့် သက်သေပါဝင်

ဘင်္ဂလားဒေ့(ရှ်)အမျိုးသားတို့သည် သူတို့၏ အစ
တရားတော်အရ ဇနီးလေးယောက်အထိ တရားဝင် လက်ထ
ရှိသဖြင့် လေးယောက်ပြည့်အောင် လက်ထပ်သူများ၏ ပေါက်ပွား
ကလေးဦးရေနှုန်းကလည်း မတန်တဆပါ။





အိမ်နီးချင်း နှစ်နိုင်ငံချင်း ချစ်ကြည်ရင်းနှီးမှုကို အဓိကထား၍ လူဦးရေ များပြားလှသော ဘင်္ဂလားဒေ့(ရှ်)နိုင်ငံမှသည် သည်ဘက်သို့ ခိုဝင်လာကြသူများကို တရားဝင် လက်ခံခဲ့ကြရသည့်အတွက် ဤ နယ်ခြားမြို့လေးမှာ မြင်သမျှ တွေ့သမျှ ဘင်္ဂလားဒေ့(ရှ်)လူမျိုးများ ချည်းသာ။

ရခိုင်လူမျိုးတို့အတွက် မြင့်မြင့်မြတ်မြတ် ထိုက်ထိုက်တန်တန် ဂုဏ်ပြုအပ်သော အချက်တစ်ခု ရှိပါသည်။

သွေးရောနှော မခံခြင်းပါ။

ရခိုင်အမျိုးသမီးတစ်ယောက်သည် မည်မျှ ဆင်းရဲပါစေ။ လူမျိုးခြား ဘာသာခြား လူမျိုးများကို လုံးဝ လက်မထပ်ကြကြောင်း ဘူးသီးတောင် မောင်တောဘက်မှာ ကိုယ်တွေ့မျက်မြင် ကြည့်ရှုနိုင်ကြ ပါသည်။

အောင်သိဒ္ဓိဘုရား၊ သပြေကုန်းစေတီ စသည်များကို ဖူးမြော်ပြီး ဘန်ဂလိုနှင့် မဝေးလှသော ဆေးရုံရှေ့မှ ဖြတ်လျှောက်လာခဲ့ကြစဉ်...

"မနက်က လက်ဖက်ရည် သွားဝယ်တော့ သဘော်ဆိပ်မှာ ကိုတိုးတက်ထွန်းနဲ့ ကျွန်တော် တွေ့ခဲ့သေးတယ်"

ရင်လှုပ်ရှားစေသော၊ စကားမို့ နားစွင့်နေရသည်။ မမေးရဲ။

"ဒီကောင် ဒီဘာလာ လုပ်ပြန်ပလဲ။ သမီးနဲ့ရော တွေ့သေး သလား"

"ဖေဖေကလည်း၊ ဘယ်လိုလုပ် တွေ့မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ ဦးရဲ့၊ ငုံက ဘန်ဂလိုက ဘယ်မှ,မှ မထွက်ရ
တာ"

မင်းမြတ်မင်း၏ စကားကို ယုံထိုက်စရာဟု ခံယူသည်။
သမီး၏ မုသားကိုဖြင့် မသိရှာ။

"ဒီမနက် ထွက်တဲ့သင်္ဘောနဲ့ သူပြန်သွားပြီ၊ သင်္ဘောပေါ်
တက်သွားတာ မြင်လိုက်တယ်။ သူကတော့ ကျွန်တော့်မမြင်ပါဘူး"

"သူ ပြန်သွားပြီ"

ဟူသော အသိသည် ရင်၌ ကွက်လပ်တစ်ခုကို ဖြစ်ထွန်းစေ
ခဲ့ပါပြီ။

တာဝန်ကျ နေထိုင်ရမည့် မောင်တောမြို့အထိ သူ့ကို လိုက်
စေလိုသည်။ ကြုံတတ် ဖန်တတ်သောသူနှင့် ကြုံဖန်၍ တွေ့ဆုံချင်
ပါသော်လည်း...

သူ ပြန်သွားပြီတဲ့။

ဆေးရုံလွှန်တော့ ရေကန်လေးဆောမှ ဖြတ်သန်းပြီး ဘန်ဂ
သို့ မဝင်တော့ဘဲ မြို့ထဲသို့ သုံးယောက်သား ဆက်၍ လျှောက်ခဲ့
သည်။

အောင်ဆန်းလမ်းနှင့် မင်းထိလမ်းတို့တွင်သာ ကတ္တရာလမ်း
ရှိပါ၏။ မြို့ကျဉ်းသော်လည်း လူဦးရေကဖြင့် ထူထပ်သား။

ယနေ့ နံနက်စာကို ဖေဖေတို့၏ရုံးမှ ဝန်ထမ်းက ကျွေးမွေး
ပြီး ယနေ့ နေ့လယ်မှာပင် မောင်တောမြို့သို့ သွားရောက်ကြ
ကားများလည်း စီစဉ်ပြီးဖြစ်ပါ၏။





'အချစ်ဦးနှင့် ဆုံတွေ့ရန်' ဆိုသည့် မျှော်လင့်ချက်မဲ့သော
လမ်းခရီးသည် ငြီးငွေ့ပူလောင် ချောက်သွေ့လှချေသည်သာ။

❋ ❋ ❋

'မေယုရိပ်သာ'ကို လှပခန့်ညားစွာ မြင်တွေ့ရသည်။ ဌာန
ရှိရာ လူကြီးများတည်းခိုရန်အတွက် ဖြစ်ပါ၏။

"မောင်တောနဲ့ ဘူးသီးတောင်က ၁၆ မိုင် ဝေးတာ။ ၈ မိုင်ဆီ
ဘက်နယ်မြေ၊ ဟိုဘက်နယ်မြေဆိုပြီး ပိုင်းခြားထားတယ်လေ၊
ကြည့်လိုက်စမ်း ငုံ၊ မေယုတောင်တန်းကြီးတွေ လှတယ်နော်..."

"ဒါ...မေယုတောင်တန်းလို့ ခေါ်တယ်လား"

"ဟုတ်တယ်။ မြစ်ကို အစွဲပြုပြီး ခေါ်တာလား တောင်ကို အစွဲ
ခေါ်တာလားတော့ မသိဘူး။ မေယုမြစ်နဲ့ မေယုတောင်တန်းလို့
ကြတာပဲ"

"ဒီလမ်းမှာ တောနက်တော့ တစ်ခါတလေ ဆင်အုပ်လိုက်
ဆါက ဖြတ်သွားတာကို လူတွေ တစ်ခါတစ်ရံ တွေ့ကြရတယ်

"အင်းနော်...တောကြီးတွေက ညို့ညို့ ဆိုင်းဆိုင်းနဲ့ ရင်အေး
ဆောင်တက်လမ်းကလည်း သိပ်မမြင့်တော့ ကြောက်ဖို့လည်း
ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကကြီးတက် တစ်ခုပဲ နည်းနည်းမြင့်မယ် ထင်တယ်
တော်ကြာ လိုဏ်ခေါင်းကို ဖြတ်ရမယ်"

"ရှမ်းပြည်နယ်သွားမီးရထားတွေ လိုဏ်ခေါင်းဖြတ်ရသလ
လားဟင်"

"ဒီအတိုင်းပါပဲ ငုံ။ ဒါပေမယ့် သိပ်တော့ မရှည်လှဘူး၊ စစ်ကြ
ခေတ် အင်္ဂလိပ် လက်ထက်က မီးရထားလမ်း ဖောက်ထားတာတဲ့"

"ခုရော"

"မီးရထားသွားလို့ မရတော့ပါဘူး။ အင်္ဂလိပ်စစ်ဗိုလ်ချု
တစ်ယောက် ကျခဲ့းတာ မှတ်တိုင်စိုက်ထားသေးတယ်"

"ဩော်"

"ဟိုမှာကြည့်လိုက်စမ်း ငုံ။ ကျွန်းစိုက်ခင်းတွေ ပျိုးထားတ
လှတယ်နော်။ နောင်ဆို အဖိုးတန် ကျွန်းသစ်တွေ ဒီနယ်မြေ
ထွက်လာနိုင်တော့မှာ..."

"ဟုတ်ကဲ့"

ဖေဖေသည် သူ့ဌာနမှ လာကြိုဆိုသော အမျိုးသားကြ
တစ်ယောက်နှင့် ရှေ့ခန်းမှထိုင်ပြီး သမီးချောလေးကို နောက်ခန်း
ပစ္စည်းများနှင့်အတူ တောင်းစုတ်တစ်လုံးလို ပစ်ထားသည်ဟု မေမေ
စိတ်ဆိုးနေမိသည်။ မင်းမြတ်မင်းနှင့် နှစ်ယောက်တည်း လာရသည
စိတ်ကျဉ်းကျပ်သလိုလိုပါ။ ချစ်ငုံဖူးနှင့် တမင်နီးစပ်အောင် ထားပေ
ခြင်းလား၊ ရှေ့ခန်း ဒရိုင်ဘာဘေးမှ လူကြီးနှစ်ယောက်စီးမှ သင့်တေ
မည်ဟူသော အတွေးနှင့်လားတော့ မသိပါ။





ကားလမ်းတစ်လျှောက်လုံးတွင် တောတန်းသွယ်များမှ ထွက်
ကြသော တိုင်းရင်းသား မျိုးနွယ်စုများကို မကြာခဏ တွေ့ရသည်။
ချောင်ထုံးများနှင့် စောင်စင်းများကို သိုင်းခြုံထားသော
မျိုးသားကြီးများနှင့်...

ပုတီး–သန္တာနီ စသော ဆွဲကြိုးများဆွဲလျက် ဒူးဆစ်သာသာ
သော ဂျပ်ခုတ်လက်ယက်ထည်များကို ထဘီလို ပတ်ဝတ်ထား
သော အမျိုးသမီးများစွာကို...

ထင်းများ သယ်လျက်။ အသီးအရွက်များ ခူးလာသည့်
တောင်းကို ပလိုင်းလိုလွယ်လျက် တွေ့ရသည်။

သူတို့သည်...

မြို့ ''ခမီ''သက်'နှင့် 'ဒိုင်းနက်'များ ဖြစ်ကြသည်။ (မရမာကြီး)
ခေါ်သော လူမျိုးအုပ်စုသည်လည်း ဤနယ်တစ်ဝိုက်တွင် ရှိလေ

မြန်မာပြည်၏ အနောက်ဘက် အစွန်ဆုံးကျသော နယ်ခြားမြို့
တောင်တောသို့ မရောက်မီ လှပသော ရှုခင်းသစ်များကို ငုံ ငေးမော
ငေးကာ မပြောဖြစ်ဘဲ လိုက်ပါလာမိစဉ်...

"ကိုယ် ညနေ ပြန်ရတော့မှာ ငုံ"

"ဟုတ်ကဲ့"

"သဘော်ရှိရင် နက်ဖြန် ပြန်တော့မှာ"

"မောင်းတော်က ဘာနဲ့ပြန်မှာလဲ"

"လိုင်းကားရှိလည်း တစ်ယောက်တစ်ဆယ်နဲ့ ပြန်လို့ရပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဌာနဆိုင်ရာကားက ဒုက္ခသည် ကယ်ဆယ်ရေးလုပ်ငန်း အသုံးချဖို့ ပေးထားတဲ့ ကုလသမဂ္ဂရဲ့ လဲန်ရိုဗာလည်း ကြ ခွင့်တောင်းပြီး စီးသွားလို့ရပါတယ်”

“ဒုက္ခသည်ဆိုတာ ဘယ်သူ့ကို ပြောတာလဲ”

“ဘင်္ဂလားဒေ့(ရှ်)ဘက် ကမ်းက စားနပ်ရိက္ခာ မဖူလုံဘဲ ဒီဘ ကို ခိုလှုံခွင့်တောင်းနေကြသူတွေကို ပြောတာပါ၊ မကြာသေးခင်က ဟာသံ့ာစိမ်ချက်နဲ့ ချစ်ကြည်ရေး ရှေ့ရှုပြီး ပြန်လက်ခံခဲ့တာ သော ပြီး ပြန်ဝင်လာခဲ့ကြတယ်လေ”

“ဟုတ်တယ်...ဘယ်နှဦး လက်ခံပြီးပြီဆိုတာတွေ သတင် ထဲမှာ ပါပါတယ်”

“ဟုတ်ပါတယ် ငုံ။ အခုတော့ အားလုံး နေသားကျပြီထင် လမ်းကလည်းကောင်းတော့ ၁၆ မိုင်ဆိုတာ ဘာမှ မဝေးရဘူး ရောက်တော့မှာ။ ငုံ့ကို ကိုယ် ပြောစရာရှိနေပါတယ်”

“ဟုတ်ကဲ့”

ဒီခရီးဆုံး ဘူတာသို့ မဖြစ်မနေ ဆိုက်တော့မည်မှန်း သိ လည်း ကားထဲတွင် နှစ်ယောက်တည်းမို့ ရှောင်လွှဲစရာ နေရာ မ

“ငုံ ဘွဲ့ရအောင် ပညာသင်ပါဦး၊ ပြီးရင်လည်း ငုံကျေနပ် အချိန်အထိ ကိုယ် စောင့်ပါမယ်၊ အဲဒီအခါကျရင်သာ ငုံ့ကို လက်ထပ်ပါရစေ”

သိထားပြီးသားမို့ မအံ့ဩသော်လည်း မျက်နှာကို ဘ ထားရမည်မှန်းမသိအောင် ရှက်ရွံ့စိတ်က ကဲဝုန်လာသည်။





“လက်ထပ်ခွင့်ကို ကြိုပြီး တောင်းတဲ့အတွက် ကိုယ့်စကားက သာကြီးသွားမိသလား မသိတော့ပါဘူး ငုံရယ်၊ မပိုင်ဆိုင်ရမီ ကာလအတွင်းမှာလည်း အို...အခုချိန်မှာလည်း ကိုယ်ဟာ ငုံ့ကိုလေ ထဲ နှလုံးသားထဲက နင့်နင့်နဲနဲ လှိုက်လှိုက်လှဲလှဲ ချစ်ပါတယ်ဆိုတာ ရယ်... ယုံကြည်ပါကွယ်နော်”

ကိုယ် ကိုင်းညွှတ်၍ မျက်နှာကို အနီးကပ် ကြည့်ပြီး ရင်တွင်းမှ အားလုံးများကို ဖွင့်လှစ်နေပါသော်လည်း ငုံ၏ လက်ကလေးကိုပင် ဆွဲမယူ...၊ နှုတ်ခြင်းများဖြင့် အလှအပတို့ စုစည်းရာ ချစ်သူ၏ မျက်နှာလေးကိုသာ မင်းမြတ်မင်း မြတ်နိုးစွာ ငေးကြည့်နေရှာသည်။

ဘာစကားမှ မပြောဖြစ်ကြတော့...

ချစ်ငုံဖူးသည်သာ သက်ပြင်းရှိုက်လိုက်ပြီး အားမာန်များစွာ ချက်...

“ငုံ တစ်ခု ပြောပါရစေ”

“ပြောပါ ငုံ”

“ငုံ အစ်ကို့ကို ခင်ပါတယ်၊ ငုံတို့ သားအဖအတွက် အခုလို ဒုက္ခခံပေးနေတာကိုလည်း ကျေးဇူးတင်ပါတယ်”

“ဟာ...ဒါကို ဒုက္ခလို့မှ အစ်ကိုက မထင်တာ၊ ငုံကလည်း”

အစ်ကိုဟု ငုံက ခေါ်လိုက်သဖြင့် သူက ရင်းနှီးသွားသလို မြန်မြန်ပြန်ပြောသည်။

“ငုံ ဆက်ပြောပါရစေနော်”

“ပြောပါ ငုံ...ပြောပါ”



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလောက် နှစ်အကြာကြီး အချိန်အကြာကြီးလည်း စောင့်မနေပါနဲ့လေ၊ ဘာဖြစ်လို့လဲဆိုတော့ ငုံ့မှာ ချစ်သူရှိနေပြီ"

ငုံ့မှာ ချစ်သူရှိနေပြီဆိုသော စကားကို ကြားလိုက်ရသဖြင့် သူလန့်သွားမည်။ လန့်သွားမည်။ ခွာသွားမည်။ နောက်ဆုတ်သွားစေမည်ဟု ငုံ ယုံကြည်ထင်မှတ်မိသော်လည်း သူက ပို၍ လွှင်လွှင်ကြည်ကြည်ပြုံးလျက်...

"အစ်ကို့ကို နောက်ဆုတ်သွားအောင် တမင်ပြောတဲ့စကားပါ ငုံရယ်၊ အစ်ကိုသိပါတယ်"

"အို...မဟုတ်ပါဘူး"

"ဟုတ်ပါတယ်ဗျာ၊ အစ်ကို့ ညီမဝမ်းကွဲက ငုံတို့ အာရ်စီတူးက ငုံ့ရဲ့အချစ်ဆုံးသူငယ်ချင်း 'ယုနွယ်'လေ၊ အစ်ကို အကုန်စုံစမ်းပြီးပါပြီဗျာ၊ ငုံ့မှာ လိုက်သူသာရှိတယ်၊ ငုံက ကြိုက်သူ မရှိသေးပါဘူးတဲ့–ကဲ...ဘယ်လို ညာချင်သေးလဲ၊ ပြောလေ"

ယုနွယ်သည် ငုံတွဲခဲ့သည့်အထဲမှ အရင်းနှီးဆုံး သူငယ်ချင်းတစ်ယောက်။ ငုံ၏အကြောင်း သူ့အလုံးစုံ သိရှိပါသည်။ ကိုမင်းမြတ်မင်းသည် ငုံ့အတွက် အသေးစိတ်လေ့လာ၊ အသေအချာစုံစမ်းထားပြီးသူပါလား...

"ဟုတ်တယ်၊ ဟိုတုန်းက မရှိဘူး၊ ခုမှ ရှိတာ"

"ဒါတော့ ဆက်မညာပါနဲ့ငုံရယ်၊ စစ်တွေရောက်တာမှ ရက်ပိုင်းရှိသေးတာ၊ ဒီလောက်ထိန်းသိမ်းလာတဲ့ မိန်းကလေးက ဘယ်မှာ ချက်ချင်းကြီး ချစ်သူရှိနိုင်ပါမလဲဗျာ"





သည်သို့ အပြောခံရတော့လည်း မိမိ၏ အဖြစ်အတွက်တသည် ရိပ်မိုးလာသလိုလို...

ဆက်၍ ပြောဆိုရန် စကားလုံးများ ပျောက်ဆုံးကုန်တော့

"ငုံ"

"ငုံ"

"ရှင်"

ထပ်ဆင့်ခေါ်မှ ထူးမိသည်။

"သိပ်ပြီး ချစ်တတ်တဲ့မေတ္တာ လွန်ကဲသူတိုင်းဟာ ပေးဆက်ခြင်းခွင့်ရနိုင်ပါဘူး ငုံရယ်၊ တုံ့ပြန်သည်ဖြစ်စေ မတုံ့ပြန်သည်ဖြစ်စေ ပေးဆက်နေချင်တတ်တဲ့ မေတ္တာအမျိုးအစားထဲမှာ အစ်ကို့ပါပါတယ်ငုံ"

ဆက်ပြင်းချရုံ... မျက်နှာငုံ့ထားရုံကလွဲ၍ ချစ်ငုံဖူး ဘာမှမရှိတော့ပါချေ။

"ဒါကြောင့် ငုံ့ဘက်က တုံ့ပြန်မှုဆိုတာက ဒုတိယအဆင့်ချက်ပါ။ ပထမဆင့်ဖြစ်တဲ့ အစ်ကို့ရဲ့ မေတ္တာကိုတော့ ငုံ့ဆီကအကြောင်းကြောင့်ပဲဖြစ်ဖြစ် အစ်ကို ပြန်မရုပ်သိမ်းနိုင်တော့"

သိန်းကို ကျော်ပြီးနောက် မောင်တော‌မြို့တွင်းသို့ ဖြတ်



www.burmeseclassic.com

www.burmeseclassic.com



မောင်တော့ဘန်ဂလို တည်းခိုရိပ်သာသည် ငုံတို့ နေထိုင်ရာ
လ-ဝ-က ဝန်ထမ်းရိပ်သာနှင့် ကပ်လျက်။

"အစ်ကို့ကို စိတ်မဆိုးပါနဲ့လို့ တောင်းပန်ပါတယ်ငုံ"

"ဟုတ်ကဲ့"

"ငုံမကြိုက်ရင် အစ်ကို ဘာမှ ထပ်မပြောတော့ပါဘူး
ကတိပေးပါတယ်ငုံရယ်၊ ဒါပေမယ့် ငုံ့ပေါ်မှာ ကျရောက်ပြီးသား
အစ်ကို့ရဲ့ မေတ္တာကိုတော့ သက်ဆုံးတိုင် ပြန်လည် မရုပ်သိမ်းနိုင်ပါ
လို့သာ နောက်ဆုံး ပြောပါရစေတော့ကွယ်"

❋ ❋ ❋



## အခန်း နှစ်ဆယ်

မင်းကြီးကျောက်တန်းသည် ကုလားတန်မြစ်နှင့် ယှဉ်လျက်
တွေမြို့၏ အလှကျက်သရေကို ဖြည့်ဆည်းနေသည်သို့ပါ။

ပန်လင်ပင်ဟု နယ်မှာခေါ်ကြသော ထင်းရှူးပင်လေးများလို
သယ်ကဗွီးပင်များကို စနစ်တကျ စိုက်ထားသည့် ကမ်းခြေမှ
သားထိုင်ခုံလေးတွင်...

ဒေါက်တာမပန်းဝေသည် နွမ်းလျစွာ ထိုင်နေရှာသည်။

သူ့ရှေ့တွင် ကုလားတန်မြစ်သည် လှပ်ရှားစွာ စီးဆင်းလျက်
သည်မှာ သူ့ရင်နှယ်ပါလား။

ဒေါ်ရတနာခင်ဦးလှိုင်၏ အိမ်သည်လည်း ပန်လင်ရပ်ကွက်
ဆေးရုံနှင့် မဝေးလှ။ စာတိုက်ကြီး လမ်းဘေးမှသွားလျှင် မပန်းဝေ
ကျရာ ဆေးရုံနှင့် ဒေသကောလိပ်များကို မြင်သာနိုင်ပါသည်။

ရောက်စမို့ ဆေးခန်းလည်း ထိုင်စရာမရှိသေး၊ ဆေးရုံတာဝန်ပြီး
သာယာအေးငြိမ်းလွန်းသော စစ်တွေမြို့၏ လေညင်းခံရုပ်...



www.burmeseclassic.com

www.burmeseclassic.com



ဒေသမှာ သူထိုင်နေကျ။

ထိုင်ရသည်ကလည်း ထာဝရ တစ်ယောက်တည်းပါ။

"မမပန်းဝေ တစ်ယောက်တည်းလားဟင်"

အနီးကပ်ရပ်လျက် လေးစားရိုကျိုးစွာ မေးလာသော

ကလေးကို ကြည့်ပြီးသည်နှင့်...

"အို...ပိုးဝါ ပါလား"

"ဟုတ်ကဲ့...သူငယ်ချင်းတွေနဲ့လာတာ၊ ဟိုမှာ သူတို့အသိ

စကားပြောနေကြလို့ ပိုးဝါ မမဆီလာခဲ့တာ"

"လာ...ထိုင်လေ...ပိုးဝါ"

လွယ်ထားသော လွယ်အိတ်၏ ကြိုးစကို ရင်ဘတ်

လက်ဖြင့်လက်နှင့် ဘွန်းယူလိုက်ပြီး ဒေါက်တာမပန်းဝေ၏ အ

ဝင်ထိုင်သည်။

ပိုးဝါသည် ဒေါက်တာမပန်းဝေနှင့် ခြံချင်းကပ်လျက် အ

သူပါ။ မိကောင်းဖခင်၏ သားသမီးလေးမို့ လိမ္မာယဉ်ကျေး

အနေအထိုင်ပါ သိမ်မွေ့သည်။

"ပိုးဝါ ဆိုတဲ့ နာမည်လေးက သိပ်လှတာပဲနော်"

လို့ ဒေါက်တာမပန်းဝေ ရောက်စ ပထမဆုံးတွေ့

ပြောမိချိန်တွင်...

"ပိုးဝါဆိုတာ ရခိုင်မင်းသမီးတစ်ပါးရဲ့ နာမည်ပါ။

ကျောင်းက အမျိုးသမီးတွေ နေတဲ့ အဆောင်ကိုတောင် ပိုးဝါဆော

မှည့်ထားပါတယ်"





ဟု သူပြောပြခဲ့စဉ်က ဒေါက်တာမပန်းဝေ တွေးမိခဲ့သည်။

ရန်ကုန်တက္ကသိုလ်မှ ရိုးရာယဉ်ကျေးမှုကပွဲများ၊ ပြည်ထောင်စု

နေ့ ကပွဲများတွင် အဝါရောင်ဆင်ပြီး ပဝါကို ကျောမှာကပ်၊ လက်မှာ

တွဲလျက် လိပ်ပြာတောင်ပံလေးလို ဖြန့်ကား၍ က,လေ့ရှိသော

ပိုးဝါက'ကို ပြန်လည် သတိရမိပါ၏။

"မမ မပန်းဝေ ကြည့်ရတာ စစ်တွေမှာ မပျော်ဘူးထင်တယ်

နော်၊ အင်းလေ...စစ်တွေကလည်း ရန်ကုန်လောက်မှ ပျော်စရာ

မကောင်းတာ"

"ဘယ်ဟုတ်ပါ့မလဲ ပိုးဝါရယ်၊ ကြည့်ပါဦး၊ ဘယ်လောက်

သာယာအေးငြိမ်းတဲ့ နေရာလေးလဲလို့။ ရန်ကုန်မြစ်ဟာ အမြဲညစ်နွမ်း

ပြီး သင်္ဘောကြီးငယ်တွေနဲ့ ရှုပ်ထွေးနေတာပဲ။ ရန်ကုန်မြစ်ဆိပ်ရဲ့

အလှအပဆိုတာ ပျောက်ဆုံးနေတာတ်ပါတယ် ပိုးဝါ။ ပန်းဆိုးတန်း

ဆိပ်ကမ်းဆိုလည်း လေတော့ရပါရဲ့ လူတွေက အမြဲရှုပ်ထွေးနေတာ။

ဒီမှာ ကြည့်ပါဦး။ ကျောက်တန်းရယ်၊ ကျွန်းဆွယ်တွေရယ်၊ ပင်လယ်ပြာ

ကနေ ခွဲထွက်လာတဲ့ ကုလားတန်မြစ်ရယ်၊ ဘယ်လောက်လှသလဲ

ကွယ်..."

"ပိုးဝါတို့ရဲ့ စစ်တွေကို သဘောကျတယ်ဆိုလို့ ဝမ်းသာပါ

တယ် မမ"

"နေထိုင်ရတာ အားလုံး အဆင်ပြေပါတယ်ကွယ်...၊ အစား

အသောက်လည်း သိပ်ပေါတယ်။ ပင်လယ် ကမ်းထိပ်မြို့မို့ ငါးပုစွန်

သိပ်ပေါတယ်နော်၊ မမကြိုက်တဲ့ ကဏန်း၊ ကမာနဲ့ ဂုံးခေါက်တွေ



www.burmeseclassic.com

www.burmeseclassic.com



လည်း အမြဲလိုရလို့ စားရသောက်ရတာလည်း အဆင်ပြေပါတယ်
တစ်ခါတလေ စိတ်ညစ်တာက ကိုယ့်အကြောင်းနဲ့ကိုယ်ပါ"

"ပိုးဝါ ထင်တာပြောမယ်၊ မမစိတ်မဆိုးရဘူးနော်"

"သြော်...ပိုးဝါရယ်၊ ပြောချင်တာ ပြောနိုင်ပါတယ်ကွယ်၊ စိတ်မဆိုးတတ်ပါဘူး"

"တစ်ခါတလေ စိတ်ညစ်တယ်ဆိုတာ ဒေါ်ရတနာခင်ဦးလို့ ကြောင့် မဟုတ်လားဟင်"

"အို...မဟုတ်ပါဘူး။ သူ့ကြောင့် မမက ဘာကြောင့် စိတ်ညစ် ရမှာလဲ။ သူ့ကို ပိုးဝါတို့ ဘယ်လို သိထားလို့လဲဟင်"

"အဘွားကြီးက နည်းနည်း ကြောင်နေသလားလို့"

"သိပ်ပုံမှန်တော့ မဟုတ်ဘူး။ ဒါပေမယ့်...မမကို အတော်ပဲ၊ ဂရုစိုက်ရှာပါတယ်။ သူ ဒီအိမ်ကြီးကို ပြန်လာရတာလည်း ပျော်နေပုံရတယ် ပိုးဝါ"

"ဟုတ်တယ်၊ သူ့အိမ်ကြီးကို သူ သိပ်ခင်တွယ်တာတဲ့။ သူ ဦးထွန်းသာက တစ်ယောက်တည်း စိတ်မချလို့ ပြန်ခေါ်ထား သွားခဲ့ရတာတဲ့။ အခုလို မမပန်းဝေနဲ့အတူ ပြန်လာရ သူသိပ်ပျော်နေမှာပေါ့"

"ဟုတ်တယ်"

"ပြီးတော့ သူ့မြေးဟာ ဆရာဝန်မနဲ့ စေ့စပ်ရတယ်ဆိုပြီး သိပ်ဂုဏ်ယူနေပုံရတာ မမရဲ့။ ဒါနဲ့ မမတို့ ဘယ်တော့ လက်ထပ် မှာလဲဟင်"





လန့်ဖျပ်စရာ မေးခွန်းတစ်ခုကို ကြားလိုက်ရသလို ပိုးဝါသို့ ခနဲ လှည့်ကြည့်ပြီးမှ အရာရာကို ပြန်သတိရပြီး တည်ငြိမ်အောင် ဘားရင်း...

"လိုပါသေးတယ်ကွယ်"

"ဘာဖြစ်လို့လဲဟင်"

"ဘာရယ်တော့ မဟုတ်ပါဘူး။ မမကလည်း ဆရာဝန်မသာ ဆမယ့် ခုမှ အလုပ်ရတာမဟုတ်လား"

"သူကတော့ ရိုးရိုး ဘီအက်(စ)စီနော်"

မောင် ကြောက်လန့်အားငယ်တတ်စေသော မေးခွန်းမျိုးပါ ဤသို့ တထစ်နှိမ့်နေသော စကားများကို သူလည်း ယခုလို ခဏ ကြားရဖူးမည်ထင်ပါသည်။ ဒါကြောင့်သာ...

"ပိုးဝါ စကားပြောမှားရင် ခွင့်လွှတ်ပါနော်... မမ မပန်းဝေ"

ဒေါက်တာမပန်းဝေ မျက်နှာပျက်သွားသည်ကို အားတုံ့အားနာ သွားဟန်နှင့် ချက်ချင်း ဖုံးဖိဖာထေး ပြောဆိုရှာသည်။

"ရပါတယ်ကွယ်၊ ပိုးဝါစကားမှာ ဘာမှအမှားအယွင်း မရှိ "

"ဟုတ်ကဲ့၊ ဒါဆို ပိုးဝါ ပျော်သွားပြီ။ အဲဒီ အစ်ကိုတိုးတက်ထွန်း သိပ်ချမ်းသာတာပဲဆို"

"ဟုတ်ပါတယ်။ မမတို့ထက် ချမ်းသာပါတယ်၊ သူက အပြင် ရေးလုပ်ငန်းကို အားသန်တယ်လေ..."

"ကောင်းတာပေါ့ မမရဲ့၊ ဒါမှ ချမ်းသာသထက် ချမ်းသာမှာ"



www.burmeseclassic.com

www.burmeseclassic.com



ပိုးဝါသည် ဒေါက်တာမပန်းဝေ၏ ရင်တွင်းစိတ်ကို အက
မိဟန်တူသည်။ ချစ်သူ၏ နိမ့်ကျမှုအတွက် မြင့်တက်စေ
အားပေးစကားပါ။

"သြော်...ပိုးဝါကလည်း တခြားစကားတွေ ပြောနေမ
အရေးကြီးတာ ပြောမလို့ပါ မမ"

"ပြောလေ ပိုးဝါ"

"အစ်ကို မင်းမြတ်မင်းက မမနဲ့ ခဏလောက် တွေ့ချ
ပြောပေးပါ၊ ခွင့်တောင်းပေးပါတဲ့။ အဲဒါ အိမ်လာပြောမလို့ဆဲ
ဒီမှာလာတွေ့တာနဲ့..."

"မင်းမြတ်မင်း"

"ဟုတ်ပါတယ်၊ သူက ဖေဖေရဲ့ လက်အောက်မှာ တာ
နေတဲ့ အင်ဂျင်နီယာ တစ်ယောက်ပါ"

"အဲဒီလူက မမနဲ့ ဘာကိစ္စ တွေ့ချင်ရတာတဲ့လဲ ပိုးဝါ"

"မမနဲ့ ငယ်ငယ်က သူငယ်ချင်းတဲ့၊ မတွေ့တာတော့
ပြီတဲ့"

"သူငယ်ချင်းဆိုလည်း ခွင့်တောင်းနေစရာ ဘာလိုလဲ၊ အိ
လည်ပါလို့ ပြောလိုက်ပါလား ပိုးဝါ"

"အိမ်မှာမတွေ့ချင်လို့၊ ဒေါ်ရတနာခင်ဦးလှိုင်ရဲ့ရှေ့မှာ
နွေးချင်လို့ပါတဲ့"

"ဒါဖြင့်ရင်တော့ အကြောင်းရှိပြီ၊ ကိစ္စရှိပြီထင်တယ်





"ဟုတ်ကဲ့၊ သူ တစ်ခုခုပြောချင်နေပုံရပါတယ်။ ဘာအကြောင်း
လဲတော့ ပိုးဝါမသိပါဘူး။ မေးလည်း မမေးပါဘူး မမ"

"အေးပေါ့၊ လွှတ်လိုက်လေ"

"ဘယ်ကို လွှတ်လိုက်ရမလဲဟင် မမ"

"အေး...ဟုတ်သားပဲ၊ သူက အိမ်မလာချင်ဘူးဆိုတော့ ဆေးရုံ
လည်း မဖြစ်ဘူး။ ဒီနေရာမှာပဲ စကားပြောကြရင် ကောင်းမယ်
ထင်တယ်နော် ပိုးဝါ"

"ဟာ...ဒါဆို ပိုးဝါသွားခေါ်လိုက်မယ်နော် မမ"

"ဟင်...ချက်ချင်းကြီးလား"

"ဟုတ်ကဲ့၊ ပိုးဝါထွက်လာတော့ သူ အိမ်မှာကျန်ရစ်ခဲ့တယ်။
အိမ်နဲ့က နီးနီးလေးပါ။ မမ ခေါ်ဆိုမှ ခေါ်မှာပါ"

ဒေါက်တာမပန်းဝေသည် လက်မှ ရွှေရောင် စီကိုနာရီလေးကို
ကြည့်လိုက်ပြီး...

"အချိန်ရပါသေးတယ်၊ ခေါ်လိုက်လေ ပိုးဝါ"

"ဟုတ်ကဲ့ မမ၊ ဒါဖြင့် ခဏလေး စောင့်နေပါနော်..."

ပိုးဝါသည် သူ့သူငယ်ချင်းများထံသို့ အပြေးကလေးသွားပြီး
ခဏသာ ရပ်စကားပြောလျက် ကမ်းနားလမ်းမဘက်သို့တက်ပြီး အိမ်သို့
ပြန်သွားတော့သည်။

မပန်းဝေသည်လည်း အိမ်သို့မပြန်ချင်သေး...

တွေ့ဆုံရမည့်သူသည် ငယ်သူငယ်ချင်းဖြစ်သည်ဟု ဆိုသဖြင့်
တွေ့ချင်မိသည်။ မင်းမြတ်မင်းဆိုသော သူကိုဖြင့် မှန်းဆ၍မရသေး။



www.burmeseclassic.com

www.burmeseclassic.com



လူနှင့် နာမည်နှင့်တွဲ၍မရ၊ အထက်တန်းကျောင်းက သူငယ်ချင်း ဆိုသဖြင့် ရုပ်ပြောင်းကောင်း ပြောင်းနေမည်။

ပြီးတော့ သူ့မှာ ကိစ္စတစ်ခုရှိနေလို့ပါ။ ဆွေးနွေးစရာရှိနေလို့ ဆိုသဖြင့်လည်း တွေ့ချင်စိတ်က ရှိမိသည်။

ဘာပဲဖြစ်ဖြစ်...

အဖော်မဲ့သော အထီးကျန်ဘဝတွင် ငယ်သူငယ်ချင်းဟော တစ်ယောက်နှင့် ပြန်လည်တွေ့ဆုံခွင့်ရမည်ဆိုသည်ကပဲ ကွက်လ နေရာတွင် တစ်စုံတစ်ခုလေး တစ်ထောင့်တစ်နေရာလေး ဖြည့်ဆ ...ည်ပဲဖြစ်ဖြစ်၊ အားတက်စရာတစ်ခုလို ဖြစ်လာနိုင်မှာပါဟု...

ဒေါက်တာမပန်းဝေ သေးနိမ့်စွာ မျှော်လင့်သော်လည်း...

တကယ် ရင်ဆိုင်ရသည့်အခါ ပြဿနာသည် စကြာဝဠာ တိုင် မြင့်မားလွန်းသည့် ပြဿနာကြီးတစ်ရပ်ဖြစ်ကြောင်း မပန်း အံ့သြလွန်းစွာ တွေ့ရပါတော့မည်။

❋ ❋ ❋



## အခန်း နှစ်ဆယ့်တစ်

"ဟယ်...ကြည့်စမ်း၊ ပြောပြတော့ မှတ်မိလာပါပြီ။ တို့တွေရဲ့ ...လအသင်းမှာ ခေါင်းဆောင်လေ၊ နင့်ကို တို့တွေ 'ကိုမင်း'လို့ ...ရာက 'ဂြိုဟ်မင်း'လို့ ပြောင်းခေါ်ခဲ့ကြတာ မှတ်မိလား"

"သိပ်မှတ်မိတာပေါ့။ နင်တို့ ပေးလိုက်တဲ့ နာမည် အာရ်အိုင်တီ ...တွင်နေလို့ အလုပ်ဝင်တော့ မနည်းဖျောက်ထားရတာ"

ရင်ပေါ့လွန်းစွာ လွှတ်လွှတ်လပ်လပ် ရယ်မောမိကြသည်။

"ပထမတော့ ကျွန်တော်က ခြောက်တန်းရောက်မှ ဒဂုံ(၁)ကို ...ောင်းလာတာလေ၊ မပန်းဝေတို့နေတဲ့ တန်းခွဲကပဲ"

စသည်ဖြင့် ကျွန်တော်တွေ မပန်းဝေတွေနှင့် ခေါ်ပြောနေရာမှ ...ဆက ငယ်ဘဝ မမေ့စွာ 'နင်'ဆိုသော ငယ်ပေါင်း သူငယ်ချင်း ...ောင်းအတိုင်း ရင့်သီးသည် မမည်သော တရင်းတနှီးလေသံကြောင့် ...ဂြိုဟ်မင်းလည်း ပျော်ရွှင်ကြည်နူးသွားမိရပါ၏။

"တို့ အာရ်အိုင်တီ ရောက်ပြီး နင်တို့ အမ်(စ)စီဝမ်းက ကောင်မ ...တွေ လာကြည့်တော့ နင့်တွေ့သား...ဂြိုဟ်မင်းဆိုပြီး ခေါ်မှာစိုးလို့



www.burmeseclassic.com

www.burmeseclassic.com



တို့ ဒဂုံ(၁)က သူငယ်ချင်းတွေ တွေ့တိုင်း ငါက ပုန်းပုန်း နေရတာ"

မပန်းဝေ အသံထွက်အောင် ရယ်မောမိသည်။ ဤစစ်တွေ ရောက်မှ ပထမဆုံး ရင်ပေါ့ပါးစွာ ရယ်မောမိခြင်းပါ။

"နင်နဲ့ တစ်ယောက်မှ အဆင်မပြေဘူးလား"

"တောင်ငူက ဆွေဆွေသက် ဆိုတဲ့ ကောင်မလေးနဲ့ ပြေလည်ခါနီးမှ... အဲ... နင် သိမှာပါ။ တို့နောက် ဂျီတန်းက အရှည်ကြီးဆိုတဲ့ကောင် ဝင်နှောက်လို့"

"သြော်...အေးမှတ်မိတယ်၊ ဒဂုံ(၁)မှာကတည်းက ပြောင်လွှန်းနောက်လွှန်း ဒုက္ခပေးလွှန်းလို့ ရုံးခန်းခဏခဏ သွားရတာ၊ သူက ဘယ်လိုနှောက်လို့လဲ"

"မပြောနဲ့တော့ မပန်းဝေရယ်၊ ငါနဲ့ အဆင်ပြေခါနီးလေး ဖြစ်နေချိန်မှာ သူ့နှမနဲ့ရင်းပြီး ငါ့ကို ဒုက္ခပေးသွားတာဟ"

"ဘယ်လို...ဘယ်လို"

"ငါ သွားနေကျ... ဆွေဆွေသက် ထွက်လာနေကျအချိန်တွေ သူသိတယ်လေ၊ အဲဒီမှာ သူ့ညီမ ပညာရေးတက္ကသိုလ်က...ကြ ခေါ်လာပြီး ငါနဲ့ တမင်ဆုံသလိုလုပ်ပြီး ဂြိုဟ်မင်း ခဏလေး ဒီနား ရပ်စောင့်စမ်းပါကွာ။ ငါ အိမ်ကခိုင်းလိုက်တဲ့ ပြဿနာရှိတာ၊ မေ့ လို့... သူ့ညီမ မိစုဆိုလား မမှတ်မိတော့ပါဘူး။ အဲဒါကိုလည်း နင့်အစ်ကိုနဲ့ ခဏနေခဲ့နော်ဆိုပြီး ထွက်သွားပါလေရော... ကောင်မ လေး ကလည်း သူဘယ်လို သင်ထားမှန်းမှ မသိတာ၊ ငါ့ကို ရယ်လို့ မောလို့ စကားတွေ ပြောနေတုန်း သူက သွားမှန်းနေတာ။ ဆွေဆွေ





ထွက်လာတော့ စုံတွဲကြီးမိတာလေ... ဘယ်လိုရှင်းပြလို့မှ မရဘူး။ ရည်းစားဘဝကလည်း မရောက်ကြသေးတော့ ရှုပ်တယ် ...မှာပေါ့"

"အရှည်ကြီးနှမပဲ ပြန်တောင်းပေါ့"

"တောင်းတာပေါ့၊ သူ့ကို ဆဲလိုက်တာလည်း ရစရာမရှိဘူး။ ...လေ သူက သဘောတွေကျလေ...သူ့နှမကို ယူပါဆိုပြီး ...၊ ယောက်ဖနဲ့ လိုက်လိုက်ခေါ်နေလို့ သူတောင် ပြန်ကြောက် ...ယ်"

"အဲဒီကောင်မလေးနဲ့ ဖူးစာမပါလို့ ထင်ပါရဲ့နော်"

"အင်း...ဒီလိုပဲ ဖြေယူရတော့မှာပဲ"

...င်းမြတ်မင်းက ပြုံး၍ပြောသည်။

"အဲဒီ အရှည်ကြီးရော။ သူ့နာမည် စိုး ပါ,ပါတယ်"

"...ိုးအောင်လေ...ခု သူ ရှူးနဲ့အောင်ပြီး အဲပေါင်ဆိုင် အဲ... ...း ငွေချေး၌ာနပေါ့။ အဲဒီမှာ လုပ်နေတယ်..."

...န်းဝေက ပြုံးပြီး ဒဂုံ(၁)ဆီမှ ရက်ထဲတွင် ဆော့ခဲ့ကြပုံများ၊ ...တွင် အပျော်ဆုံး ဖြစ်ခဲ့ရသည်များကို တွေးရင်း စကားစ ...သဖြင့် သူကပင် ပြန်ဆက်မိသည်။

"...ခု သူငယ်ချင်း အိမ်ထောင်မကျသေးဘူးနော်၊ ချစ်သူရော ..."

"...တွေ့နေပါပြီ"

...ခင်ဖူးသို့ ရည်ရွယ်၍ ပြောမိသည်။ မျက်နှာဖြင့် မလန်းနိုင် ...းဆကဖြင့် အပြုံးများ ဝေနေဆဲပါ။



www.burmeseclassic.com

www.burmeseclassic.com



"မပန်းဝေရဲ့ ဓာစပ်တဲ့သတင်းလည်း ကြားရပါတယ်။ အ
ကိုတိုးတက်ထွန်းလည်း ရောက်နေတယ် မဟုတ်လားဟင်"

မပန်းဝေ မျက်နှာဆီမှ အပြုံးရောင်တို့ ဖျော့လေပြီး...သာညှင်း
ခေါင်းညိတ်ပြပါ၏။

"သူရောက်ပြီး ဒီမှာပဲ နေသလား၊ ခရီးသွားသေးသလား
မပန်းဝေ"

ဒေါက်တာ မပန်းဝေသည် မင်းမြတ်မင်းသို့ စူးစိုက်ကြည့်
သည်။ အမေးဆန်းအတွက် ရုတ်တရက် အဖြေပေးရခက်လေ

"မပန်းဝေ...သူငယ်ချင်း"

"အင်း"

"ငါ နင့်ကို တွေ့ချင်တယ်၊ ဆွေးနွေးချင်တယ်ဆိုတာ အ
ကိစ္စပါ သူငယ်ချင်း။ ငါ့ပေါ်မှာ သံသယ မဝင်ဘဲ ငယ်သူငယ်
စိတ်နဲ့ ပွင့်ပွင့်လင်းလင်း တို့များ ဆွေးနွေးကြရအောင်လားနေ"

"ဘာကိုလဲ...ဂြိုဟ်မင်း"

"ကိုတိုးတက်ထွန်းကိစ္စပေါ့"

"သူ... သူ... ဘာဖြစ်လို့လဲဟင်"

"ငါမေးတာ ဖြေပါ၊ သူ ခရီးထွက်သေးလား"

"သွားတယ်...ဟိုတစ်ပတ်က၊ တစ်ညအိပ်ပဲ ကြာပါ
နောက်နေ့ ပြန်လာပါတယ်"

"ပြီးခဲ့တဲ့ စနေနေ့က မဟုတ်လား"

"ဟုတ်တယ်"

"ဒါဖြင့် ဟုတ်ပြီ"





"ဟင်...ဘာကိုဟုတ်တာလဲ"

"ကိုတိုးတက်ထွန်း ဘုရားသီးတောင် မောင်းတောကို လိုက်သွား
ည်"

"လိုက်သွားတယ်ဆိုတော့ ဘယ်သူနဲ့လဲ"

"ကောင်မလေးတစ်ယောက်နောက်ကိုပဲ၊ အဲဒီ...ကောင်မလေး
သည်း ငါ့ရဲ့ချစ်သူ... ငါချစ်နေတဲ့သူ"

"ဟင်...သူ...သူနဲ့..."

"မစိုးရိမ်နဲ့...မပန်းဝေ၊ သူဟာ သူ့ကိုယ်သူ တိုးတက်ထွန်းလို့
ဘူး။ တခြားလူတစ်ယောက်...တခြားဘဝနဲ့ လဲလှယ်ယူထားတဲ့
ယောက်လို့ ကောင်မလေးကို ပြောထားတာ"

စာစာက အပြော်တို့သည် လှိုင်းများ ပုတ်ယူသည့်နှယ် အစ
ကျန်တော့။

"အဲ...အဲဒါတွေ နင် ဘယ်လိုလုပ်သိလဲဟင်"

"သူ့ကို တို့ ဘုရားသီးတောင်သွားတဲ့ သင်္ဘောပေါ်မှာ တွေ့လိုက်
။ နေကာမျက်မှန်နဲ့၊ ဆံပင်အရှည်အတုနဲ့ ရုပ်ဖျက်ထားပုံပဲ။
း မသင်္ကာလို့ စောင့်ကြည့်နေတုန်း ငါ့ကောင်မလေးနဲ့ သူ
အိမ်သာဝမှာ စကားပြောတာ တွေ့လိုက်ရတည်းက ငါက
ပြီ။ ဒါပေမယ့် မသိယောင်ဆောင်နေလိုက်ပါတယ်"

"အင်း"

"ဒီလိုနဲ့...သူ ဘန်ဂလိုကိုလိုက်လာတယ်။ ငါ့ကောင်မလေးက
မလိုက်ချင်ဘူး၊ ချန်နေခဲ့ကတည်းက ငါက တွက်မိလို့
အစောင့်ရဲ့ မိန်းမကို ငွေပေး အကူညီတောင်းပြီး ချောင်းကြည့်



www.burmeseclassic.com

www.burmeseclassic.com



စေ၊ နားထောင်စေခဲ့တော့ စောစောကပြောသလို သူဟာ ဦးထွန်းသာ
သား မဟုတ်ဘူး၊ တခြားတစ်ယောက်ဆိုတာတွေ့ရယ်။ ကောင်မလေး
ကို သိပ်ချစ်ကြောင်းတွေ့ရယ် ပြောကြသတဲ့”

မပန်းဝေထံမှ သက်ပြင်းရှိုက်သံ ပီသလွန်းစွာ ကြားရသော
နောက်ဆုံးဝါကျကို ဘာကြောင့်များ ပြောလိုက်မိပါလဲဟု ကိုယ့်ကိုယ်
ကို အပြစ်တင်မိသည်။

“ငါ သူ့ကို သိပ်ချစ်တယ် ကိုမင်းရယ်။ ဒီအတွက် ငါ သိပ်ခံစား
နေရပါတယ်”

“ငါသိတယ်၊ ကိုယ်ချင်းလည်း စာပါတယ်။ ဘာဖြစ်လို့
တော့ သူလိုက်နေတဲ့ ကောင်မလေးဟာ ငါ့ချစ်သူပါလို့ ပြော
သူငယ်ချင်း”

“ဒါဆို...တို့ ဘယ်လိုလုပ်ကြမလဲဟင်”

“အဲဒီအတွက် တို့ ဆွေးနွေးကြမယ်လို့ ပြောတာပေါ့”

“နင်က ယောကျ်ားလေးလည်းဖြစ်တယ်၊ ချစ်သူ ဆုံးတဲ့
မှုပဲ ရှိမယ်။ ငါ့မှာတော့ လူသိရှင်ကြားလည်း စေ့စပ်ပြီးပြီ မိန်း
လည်းဖြစ်တော့ သိပ်ခံစားနေရပါတယ်”

ဒေါက်တာမပန်းဝေ၏ အသံလေးများ တိုးသော်လည်း
၏။ မျက်ဝန်းမှာ မျက်ရည်တို့ ဝဲလေပြီ။

“သြော်...ငါ့ကောင်မလေးဟာ ကိုတိုးတက်ထွန်းနဲ့ လွဲ
ငါ့ဘက် ပါလာမယ်ဆိုတဲ့ ယုံကြည်မျှော်လင့်ချက်ကြောင့် ခုလို
တွေ့ပြီး ဆွေးနွေးတာမဟုတ်ဘူးနော်...”

“ဒါဖြင့် ဘာဖြစ်လို့လဲ”





“သြော်...ငါ့အတွက်ထက် နင်တို့နှစ်ယောက်အတွက် ပိုပြီး
ကထားလို့ပေါ့ သူငယ်ချင်း”

“ဟင်”

“နင်ဟာ ငါ့ရဲ့ သူငယ်ချင်းတစ်ယောက်ပါ၊ ဂုဏ်သရေရှိတဲ့
ဝန်မလေးတစ်ယောက်လည်း ဖြစ်တယ်။ ပြီးတော့ စေ့စပ်ပြီးသား
ချစ်သူကိုလည်း မဆုံးရှုံးစေချင်ဘူး၊ အဲဒါကို ငါမှန်တာပြောရရင်
ရဲ့ ဒုတိယစေတနာပါ”

“ပထမ စေတနာက နင့်ကောင်မလေးအတွက်လား”

“အေး...ဟုတ်တယ်၊ အဲဒီကောင်မလေးဟာ သိပ်ပြီး အပြစ်မဲ့
တယ်၊ ရိုးရိုးသားသားနဲ့ မိကောင်းဖခင် သမီးလေးလည်း ဖြစ်ပါ
မပန်းဝေ၊ သူများချစ်သူ၊ သူများနဲ့ စေ့စပ်ပြီးသားလူဆိုရင်တော့
ယ်နည်းနဲ့မှ လက်ခံမှာ မဟုတ်ဘူးလို့ ငါပြောရဲပါတယ်။

“ဟင်”

“အခု သူဟာ ကိုတိုးတက်ထွန်းရဲ့အညာကို မိနေရှာတာ၊
ရဲ့ သူဟာ နင့်ကိုပဲ လက်ထပ်မှာပါ မပန်းဝေ၊ ဒါကြောင့်
ကောင်မလေးရဲ့ ဘဝအသစ်လေး ညစ်သွားညှိုးသွားမှာ ငါစိုးရိမ်
”

မပန်းဝေ၏ မျက်ဝန်းဆီမှ ပြည့်နေသော မျက်ရည်ကြည်တို့
ါးပြင်ပေါ်သို့ လျှံကျလေပြီ။

ဘူးသီးတောင် ဗိုလ်တဲ၏ တံခါးလေးဟထားသော အခန်း
ချစ်ငုံဖူးသို့ အနမ်းများစွာဖြင့် ထွေးပွေ့သွားကြောင်း မပန်း
ကြားပြ၍ မဖြစ်တော့။



www.burmeseclassic.com

www.burmeseclassic.com



"ငါ မှန်တာပြောရရင် ငါ ချစ်ငုံဖူးကို တကယ်ချစ်ပါတယ် ဒါပေမယ့်..."

"နာမည်က ချစ်ငုံဖူးတဲ့လား"

"အေး"

အချစ်ကြီးသူ၏ နှလုံးသားတွင် ဝန်တိုစိတ်လေးများ ရောဖက်လာလေပြီ။

"ငါ့အနေနဲ့ ဆယ်ကျော်သက်လည်း မဟုတ်တော့လို့ ခံနိုင် ရှိပါတယ် မပန်းဝေ၊ ချစ်ငုံဖူး အနေနဲ့ ဘာပဲဖြစ်ဖြစ် ငါ ခွင့်လွှတ် ချစ်နိုင်တဲ့ အချစ်မျိုး ငါ့ရင်မှာ ရှိပါတယ်"

"ဟုတ်တယ်...အချစ်ကြီးလာလေ ခွင့်လွှတ်လာနိုင်လေ သူငယ်ချင်းရယ်"

"အေး...ပြောရမယ်ဆိုရင် ကိုတိုးတက်ထွန်းနဲ့ ချစ်ငုံဖူးနဲ့ ခွဲ ပြီးရင် ငါ ရယူပိုင်ဆိုင်နိုင်ဖို့အတွက် သက်သက်မဟုတ်ပါဘူး တော့ နားလည်ပေးပါ မပန်းဝေ"

"နားလည်ရုံမဟုတ်ပါဘူး သူငယ်ချင်းရယ်။ ငါ ယုံ ယုံကြည်ပါတယ်။ ခုလို ကြိုပြီး သိရတဲ့အတွက်လည်း ကျေးဇူး ပါတယ်"

"ကျေးဇူးတင်ဖို့တော့ မလိုပါဘူး မပန်းဝေ၊ တို့...ဘာလ မလဲသာ စဉ်းစားကြရအောင်ပါ"

"ငါ ဘာလုပ်ရမလဲ သူငယ်ချင်း"

မျက်ရည်စို့စွန်းနေသော မျက်ဝန်းလေးဖြင့် အားကိုး





ကြည့်လာသည့် သူငယ်ချင်းသို့ နှမလေးတစ်ယောက်လို စာနာညှာတာ ငြင်းများဖြင့် သနားသွားမိသည်။

"တိုးတက်ထွန်းကို နင်ဖျောင်းဖျလို့ မရဘူးလား၊ နင်တို့ဘာလို့ က်မထပ်ကြသေးတာလဲဟင်"

"ငါ့ဘက်မှာ နင် မသိနိုင်တဲ့ အခက်ခဲတွေ အများကြီး ရှိနေပါ ယ် ကိုမင်း"

"လူကြီးချင်းလား"

"မဟုတ်ဘူး။ သူကိုယ်တိုင်က"

"ဟင်...သူက နင့်ကို မချစ်ဘဲနဲ့ လူကြီးတွေ စေ့စပ်တာ လက်ခံ တာလား"

"မဟုတ်ရပါဘူး ကိုမင်းရယ်၊ သူ ငါ့ကို သိပ်ချစ်တာပါ။ သူ ပြီးတော့ လက်ထပ်ရအောင် ပြောတာ ငါက တစ်နှစ်လိုသေးတော့ တယ်"

"အင်းပေါ့၊ အမ်(မ)စီ ဆိုတာကလည်း နောက်ဆုံးနှစ်ရောက်မှ သွားတာတွေရှိတယ်။ သိပ်နမြောစရာကောင်းတာ။ ဒါကို လည်ရမှာပေါ့"

"ပထမတော့ နားလည်ပါတယ်၊ လက်ခံတယ်။ နောက် ယ် ဆရာဝန်ဖြစ်ပြီး ဆ–မ ရ၊ ဘွဲ့တက်ယူပြီးတဲ့ အချိန်တွေကျ သူ့ဘက်က တဖြည်းဖြည်း စိတ်ဓာတ်တွေ ကျလာတယ် ရယ်၊ တို့ထက် နိမ့်နေတာကို သူခံနိုင်ရည် မရှိတော့ဘူး"

"ဟင်...ဖြစ်ရလေဟာ၊ ယောကျ်ားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့မှာ အဲဒီလို စိတ်ဓာတ်ခိုင်ခိုင်မာမာ ရှိနေရင် ငါဒီ
မျက်ရည်ကျနေစရာ မလိုတော့ဘူးပေါ့ သူငယ်ချင်းရယ်"

"မငိုပါနဲ့ဟာ၊ ငါလည်း စိတ်မကောင်းဘူး။ ဒါဆိုရင် ဒီ
လုပ်ရကောင်းမလား မပန်းဝေ"

"ဘယ်လိုလုပ်ရမလဲ အကြံပေးစမ်းပါဦး ကိုမင်းရယ်"

"သူ ချစ်ငုံဖူးကို တစ်ခြားလူသစ်တစ်ယောက်အဖြစ်နဲ့
ပြောင်းထားပြီး သိပ်စွဲလန်းနေတယ်၊ ဟိုကလည်း ယုံနေတယ်"

"အင်း"

"အဲဒါကို ပထမ ခြေဖျက်ရမယ်။ ကိုတိုးတက်ထွန်းကို
ပြောလို့မဖြစ်ဘူး၊ ချစ်ငုံဖူးကို အသိပေးမှ... သူက မသိလို့သာ
ချစ်နေတာကို..."

"အင်း...ဘယ်လို အသိပေးရမလဲ"

"ချစ်ငုံဖူးနဲ့ ချစ်နေတဲ့လူဟာ တိုးတက်ထွန်း အစစ်ဖြစ်ပါတယ်
ဒီမှာ ဓာတ်ပုံ၊ နင်နဲ့တွဲရိုက်ထားတာရော မရှိဘူးလား"

"ရှိပါတယ်"

"အေး...အဲဒါလေးပြ၊ ပြီးတော့ ရေးစပ်ထားတဲ့ သတ
ကြော်ငြာလည်း ပြလိုက်ပါ"

"ငါက ပြရမယ်လား"

"အေးပေါ့၊ ငါပြလို့ ဘယ်ဖြစ်မှာလဲ။ ငါက တမင်ဖျက်
လို့... ငုံက ထင်သွားမှာပေါ့"

"ဒါလည်း ဟုတ်ပါတယ်"





"သူတို့နှစ်ယောက် အချစ်ပျယ်ပြီး နင်နဲ့ ကိုတိုးတက်ထွန်း
ထပ်ဖြစ်ဖို့က အဓိကပါ မပန်းဝေရယ်။ ချစ်ငုံဖူး ငါ့အပေါ်မှာ
ယ်လိုပဲ စိတ်ထားထား ငါ ကျေနပ်ပါတယ်။ ငါ့အတွက် မျှော်လင့်လို့
ဟုတ်ဘူး ဆိုတာတော့ ထပ်ပြောပါရစေ"

"ငါ ယုံပါတယ် ကိုမင်း၊ ငါ ယုံပါတယ်ကွယ်"

"အေး...ကိုတိုးတက်ထွန်း တစ်ယောက် အတွက်နဲ့ ငါချစ်သူနဲ့
သူငယ်ချင်းတို့ရဲ့ အသည်းနှလုံး နှစ်ခုကို မပူလောင် မကွဲကြေစေချင်
ပါ မပန်းဝေ"

"ခုတော့ ကိုမင်းရယ်...ငါ သိပ်ချစ်ရတဲ့ ငါ့ရဲ့ 'တိုး'အတွက်
င် မကွဲရုံ မကြေရုံတမယ် ငါခံစားနေရပါတယ်"

"ငါသိတယ်၊ ဟိုကောင်မလေးလည်း ဒီလိုပဲ ခံစားရရှာ
မယ်၊ နင်တို့ နှစ်ယောက်လုံးကို ငါ သနားလွန်းလို့ ခုလို နင်နဲ့
ဆွေးနွေးခွင့် တောင်းခဲ့ရတာပါ"

"ငါ လိုက်နာပါ့မယ်၊ အဲဒီ ချစ်ငုံဖူးနဲ့ ငါနဲ့ ဘယ်လိုလုပ်ပြီး
လဲဟင်"

"ငါပါလို့တော့ မကောင်းဘူးလေ၊ နင်တို့နှစ်ယောက်ချင်း
ကြမှဖြစ်မယ်"

"အေး...ဘယ်မှာ တွေ့ကြမလဲ"

"ဒါတော့ ငါ စီစဉ်ပေးပါ့မယ် မပန်းဝေ"

⌘ ⌘ ⌘



www.burmeseclassic.com

www.burmeseclassic.com

## အခန်း နှစ်ဆယ့်

"ထမင်းစားနှင့်လိုက်လေ ငါ့မြေးရဲ့၊ တိုးကြီးနဲ့ ဝမ်းချင်းဆုံ
မဟုတ်တာ၊ ဆာနေမှာပေါ့"

"နေပါစေ မမကြီး။ တိုးကို စောင့်လိုက်ဦးမယ်။ သူပြန်
မှာပါ"

အပြင်သို့ လည်တိုင်လေးဆန့်ပြီး မျှော်နေသော ဒေါ်
မပန်းဝေသို့ ကြည့်နေသော ဒေါ်ရတနာခင်ဦးလှိုင်၏ မျက်လုံးမျာ
စိမ်းစိမ်းစူးစူး...

အိမ်မှာ နှစ်ထပ်အိမ်ကြီးဖြစ်သည်။ ထမင်းဟင်းကို ဒေါ်ရ
ခင်ဦးလှိုင် ကိုယ်တိုင်ချက်သော်လည်း အိမ်၏ ဘာရိရန်နှင့် အ
လျှော် ကြမ်းတိုက်ရန် 'မရှည်'ဆိုသော အမျိုးသမီးတစ်ဦးက
လာပြီး နေ့လည်ထမင်းစားပြီးချိန်တွင် ပြန်သွားသည်။

တိုးမရှိသည့်အခါမျိုးတွင် အိမ်ကြီးတစ်ခုလုံး၌ ဒေါ်
မပန်းဝေနှင့် ဒေါ်ရတနာခင်ဦးလှိုင်တို့ နှစ်ယောက်တည်း...





မပန်းဝေမှာ ပြတင်းဝမှနေ၍ ကောလိပ်လမ်းပေါ်သို့ မျှော်ငေး
ငေး...တိုး၏ အပြန်လမ်းကို စောင့်စားလျက်ရှိနေဆဲ၊ ဒေါ်ရတနာ
ခင်ဦးလှိုင်သည် ညိုမှိုင်းနေသော ကျွန်းလှေကားထစ် ထူထူကြီးများကို
နင်းလျက် အပေါ်ထပ်သို့ တက်သွားတော့သည်။

ဒေါက်တာမပန်းဝေသည် ပြတင်းမှ ခွာလျက် အိမ်ရှေ့ဘက်သို့
မြင်ရာ တံခါးမကြီးတည့်တည့်မှ ကုလားထိုင်တွင် ထိုင်ရင်း ရင်တွင်းမှ...

"တိုးရယ်...ပြန်မလာသေးဘူးလားကွယ်"

တမ်းတစိတ်မှသည်...အားငယ်မှုသို့ ကူးပြောင်းလာခဲ့သည်။

"ခြေသံ...ဘယ်လိုပဲ စေ့စပ်ထားတယ်ဆိုပေမယ့် ခုလို နေနေ
တဲ့ဘဝက သိက္ခာကျစရာကောင်းလှတာ ပန်းဝေကိုယ် ပန်းဝေ သိပါ
တယ် တိုးရယ်"

"တိုးကို ချစ်လွန်းတဲ့စိတ်နဲ့ အရာအားလုံးကို ရင်ဆိုင်ရဲတဲ့
သတ္တိထူးတွေ ပန်းဝေ့ရင်ထဲမှာ အပြည့်ပါကွယ်"

"ဒါပေမယ့်၊ တိုး သစ္စာဖျက်နေတဲ့အတွက် ပန်းဝေ့ရဲ့ ရင်ထဲမှာ
သောကငွေ့တွေနဲ့ လောင်မြိုက်နေရတာ တိုးသိလျက်နဲ့ မသိယောင်
ဆောင်နေတာများလားကွယ်..."

ဝေနေသော မျက်ဝန်းကို ပွတ်သုတ်လိုက်ရသည်။ တိုး၏
အပြန်လမ်းကို မှုန်ဝါးနေသော အမြင်ကြောင့် မမြင်လိုက်ရမှာ စိုးရိမ်
နေ၍ပါ...

မျက်ရည်ဝေသော မျက်ဝန်းကို ပွတ်သုတ်ပြီး အတွေးမဲ့ရင်ဖြင့်
သက်စွာ ငေးကြည့်နေဆဲ...



www.burmeseclassic.com

www.burmeseclassic.com



တီးတိုးပြောနေသော စကားသံလိုလို ကြားလာရသည်။ အား စိုက်၍ နားစွင့်လေမှ စကားလုံးမကွဲသော်လည်း တစ်စုံတစ်ယောက်န တီးတိုးပြောနေသံက သေချာလာသဖြင့်...

"မမကြီးအပေါ်မှာ ဘယ်သူနဲ့များ စကားပြောနေပါလိမ့်"

အပေါ်ထပ်တွင် တစ်စုံတစ်ယောက် ရှိလေပြီဟု သိလိုက် သည်နှင့်...

"တိုးများ အပေါ်မှာ ရှိနေလို့လား"

ဆိုသော အားတက်စိတ်ဖြင့် အိမ်ပေါ်သို့ တက်ခဲ့သည်။

နဂိုကပင် သိမ်မွေ့နူးညံ့သော မပန်းဝေ၏ ခြေလှမ်းများသ ညှင်ညှင်သာသာ...

"အို"

လှေကားလက်ကိုင်ကို ဖမ်းဆုပ်လိုက်ရလောက်အောင် မပန်းဝေ န့်ဖျပ်သွားမိရပါပြီ။

အပေါ်ထပ်တွင် မည်သူမှ ရှိမနေ...

ဒေါ်ရတနာခင်ဦးလှိုင်သည် လှေကားကို ကျောပေးထား ကုလားထိုင်ပေါ်တွင် ကျကျနနထိုင်လျက် သူ၏ လက်ဝဲလက် ပေါ်တွင် မြလည်ဆွဲ ဘယက်ကြီးကိုတင်လျက် လက်ျာလက် လက်ညှိုးလေးထိုးကာ ထောင်ကာဖြင့် သူ့ရှေ့မှာ လူတစ်ယော ရှိနေသည့်အတိုင်း...

ကျကျနန စကားထိုင်၍ ပြောနေလေတော့သည်။





လူသေများ...ဒဏ်ရာနှင့် မချိမဆန့် သေဆုံးခဲ့သော အလောင်းများ၊ လူသေကောင်မှ ထုတ်ယူထားသော အရိုးများ၊ မျက်လုံးဟောက်ပက်၊ သွေးအဖြိုးသားနှင့် လူ့ခေါင်းခွံများ များစွာတို့နှင့် ထိတွေ့ကိုင်တွယ်ခဲ့ရသော ဒေါက်တာမပန်းဝေသည်...

သူ့ရှေ့မှာ မည်သူမျှမရှိဘဲ လူတစ်ယောက် ရှိနေသည့်အတိုင်း ထိုင်၍ စကားပြောနေသော ဒေါ်ရတနာခင်ဦးလှိုင်ကို ကြည့်ပြီး... ကြက်သီးဖျန်းဖျန်းထမိသည်။

မပန်းဝေ၏ သာမာန်မျက်စိနှင့် မမြင်နိုင်သော မကောင်းဆိုးရွား သရဲတစ္ဆေ တစ်ကောင်ကောင် သို့မဟုတ် သေဆုံးသူ၏ ဝိညာဉ် တစ်ခုခုသည် ပြန်လည်ပုံရိပ်ထင်စေပြီး ဒေါ်ရတနာခင်ဦးလှိုင်၏ ရှေ့မှာ လာ၍ထိုင်နေလေသလား။

ထိုဝိညာဉ်လောကသားနှင့် ဒေါ်ရတနာခင်ဦးလှိုင်သည် ရင်းနှီး ချမ်းဝင်စွာ သည်သို့ရှိနေ တွေ့နေကျများလား...

ကြောက်ရွံ့ထိတ်လန့်ခြင်း များစွာဖြင့် ကိုယ်ကို ကပ်တွယ်ပြီး မလှုပ်မယှက်ရပ်လျက် အခြေအနေကို ပို၍ စူးစိုက်ကြည့်မိသည်။

လည်ချောင်းမှထွက်သော အသံနှင့်မပြော၊ နှုတ်ခမ်းမှ ထွက်လာသော လေသံနှင့် ပြောနေသော်လည်း စကားလုံးများကို တဖြည်းဖြည်း ပီသ ကွဲကွဲပြားပြား ကြားသာလာရပြီ...

"အေး...ဟုတ်တယ်၊ ဒီမြဘယက်ကြီးပိုင်ရှင် ဖြစ်ရလို့ ခုလို ဆော်ခံ အကန်တော့ခံ ဘဝ ဖြစ်နေရတာပေါ့..."

"အင်းလေ ဒါကြောင့် မမဖုရားဟာ အင်းဝဘုရင်ရဲ့ သမီးတော်



www.burmeseclassic.com

www.burmeseclassic.com



ဝင်စားတာ သေချာတာပေါ့။ ဒီ မြဘယက်ကြီးက သက်သေခံနေ
လေ။ မဟုတ်ဘူးလား။ အေး...ဟုတ်တယ်၊ ဟုတ်ကို ဟုတ်တယ်

"မြတ်စွာဘုရား"

ဒေါက်တာ မပန်းဝေသည် ရင်ကိုဖိလျက် ရင်တွင်း
အာမေဋိတ်သံကို မကျယ်လောင်စေရန် ထိန်းသိမ်းနေရပါ၏။

"ငါ့ကို ပေးမယ်လို့ မကြာခဏ ပြခဲ့တဲ့ မြဘယက်ကြီးပါလား"

"ဒုက္ခပါပဲ"

"အမယ်လေး၊ ဒေါ်ရတနာခင်ဦးလှိုင် ဆိုတာ တစ်ယော
တည်း စကားတွေပြော၊ တစ်ယောက်တည်း စိတ်ကူးတွေ ယဉ်ချင်
ယဉ်နေတဲ့ အရူးမကြီးပါလား"

ဒေါက်တာမပန်းဝေသည် လှေကားထစ်ပေါ်တွင် နောက်
ထိုင်ချလိုက်မိသည်။

"အိမ်ကြီး အကြီးကြီးထဲမှာ စိတ်မမှန်တဲ့ အဘွားကြီးနဲ့
နှစ်ယောက်တည်းပါလား"

ခိုကိုးရာမရှိ တွယ်ရာမဲ့ ဘဝသို့ ချက်ချင်း ရောက်သွားရ
အားငယ်စိတ်က ကြီးစိုးလာသည်။

ချောက်ချားစိတ်က အားငယ်စိတ်ပေါ်သို့ ပိုမို၍ လွှ
ရစ်သိုင်းသည်။

အဓိပ္ပာယ်မဲ့သော တီးတိုးစကားသံများကို ဆက်လက်ကြ
ရရာမှ...





"ဟား...ဟား...ဟား...ဟီး...ဟီး"

ဆိုသော ရယ်သံကြီးက ကျယ်လောင်လာသဖြင့် မပန်းဝေမှာ
လှေကား၏ လက်ကိုင်ကို ဆက်တိုက် လျှောကိုင်လျက်... လှေကား
မှ ပြေးဆင်းလာခဲ့မိတော့သည်။

"အင့်"

"အမယ်လေး"

မျက်စိတို့ပြာ၍ ဘာမှမမြင်မိ၊ လူတစ်ယောက်၏ ရင်ခွင်နှင့်
တည့်တည့်ကြီး အရှိန်ဖြင့် တိုးတိုက်မိလေမှ လန့်၍ အော်လိုက်မိသည်။

"ဟင်...မ...မ...ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့လဲဟင်... တိုးလေ...
တိုးပါ"

ချောက်ချားခြင်းတို့ ခိုဝင်၍ လွင့်စင်နေသော သတိတို့သည်
အသံ၊ တိုး၏ ပွေ့ပိုက်ထားမှုများကြောင့် ပုံမှန်နေရာသို့ ပြန်လည်
ရှိခဲ့ပြီ။

"တိုး...အို...တိုးရယ်"

"အပေါ်မှာ ဘာဖြစ်လာလို့လဲဟင်၊ မမကြီးရော၊ ပြောစမ်း

"ရှိပါတယ်၊ ဘာမှမဖြစ်ပါဘူး တိုး၊ လာပါ...ဒီမှာ ထိုင်ကြ
နော်"

တိုးတက်ထွန်းက ဖက်တွဲလျက်ပင် အိမ်ရှေ့ခန်းမှ ကုလားထိုင်
ရှိရာသို့ ခေါ်ဆောင်ထိုင်စေသည်။

ရေတစ်ခွက်ကို ပြေး၍ ခတ်လာတိုက်၏။ တိုး၏ အကြင်နာ



www.burmeseclassic.com

www.burmeseclassic.com



သည် စမ်းရေကြည်လို အသည်းနှလုံးရှိရာသို့ ဖြတ်စီးပါ၏။

"ဘာဖြစ်လာလို့လဲ ချစ်မရယ်...တိုးကို ပြောစမ်းပါဦးကွယ်"

မျက်ရည်ဝဲနေသော မျက်နှာလေးသို့ အနီးကပ်ကြည့်ပြီး မေးသည်။ ဒေါက်တာမပန်းဝေထံမှ အဖြေမရမီ ပခုံးကို သိုင်းဖက်လျက် မျက်နှာချင်း ထိကပ်မတတ် တယုတယ ရှိနေသော တိုးသို့-

"တိုးရယ်...မ...ကို တစ်ယောက်တည်း ပစ်ပစ်မထားခဲ့ပါနဲ့နော်"

"ဘာဖြစ်လို့လဲ၊ တိုးကို ပြောပြစမ်းပါဦး မရဲ့၊ တိုး စိတ်ပူ ပါပြီဗျာ"

"မေမေကြီးလေ"

"အင်း"

"မေမေကြီးဟာ...အို...မေမေကြီးကို တိုး ဘယ်လိုမြင်သ ဟင်"

"ဘာကိုလဲ မရဲ့၊ မ ရင်ထဲမှာရှိတာ အားလုံး တိုးကို ပြော စမ်းပါ။ မေမေကြီးနဲ့ပတ်သက်ပြီး မရဲ့ရင်ထဲမှာရှိတာ အကုန်ပြော စမ်းပါ"

"အိမ်ပေါ်မှာလေ...တိုးတိုး...တိုးတိုးနဲ့ စကားပြောသံကြား မစိတ်ထဲက တိုးများအပေါ်မှာရှိနေသလားလို့ ပြေးတက်သွားတော-"

"အဟား...ဟား...သူတစ်ယောက်တည်း စကားတွေ ပြော တာ တွေ့ခဲ့ရောမဟုတ်လား"

"ဟင်"

"လက်ထဲမှာ မြဘယက်ကြီးရော ကိုင်မထားဘူးလား"





"အို...ဒါ...ဒါတွေ တိုး ဘယ်လိုလုပ်သိလဲဟင်"

"ဒါက ဖြစ်နေကျလေ...ချစ်မရဲ့"

"အို..."

"ဖေဖေနဲ့ ပြန်မပေါင်းစည်းမိကြခင်က ဒီအိမ်ကြီးမှာ သူ ယောက်တည်း နေခဲ့ရတာ အကြာကြီးလေ"

"အင်း"

"သိတယ်မဟုတ်လား၊ လူဆိုတာ အမယ်ခံဘဝနဲ့ တစ်ယောက် ည်း အကြာကြီးနေရရင် အားငယ်စိတ်ကို ထွက်ပေါက်ရှာတတ် ယ် ဆိုတာလေ"

"သိပါတယ်"

"မေမေကြီးဟာ သူ့ကိုယ်သူ အရေးပါ အရာရောက်နေတဲ့ တစ်ယောက်။ သူ့မှာ အဖော်တွေ၊ အခိုင်းစေတွေ ရှိနေတဲ့သူ ယောက်အဖြစ် သူ့ကိုယ်သူ ဖန်ဆင်းပြီး နေလာခဲ့တာကြာပြီ မ"

"အို...မ ကတော့ ခုမှတွေ့ရတော့ လန့်လိုက်၊ ကြောက် တာ"

"ဆရာဝန်မကြီးလုပ်ပြီး ဒီလောက် အသည်းငယ်ရသလားဗျ"

"တီးတိုးပြောနေတုန်းက မလန့်သေးဘူး တိုးရဲ့၊ ဟီးဟီး ား ဆိုပြီး ထ,ရယ်တော့ တစ်ခါတည်း လိပ်ပြာလွင့်မတတ် ပြီး ပြေးဆင်းလာတာ တိုးကိုတောင် လုံးဝမမြင်မိဘူး"

တိုးတက်ထွန်း၏ သစ်လွင်သောအပြုံးတွင် အကြင်နာ ငွေ့တို့သည် ယခင်အတိုင်း...မြတ်နိုး ယုယမှုများသည်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဘာတစ်ခုမှ မပြောင်းလဲ။

"ချစ်မ...တိုးကို ထမင်းစား စောင့်နေမယ်မှန်းသိလို့ စိန် ဆိုင်က ဖက်ထုပ်နဲ့ ဦးမောင်ညို့ ခေါက်ဆွဲဆိုင်က ခေါက်ဆွဲကြော်လည်း ဝယ်လာတယ်။ ကဲ...လာ၊ စားကြရအောင်နော်။ ချစ်မ ဆာနေရောပေ့"

ရန်ကုန်မှာထက် စစ်တွေရောက်မှ တိုးသည် မိမိကိုပို၍ ဂရုစိုက်လာကြောင်း မပန်းဝေ တွေ့လာရသည်။

ထမင်းဝိုင်းမှာ ဒေါ်ရတနာခင်ဦးလှိုင်၏ လက်ရာများဖြ မြိုင်နေသည်။

"ရှေ့...မ ကြိုက်တဲ့ ငါးညို့ ငါးဆုပ်၊ မေမေကြီးက သူချက်တာ သိပ်ကောင်းတာပဲ ဆိုလေ... ကြုံချက်လေပဲ။ မြှောက်ပေး ထွေးတက်အောင် က,တယ်ဆိုတဲ့ လူစားမျိုးလေ၊ မိန်းမဖြစ်နေလို့သာ"

"ဟာ...မောင်ကလည်း"

"စားလေ...ဒါလည်း ချစ်မကြိုက်တယ်လို့ပြောတဲ့ ငါးသ ခြောက်လေးတွေ ကြော်ထားတာ။ ပဲနီလေးဟင်းချိုနဲ့ အဆင်ပြေ နော်"

"ကောင်းပါတယ်။ စစ်တွေက ငါးတွေ၊ ပုစွန်တွေအားလုံး တာပဲ၊ ပင်လယ်ကမ်းထိပ်မြို့မို့ သိပ်လတ်ဆတ်လို့ နေမှာပေါ့ မောင်၊ ဈေးလိုက်သွားရင် ငါးပုစွန်အစုံပဲ။ မုန့်တီချက်တဲ့ ငါး ရှည်ရှည်ကြီးတွေ၊ လိပ်တွေကို အရှင်လိုက်မြင်ရတာ အသည်း ယားစရာ မောင်ရယ်"





တိုးက ခေါင်းညိတ်ပြီး ဟင်းများကို မပန်းဝေ ပန်းကန်တွင်းသို့ ည်း ထည့်ပေးနေသည်မှာ ထမင်းဝိုင်း ပြီးသည်အထိ။

အချစ်ဆုံး၏ အပြုမူများ ပြောင်းလဲခြင်း မရှိသော်လည်း သူ၏ ပ်အရှားလေး အနည်းငယ်ကအစ ဂရုစိုက်လွန်းခဲ့ရသော မပန်းဝေ တွက် သတိထားလာမိသည့် အချက်တစ်ခု ရှိပါ၏။

အချစ်ဦးသည် သူ့ကိုယ်သူ ဘယ်သောအခါမှ 'မောင်'ဟူသော စားမသုံးတော့။ 'တိုး'ဟုသာ မပန်းဝေ ခေါ်သလို သူပြော၏။

'မောင်'သည် မပန်းဝေထံမှ ပျောက်ဆုံးကာ ကိုမင်းပြောခဲ့သည့် ထံသို့များ ရောက်ခဲ့လေပြီလား။

"ဟိတ်...သိပ်မစဉ်းစားကောင်းဘူးနော်၊ အပျိုကြီးဖြစ်တတ် ကြားလား"

ရုပ်တည်နှင့် လက်ညှိုးထောင်ပြီး ဆုံးမသလို ပြောလျက် ဝေနားမှ ထွက်သွားသည်။

ရင်ရှင်းစွာ ကြည်နူးလိုက်ချင်စမ်းပါဘိတော့ တိုးရယ်။ ချစ်မရဲ့ ဦးရဲ့။ ခုတော့...

"ရှေ့...ပါးစပ်ဟ"

"အို...ဘာလဲ"

တိုးလက်မှ ကွမ်းတစ်ရာ ပါလာသည်။ နှုတ်ခမ်းဝအထိ င့်လာပါ၍ ပါးစပ်ဟပေးလိုက်ရသည်။

"မောလိပ်ရပ် အောင်သိန်းရှင်ထီဆိုင်က ဝယ်လာတာ ချစ်မရဲ့။ း ကွမ်းယာလေ၊ အုန်းသီးတွေ၊ အချိုစုံတွေနဲ့၊ မ ကြိုက်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဆို၊ စစ်တွေကွမ်းယာက နာမည်ကျော်ပဲလေ"

ချိုးဆိမ့်နေသော ကွမ်းယာကို ဝါးရင်း ချစ်သူ၏ ပခုံးထက်

ကြာမြင့်စွာမှီပြီးမှ...

"မောင်"

"ဟင်...ချစ်မ"

"မေးချင်တာတွေကတော့ ရင်နဲ့အပြည့်ပါပဲ၊ ဒါပေမဲ့

တစ်ခုတည်းပဲ မေးပါရစေတော့"

"မေးစေဗျာ"

မှီနေရာမှ ပြန်ထပြီး အချစ်ဦး၏ မျက်နှာကို တည့်တည့်

ရင်းက...

"မောင်...ပန်းဝေကို ချစ်သေးရဲ့လားဟင်"

"အောင်မယ်လေးဗျာ။ မေးလိုက်ပုံက ရင်ထဲကို အောင့်

တာပဲ"

"ဒါလေးတစ်ခုတော့ ဖြေစမ်းပါ မောင်ရယ်"

"ဘာကြောင့် မေးနေတာလဲ မရယ်...တိုး ကိုယ်တိုင် ချစ်

လွန်းလို့ ဘဝနှစ်ခုကို တစ်ခုတည်းအဖြစ် ရပ်တည်ကြဖို့ စေ့စပ်

ပြီးမှပဲ"

"စေ့စပ်တာတွေ၊ လက်ထပ်တာတွေ၊ ဘဝချင်း ပေါင်း

တွေက အချစ်မပါဘဲ အားလုံးလုပ်လို့ ရတဲ့အရာတွေပါ

မ,သိချင်တာ ဒါမှ မဟုတ်တာ..."

"ဘာသိချင်တာလဲ"





"သြော်...မေးပြီးပြီပဲကွယ်၊ မကို ချစ်သေးရဲ့လားလို့..."

"ဟေး...အို...ကြည့်စမ်း"

ကြမ်းကြမ်းတမ်းတမ်း ပွေ့ပိုက် ရှိုက်နမ်းပြီးမှ...

"ချစ်သေးရဲ့လားလို့ နောက်မေးရင် ဟောဒီလို တစ်ခါတည်း

ဖြစ်သွားအောင် ညှစ်ပစ်လိုက်မယ်။ သိလား"

"ဖယ်စမ်းပါဦး၊ အဖြေကို ဝေ့ရှောင်မနေစမ်းပါနဲ့ မောင်ရယ်။

ကျားပဲ ရဲရဲဖြေစမ်းပါ"

"အရင်တုန်းက မကိုသိပ်ချစ်ခဲ့တယ်၊ ခုလည်း မပြောင်းလဲဘူး။

င်လည်း ဒီအတိုင်းပဲ ရှိနေစေရမယ်။ ကဲ...ကျေနပ်ပြီလားဟင်၊

...ချစ်မရယ်"

"မောင့်...ချစ်မရယ်'...ဆိုသော နောက်ဆုံးစကားလုံးလေးသည်

ပြီးသည့်တိုင် ပျက်ပျယ်မသွား၊ ရင်မှာ ရေးခြစ်သည်သို့ ကျန်ရစ်

"မောင်"

"ဗျာ..."

"အချစ်ဆိုတာနဲ့အတူ သစ္စာတရားပါ အတူရှိနေမှ အချစ်ရဲ့

ခြင်း သင်္ကေတ ဆိုတာရော မောင်လက်ခံနိုင်သလားဟင်..."

"လက်ခံနိုင်တာပေါ့ မရဲ့၊ အချစ်မှာ သစ္စာမရှိရင်လည်း အဲဒီ

ာ လေနှင့်ရာ တိမ်တိုက်လိုပဲ ဘယ်တော့မှ အတည်တကျ

မခိုင်မြဲဘူး"

"သိပ်မှန်တာပဲကွယ်။ ကဲ...မ သစ္စာပျက်မိရင်ရော"



www.burmeseclassic.com

www.burmeseclassic.com



"သတ်ပစ်မယ်"

ဒေါက်တာမပန်းဝေသည် အချစ်ဆုံးသို့ အပြုံးလှိုင်ဝေသော အားတက်အကြည့်များဖြင့် ကြည့်လိုက်မိသည်။

"ဟုတ်တယ်...သိပ်ဟုတ်တယ်ကွယ်။ ပန်းဝေ... သစ္စာပျက်ရင် သတ်သာသတ်ပစ်လိုက်စမ်းပါ။ သစ္စာမဲ့တဲ့ နှလုံးသားတစ်ခု လူ့ပြည်မှာ ဆက်လက်ရှင်သန်လှုပ်ရှားမနေသင့်တော့ပါဘူး"

"သတ္တိရှိလှချည့်လားဗျ"

"အချစ်ကြီးလေ...သတ္တိရှိလေပေါ့"

"ဘာရာဘို"

လက်ခုပ်တီးပြီး ဩဘာပေးလျက် သူ အားပါးတရ ရယ် သည်။

"ကဲ...မောင် သစ္စာဖျက်ရင်ရော"

"သတ်ပစ်ပေါ့"

"သတ္တိတော့ ရှိပါတယ်၊ ဒါပေမယ့် မသတ်ရက်ပါဘူး ပန်းဝေ ပြောတာ နားထောင်ပါလားနော် မောင်..."

"ပြောလေ...ချစ်မရယ်"

"ပန်းဝေပေါ်မှာ သစ္စာပျက်ပြီးခဲ့ရင်လည်း ပန်းဝေ ခွင့်လွှတ် တယ်။ ပြီးတာတွေ ပြီးပါစေတော့"

"မ...ဘာတွေ ပြောနေတာလဲ"

"မ...ဆက်ပြောပါရစေကွယ်။ ပြီးတာတွေ ပြီးပါစေ၊ မ ခွင့်လွှတ် နိုင်ပါတယ်။ နောင်ကိုသာ မပေါ်မှာ ဆက်လက်ပြီး သစ္စာမဖျက်





ဘာင်းပန်ပါရစေ"

"မောင်...မ ကို ဘာတွေများ သစ္စာပျက်နေလို့လဲ"

"မဟုတ်ပါဘူး၊ ပြောပြတာပါ"

"ဟုတ်ရင် သတ်ပစ်လေ"

"မသတ်ရက်ဘူး၊ မ ပဲ သေမှာ၊ သိလား"

အားတက်ရာမှ ဝမ်းနည်းလာခဲ့ပြီ။ အချစ်ဆုံး၊ အချစ်ဦး၏ ကို တင်းတင်းဖက်လျက် ချစ်သူရင်ခွင်မှာ မျက်နှာအပ်ပြီး ဒေါက်တာ ပန်းဝေ အားရပါးရ ငိုမိပါလေပြီ။

ချစ်သူ၏ မျက်ရည်များ သူ့ရင်ခွင်မှာ စွန်းလေတော့ သူ့အကြည့် စိမ်းလာသည်။ သူ့မျက်ဝန်းများ ကြောင်သွားသည်။

မပန်းဝေသို့ ပြန်ဖက်သော သူ့လက်ချောင်းသည် အားအင် ခန်းနေသည်သို့ ဖြေလျော့ပါ၏။

ချစ်သူသို့ နှစ်သိမ့်မှု မပေးမိ၊ ကြည်နူးလာအောင် မချော့ဖြစ်၊ တိတ်သွားစေရန် စကားလုံးများ မရွေးချယ်တတ်တော့သလို...

တိုးတက်ထွန်းမှာ ငြိမ်ငြိမ်သက်သက်၊ ငိုင်ငိုင်တွေတွေ...

✻ ✻ ✻



www.burmeseclassic.com

www.burmeseclassic.com

## အခန်း နှစ်ဆယ့်

"အဆိုးထုပ်"ဟု ခေါ်ကြသော အဝတ်ဟောင်းထည်များသ ရာဇဝင်နှင့်...

ဘင်္ဂလားဒေ့(ရှ်)နိုင်ငံတွင် လေမုန်တိုင်းကျပြီး အကြီးအ ပျက်စီးဆုံးရှုံးခဲ့ရချိန်မှာ ကယ်ဆယ်ရေးအဖွဲ့များက အဝတ်အ အမျိုးမျိုး အကောင်းနှင့် အဟောင်းများကို နိုင်ငံအသီးသီးမှ အလှ ပေးပို့ခဲ့သည်။ ပါလာသော ဂါဝန်များ၊ စကပ်များ၊ ဘလောက်(စ) အနွေးထည်၊ စပို့ရှပ် စသည်တို့ဖြစ်၏။ ဘင်္ဂလားဒေ့(ရှ်)နိုင်ငံသ အတွက် အစားသည် အဝတ်ထက် အရေးကြီးသဖြင့် မိမိတို့ မအပ်စပ်လှသော အဝတ်များကို...

အစားသောက် ပေါများ၍ ငါး၊ ပုစွန်၊ ဆန်စပါး၊ ပဲ၊ ကြက် ရေတ်သီးမှအစ ဖူလုံပိုလျှံစွာ သုံးဆောင်ခွင့် ရကြသော မြန်မာ ဘက်ကမ်းမှ ထိုအစားအစာများနှင့် အဝတ်အထည်များကို လဲ ကြရာမှ တဖြည်းဖြည်း တွင်ကျယ်လာခဲ့ခြင်းဖြစ်ပေသည်။





နောက်ပိုင်းတွင် ဘင်္ဂလားဒေ့(ရှ်)နိုင်ငံမှ ဂျပန်လို နိုင်ငံကြီးများ ဆက်သွယ်ပြီး အဝတ်ဟောင်း ဝယ်သည့် ကုမ္ပဏီများဖွင့်လျက် ဘစ်လုံးစာလောက် အထုပ်ကြီးများကို စည်ပတ်သံဖြင့် စက်နှင့် ပိုးပြီးသားများကို သည်ဘက် မောင်တောဘက်ကမ်းသို့ ပို့သည်။ ပြည်မှ ပေါကြွယ်လှသော သားငါးနှင့် အစားအသောက်များကို ဘက်သို့ ပို့သည်။ လဲလှယ်ရေးမဟုတ်တော့ဘဲ ဈေးဖြတ်စနစ်နှင့် ကူးခဲ့ကြသည်။

ထိုအဆိုးထုပ်များကို ဝယ်ယူပြီး ဖွင့်သူမှာ ထီထိုးသကဲ့သို့ပါ၊ ဆောင်းဘိ၊ အင်္ကျီလို အဖိုးတန် ပါလာလျှင် မြတ်၍ မိန်းမဝတ် ဝမ်များ ပါသူများအတွက် အရှုံးပေါ်ခဲ့ရတတ်သည်။

ဤမှောင်ခိုလုပ်ငန်းကို သက်ဆိုင်ရာကလည်း ကြည့်မနေပါ၊ ပ်လိုက်ဖမ်းဆီးရမိသည့် သတင်းများကို မကြာခဏ သတင်းစာ ဓာတ်ပုံနှင့်တကွ တွေ့ကြရပါသည်။

မောင်တော ဈေးတန်းသည် မစည်ကားလှသော်လည်း သားဒေ့(ရှ်)ဘက်ကမ်းမှ ကုန်များ စုံလှသည်။ အလှဆီ၊ အမွှေး မျိုးစုံက စုံးစုံးရှုရှု။ ငွေချောင်းများ၊ ပေါင်ဒါ၊ နှင်းတောင်စနို း၊ ဘီစကွတ် မုန့်မျိုးစုံနှင့် အမျိုးအစား မကောင်းလှသော်လည်း ါသော ယောကျ်ားဝတ်လုံချည်များ၊ စွပ်ကျယ်များအပြင် တဈေး မတတ်ရှိနေသည်က ကယ်ဆယ်ရေးပစ္စည်း အဟောင်းထည် ည်းသာ...

မင်းမြတ်မင်းက–



www.burmeseclassic.com

www.burmeseclassic.com



"အချိန်က နည်းနည်းစောနေသေးတယ် မပန်းဝေ လာ၊ မြို့ ဘက် လျှောက်ရအောင်၊ ရေပေါ်မှာ နယ်ခြားမှတ်တိုင်တွေ စိုက်ထ တာ သွားကြည့်ရအောင်နော်"

ဈေးမှထွက်ပြီး 'အလယ်သံကျော်ရွာ'သွား ကားလမ်းကို လ ကြည့်ပြီးနောက် မြို့ပြင်ရှိ လယ်ကွင်းဘက်သို့ ဖြတ်လျှောက်ခဲ့ကြသ

နတ်မြစ် (Naaf River) သည် ခေါင်းတုံးရွာမှာ ဆုံးသ မြန်မာပြည်၏ နယ်ဆုံး မောင်တောဘက်ကမ်းနှင့် ဘင်္ဂလားဒေ့(ရှ်) ကမ်းခြေတို့ကို အလယ်မှ ပိုင်းဝေ ကာခြားထားသည်သို့ ရှိပါ ဘူးသီးတောင်မြို့ဘေးတွင် မေယုမြစ်စီးနေသလို မောင်တော ဘေးတွင် နတ်မြစ်သည် စီးဆင်းလျက်...

ရေလယ်တွင် မှတ်တိုင် စိုက်ထူထားသည်ကို လှမ်းမြင်ရ ရေပိုင်နက်ကို ထက်ဝက်စီ သတ်မှတ်ထားကြခြင်းပါ။

"ဟသံာ စိမ်ချက်တုန်းက ဒီကနေ ၂၈ မိုင် ဝေးတဲ့ တော စခန်းမှာဆို သိပ်စည်ကားတာပဲတဲ့၊ ကယ်ဆယ်ရေးပစ္စည်း တွေ အများကြီးပဲ"

"အင်း...သတင်းစာထဲမှာ ဖတ်ဖူးပါတယ်"

"အဲဒီဘက်တွေမှာ တောင်ပြိုလကျာ၊ တောင်ပြိုလ ကွမ်းသီးပင်၊ ကညင်ချောင်း စတဲ့ ရွာတွေရှိပါတယ်။ 'ခယုချော ကလည်း ခွဲသွယ်ထွက်နေတာ ရှိတယ် မပန်းဝေ၊ ပြီးတော 'ကျေးကျွန်း'ဆိုပြီး ကျွန်းငယ်ပေါင်; ဆယ့်ကိုးခု စုဖွဲ့ပြီး နေကြ လည်း ရှိပါတယ်"





ဗမာ ရခိုင်နဲ့ ကုလားတွေ ရောနေကြမှာပဲနော်..."

"အနေရောပေမယ့် သွေးနှောမခံကြတာတော့ သိပ်ချီးကျူး ရောပဲကွယ်၊ ဟိုဘက်ကမ်းမှာ ရခိုင် ဗမာတွေ နေကြတဲ့ ရွာတွေ ရှိတယ်"

"ဟင်...ဘာ သွားလုပ်နေကြတာလဲ"

"အခုမှ သွားပြီး နေကြတာ မဟုတ်ဘူးလေ မပန်းဝေ။ ရာမူး ပန်းဝါတိုက်ပွဲအကြောင်း ကြားဖူးလား"

"အင်း...ကြားဖူးတယ်၊ အဲဒါ ဒီမှာဖြစ်တာလား..."

"အင်းပေါ့။ 'မဟာဗန္ဓုလ'လက်ထက်က ပန်းဝါတိုက်ပွဲမှာ အောင်မြင်ပြီး အဲဒီမှာ အုပ်ချုပ်ဖို့ လူတွေအစောင့်တွေကို ထားရစ်ခဲ့ရ တယ်လေ"

"သြော်...ဒါဖြင့် အဲဒီတည်းက ဗမာတွေ၊ ရခိုင်တွေ အဲဒီမှာ နေကြတယ်ပေါ့၊ ဟုတ်လား"

"အင်း...အဲဒီရဲ့ သားစဉ် မြေးဆက်တွေ ရှိတယ်လေ၊ ခုတော့ နည်းနည်းလောက်ပဲ ရှိမယ်ထင်ပါတယ်၊ တချို့လည်း ခိုတွေမြေတွေနဲ့ ခြကျနေတော့ မပြောင်းချင်ကြတော့ဘူးထင်ပါရဲ့"

မြို့ပြင်မှ ပတ်ကွေ့ပြီး ဆန်စက်များရှိရာ ရိုးပြတ်လယ်ပြင်ကွင်းမှ လျှောက်ရင်း စကားပြောလာခဲ့ကြသည်။

"အခု ဟိုဘက်ဒီဘက် ကူးလို့ မရဘူးလားဟင်"

"နေ့ချင်းပြန်လောက်တော့ သွားနေကြတာပါပဲ... ဟိုဘက် ဟာ တက်ကနပ်(ဖ)ပါ၊ ဟိုဘက်ကမ်းကနေ ဆက်သွားရင်



www.burmeseclassic.com

www.burmeseclassic.com



ကော့(စ)ဗဓားဆိုတာ ရောက်ပြီး ဒဂ္ဂါးမြို့တော်အထိ ရောက်နိုင်... တယ်တဲ့။ ဟိုမှာ မြင်နေရတာ ကုန်သည်လှေတွေပေါ့။ ဆေးလိပ်တွေ... ကွမ်းတွေ၊ ကြက်သွန်နဲ့ပဲတွေ၊ အဝတ်အထည်နဲ့ အဆိုးထုပ်တွေ... ဟိုဘက်ဒီဘက် အဆင်ပြေသလို ကူးနေကြတာပဲပေါ့"

"မြန်မာ့နယ်စပ် မြန်မာ့နယ်မြေအဆုံးက မြို့ငယ်လေးအကြော... ကို ကြားရတဲ့ ...မပန်းဝေ သိပ်စိတ်ဝင်စားပါတယ် ကိုမင်းရယ်။ ဒါ... မယ်... စိတ်က ရင်ဆိုင်ရတော့မယ့်အဖြစ်ကို လန့်နေမိတယ်"

"ဘာလန့်စရာလိုလဲ မပန်းဝေ၊ ကိုယ့်ဘက်က အသာစီး... သ...ဝင် နားလည်အောင်သာ ပြောဖို့လိုတာပဲ"

"ငါ သိပ်စကားမတတ်ဘူး ကိုမင်းရယ်...၊ ပြီးတော့ ခံစားရ... က...ည်း သိပ်ပြင်းနေမိတယ်"

"ငါလည်း ဒီလိုပဲရှိရှာမယ် မပန်းဝေ၊ ဒါပေမယ့်...နင်တို့ကို... ဒီလိုမှမရှင်းရင် ဖြစ်ကို မဖြစ်လို့။ ပြီးတော့ ငါ လိုက်လာခဲ့ရင်လည်း... ငါ့ရဲ့စေတနာဆိုတာကို သူဘယ်လိုနည်းနဲ့မှ လက်ခံနိုင်မှာ မဟုတ်... ပါဘူး"

"ဟုတ်တော့ ဟုတ်ပါတယ်"

"ငါက သူ့ကို ကြိုက်နေလို့။ သူ့ချစ်သူနဲ့ခွဲဖို့ ငါက နည်း... ရှာကြံတာလို့ သူယူဆတော့မယ်"

"နင့်ကို ငါနားလည်သလို ချစ်ငုံဖူးဟာလည်း နင့်ကို... နားလည်စွာနဲ့ ခွင့်လွှတ်နိုင်ပါစေလို့ ငါဆုတောင်းရမှာပဲ"

"ဆုတောင်းတဲ့အတိုင်း ဖြစ်ပါစေဟာ"





"တစ်နေ့နေ့မှာ ငါနဲ့ တိုးနဲ့ နင်နဲ့ ချစ်ငုံဖူးနဲ့ ဆုံဆည်းကြရ...မယ်လို့ ငါထင်နေမိတယ်။ ဟုတ်တယ်ပါမလားဟင်၊ တိုး...အယ်...င်း"

"လူတော့ မမှားလိုက်ပါနဲ့ဟာ"

နှစ်ယောက်သား ရယ်မောဖြစ်သွားကြသည်။ မင်းမြတ်...ကာ...

"အေးပေါ့နော်။ တို့နှစ်ယောက်ဟာ သူတို့နှစ်ယောက်နဲ့...တွေ့စီပဲ၊ ဓာတ်သိမ်းခန်းကျရင် ဒီလိုပဲ ပျော်ရွှင်စွာ ပေါင်းဆုံကြလေ...တည်းလို့ ဖြစ်လာမှာပါ မပန်းဝေရယ်..."

"ငါလည်း ဒီလိုဖြစ်လာပါစေလို့ ဆုတောင်းပါတယ်။ ဖြစ်လာ...မယ်လို့လည်း ထင်နေမိပါတယ်"

"ငါ့နာမည် ကိုမင်း သို့မဟုတ် ကြိုဟုပ်မင်းနော်၊ တိုးနဲ့ မှား...နဲ့ဦး"

ရယ်ရပြန်သည်။

"ကဲ...ခုလောက်ဆို သူ့အတိုးကြီး ရုံးသွားလောက်ပြီ။ တို့...ကြစို့နော်"

"ငါ သွားပြောပြီးရင် ဘယ်နေရာက နင်စောင့်မှာလဲဟင်"

"မြို့လေးက ကျဉ်းကျဉ်းလေးပါ။ လမ်းမမှားနိုင်ပါဘူး။...ကထွက်ပြီး လက်ျာဘက်တည့်တည့်သာ လျှောက်လာခဲ့။...တို့ စောစောက တွေ့ခဲ့တဲ့ ဆိုင်းဘုတ်နဲ့ ကျောင်းလေ"

"အင်း..."



www.burmeseclassic.com

www.burmeseclassic.com



"အေး...မြို့မရပ်က ဦးကေတု ဘုန်းကြီးကျောင်းရှေ့ ငါရပ်စောင့်နေမယ်သိလား"

"ငါ့ရင်တွေ သိပ်ခုန်နေတယ် သူငယ်ချင်းရယ်"

"အားတင်းပါ သူငယ်ချင်း၊ တို့နှစ်ယောက်လုံးအတွက် ဆိုတာ ငါသေချာဆိုပြီး ပြောရဲပါတယ်။ ခုလို နင်တို့ချင်း ဆုံပေးရ ကိုတောင် ငါ့စိတ်ထဲမှာ မလုံမလဲ ဖြစ်နေမိပါတယ်။ ငါ ငုံ့အချ ရရှိဖို့ သက်သက်ကြောင့် ဒီလိုလုပ်တာ မဟုတ်ပါဘူးဆိုတာတော့

"တော်ပါတော့ ကိုမင်း၊ ငါနားလည်ပါတယ်။ ချစ်ငုံ့ဖူးလည်း နားလည်ပါစေလို့ ဆုတောင်းပါတယ်"

"ချိန်းတဲ့နေရာမှာ နင်စောင့်နေနော်၊ ငါသွားတော့ သူငယ်ချင်း"

❋ ❋ ❋



## အခန်း နှစ်ဆယ့်လေး

ချစ်ငုံ့ဖူးပါဟု မပြောရဘဲနှင့် သိသာလွန်းနေသော မိန်းမလှ ကို ဒေါက်တာမပန်းဝေ ငေးကြည့်နေမိသည်။

"ဘာကိစ္စရှိလို့ပါလဲ မမ၊ ထိုင်ပါရှင်"

ညှို့ဝင်တက်ကျေစွာ ဖိတ်ခေါ်လေ၊ ပြောစရာ စကားလုံးများက ည်ဝမှာ တစ်ဆို့နေလေ...

"ဆင်းရဲသားရပ်ကွက်တွင်းမှ အာကြမ်းလျှာကြမ်း အမျိုးသမီး ဆိုလျှင်လည်း ငါ့ယောက်ျားကို ခိုးမလို့ မကြံနဲ့နော်၊ ညည်းကို ပြီးသတိပေးတာ၊ နားမထောင်ရင် အရှက်လည်းကွဲမယ်၊ ပါးလည်း ယ်"

ဟူသော ငါးစိမ်းသည်လေသံနှင့် ရန်တွေ့ရန်လည်း မဖြစ်၊ ပြောသင့်၊ မပြောရက်။

ချစ်ငုံ့ဖူးကို စတင်မြင်လိုက်ရကတည်းက ဒေါက်တာ မပန်းဝေ ထဲမှာ မနာလိုဝန်တိုခြင်း လုံးဝမဖြစ်ထွန်းမိကြောင်း သစ္စာစကား



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ဝန်ခံရပါသည်။

ကြေကွဲသော ရင်ဖြင့်သာ...

"သြော်...ငါချစ်သူရဲ့ ချစ်သူဟာ ဒီမိန်းမချောလေးပါလား"

ဟူသောအသိဖြင့် ရင်တွင်းကြေကွဲစိတ်ကြောင့် မျက်ရည်မ မိအောင် သတိထားနေရသည်။

တကယ်တော့ ချစ်ငုံဖူးတွင် အပြစ်မရှိရှာပါ၊ မသိ၍သာ မပန်းဝေ၏ နှလုံးသည်းပွတ်ကို သူမြတ်နိုးစုံမက်နေမည်ဖြစ်ကြော င်း သူ၏အပြစ်မဲ့ မျက်နှာလေးက သက်သေခံနေပါလေသည်။

"မေမေနဲ့တွေ့ဖို့လားဟင်"

ဘာစကားမှ မပြောဖြစ်လေ၊ ချစ်ငုံဖူး၏ အမေးများ၊ အကြ များက ဆင့်ကဲလာလေ...

"မဟုတ်ပါဘူးကွယ်၊ ညီမလေးနဲ့ ဆွေးနွေးချင်လို့ပါ"

"ရှင်...ငုံနဲ့"

"ဟုတ်ပါတယ်"

"မမက ဘယ်သူလဲ ဟင်"

"မပန်းဝေပါ"

"အို..."

ချစ်ငုံဖူးသည် ဝိညာဉ်ဆိုးတစ်ခုနှင့် တွေ့လိုက်ရသလို တုန်လှုပ်လွန်းသော မျက်ဝန်းများဖြင့်...

"ဟို...ဟို...ဒေါက်...ဒေါက်တာမပန်းဝေဆိုတာလား ဟင်"

"ဟုတ်ပါတယ်ကွယ်"





ယင်းအဖြေကြောင့် ဒေါက်တာမပန်းဝေသည် သလွန်ထက်ပေါ် တန်ခိုးတော်ရှင်မတစ်ယောက်ပမာ အရှိန်ဟုန်ကြီးမားသွားလျက်၊ သည် သူ့ရှေ့တော်မှောက်မှာ ဒူးတုပ် ခစားရမည့် အနိမ့်စံမ တစ်ယောက်လို...ကြောက်ရွံ့စိတ်ဖြင့် သိမ်ငယ်လွန်းစွာ ကြည့်နေမိ သည်။ အခုန်မြန်လွန်းသော နှလုံးအိမ်သည် ပေါက်ကွဲတော့မတတ် ငုံဖူး ခံစားနေရချိန်တွင်...

ဒေါက်တာမပန်းဝေသည်လည်း...

ကိုယ့်ညီမငယ်လေးအရွယ်...ချောချော လှလှနှင့် အပြစ်မဲ့ မျက်နှာလေးကိုကြည့်ပြီး ဘာကစ၍ ပြောရမှန်းကို ဆရာဝန်မကြီး သည်း မသိတော့...

လူသားတစ်ယောက်၏ ဝမ်းပြင်ကို ဓားထက်ထက်နှင့် ခွဲရဲ သော လက်တို့သည် သားရေအိတ်ကိုဖွင့်ရသည်၌ တုန်တုန်ယင်ယင် နေသည်။

ဖွင့်သွားသော အိတ်တွင်းသို့ ငုံ့ကြည့်ပြီး လိုအပ်သော ဓာတ်ပုံကို ယဉ်းယဉ်း ရွေးရသည်။ ပြီးတော့ ချစ်ငုံဖူး မြင်သာပါစေရန် နေသောလက်နှင့်ပင် ထောင်ပြလျက်...

"သူ...သူ...ကို...သိလားဟင်"

ချစ်ငုံဖူးမှာ ပို့စကတ်အရွယ် အနီးကပ်ရိုက်ထားသော သွားစွယ် နှင့် ပြုံးနေသူကို ကြည့်ပြီး...

"အမယ်လေး...ဒါ...မောင်...မောင့်ပုံပါလား"



www.burmeseclassic.com

www.burmeseclassic.com

နှလုံးသားမှ အော်မြည်သံသည် စကားသံအဖြစ် ထွက်မလာ
စေရန် နှုတ်ခမ်းကို လက်နှင့်အုပ်ပစ်လိုက်ပြီး ခေါင်းငုံ့ချလိုက်သည်
"သူ့နာမည် တိုးတက်ထွန်းပါ၊ တိုး...လို့လည်း ခေါ်ပါတယ်
သူ့ကို သိလားဟင်"

အသက်ရှုယ်နှင့် အတွေ့အကြုံတို့သည် ဒေါက်တာမပန်း
လောက် မရင့်ကျက်ရှာသေးသော ချစ်ငုံဖူးမှာ ပို၍ပင် ခံစားရသ
ထင်ပါ၏။

မညာချင်တော့...

မလိမ်ရဲတော့...

ခေါင်းငုံ့ရင်း ခေါင်းညိတ်ပြလိုက်ရပါတော့သည်။

အသံအားလုံးသည် ပိတ်ဆို့ခြင်း ခံထားရသည်သို့ ဆိတ်ငြိ
ပါ၏။ မျက်နှာကို လုံးဝမမြင်သာနိုင်အောင် ငုံ့ထားရှာသော ချစ်ငုံ
မပန်းဝေ စောင့်ကြည့်နေမိသည်။

သူမ၏ပေါင်ပေါ်သို့ တစ်စက်ချင်း တစ်ပေါက်ချင်း လိမ့်
ကျကြွေနေသော မျက်ရည်များ...

"အို...ညီမလေး ငိုနေတယ်လား"

ချစ်ငုံဖူးမှာ ရှက်ကြောက် နာကျည်းစိတ်များဖြင့် အံကို
ထားသော်လည်း ရှိုက်သံသည် ထိန်းမရ...

"မငိုပါနဲ့နော်...မမ လာရင်းကိစ္စက ဒီလိုပါကွယ်"

ဒီလိုပါကွယ်ဟုသာဆိုသည်၊ ဘယ်လိုပါကွယ်ရမှန်း
စကားလုံးများ ပျောက်ဆုံးနေသည်ကို မိမိကိုယ်မိမိ ဒေါသထွ





စိတ်ကို တင်းလိုက်ပြီး ချစ်ငုံဖူး၏ ကုလားထိုင်နှင့်ကပ်လျက်
သို့ ရွှေ့ထိုင်၍ သူ့လက်ကလေးကိုကိုင်ပြီး...

"မငိုပါနဲ့ကွယ်...မမလာတာ ညီမလေးကို အပြစ်တင်ဖို့ မဟုတ်
ဘူး၊ ဆွေးနွေးရအောင် လာခဲ့တာပါကွယ်"

'ကွယ်'...ချင်း ထပ်နေသည်။ 'ကွယ်'သည် ကြင်နာခြင်းကို
သော စကားလုံးလေးဖြစ်ကြောင်း ချစ်ငုံဖူး သိရှိပါစေ...

"ဒီဓာတ်ပုံထဲကလူဟာ ချစ်ငုံဖူးနဲ့ ဟို...အဲ...ညီမလေးနဲ့ ရင်းနှီး
လား ဟင်"

ချစ်ငုံဖူး ခေါင်းညိတ်ပြရှာပါ၏။

"သူဟာ ဦးထွန်းသာ၊ ဒေါ်ကေခိုင်မွန်တို့ရဲ့သား တိုးတက်ထွန်း
ပါဘူးလို့ ပြောသလား ဟင်"

"ပြောတာပေါ့ရှင်...ပြောလို့သာ..."

'ပြောလို့သာ ကျွန်မချစ်မိတာပေါ့'ဟူသော စကားများကို
ရဲတော့... စကားသံရပ်သွားသော်လည်း ငိုရှိုက်မှုက မရပ်တန့်

"ညီမလေးရဲ့...ချစ်...အဲ...ရင်းနှီးသူဟာ ဒီဓာတ်ပုံထဲကလူရော
လားကွယ် ဟင်..."

သည်တော့မှ ချစ်ငုံဖူးသည် ဒေါက်တာမပန်းဝေ၏လက်မ
ကို တုန်တုန်ယင်ယင်နှင့်ယူလျက် မျက်ရည်များသုတ်ပြီး အသေ
ကြည့်ရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



အားလျှော့ခြင်းကိုသာ တိုင်းတာ၍ရပါလျှင် သူညဒီဂရီ[...] အောက်သို့ ရောက်ပေလိမ့်မည်။

"သေချာပါတယ် မမရယ်...သူ...မှ သူပါ"

"ဒါဖြင့်ရှင်"

စကားကို မဆက်ဖြစ်နိုင်တော့။ နှစ်ယောက်လုံး ငြိမ်သက်[...] ရှိနေရာမှ ချစ်ငုံဖူးသည် အပြစ်ရှိသူ တစ်ယောက်၊ ပြီးတော့ အိမ်[...] တစ်ယောက်အနေနှင့် သတ္တိများသွင်းလျက် ဖြော့ချက်များပေး[...] မည့် တရားခံတစ်ယောက်ပမာ...

"ငုံရဲ့ ဖေဖေက သူ့ကို ပင်လယ်ထဲက ဆယ်ပြီးပြီးချင်းပဲ သူ[...] ဦးထွန်းသာရဲ့သားလို့ ပြောနိုင်ခဲ့ပါတယ်ရှင်"

"ဦးလှစိုးချစ် တယ်လီဖုန်းဆက် ပြောတယ်လို့ အန်တီ[...] ပြောပြပါတယ်"

"ဒါပေမယ့် ဟိုကလည်း သူတို့သား မဟုတ်ဘူးလို့ ပြော[...] တယ်။ သူကလည်း သူ့ကိုယ်သူ တိုးကြီးမဟုတ်ပါဘူး။ တခြား[...] တစ်ယောက်ပါ။ သူတို့ လူမှားနေကြတာလို့ ငုံ့ကိုပြောလို့ ငုံ [...] မိပါတယ် မမရယ်"

"အေးပေါ့ကွယ်...အေးပေါ့"

သည့်ထက်လည်း ဆက်၍ မပန်းဝေ ဘာပြောရမှန်း[...]

"ငုံနဲ့ နောက်ဆုံးတွေ့တဲ့အချိန်ထိ သူဟာ ကိုတိုးတက်[...] မဟုတ်ပါဘူး။ တခြားတစ်ယောက်ပါလို့ ပြောပါတယ်၊ မမ [...] မေးကြည့်နိုင်ပါတယ်ရှင်"





"ယုံပါတယ်ကွယ်၊ ယုံပါတယ်"

"ကျေးဇူးတင်ပါတယ် မမ။ အခု မမ ငုံ့ဆီကို ဘာလို့လိုက်လာ[...]ယ်ဆိုတာ ငုံနားလည်ပါတယ် မမရယ်... ငုံဟာ...ငုံဟာ..."

"အို...မငိုပါနဲ့ ညီမလေးရယ်"

"ငုံလေ...သူ့ကို သိပ်ချစ်ခဲ့မိတယ်လို့ ဝန်ခံပါရစေ"

"ဟင်"

"သူဟာ ငုံရဲ့ အချစ်မြတ်နိုးရဆုံးသော အချစ်ဦးပါ။ ဒါပေမယ့် [...] စိတ်ချပါ"

ဆရာဝန်မကြီး ခက်ရလေပြီ။ ဘာပြောရမှန်းကို မသိတော့။ [...]က် များစွာငယ်သော ချစ်ငုံဖူးသည် အံလေးတကြိတ်ကြိတ်နှင့် [...]င်တွင်း ခံစားမှုများကို သူ့ထက် ဖော်ထုတ်တတ်သည်။

"ငုံဟာ သူတစ်ပါးရဲ့ချစ်သူ၊ စေ့စပ်ထားသူကို လုယူလောက်[...]င် ရက်စက်ယုတ်မာတဲ့ အသည်းနှလုံးမျိုး မရှိပါဘူးရှင်၊ ဒီမှာ [...]ယ်"

"ပြောပါကွယ်"

"သူ့ကို သေမတတ် ချစ်ခဲ့မိတဲ့ ငုံဟာ သူ့ကို စွန့်လွှတ်ရလို့ [...]သွားနိုင်မယ်ဆိုရင်လည်း သေသွားစမ်းပါစေတော့၊ ငုံ သေရဲ[...]ယ်ရှင်။ တကယ်သေရဲပါတယ်"

"အို...ကွယ်...ငုံရယ်"

"ငုံဘဝက ဒုတိယအချစ်သာမက သူများချစ်သူကို လုယူလို့



www.burmeseclassic.com

www.burmeseclassic.com



အခုလို လာအပြောခံရတဲ့အဖြစ်ကို ငုံလေ လဲသာသေလို့ရရင် သေ[illegible] လိုက်ချင်တယ် သိလား"

ချစ်ငုံဖူးသည် ရှက်ခြင်း၊ ကြောက်ခြင်း၊ နာကျည်းခြင်း၊ ခံပြင်းခြင်းတို့ စုပြုံရောယှက်လျက် ခံစားမှုပေါင်းစုံဖြင့် ပေါက်[illegible] ရှာလေပြီ။

"ဒီလိုပါငုံရယ်၊ ဒီလိုပါကွယ်"

ဒေါက်တာမပန်းဝေသည် ချစ်ငုံဖူးသို့ ဆွေးနွေးမည်...ပြော[illegible] မည်...ယှဉ်တွဲ ရိုက်ထားသော ဓာတ်ပုံများ၊ စေ့စပ်ပြီးစီးခြင်း ကြော်[illegible] ပါသည့် သတင်းစာများကိုပြ၍ ပြောမည် စိတ်ကူးလျက် တစ်ပါတ[illegible] ယူလာခဲ့မိသည်။ ယခုမူ မပန်းဝေအတွက် သည်ဓာတ်လမ်းတွင် ဇာတ[illegible] ငယ် တစ်ယောက်သာသာ ချစ်ငုံဖူး ပြောသမျှ နောက်မှလိုက်၍ [illegible] သလို ဖြစ်ခဲ့ရသည်။

ချစ်ငုံဖူးဆိုသော...မိန်းမလှတို့၏ မာန်မာန၊ မုန်ကန်[illegible] နှလုံးသား ခံယူချက်များကို လေးလေးစားစား ဖြစ်သွားမိရုံ[illegible] သည်းသည်းထန်ထန် ငိုရှိုက်နေသည့်အတွက်လည်း သနားကြ[illegible] စိတ်တို့ဖြင့်...

"အခု မမ လာခဲ့ရခြင်း အကြောင်းက ညီမလေးကို အပြ[illegible] အရှက်ရစေဖို့ လုံးဝမဟုတ်ရပါဘူးဆိုတာတော့ ယုံပါ၊ အခုလို တို[illegible] တိုး မဟုတ်ဘဲ တခြားတစ်ယောက်လို့ ထင်နေမှာစိုးလို့ ရှင်းပြမယ်[illegible] လာခဲ့တာပါ၊ ခုလို ခံစားနေရတာ တွေ့ရတော့ မမ ကိုယ်ချင်းစာမိ[illegible]





[illegible]ညီမလေးကို သနားမိပါတယ်"

"အို...ဒီလောက် ယုံလွယ်တဲ့ကောင်မ ခံစားရစမ်းပါစေရှင်၊ [illegible]နားမနေပါနဲ့တော့"

ခက်ချေပြီ၊ ဒေါက်တာမပန်းဝေအနေနှင့် ဘယ်သို့ နှစ်သိမ့်၍ [illegible]တွေပြောရမှန်းကို မသိတော့"

"ကဲ...ဒီလိုဆိုလည်း မမကို ခွင့်ပြုပါတော့နော်၊ မမရှိနေသမျှ [illegible]လေးအတွက် ရင်နာကြေကွဲစေဖို့ ဖန်တီးပေးနေသလို ဖြစ်နေလို့ပါ၊ [illegible]ကို ခွင့်လွှတ်ပါကွယ်။ သွားမယ်နော်"

ချစ်ငုံဖူးသည် အောက်နှုတ်ခမ်းလေးကို စု၍ ကိုက်လိုက်ပြီး [illegible]ရည်စီးကြောင်း မျက်နှာနှင့်ပင် ကြည့်၍...

"တစ်ခု မှာလိုက်ပါရစေဦး"

"အင်း...အင်း...ပြောပါကွယ်"

"သူ့ကို ပြောလိုက်စမ်းပါ"

မပန်းဝေ ငေး၍သာ ကြည့်နေမိသည်။

"ချစ်သူ ရှိလျက်နဲ့၊ ဆရာဝန်မ တစ်ယောက်နဲ့ စေ့စပ်ထားပါ[illegible]ကိန်နဲ့၊ အပြစ်မဲ့တဲ့ ကျွန်မရဲ့ဘဝနဲ့၊ အသည်းနှလုံးကို ဘာလို့များ [illegible]ကစ်စက်စက် ဖျက်ဆီးချင်ရတာလဲလို့..."

"ကွယ်...ညီမရယ်"

"ဒါပဲရှင်၊ သွားပါတော့"

"ခုလို လာမိတာ မှားပြီလားလို့တောင် မမတွေးမိလာပါပြီ"

"မှန်နေတဲ့ နေရာကလူအတွက် မမှားပါဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလည်း မဟုတ်သေးပါဘူး၊ အိုကွယ်...မမ ဘာပြောရ
တောင် မသိတော့ပါဘူး"

"ဘာမှ မပြောပါနဲ့တော့ရှင်၊ မမပြတဲ့ ဓာတ်ပုံထဲက မမရဲ့ချစ်
ကို ငုံ ယုံမိ ချစ်မိခဲ့ပါတယ်။ ခုချိန်ကစပြီး နောက်ဆုတ်ပါ
ကဲ...ကျေနပ်သင့်ပါပြီရှင်၊ ပြန်ပါတော့ မမရယ်"

"ကောင်းပါပြီကွယ်။ မမ ပြန်ပါတော့မယ်"

ဆက်လက်၍ နေလေ၊ ပိုဆိုးလေ ဖြစ်ရပေတော့မည်
ဒေါက်တာ မပန်းဝေသည် ချစ်ငုံဖူး၏ မျက်ရည်များကို သူ့ရင်
သယ်ယူလာရသည်သို့ ပူလောင်လေးလံစွာဖြင့် ပြန်ခဲ့ရပါပြီ။

※ ※ ※

မပန်းဝေ သည်လောက် မြန်မြန် ပြန်လာဖြစ်လိမ့်မည်
မထင်၍ မင်းမြတ်မင်းမှာ မြို့မရပ်ရှိ ဦးကေတု၏ ကျော
တန်ခိုးကြီးလှသည်ဆိုသော...

"မဟာကျ"

ဆင်းတုတော်ကို ခွင့်တောင်း၍ ဝင်ဖူးနေမိသည်။

ရခိုင်ပြည်နယ် ကျောက်တော်မြို့အနီးတွင် ဂေါတမမြတ်
ဘုရားကိုယ်တော်တိုင် ရင်ငွေ့အပ်၍ ကိုယ်စားထားရစ်ခဲ့သော
မန္တလေးမြို့ရောက် 'မဟာမုနိဘုရားကြီး'ကို သွန်းလုပ်စဉ်က ကြွ
သော ကြေးနှင့်စပ်ထားသည့် ထူးဆန်းလှသော သတ္တုပစ္စည်းများ





ဟာမုနိနှင့်တစ်ချိန်တည်း သွန်းလုပ်ထားသည့် မဟာကျဲဆင်းတု
တော်မှာ...

အလင်းရောင်နှင့် ကြည့်မှ ဆန်းပြားလှသော မျက်နှာတော်ကို
ခံစားရသည်။ မျက်စိအနေထားက ထူးဆန်းလှချေသည်။ နှစ်ပီသာ
သေးဆယ် အလေးချိန်နှင့် အဖိုးတန်သော မကိုဋ်တော်တို့ကြောင့်
ကောင်း အမွေအနှစ်များကို ခိုးထုတ်လိုသော သူယုတ်မာများ၏
မှ ရှောင်ကွင်းနေရကြောင်း ဆရာတော်က ပြောပြပါ၏။

"မှန်ပါ့ဘုရား၊ ဘုရားလက်ထက်တော်က ဆိုတော့ နှစ်ပေါင်း
ထောင်ကျော်က တကယ့်ကို အဖိုးထိုက်တန်လှတဲ့ သာသနာ့အမွေ
အနှစ်မို့ ထိန်းသိမ်းအပ်ပါတယ်။ ကဲ...တပည့်တော်ကို ခွင့်ပြုပါဦး
ဘုရား။ တပည့်တော်ရဲ့ သူငယ်ချင်း ပြန်လာခါနီးလို့ပါ"

"အေး...အေး...သာဓုကွယ်"

ဆရာတော်က ဆုများပေးသည်။ မင်းမြတ်မင်းမှာ ဆရာတော်
နှုတ်ဆက်ပြီး အေးအေးဆေးဆေးပင် လျှောက်၍ လမ်းပေါ်သို့
ထွက်လာသည်တွင်...

"ဟင်...မပန်းဝေ ရောက်နေပြီလား"

"ဟုတ်တယ် သူငယ်ချင်း"

"အို...ဘာဖြစ်လာလဲ၊ မပြေလည်ကြဘူးလား။ နင် မျက်နှာ
ကောင်းဘူး"

"မျက်နှာမကောင်းဆို ငါ လမ်းမှာ မျက်ရည်ကျခဲ့တယ်
လေ့င်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်...ငုံက ဘာတွေများ ပြောလွှတ်လိုက်လို့လဲ"

"တစ်နေရာရာမှာ ပြောကြရအောင်လေ"

"အေး...အေး...လာ"

သူကပင် ဦးဆောင်၍ မောင်တောမြို့၏ နောက်ဘက်
ဝ–က ရုံးနှင့် ကယ်ဆယ်ရေးရုံးဘေးမှ ကွေ့ပြီး တံတားလေး
ကျော်လျက် မြစ်ဆိပ်ဘက်သို့ လာခဲ့ကြသည်။

"ဘာဖြစ်လာလဲ မပန်းဝေ၊ ငုံက..."

"ငုံက ပြေလည်ပါတယ် ကိုမင်း၊ ဒါပေမယ့် သိပ် စိတ်
ရတယ်"

"ဟုတ်တယ်။ စွဲမြဲတတ်တဲ့ သစ္စာကြီးတတ်တဲ့ မိန်းက
ပဲ၊ ကဲ...ပြောစမ်းပါဦး"

"ငါပြောဖို့ ပြဖို့ သွားတာနော်။ တိုး ခတ်ပုံလေးလည်း
ရော သူ့ချစ်သူပါလို့ ဝန်ခံပြီး ငိုတော့တာပဲ ကိုမင်းရယ်"

ဒေါက်တာ မပန်းဝေသည်ချစ်ငုံဖူးနှင့် စတင်ဆုံရချိန်မှ
လာခဲ့ချိန်အထိ အမူရာများ၊ စကားလုံးများ၊ မျက်ရည်စများမှ
နှုတ်ဆက် ပြန်လာချိန်အထိ ချစ်ငုံဖူး ငို၍ ကျန်ရစ်ခဲ့ပုံများကို
စိတ် ပြောပြသည်။

မင်းမြတ်မင်းမှာလည်း ရင်နှင့်တနင့်...

အချစ်ရဆုံးလေး မျက်ရည်မြစ်မှာ ပူလောင်စွာ နစ်နေ
မည်ဟု မှန်းဆတွေးမိနေဆဲ သူ့ရှေ့မှ မပန်းဝေသည်လည်း
ဝဲနေသဖြင့်...





"ငါ အကြံပေးမိတာ သူတို့နှစ်ယောက်လုံးကို ဒုက္ခပေးမိသလို
ဖြစ်နေပြီ၊ ဘာပဲဖြစ်ဖြစ် လွှတ်ထားလိုက်မိရင် အကောင်းသား၊ ငါ
းသွားပြီ"

"ငုံ နေရာကကြည့်ရင် ပိုဆိုးရှာမယ်၊ သူ့ဟာသူ သိရင် ပိုကောင်း
း ခုတော့ မပန်းဝေကိုယ်တိုင် သွားပြောတော့ သူ ဘယ့်လောက်များ
ခံရခက်ရှာမလဲ"

"အချစ်ဆုံးရယ်။ အားလုံးအတွက်ကောင်းဖို့ ကြံစည်မိတာပါ၊
တော့ အချစ်ရဲ့ မျက်ရည်ပူတွေ ကိုယ့်ရင်ထဲကို စီးဆင်းနေသလိုပါပဲ
းကွယ်"

"ကိုမင်း..."

"ဟင်..."

"နင်လည်း နင့်ချစ်သူလေးအတွက် ခံစားနေရသလားဟင်"

"ဟုတ်တယ် မပန်းဝေ၊ ငါ ငုံကို သိပ်သနားတယ်၊ တိုးတက်
ဟာ သက်သက် ဒုက္ခလာပေးတဲ့ကောင်ပဲ"

မပန်းဝေသည် ကျယ်ဝန်းသော အဓိပ္ပာယ်ပါသည့် အကြည့်နှင့်
မြတ်မင်းသို့ ကြည့်လိုက်ပြီး...

"ကိုမင်း"

"ပြောလေဟာ"

"နင်...ချစ်ငုံဖူးကို စွန့်လွှတ်နိုင်သလား ဟင်"

"မပန်းဝေ...နင်မေးပုံကလည်း မဟုတ်သေးပါဘူး၊ စွန့်လွှတ်
သိုတာ ကိုယ်ပိုင်ဆိုင်ထားတဲ့ ပစ္စည်းကို ပေးလိုက်ရတာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား၊ ငုံနဲ့ငါက ဘာဆိုင်လို့လဲ၊ ငါက ငုံကို ချစ်ရုံသက်သက်၊ ချစ်နေတာက တိုးတက်ထွန်းလေ"

"ဟုတ်တယ်နော်၊ ဒီကိစ္စမှာ နင်ဖယ်လိုက်ရင် တို့သုံးယော ဟာ တြိဂံအချစ်ပဲ။ အဲဒီမှာ ငါဖယ်ပေးလိုက်ရင်... ဖယ်ပေးလိုက်နိုင် ရင်ပေါ့လေ...သူတို့နှစ်ယောက် စိတ်ချမ်းသာကြမှာနော်..."

"ဒါတော့ ငါမသိဘူး၊ ငါနဲ့လည်း မဆိုင်ဘူး"

"တိုးက ချစ်ငုံဖူးကို ဘယ်အတိုင်းတာအထိ ချစ်နေပြီလဲ

တော့ ငါမသိဘူး၊ ငါ သိခဲ့ရတာကတော့ ချစ်ငုံဖူးဟာ တိုးကို သိပ် ရှာတယ်၊ ဒါကြောင့်သာ သူ သိပ်ခံစားနေရရှာတယ်"

"နင်ကရော တိုးတက်ထွန်းကို စွန့်လွှတ်ပေးနိုင်လို့ မဝန်းဝေ"

"မဖြေနိုင်ပါဘူး သူငယ်ချင်းရေ၊ ချစ်ငုံဖူး အဖြစ်ကလေး သနားစရာ ကောင်းလွန်းလှပါတယ်... သူ့လိုပဲ ငါလည်း တိုး သိပ်ချစ်တယ်ကွယ်"

မပန်းဝေ ငိုလေပြီ။

"ကိုယ်ခင်းတဲ့ဇာတ် ကိုယ်မနိုင်တော့ဘူး မပန်းဝေရယ်၊ နှစ်ယောက် ခုလို ငိုနေရတာရဲ့ ပထမ တရားခံဟာ တိုးတက် ဒုတိယက ငါ"

မပန်းဝေသည် ခေါင်းကို ဖြည်းညင်းစွာ ယမ်းခါပြီး ဝိုက်ဝိုက် စီးနေသော နတ်မြစ်ပြင်ဘက်သို့ ငေးမောကြည့်နေ





က်ရည်များကတော့ စီးတွေလျက်...

"ငါ ဆန္ဒစောသွားမိတဲ့အတွက် ငါ သိပ်စိတ်မကောင်းဖြစ်ရ ပါပြီ"

"ဆန္ဒမစောပါဘူး၊ နင့်အပြစ် မပါဘူး ကိုမင်း... ခုကိစ္စက ကြာလေ ဆိုးလေ ဖြစ်ကြရမှာပါ၊ တကယ်တော့ တိုး... သိပ်ဆိုးတယ်...၊ တိုး...သိပ်ရက်စက်တယ်ကွယ်"

အချစ်ကြီးတတ်သူတိုင်းသည် ကိုယ့်ချစ်သူ၏ အပြစ်ကို သိပါ သော်၊ မြင်ပါလျက်နှင့် သူတို့လို ပြန်ပြီး မရက်စက်နိုင်။ မစွန့်လွှတ်ဝံ့ သော်လည်း ခွင့်လွှတ်ရဲသော အသည်းနှလုံးပိုင်ရှင် မိန်းမသားတိုင်း င်ကွဲမတတ် ခံစားကြရသည့်အဖြစ်ကို...

မင်းမြတ်မင်းသည် သိနားလည်စွာဖြင့် ချစ်သူငယ်ချင်းသို့ အောင်းဖွဲ့နှစ်သိမ့်လျက်...

အပြန်လမ်းအတွက် မပန်းဝေသို့ တွဲခေါ်လျက်...

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း နှစ်ဆယ့်

ချစ်...

ဈေးထဲက မောင် စောင့်နေမယ်၊

တစ်နေရာရာမှာ စကားသွားပြောကြရအောင်၊

လွမ်းလွန်းလို့ မောင် လိုက်လာတာ...

ချစ်ရဲ့မောင်

သူသည် သူ့စာကိုပင် ပြန်၍ဖတ်နေရသဖြင့် ပိုက်ဆံ ခိုင်းလိုက်သော ကလေးသို့...

"ဘာလဲကွ...မတွေ့ခဲ့ဘူးလား"

"တွေ့ခဲ့ပါတယ်...နောက်ကျောမှာ စာပြန်ရေးပေးလိုက် လေ အစ်ကိုရ..."





သည်တော့မှ သူ့စာ နောက်ကျောကို ကမန်းကတန်း လှည့်ကြည့်မိသည်။

ဒီတစ်သက်မှာ တွေ့စရာ မလိုတော့ပါဘူး၊

ဘာဖြစ်လို့လဲဆိုတော့...

ဒီကဆိုကို ဒေါက်တာ မပန်းဝေ လာသွားလို့...

စာက သည်မျှသာဖြစ်သည်။

သည်နေရာတွင် ရုပ်ရှင်မင်းသားတစ်ယောက်သာ ဖြစ်ခဲ့ပါလျှင် ယ်ဒမိချိန်နိုင်သည့် အမူရာမျိုး ဖြစ်သွားရမည်။

မျက်နှာပျက်လျက် စာရွက်ကိုင်ထားသောလက်တို့ တုန်ရမည်။

က်ချားစိတ်ဖြင့် ဝေခွဲ၍မရသော မျက်နှာများ ပီပြင်လာရမည်၊

ည်လျှင်လည်း ဝဲရလေမည်။

သူသည် သည်သို့ဖြစ်ရမည့်အစား...

လိုက်လိုက်လှဲလှဲ ပြုံးလိုက်သည်။

ပြီးတော့ ကလေးငယ်၏ပခုံးကို လှမ်းကိုင်ရင်း...

"အိမ်မှာ တခြား ဘယ်သူတွေရှိသေးလဲ"

"မရှိပါ၊ အစ်မတစ်ယောက်တည်း"

"အေး...ကျေးဇူးပဲချာတိတ်၊ ငါကိုယ်တိုင် လိုက်သွားမယ်၊ သွားတော့"

ဆံပင်ရှည်ရှည်...တီရှပ် နီနီ။ အပြာရောင် ဘောင်းဘီနှင့်



www.burmeseclassic.com

www.burmeseclassic.com



ရှိဒင်စတော့(က) နေကာမျက်မှန်ကို တပ်ထားသော 'သူ'သည်
လုပသော ခြေလှမ်းများဖြင့် ရဲရဲဝံ့ဝံ့၊ ပြုံးပြုံးရွှင်ရွှင်ပင် ချစ်ငုံဖူး နေထိုင်
ဦးလှစိုးချစ် ရှိသော လူဝင်မှုကြီးကြပ်ရေးဝန်ထမ်းများရှိပ်သော
လှမ်းလာခဲ့ပါပြီတည်း။

✻ ✻ ✻

"ဟင်...ရှင်ဘာလာလုပ်တာလဲ။ စာမရဘူးလား"

"စာရလို့ လိုက်လာခဲ့တာပေါ့ ချစ်ရဲ့။ ပြီးတော့ ဒီအိမ်မှာ
တစ်ယောက်တည်း ရှိတယ်ဆိုလို့"

"တစ်ယောက်တည်းဆိုပြီး အပိုင်ကြံချင်သေးလို့
ဟင်...ကဲ"

"ဖြန်း"

နာကျည်းမှုတွန်းအားကြောင့် သွက်လက်သော လက်ဝါး
ချစ်သူ၏ ပါးပြင်ပေါ်သို့ အရှိန်ပြင်းစွာ ကျရောက်သည်။

"ဟာ...တကယ်ရက်စက်တယ်ကွာ"

ပါးကို တစ်ချက်မှ မပွတ်ဘဲ ဖိနပ်ချွတ်ပြီး အိမ်ပေါ်သို့





တင်း တက်ပြီး ကုလားထိုင်ပေါ်တွင် သူ ဝင်ထိုင်သည်။

ချစ်ငုံဖူးသည် အချစ်ဆုံးကို စွန့်လွှတ်ရပြီဆိုသော အသိနှင့်
ပြန်လည်တွေ့ဆုံရချိန်...နာကျည်းလွန်းစိတ်ဖြင့် ပါးရိုက်လိုက်မိသော်
လည်း သူက ဘာတစ်ခုမှ မတုံ့ပြန်ပါဘဲ အေးစက်စက် တည်ငြိမ်ငြိမ်
ဖြင့် ရှိနေသဖြင့်...

ချစ်ငုံဖူး၏ရင်မှာ ခံစားမှုစုံဖြင့် လှိုက်ခုန်စွာ ဘာစကားမှ
မပြောရဲဘဲ သူ့ကိုသာ ငေးကြည့်နေမိသဲ..

"ဒေါက်တာမပန်းဝေ လာသွားတယ်ဆိုလို့ မောင်က ဝမ်းသာ
ပါတယ်။ မောင့်ကိုသာ သူစောစောက ပြောရင် မရှိုးနဲ့မတ်နဲ့ အတူ
[illegible]ကြရမှာ"

"ဘာ..."

"မမ မပန်းဝေနဲ့ ချစ်နဲ့က ညီအစ်မ တော်ကြရမှာဗျ"

"ဘာ...ဘာပြောတယ်"

"ဒေါက်တာမပန်းဝေဆိုတာ မောင့်အစ်ကို အရင်းနဲ့ စေ့စပ်ထား
[illegible]ဆရာဝန်မလေဗျာ၊ သူ စိတ်တွေဆေးရုံကို ပြောင်းရတယ်"

"ဟင်"

"ချစ်...မယုံဘူးလား"

"မယုံဘူး...မယုံဘူး၊ ကျွန်မကို ထပ်ပြီး ဒုက္ခမပေးပါနဲ့တော့ရှင်။
[illegible] သိပ်ကိုခံစားခဲ့ရပါတယ်။ ငိုလိုက်ရတာလည်း ဒေါက်တာ
[illegible] လာပြီးတည်းက ဒီနေ့အထိပါပဲ"

ဖြစ်မှဖြစ်ရလေဗျာ၊ မောင့်အချစ် ဒီလောက် ငိုရအောင် မောင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရက်ပါ့မလား"

"တော်ပါတော့ရှင်။ ဒေါက်တာမပန်းဝေ ပြသွားခဲ့တဲ့ သူ့ချစ်သူ၊ သူနဲ့ စေ့စပ်ထားသူရဲ့ ဓာတ်ပုံဟာ...ရှင်ပါ"

"အဟား...ဟား၊ သိပ်ဟုတ်တာပေါ့ဗျာ၊ ပြုံးနေတဲ့ ဓာတ်ပုံမှာ သွားစွယ်လေးတွေ ပေါ်နေတာ မောင့်အတိုင်းပဲ မဟုတ်လား၊ ဟင်... ဟင်"

"ဘာတွေပြောနေတာလဲ၊ ဘယ်လို နားလည်ရမှာလဲ ရှင်ရယ်"

"ဘယ်လိုနားလည်ရမလဲဆိုတော့... မပန်းဝေရဲ့ ချစ်... တိုးတက်ထွန်းဆိုတာ မောင့်ရဲ့ အမြွှာညီအစ်ကိုအရင်းပါဗျာ"

"ဟာ..."

"ဒါကြောင့် မောင်ဟာ ဝင်ကစွပ်ကောင်ပါလို့ ချစ်ကို ပြော... ဖူးတာပေါ့"

"ဘယ်လို"

"မောင်ဟာ အကြောင်းတစ်ခုကြောင့် ဘဝဖျောက်ထားရ... မောင့်အစ်ကိုရဲ့ဘဝကို ခဏငှားပြီး နေရတာပါ ချစ်ရဲ့"

"မောင်...အို...ရှင်ပြောတာတွေ တကယ်မှ ဟုတ်ရဲ့လား..."

"ချစ်"

"ဘာလဲရှင်"

"အဲဒီ ကိစ္စကို မောင့်အစ်ကိုလည်း သိတယ်၊ မောင့်အ... လည်း သိပါတယ်ဗျာ၊ မသိတာက မပန်းဝေတစ်ယောက်တည်း..."

"တကယ်...တကယ်လားဟင်"





"မောင့်စကား မယုံနဲ့၊ မောင် သက်သေပြမယ်လေ။ တစ်နေ့နေ့ တစ်ချိန်ချိန် ဒီလိုများ ဖြစ်လာမလားဆိုပြီး..."

သူသည် ထိုင်ရာမှ ပြန်ထလိုက်သည်။ ဘောင်းဘီအိတ်တွင်းမှ ...အုပ်ငယ်လေးတစ်ခုကိုယူပြီး ချစ်ငုံဖူးသို့ တစ်ရွက်ချင်း လှန်ပြသည်။

"ဒါ မောင့်အဘွားနဲ့ ငယ်ငယ်ကရိုက်ထားတဲ့ပုံ... ဒါက... ...ဖေနဲ့ မေမေ...

ဒါက...ကိုကိုနဲ့...

ဒါက မောင့်ပုံ"

ဒေါ်ရတနာခင်ဦးလှိုင်၏ဘေးမှာ ဘောင်းဘီတိုလေးများနှင့် ...နေကြသော ရုပ်ချင်း ခွဲမရသည့် အမြွှာညီအစ်ကို ကိုးနှစ်ရွယ် ...လေးနှစ်ယောက်၏ပုံ။

ပြီးတော့၊ အတော်လေးကြီးမှ ရိုက်ထားသည့်ပုံ။ ညီအစ်ကို ...ယောက်က နောက်မှရပ်လျက်၊ ရှေ့မှာ...ဦးထွန်းသာနှင့် ဒေါ်ကေခိုင် ...ဆိုတာ ဖြစ်လေမည်။

ပြီးတော့ ဓာတ်ပုံနှစ်ခု ဆက်စပ်ထားသည့်အတိုင်း လုံးဝ ...ရအောင် တူနေသည့် ညီအစ်ကိုနှစ်ယောက် သွားစွယ်ကိုယ်စီနှင့် ...ကြသည့် အနီးကပ်ဓာတ်ပုံ။

"ပြီးတော့၊ ဒီဖြတ်ပိုင်းလေးလည်း ဖတ်ကြည့်ပါဦး ဒေါ်ချစ်ငုံ ...…"



www.burmeseclassic.com

www.burmeseclassic.com



စက်တင်ဘာလ ၁၈ ရက်တွင် ကျရောက်
သော...ချစ်သားလေးများဖြစ်ကြသည့်...
"တိုးတက်ထွန်း" နှင့်
"ထက်မြက်ထွန်း"
တို့ အမြွှာညီအစ်ကို၏ ဆယ့်ခြောက်နှစ်မြောက်
မွေးနေ့မှသည်... ရာသက်ပန် သုခအပေါင်းနှင့်
ပြည့်စုံကြပါစေ...
ချစ်လှစွာသော
ဖေဖေနှင့်မေမေ

"ဟယ်...မောင်"

"ကဲ...သက်သေခံတဲ့ အချက်အလက်များ ပြည့်စုံပါပြီ
ခင်ဗျာ"

"မောင်...မောင်ရယ်...အို...စောစောက ဘာလို့ မ
တာလဲ"

သူသည် ချစ်ငုံဖူး ရပ်နေရာသို့ ထလာပြီး ပခုံးနှစ်ဘက်
ပြုံးလျက်...

"ယုံပြီလား ပြောစမ်း"

"ဒီထက် နိုင်လုံတာ ဘာရှိဦးမှာလဲ မောင်ရယ်... ငုံ ယုံ

"ယုံရင် ဒီဘက်ပါးတစ်ဘက်"

"အို... ရိုက်ရက်ပါတော့မလား။ ရိုက်မိတဲ့အတွက်





န်တော့မှာပါ"

"သွားစမ်းပါ၊ ကန်တော့ မခံချင်ပါဘူး။ ဒီဘက်ပါးကို ရိုက်မိတဲ့
တွက် ဒီဘက်ပါးကို နမ်း...ဒါပဲ"

"အို..."

"ဘာအိုလဲ၊ မစုံမစမ်းနဲ့ ဖြန်းခနဲ ပါးချထည့်လိုက်တဲ့ ကောင်မ
း၊ ဒီလောက်တော့ အပြစ်ပေးရမှာပဲ..."

နီမြန်းနေသော မျက်ဝန်းတို့သည် ကြည်လဲ့လာခဲ့ပါပြီ။ လက်
ဘက်ကိုမြောက်ပြီး မောင့်ပခုံးပေါ် တင်လိုက်သည်။ အရပ်မြင့်သော
င့်အတွက် ခြေဖျားလေးထောက်ပြီး... သူရိုက်မိသော မောင့်ပါးပြင်
အရင်ဆုံး ရှိုက်မွှေးသည်။

ပြီးတော့မှ မောင် နမ်းခိုင်းသော ပါးပြင်ကို နှလုံးသားသို့တိုင်
မြသွားအောင် အားပါးတရ ရှိုက်နမ်းလိုက်မိသည်။

နာကျင်သွားရှာသော ပါးတဘက်အတွက် အကြင်နာအနမ်း...

သူခိုင်းစေသော ပါးပြင်အတွက်မူ အချစ်အနမ်းလေးများ။

"အို..."

တုံ့ပြန်လာသော မောင်၏ အနမ်းများသည်မူ ချစ်ငုံဖူးလို
င်သော... ကြမ်းကြမ်း ရမ်းရမ်းပါ...

"မောင်ရယ်...လွှတ်ကွယ်...ဖေဖေပြန်လာရင် အခက်"

စကားအဆုံးတွင် တအားဖက်ညှစ်လိုက်ပြီးမှ နှခံစွာ စောစော
လားထိုင်မှာ ပြန်ထိုင်ရှာသည်။

မောင့် ပါးပြင်တွင် အနီရောင်သန်းနေဆဲ...



www.burmeseclassic.com

www.burmeseclassic.com



ချစ်ငုံဖူးမှာ ချစ်သူ၏ ပါးကို သူ့လက်ဝါး နုနုလေးနှင့် အုပ်
ပြီး...

"နာသွားလားမောင်...ငုံ ရိုင်းစိုင်း ရက်စက်မိတဲ့အတွ
ရင်ထဲကို နာသွားတာပဲကွယ်...ငုံဘာလုပ်ပေးရမလဲဟင်"

"အနာပျောက်အောင်...စောစောကလို နှာခေါင်းလေး
နှိပ်ပေးဦးလေ"

"သွား...လူဆိုး...သူ့ကြောင့် သူများ ငိုလိုက်ရတာတွေ-

"မျက်ရည် ဘယ်နစက်ထွက်လဲ"

"ဟင်း...အစက်များ ရေလို့ရနိုင်မလား။ မောင်းတော တ
လုံး မမျောရုံ"

"**ထက်မြက်ထွန်း**"သည် ချစ်သူ၏အမူရာလေး၊ အ
လေးများကို မချင့်မရဲကြည့်ပြီး စိတ်မထိန်းနိုင်တော့သလို ထ
ဖက်ပွေ့ပြန်သည်။

"မောင်ရယ်ကွယ် ငြိမ်ငြိမ်ထိုင်စမ်းပါ။ ဝန်ထမ်းအိမ်
တစ်ယောက်ယောက် မြင်သွားပါဦးမယ်"

သူ ပြန်ထိုင်လိုက်ပြီး...

"ချစ်ရယ်... ချစ်တယ်ကွယ်။ ချစ်နဲ့ပဲနေချင်တယ်။ မော
ဘာလို့ အဝေးကြီးခြားပြီး ထိုင်နိုင်းထားရတာလဲလို့"

"ဟင်း...သိပ်အစွဲကောင်းတဲ့လူ။ ကဲ...ပြောစမ်းပါဦး။ ဘာ
လို့ ဒီလိုညှဉ်းထားရတာလဲ။ မောင့်အဖြစ်မှန်ကို ဘာလို့ မေ
ကွယ်ဝှက်ထားရတာလဲဟင်"





"ဒီလောကမှာ မောင် အသက်ထင်ရှား ရှိနေသေးတယ်လို့
တဲ့လူဟာ မမကြီးနဲ့ ကိုကိုနဲ့ နှစ်ယောက်တည်း ရှိတယ်"

"ဟင်...ဘာဖြစ်လို့လဲ ဘယ်လိုကြောင့်လဲ"

"လာမယ်လေ...မင်းသားရဲ့ ကိုယ်တိုင်ပြော အတ္ထုပ္ပတ္တိ"
ပင်ကိုယ်ရေး အတ္ထုပ္ပတ္တိသာ ကြားဖူးပါတယ်"

"အဲဒါ မှားနေပြီ။ ပင်ကိုယ်ရေး ဆိုတည်းက ဘယ်လိုလုပ်
နိုင်မလဲ၊ ဖတ်ရတော့ မြင်ရရုံပေါ့။ အခု ဒီက..."

"အို...တော်စမ်းပါ၊ မောင်ဟာလေ... ဘာကိုမှ အလေးအနက်
သလိုပဲ၊ မောင်လုပ်ပုံလည်း ပြန်စဉ်းစားကြည့်စမ်းပါဦး"

"စဉ်းစားမိပါတယ်၊ သိပ်ချစ်ရတဲ့ သူကို ဖက်တယ်၊ ပြီးတော့
တယ်"

"မောင်နော်...အချိန် သိပ်မရဘူး။ အဓိပ္ပာယ်မရှိတဲ့ စကားတွေ
ပြောစမ်းနဲ့။ ဒီမှာ..."

"ဟုတ်ကဲ့ ခင်ဗျာ"

သူ့အမူရာကြောင့် ချစ်ငုံဖူး ပြုံးရသည်။ ကြည်ကြည်နူးနူး
၏။

"မောင့်ကြောင့် ငုံရော...ဒေါက်တာမပန်းဝေရော ဘယ့်လောက်
ဆင်းရဲကြရသလဲ"

"မပန်းဝေ စိတ်ဆင်းရဲရတာ မောင်နဲ့ ဘာဆိုင်လဲ။ ကိုကိုတိုး
မယ်။ မောင်ချော့ရမယ့် တာဝန်က မောင့်ချစ်သူလေး...ငုံ..."

"ချော့စရာ မလိုတော့ပါဘူးရှင်၊ ငိုခဲ့ရသလောက် ရင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကြည်နူးခဲ့ရပါပြီ။ ပြီးတော့ ငုံ အဆင်ခြင်ဘဲ ပါးရိုက်ခဲ့မိလို့ မောင့်...
သနားတယ်"

ထက်မြက်ထွန်း၏ ချစ်ရည်ရွှန်းလွန်းသော ချစ်မျက်...
ကြောင့် ချစ်ငုံဖူး ပြုံး၍ ကြည့်မိသည်။

သူသည်လည်း ချစ်သူ၏ဆန္ဒအတိုင်းပင် ချစ်သူ၏ ရင်ခွင်...
ခိုတွယ်မှီအပ်နေချင်မိပါသော်လည်း အချိန်ကာလနှင့် အခြေ...
သည် သူတို့နှစ်ဦးကြားမှာ ခြားထားနေဆဲရှိသည်။

မျှော်လင့်ခြင်း ရောင်ခြည်အတွက် အရဏ်တက်ခဲ့ပြီ။ မကြာ...
ပီသသော အလင်းအောက်မှာ အရာတိုင်းသည် ရုပ်လုံးကြွစွာ မြင်...
လာပေတော့မည်။

မပန်းဝေ၏ ချစ်သူနှင့် သူ၏ချစ်သူတို့သည် သီးခြားစီ ဖြစ်...
သည် ဆိုသည်ကို အားလုံးသို့ တင်ပြလျက်...

အချစ်ကြီးလွန်းစွာချစ်တတ်ခဲ့လွန်းသော မိန်းမသားနှစ်ယော...
တို့သည် ရင်ချမ်းမြေ့စွာဖြင့် ကိုယ့်ချစ်သူကို ကိုယ် ပိုင်ဆိုင်ကြ...
တော့မည်။

"ကြည့်...ကြည့်၊ ကောင်မလေးတစ်ယောက်၊ ငါယော...
ရတော့မယ်လို့ တွေးပြီး ပြုံးနေပြီ"

"ကဲ..."

အဖြစ်မှန်ကို အပြောခံရ၍ ရှက်ရှက်နှင့် ထိုင်ရာမှ...
မောင့်ပေါင်ကို ထုထည့်ပစ်လိုက်မိသည်။

"ဒီမှာမောင်"





"ဟိုမှာ ချစ်"

စကားနိဒါန်းကို သူက ခပ်တည်တည်နှင့် လက်ညှိုးထိုးပြီး
...နေပြန်သည်။

"ကဲ...နောက်မနေနဲ့၊ ပြောင်မနေစမ်းပါနဲ့၊ ချစ်ပြောတာ
...ထောင် မောင်ရာ...နော်"

ချစ်စရာ ကောင်းလွန်းစွာ လှလိုက်တဲ့ အမူရာလေးပါ။

"ကဲ...ပြောစေဗျာ...ပြောစေ"

"ခုဆို မောင်ဟာ ဘယ်သူလဲလို့ သိရပြီ။ နောက်တစ်ခုပဲ သိဖို့
...တော့တယ်"

"အမိန့်ရှိပါခင်ဗျာ"

ချစ်မျက်စောင်းသည် လေးဆယ့်ငါးဒီဂရီ တည့်တည့်ရှိရာ
...နှာပေါ်သို့ ကျရောက်၏။

"မောင်ဟာ ဘာကြောင့် ဘဝဖျောက်ထားရတာလဲလို့..."

"လာမယ်ဆို"

"ပြောလေ"

"ကြာမယ်လေ... အချိန်ရမလား"

"ဘယ့်လောက် ကြာမှာလဲ"

"သုံးည အိပ်လောက် ပြောရင်တော့ နိဒါန်းပြီးမှာပါ၊ ဇာတ်လယ်
...းပါ ဆိုရင်တော့..."

"မောင်ကလည်းဟယ်...တကယ်ပဲ စကားကောင်းကို ပြောလို့
...တကယ်စိတ်ညစ်ဖို့ကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ…တကယ်ချစ်ဖို့ ကောင်းတယ် ဟုတ်လား။ အဘ
နားမကောင်းဘူးကွယ်"

"ကဲ…မောင်ရယ် အချိန်မရှိဘူး။ ပြောစမ်းပါ မြန်မြန်…"

"တကယ် ချစ်ရဲ့၊ မောင့်ဓာတ်လမ်းက အရှည်ကြီး။ ချစ် အ
ရမှာလား"

သည့်တစ်ခါတော့ သူ့မျက်နှာသည် တည်ငြိမ်လေး
နက်နက်ပါ။

ချစ်ငုံဖူးက လက်မှ နာရီလေးကို ကြည့်လိုက်သည်။

"ဟာ…ဖေဖေလာဖို့ မိနစ်နှစ်ဆယ်ပဲ လိုတော့တယ် နေ့လ
၁၂ နာရီမှာ ထမင်းပြန်စားနေကျ။ ဒုက္ခပါပဲ"

"ကြည့်လို့တောင် မဝသေးပါဘူးဗျာ၊ ပြန်ရတော့မှာလား"

"ဒီကလည်း ဘယ်ခွဲချင်ပါ့မလဲ၊ ငုံ့ အချစ်ဦးရယ်… ပြန်
ကွယ်"

"ဘယ်မှာ ဆုံကြမလဲ"

"ဒီမြို့လေးမှာ ချိန်းတွေ့လို့တော့ ဘယ်နည်းနဲ့မှ မဖြစ်
မောင်ရယ်၊ ဌာနဆိုင်ရာ လူကြီးသမီးလည်း ဖြစ် ဇမာကလည်း ရှား
ငုံကို လူတိုင်းသိနေကြပြီ"

"ဒါဖြင့် ဘယ်တော့ တွေ့ခွင့်ပေးမှာလဲ၊ မောင့်မှာ ချစ်ကို
လွမ်းလို့ တပင်တပန်း လိုက်လာရတာ"

"သိပါတယ်၊ ဒီကလည်း ဒီတစ်ခါ တွေ့ရတာ ဝမ်းအသ
ပဲကွယ်"





"မောင် ပြန်ရတော့မှာလား…၊ မပြန်ချင်သေးဘူး ချစ်ရယ်"

"ဒီကလည်း ဘယ်ခွဲချင်ပါ့မလဲ"

"ဖေဖေ လာတော့မှာ မောင်ရယ်…သွားတော့ကွယ်"

"ဘယ်မှာ ဘယ်တော့ ဆုံရမလဲ ပြောပါဦး… ဒီမောင်းတော
လဲ မဖြစ်ဘူးဆို"

"ဒီတစ်ပတ်အတွင်း ဖေဖေ စစ်တွေသွားစရာရှိတယ်လို့ ပြောသံ
းတယ်၊ အဲဒီတော့ ငုံလိုက်ခဲ့မယ်လေ…နော်…"

"ဘယ်လောက် ကြာဦးမှာလဲ ငုံရယ်"

"ငုံလည်း ဘယ်ခွဲချင်ပါ့မလဲ၊ ဒီတစ်ခါ ပိုပြီး မခွဲချင်သေးတယ်
ား၊ ငုံ သိပ်ဝမ်းသာသွားမိတယ်ကွယ်"

"မောင်ကတော့ ငုံကို စတွေ့တည်းက ဝမ်းသာနေတာ"

"ကဲပါ အချိန်မရှိဘူး၊ ဒီတစ်ခါ သိပ်ဝမ်းသာရပေမယ့် သိပ်
င်တဲ့အကြောင်းအရာကို သိခွင့်မရလိုက်သေးဘူးနော်"

"ဘာလဲ"

"သြော်…မောင်ဘာကြောင့် ဒီလို ဘဝဖျောက်ထားရသလဲ
ပေါ့"

"မောင်က သုံးညအိပ်လောက် ပြောနိုင်တာပါ။ နေခွင့်မှ
"

"မဖြစ်လွမ်းလို့ပါ။ ငုံ စစ်တွေကို ရောက်တဲ့နည်းနဲ့ လာခဲ့မယ်၊
ဘယ်မှ မသွားဘဲသာ စောင့်နေနော်…"

"ကောင်းပါပြီဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ထက်မြက်ထွန်းသည် ထိုင်ရာမှထပြီး သူ့ဝပ်ကင်းရှူးဖိနပ်...
စီးနေဆဲ...ချစ်ငုံဖူးက အနီးကပ်ရပ်လျက်...

"မောင်"

"ဖေဖေကလည်း အဖြစ်မှန်သိရင် ဝမ်းသာမှာနော်..."

"ဒါပေါ့...ချက်ချင်း သားမက်တော်ချင်သွားမှာ..."

"ဟင်း...သူက လူဆိုးကြီးလားလည်း မသိဘူး"

"မိကောင်းဖခင်သားသမီး လူလိမ္မာလေးပါဗျာ၊ သူများသား
သမီးကို နှိမ့်နှိမ့်ချချ မပြောပါနဲ့"

"မောင်ဟာလေ"

ရွှင်မြူးစွာ ရယ်မောမိသည်။

"မောင်"

"ဗျာ"

တကယ်သွားရတော့မည်ဆိုတော့လည်း ချစ်ငုံဖူးကိုယ်တိုင်...
ရက်တော့သလို အနီးသို့ လိုက်လာရပ်နေမိသည်။

"ဖေဖေ့ကို အဖြစ်မှန် ပြောပြလိုက်ရကောင်းမလား...
ဖေဖေက မောင့်ကိစ္စကို သိပ်စိတ်ဝင်စားနေတာ မောင်ရဲ့"

"အဖေ့ကို ဖွင့်ပြောပြီး လူကြီးစုံရာနဲ့ မောင့်ကို လာပြီး ...
ရမ်းတော့မယ်လား"

"ကြည့်ကွယ်...ခွဲရခါနီး အချိန်အထိ သူ လှောင်နိုင်သေး...

"မောင် ပြန်တာလား၊ ချစ် နှင်တာလား"

"ကြည့်...သိလျက်နဲ့ကွယ်"





"ကဲ...ဒါဖြင့် ပြန်မယ်နော်"

"ဩော်...ဒီမှာ မောင်"

"ဟိုမှာ ချစ်လို့ ဒီတစ်ခါမ...တော့ပါဘူး"

အပြုံးတွေ လှိုင်ဝေရင်းဖြင့်...

"ငုံနဲ့ မောင်ရဲ့အကြောင်းကို ဒေါက်တာမပန်းဝေက ဘယ်လို
...သိပြီး ဒီအထိ လိုက်လာရတာလဲ၊ ငုံရှက်လိုက်တာ... ဝမ်းနည်း
...တာမှ သေမတတ်ပါပဲသိလား"

"ဘယ်လိုသိရမလဲ ငုံရဲ့၊ ဟိုကောင်ပေါ့"

"ဘယ်ကောင်လဲ"

"အင်ဂျင်နီယာစုတ် လက်ချက်နေမှာပေါ့"

"မောင်က သိလို့လား"

"သူက မောင့်မရီးလောင်း မပန်းဝေရဲ့ သူငယ်ချင်းလေ..."

"ဩော်...ဟုတ်သားပဲ၊ သူ ပြောဖူးတယ်"

"သူက ငုံ့ကို ချစ်နေတာ၊ မောင့်ကိုလည်း ကိုကို တိုးတက်ထွန်း
...သင်ပြီး ဒေါက်တာမပန်းဝေကို ပြောခိုင်းတာ နေမှာပေါ့"

"အင်း...ဟုတ်နိုင်တယ်၊ သိမယ်...ဒီလူတော့ ငုံနဲ့တွေ့မယ်"

အချစ်လွှင်ပြင်သို့ ဒေါသ သစ်ကိုင်းလေးတစ်ခု ကျိုးကျလာ
...ည်။

"မောင်"

"ချစ်"

"စောစောက ခတ်ပုံထဲက မောင့်တစ်ယောက်တည်းပုံ ပေးခဲ့ဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်မလို့လဲ"

"အပိုတွေမေးမနေနဲ့"

"ဓာတ်ပုံကို ခိုးမနမ်းဘူးဆိုမှ ပေးနိုင်မယ်"

"ကဲ..."

လက်သီးနှသည် ထက်မြက်ထွန်း၏ လက်မောင်းရင်းဆီသို့ ထိထိမိမိ...

"ရော့ အားလုံးယူထားလိုက်"

ဆောင်းဘီအိတ်တွင်းမှ သားရေ စာအုပ်ငယ်လေးကို ထုတ်၍ ပေးခဲ့သည်။

"တွေ့ဖို့လာရတာ၊ ကြံဖန်ရတာ အကြာကြီး။ တွေ့ရချိန်က ခဏလေးနော်။ စစ်တွေကို အမြန်ဆုံး ပြန်လာနိုင်အောင် ချစ်ရယ် ကြိုးစားစမ်းပါကွယ်နော်"

"စိတ်ချ မောင်၊ ဘယ်လိုမှ လာလို့မရရင် ငုံထွက်ပြေးလာခဲ့မှာ"

ထက်မြက်ထွန်းသည် ဖိနပ်ချွတ်အနိမ့်ဆင့်မှသည် ချစ်ငုံဖူး၏ ပါးလေးကို လိမ်ဆွဲပစ်လိုက်သည်။

ဦးလှစိုးချစ် ပြန်လာတော့မည့် အချိန်သည် နီးကပ်လှ နေပြီမို့...

နှုတ်သွက်သွက်နှင့် စကားတွေ ဆက်နေအောင် ပြောနေမိသော ပြောနေချင်သော ချစ်ငုံဖူးသည် နှုတ်ဆိတ်ငြိမ်သက်လိုက်ရပါပြီ။

"တွေ့ရတာ ခဏလေးပေမယ့် သိပ်ဝမ်းသာရတယ်ချစ်ရယ်"

"ငုံ ငိုရတာတွေလည်း သိပ် ပြောပြချင်တယ်။ မောင့်အကြောင်း





တွေလည်း သိပ်သိချင်တယ်။ အို...ပြောရရင် ဆုံးတော့မှာ မဟုတ်ပါဘူး"

"ချစ် စိတ်ပန်းနေပြီ။ မောင် ပြန်တော့မယ်နော်"

"ဟုတ်ကဲ့မောင်ရယ်၊ အမြန်ဆုံး ဆုံတွေ့နိုင်အောင် ငုံကြိုးစားပါ့မယ်၊ သွားတော့နော်"

လက်ချင်း ဆုပ်ကိုင် ချိတ်ဆက်ထားရာမှ အကြည့်ချင်း ဆုံလျက်က လက်ကိုလွှတ်၊ အကြည့်ကို လွှဲပြီး ပြန်သွားရရှာသော...

အချစ်ဆုံး အချစ်ဦးသို့ အမြင့်မားဆုံးသော ပီတိရင်ဖြင့်...

ချစ်သူ၏ အရိပ်ကလေး ပျောက်ဆုံးသွားသည်အထိ ချစ်ငုံဖူးမှာ ငေးမျှော်လျက်...

✻ ✻ ✻



www.burmeseclassic.com

www.burmeseclassic.com

## အခန်း နှစ်ဆယ့်ခြောက်

ဂစ္ဆပသည် လိပ်၊ နဒီသည် မြစ်၊ လိပ်နှင့်တူသောမြစ်။

ဂစ္ဆပနဒီ မည်သော ကုလားတန်မြစ်နှင့် ဘင်္ဂလား ပင်လယ် အော်တို့ ဆုံဆည်းရာ ကမ်းနဖူးထိပ်မှ ကျွန်းကလေးတစ်ကျွန်း လည်း ခေါ်နိုင်သော စစ်တွေသည် ပင်လယ်ရေမှ အမြင့် ၁၅ ပေ ရှိ၍ ကျောက်ဆောင်များ၊ ထာဝရ ပြာနေသော ပင်လယ်ပြင်ကျယ် အလိပ်လိပ် အထွေးထွေး လှိုင်းဖွေးဖွေးတို့ဖြင့် တင့်မောသာယာလှ မြို့တစ်မြို့ပါ။

ရခိုင်ပြည်နယ်ကို ရန္တပိုစာချုပ်အရ နယ်ချဲ့အင်္ဂလိပ်တို့ ပိုင် သွားပြီးသည့် ခရစ်နှစ် **၁၈၂၆** ခုနှစ် နောက်ပိုင်းတွင်မှ...

ပင်လယ်ကူးသင်္ဘောများ ဝင်၍ထွက်၍ အဆင်ပြေလှ နေရာ၊ ထွက်ကုန်ပေါသော ဤသာမန် တံငါရွာလေးကို အဆင် တည်ပြီး ရခိုင်ပြည်နယ်၏မြို့တော်အဖြစ် စစ်တွေမြို့ကို သတ် တည်ဆောက်ခဲ့ကြသည်။





နိုင်ငံခြားသင်္ဘောများ ကျောက်ဆောင်နှင့် မတိုက်မိစေရန်နှင့် အလွယ်တကူ ဝင်ထွက် သွားလာနိုင်စေရန် စစ်တွေမြို့၏ အနောက် မြောက်ဘက်ရှိ၊ အိုက်စတား(Oyster)ကျွန်းပေါ်မှာ တည်ဆောက်ပြီး၊ စစ်တွေဆိပ်ကမ်း ဝင်ခါနီး ဆဲဗစ်(Savage)ကျွန်းပေါ်မှာ မီးပြတိုက် တည်ဆောက်ထားသည်ကို 'လေးခြမ်းတောင်မီးပြ'ဟု ခေါ်သည်။ ယခု သမုန်တိုင်းဒဏ်ကြောင့် ပျက်စီး၍ မြို့ထိပ်ရှိ မျှော်စင်၏ အနောက် ဘက်နှစ်ရာခန့်လောက် အကွာတွင် မီးပြအသစ်ကို ဆောက်လုပ်ထားရ သည်။

အစိုးရ အရာရှိများ သွားလာရန်နှင့် အပန်းဖြေရန် ကျောက်တုံး များကို ကျောက်တန်းများ ဖြစ်လာအောင် ဆိပ်ကမ်းလုပ်ထားခဲ့ဖူး သဖြင့် 'မင်းကြီးကျောက်တန်း'ဟု ယခုထက်တိုင် ခေါ်နေကြခြင်းပါ၊ ဆင်တော်ကြီးဟု ခေါ်သော ဆိပ်ကမ်းနှင့် ရခိုင်ပြည်နယ်တွင်းသွား သင်္ဘောများ ထွက်ခွာခြင်း၊ ဆိုက်ကပ်ခြင်း ပြုလုပ်နိုင်ရန်အတွက်မူ ကုလားတန်မြစ်၏ မြစ်လက်တက်သဖွယ်ဖြစ်သော 'ဆတ်ရိုးကျ ချောင်း'ကို အသုံးပြုကြသည်။ အစိုးရပိုင်သင်္ဘောများ ထွက်ခွာရာကို သင်္ဘောဆိပ်'ဟုခေါ်ပြီး ပုဂ္ဂလိကပိုင်သင်္ဘောများအတွက်မူ 'ဘုတ်ဆိပ်' ဟု ခေါ်ကြလေသည်။

စစ်တွေလမ်းတို့သည် ကွေ့ဝိုက်ခြင်းရှိသလို ကမ်းနားလမ်းနှင့် လမ်းမကြီးသည်မှ ဖြောင့်တန်းရှည်လျားလှပါဘိ။

စစ်တွေမြို့သူမြို့သားတို့ ဂုဏ်ယူလေ့ရှိကြသော နာရီစင် ကြီးသည် လမ်းမကြီးပေါ်မှ ရှုပတောင်ရပ်တွင် ရှိပါ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဘက်တွင် ဈေးကြီး၊ ရွှေပြည်တန် တည်းခိုရိပ်သာ မြရုပ်ရှင်ရုံတို့ဖြင့် စည်ကားလှသော ရူပဘောင်ရပ်ကွက် လမ်းမ ပေါ်မှ ဦးမောင်ညို၏ ခေါက်ဆွဲဆိုင်တွင် ထိုင်ကြရင်း စစ် အကြောင်း တွေးလာသော ဦးလှစိုးချစ်သည်...

"စားပြီးရင်တော့ တို့ တည်းတဲ့အိမ်ကို ပြန်ကြမယ် ကိုမင်း သမီးကို စိတ်မချဘူး"

"ဦးလေးတို့တည်းတဲ့ ရူပရွာက အိမ်က ငုံကို ဂရုစိုက်ကြမှာ သိပ်ခင်တတ်တယ်နော်"

"သမီးက...ခုမှသိတဲ့ ပါဒလိတ်ချိတ် ရပ်က အိမ်ကို သွား မယ်လို့ပြောလို့"

"တည်းတဲ့အိမ်က လိုက်ဖို့ကြမှာ မဟုတ်လား"

မင်းမြတ်မင်းက ခေါက်ဆွဲများကို ဖွန်း၊ ခက်ရင်းနှင့် စားရင်း ပြောပါ၏။

"အေး...စိတ်တော့ ချရပါတယ်။ ခုတလော ငါ့သမီး အခု ငါမကြိုက်ဘူး"

"ခင်ဗျာ..."

"ဒီမလာခင် တစ်ပတ်လောက်က သမီးဟာ ခေါင်းကို ဖိုက်အောင့်လို့ဆိုပြီး ထမင်းမစား၊ မလှုပ်မရှားနဲ့ ကြိတ်ကြိတ် တယ်။ ဦးလေး သိတာပေါ့"

သူ့ခိုးရှေ့မှာ အခိုးခံရသော ပိုင်ရှင်က သူ့ပစ္စည်းအ လာ၍ပြောနေသလို မင်းမြတ်မင်းမှာ မလုံမလဲ ဖြစ်ရသည်။





သူ့ကြောင့် မဟုတ်ပါလား။ သူ့စနက်မီးသည် မိန်းကလေး ယောက်၏ နှလုံးသား နှစ်ခုသို့ တစ်ပြိုင်တည်း လောင်ကျွမ်းစေခဲ့ သည်။ ပြုပြင်၍ မရနိုင်တော့သော သူ့ဆောင်ရွက်ချက်အမှားအတွက် ခင်တသည် မီးနှယ် သူ့ရင်ကို ဟပ်လာ၏။

"ဒါပေမယ့်... ဒီမလာခင် သုံးရက်လောက်ကစပြီး တစ်မျိုး သွားပြန်ပြီကွယ့်"

"ခင်ဗျာ..."

"သမီးဟာ အတတ်နိုင်ဆုံး သိုသိပ်ဖုံးဖိထားပေမယ့် မရပါဘူး"

"ဘာပါလဲ ခင်ဗျာ"

"သမီး သိပ်ပျော်နေတယ်"

"ဗျာ..."

"သူ သိပ်စိတ်ဆင်းရဲနေရတဲ့ ပြဿနာတစ်ခုဟာ ပြေလည် ပြီလို့ ယူဆရတယ်"

မင်းမြတ်မင်းသည် ဦးလှစိုးချစ်ထက် ပို၍ အတွေးရခက်သွား ပြီ။

"သူ သိပ်ပျော်ရွှင်နေပုံရတယ်။ ပြီးတော့ စစ်တွေကို သူ သိပ် င်နေပုံရတယ်"

"ခင်ဗျာ..."

"အဲဒါကြောင့် သမီးကို စိတ်မချဘူးလို့ ပြောနေတာပေါ့"

"ဘယ်လိုကိစ္စမျိုးလို့ ဦးလေးယူဆပါသလဲ ခင်ဗျာ"

"သမီးရှင်တစ်ယောက်အနေနဲ့ အဖြေရ ခက်တဲ့ မေးခွန်းမျိုးပဲ



www.burmeseclassic.com

www.burmeseclassic.com



မေးတတ်လေတယ်ကွယ်...၊ ဒီအရွယ် ဘာကိစ္စဖြစ်မလဲ။ အချစ်ကိ
နေမှာပေါ့"

နက်နဲလွန်းစွာ ခက်ခဲစေသော အတွေးတို့သည် မင်းမြတ်
၏ ဦးနှောက်ကို ဖုံးလွှမ်းသည်။

"ကိုတိုးတက်ထွန်းဟာ မပန်းဝေရဲ့ ချစ်သူဆိုတာ သူ လက်ခံ
ပြီးတော့ ဆေ့စပ်ထားတဲ့ သူများချစ်သူမှန်း မသိလို့ပါ။ သူ နောက်ဆု
ပေးပါမယ်လို့ မပန်းဝေကို ကတိပေးလိုက်လျက်သားနဲ့"

"ချစ်ငုံဖူး ဘယ်လို ဖြစ်တာလဲ။ ဘာကြောင့် သူ အပြောင်း
မြန်စွာ ပျော်ရွှင်သွားရတာလဲ"

"သူ့ကို ယုံအောင် ကိုတိုးတက်ထွန်းက ဘာတွေများ ထပ်
လိုက်လို့လဲ"

"ငါ မပန်းဝေနဲ့ တွေ့ဦးမှ ဖြစ်မယ်ထင်တယ်"

"အို...ငါမပါဝင်တော့ပါဘူး။ သူတို့ပြဿနာ သူတို့ရှင်း
ပါစေ"

"ငါ သိပ်ချစ်ရတဲ့ ငုံရယ်...၊ ငါ့သူငယ်ချင်း မပန်းဝေ
နှစ်ယောက်စလုံး စိတ်ချမ်းမြေ့ကြပါစေလို့သာ ငါ လိုက်လိုက်
ဆုတောင်းရတော့မှာပဲလေ..."

"ကဲ...သွားကြစို့ ကိုမင်း"

သမီးအတွက် စိတ်မဖြောင့်လှသော်လည်း အရာရာ၌
သော၊ ပါဝင်ထိတွေ့ချင်တတ်သော ဦးလှစိုးချစ်သည်...





အကောင်းဆုံး ကွမ်းယာချိုချို တစ်ယာကို ဝင်ဝယ်၍ စားလာ
သည်။ မင်းမြတ်မင်းကတော့ ကွမ်းယာမကြိုက်၍ မစားဖြစ်။

မင်းမြတ်မင်းသည် ကွမ်းယာ ဆေးလိပ်မှအစ အရက်ထိ
သောက်တတ်၊ မစားတတ်သော တကယ့်လူရိုးလူကောင်းလေး
ယောက် ဖြစ်သည်။

သမီး ချစ်ငုံဖူးသို့ မေတ္တာရှိနေကြောင်း ဦးလှစိုးချစ် သိပါ၏။
ဘာတူလှပါသော်လည်း မိန်းကလေးရှင် ဖခင်ဖြစ်နေ၍ဘယ်နေရာ
မှ ဝင်၍မပြောသာ၊ မပြောအပ်။

"ဦးတို့ ဘယ်တော့ ပြန်ဖြစ်ကြမလဲ"

"ရုံးကိစ္စနဲ့ တစ်ပတ်လောက်တော့ ကြာမယ်ထင်တယ်။ တနင်္ဂ
သဘော်ရှိရင် အဲဒီကျမှပြန်မယ်။ သမီးလည်း မောင်းတောမှာ
ရတာ ပျင်းနေရှာတယ်ကွယ်..."

လမ်းမကြီးအတိုင်း လျှောက်လာကြပြီးမှ ရှုပရပ်ရှိ တည်းခိုအိမ်
လက်ဝဲဘက်သို့ ချိုးကွေ့လိုက်ပြီး...

"ဦးလေးက အစားအသောက် သိပ် ဂရုထားတာ။ အဝတ်
တာက သူများကြည့်ဖို့၊ အလကားပဲ။

သန့်ရှင်းရင် တော်ရောပေါ့ မဟုတ်ဘူးလား"

မင်းမြတ်မင်း ပြုံး၍သာ နေသည်။

"အဝတ်ဆိုတာ သူများကြည့်ဖို့ ဝတ်ရတာကွ။ အစားကမှ
ယ် ကိုယ့်အတွက်။ ဦးလေး အစားမက်မှန်း သိလို့ သူ့အမေက
ကြီး ထည့်ပေးလိုက်ရှာတာ"



www.burmeseclassic.com

www.burmeseclassic.com



"ငုံကလည်း လူကြီးတစ်ယောက်လိုပဲ၊ တကယ် အခု
အပြုအမူ ကောင်းပါတယ်"

"အင်း... ဝါသနာလည်းပါတယ်၊ စိတ်လည်းရှည်တယ်၊ ...
ကိုလည်း ဂရုစိုက်ရှာပါတယ်။ ဒါကြောင့် ခုတလော သမီးပုံစံ...
ပျက်နေတာ ဘာမှ မဟုတ်ပါစေနဲ့လို့ ဦးလေး ဆုတောင်းရတယ်...
လိမ္မာတဲ့သမီးလေးမို့ မဖြစ်သင့် မဖြစ်ထိုက်တာတွေ မဖြစ်စေချင်လို့...

ဦးလေးထက် အဆတစ်ရာ ကျွန်တော်က စိတ်ပူရပါတယ်...
လို့သာ ပြောပစ်လိုက်ချင်ပါတော့သည်။

"သြော်...ငုံရယ်။ မဆုံဆည်းနိုင်မှန်း သိပေမယ့်၊ ရယူပိုင်ဆိုင်...
မရှိမှန်း သိပေမယ့် ငုံအတွက် ကိုယ့်အချစ်တွေဟာ ထာဝရ တည်...
မယ်ဆိုတာ ကိုယ့်ကိုယ်ကို သိပါတယ်ငုံ"

ငုံသည်သာ အသည်းကြွေပျက်ရသော အဖြစ်မျိုးနဲ့ မ...
မဆုံရပါစေနဲ့လို့ ကိုယ်ဆုတောင်းပေးလိုက်ပါတယ်ကွယ်..."

❋ ❋ ❋



## အခန်း နှစ်ဆယ့်ခုနစ်

ပန်းလင်တောမှ လက်ျာဘက်သို့ ချိုးကွေ့လိုက်ပြီး ဖယ်ယာ...
...မ်းတွင်းသို့ ချစ်ငုံဖူး ဝင်ခဲ့သည်။

စစ်တွေကောလိပ်သို့သွားရာ ဤဖယ်ယာလမ်းကို ကောလိပ်...
...မ်းဟုလည်း ခေါ်ကြပါ၏။ ဤလမ်းမှ ဒေါ်ရတနာခင်ဦးလှိုင်ပိုင်...
...ကြီးသည် ဆေးရုံနှင့် အနီးလေးပါ။ ကောလိပ်ဝင်းထဲတွင် ပိုးဝါ...
...ဆောင်နှင့် ဝေသာလီဆောင်တို့ ရှိကြသည်။

"ဒေါက်တာ မပန်းဝေ M.B.,B.S.(Rgn.)"

အပြာရောင်ပေါ်တွင် အဖြူစာလုံးနှင့် ပလတ်စတစ် ဆိုင်းဘုတ်
...လေးသည် ခြံတံခါးဆွေးဆွေးပေါ်တွင် ချိတ်ဆွဲထားပါ၏။

ခြံတံခါး ပိတ်ထားရုံမက အတွင်းမှာလည်း တိတ်ဆိတ်နေ၍
...ငုံဖူး လှမ်းမျှော်၍သာ ကြည့်ရသည်။ မအော်ရဲ...မခေါ်ရဲပါ။

ဒေါက်တာမပန်းဝေ ဆေးရုံသွားနေမယ့်အချိန် တမင် ရွေးလာ
...ယ် မတော်လို့ အိမ်ထဲမှာရှိနေရင် ဒုက္ခ။ ဘာလာလုပ်လဲ မေးမှ
...တော့။



www.burmeseclassic.com

www.burmeseclassic.com



မရှင်းလင်းသဖြင့် တစ်ခြံလုံး ရှုပ်ထွေးနေသည့် သစ်ပင်နွယ် များနှင့် နှစ်ထပ်အိမ်အိုဟောင်းကြီးကို ခြေဖျားလေးထောက်ထော ပြီးသာ လှမ်းမျှော်ကြည့်မိသည်။

"စစ်တွေသို့ အမြန်ဆုံး လိုက်လာခဲ့မည်"

ဟု အချစ်ဆုံးသို့ ပြောမိသော်လည်း ဘယ်နေရာမှာ ဆုံကြ ဟု ချိန်းဆိုချိန်မရလိုက်၊ သူကိုယ်တိုင်ကလည်း အတိအကျ မသိခဲ့ အချိန်တိုတိုလေးအတွင်းမှာ ပြောချင်သည့်စကားလုံးများက ထော သောင်းချီနေခဲ့လေသည်။

စစ်တွေရောက်ပြီးနောက် နှစ်ရက်မြောက်သည်အထိ မောင် ကြုံဆုံခွင့်မရ၍ သည်နေ့တော့ ဖေဖေနှင့် ကိုမင်းမြတ်မင်းတို့ လ ထွက်သွားခိုက် သတ္တိများစွာ သွင်းလျက် အချစ်ဆုံးရှိနေရာ လိုက်လာခဲ့မိပါပြီ။

ပိုးဝါသည် ဟိုဘက်ခြံရှေ့မှာ မိန်းမ လှလှလေးတစ်ယော ယောင်လည်လည် ဖြစ်နေသည်ကို မြင်ရတာကြာ၍ သူများ တ ကူညီနိုင်မလားဟူသော အတွေးနှင့် သူ့ခြံပြင်သို့ ထွက်လာပြီး—

"ဘယ်သူနဲ့ တွေ့ချင်လို့လဲဟင်"

"အို..."

ဓောစိတ်ဝင်နေချိန်မို့ ကြားလိုက်သောအသံကိုပင် လန့် သည်။

"ဒါ...ဒါ ဒေါက်တာမပန်းဝေ ခြံနော်"

"ဟုတ်ပါတယ်၊ မမပန်းဝေတော့ ဆေးရုံက ပြန်မလာ ပါဘူး"





ခုန်နေသောရင်ကို ပြေစေသောအဖြေ...

"ဒါဖြင့် အိမ်ထဲမှာ ကိုထက်မြက်...အဲ၊ ...ဟို... ကိုတိုးတက် န်း ရှိလားဟင်"

"ရှိတယ်...မမ၊ စောစောကပဲ မမ မပန်းဝေကို ဆေးရုံလိုက်ပို့ပြီး ဝင်သွားတာ တွေ့လိုက်တယ်"

"တခြားရော ဘယ်သူရှိသေးလဲဟင်"

"မေမေကြီး ဒေါ်ရတနာခင်ဦးလှိုင်လည်း ရှိပါလိမ့်မယ်"

"သူတို့နှစ်ယောက်တည်းလား၊ တခြားရော"

"ဒီအိမ်မှာ အဲဒီသုံးယောက်ပဲ နေကြတာပါ။ ဘယ်သူ့ကို ွေ့ချင်တာလဲဟင်"

ပိုးဝါ၏ မေးသင့်မေးထိုက်လွန်းသော မေးခွန်းကြောင့် ချစ်ငုံဖူး ကြောင်သွားရသည်။

သူ တွေ့ချင်သူသည် ကိုယ်ပိုင်ဘဝကို ဖျောက်ထားသော၊ အစ်ကို၏ဘဝကို ငှားထားသော **ကိုထက်မြက်ထွန်းသာမို့** သူ ယ်သို့မှ မပြောသာ။

"ဒီလောကမှာ မောင် အသက်ထင်ရှား ရှိနေ သေးတယ်လို့ သိတဲ့လူဟာ မေမေကြီးနဲ့ ကိုကိုနဲ့ နှစ်ယောက်တည်းရှိတယ်"

"အဲ...အဲဒီနှစ်ယောက်ကိုပဲ တွေ့ချင်ပါတယ်"

"ဒါဖြင့် လာလေ၊ ပိုးဝါ လိုက်ပို့ပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ခြံတံခါး၏ သံတိုင်ကြားမှ လက်လျှိုပြီး အတွင်းမှ ကန့်လန့်
ဆွဲဖွင့်လိုက်သည်။

အိမ်နီးချင်းမို့ အတွင်းသဘောကို သိကြသည် ထင်ပါ၏။

ပိုးဝါ ဦးဆောင်သည့်နောက်မှ ကြောက်ရွံ့စိတ်အပြည့်ဖြ
လိုက်ပါလာရသည်။

အချစ်ဆုံးအတွက်မို့ စွန့်စားရခြင်းပါ၊ ညီခြံတွင်းသို့ ဝင်
ရသော လမ်းတိုလေးသည် ဟိမဝန္တာသို့ တက်ရသည်ထက်
ခက်ခဲပင်ပန်းလွန်းလှမည် ထင်မိသည်။

"မမကြီး...မမကြီး"

ပိုးဝါ အသံပြုသော်လည်း အတွင်း၌ တိတ်ဆိတ်လျက်...

"မမကြီး ရှိလား၊ ညှင်းသည်ရောက်နေလို့"

"ဘယ်သူလဲ...လာပြီ...လာပြီ...ခဏလေး"

"အို...မောင့်အသံပါလား"

ချစ်ငုံဖူးသည် အားတက်ခြင်း၊ ကြောက်ရွံ့ခြင်းတို့ဖြင့် ရင်တွင်
တဒိန်းဒိန်း တိုးခုန် ခုန်နေပါ၏။

အိမ်ဆီတွင်းမှ လူတစ်ယောက် ထွက်လာသည်။

"ညှင်းသည် လာပို့တာ၊ ပိုးဝါ ပြန်တော့မယ်"

ကူညီတတ်ရုံမက အလိုက်ပါ သိလွန်းသော ပိုးဝါပါတကာ
အချင်းချင်း ပြောကြမည့် စကားသည် ဘာပဲဖြစ်နေ ဖြစ်နေ၊ သူ
သူစိမ်းတစ်ယောက် အနားမှာ ရှိမနေအပ် ဟူသော အသိစိတ်
ချက်ချင်း ပြန်သွားရှာသည်။

"အို...မောင်...မောင်ပါလား"





ချစ်ငုံဖူး အံ့သြရလွန်းသည်ထက် လွန်ကဲစွာ ထွက်လာသူသည်
လွန်အမင် အံ့သြခြင်းများဖြင့် ကျောက်ဆစ်ရုပ်တစ်ခုလို ချက်ချင်း
ဘင့်မတ်သွားသည်။ အသက်ရှူရပ်သွားသည်သို့ ငြိမ်သက်သွား
၏။

ပြီးတော့ မေ့မြောလဲကျသွားတော့မလောက် ချောက်ချားစိတ်
သူ့မျက်နှာတစ်ခုလုံး ဖြူရော်သွားသည်။

"မောင်ပဲ မဟုတ်လားဟင်"

သူ မဖြေ။ ပြူးပြူးကြီး စိုက်ကြည့်နေ၍...

"အို...ကျွန်မ... ကျွန်မ ကိုထက်မြက်ထွန်းနဲ့ တွေ့ချင်လို့ပါရှင်"

"ဘာ...ဘာ"

မေ့မြောနေရာမှ လန့်နိုးထလာသူ တစ်ယောက်လို သူ ဟစ်အော်
က်သည်။

"ထက်...ထက်မြက်ထွန်းက သေပြီလေ"

"ဟို...သူ...သူက ပြောတော့ သူ အသက်ထင်ရှား ရှိသေးတယ်
တာ ဒေါ်ရတနာခင်ဦးလှိုင်ရယ်၊ ဒီက ကိုကိုရယ် နှစ်ယောက်တည်း
ါတယ်တဲ့..."

ချစ်ငုံဖူး၏ စကားကြောင့် လန့်ကြောက်လွန်းစွာ သူ့ခေါင်းကို
ကိုင်လိုက်သည်။

သည်တော့မှ ချစ်ငုံဖူး သတိထားမိပါ၏။ ရင်ထဲလည်း ပေါ့ပါး
သလို ရှိရပါပြီ...

"သြော်...ငါ့နှယ်၊ သူ့အစ်ကိုနဲ့ ချွတ်စွပ်တုတဲ့ အမြွှာညီအစ်ကို
ဆိုမှ မောင်လားလို့ သွားမေးမိခဲ့သေးတယ်။ ကြည့်ပါဦး။ ဆံပင်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ချင်းမှ မတူတာ”

သူ့ရှေ့မှ တိုးတက်ထွန်း၏ ဆံပင်က ဖောင်ကြီးဆင်း ပုံစံ တိုတို၊ မောင့်ဆံပင်က ရှည်ရှည်၊ ပုံစံကျကျ–လှလှ၊ ပြီးတော့ ဟို သွက်သွက်လက်လက်၊ သူ့လို ထူထူအူအူပုံမျိုး မဟုတ်။

“အစ်ကိုတို့ ဖုံးဖိထားကြတဲ့ ကိစ္စကို နောက်တစ်ယော သိခဲ့ရပါပြီ၊ အဲဒါလည်း ကိုထက်မြက်ထွန်းကိုယ်တိုင် ငုံ့ကို ပြောပြ ပါပဲရှင်”

“ငုံ…”

အမယ်လေး၊ သူ ငုံ လို့ ခေါ်လိုက်ပုံက ကွမ်းသီးကြီး တက ငုံပြီး ခေါ်လိုက်သလို အသံလုံးလုံးကြီးနှင့် လန့်စရာပင် ကောင်းသေ တော့…

“ဒီညနေ တကယ်လို့ သူနဲ့ ဆုံဖြစ်ကြရင် နက်ဖြန် ညနေ ပွဲ့ငှ်ကိုလာခဲ့ပါလို့ ပြောပေးပါနော်”

“ဟာင်…ဟာင်…ပွဲ့ငှ် ဟုတ်လား”

“ဟုတ်ကဲ့ အစ်ကိုရယ်၊ ငုံ့ကို ကူညီပါနော်။ သူ့ကို ရအော ဆက်သွယ်ပြီး ခေါ်ပေးပါရှင်”

“ငါ မသိဘူး…ငါ မသိဘူး…သွား…”

“အို…ငုံက ကိစ္စအလုံးစုံကို သိနေပါပြီဆိုမှ၊ ရှင်… ကိုထက်မြ ထွန်းကိုသာ ပြောပေးပါနော်။ ပွဲ့ငှ်မှာ ငုံ စောင့်နေမယ်လို့”

ငုံ လှည့်ထွက်လာချိန်မှာ သူ့မြေး အော်သံကြောင့် ဒေါ်ရတ ခင်ဦးလှိုင် ဆင်းလာသည်။





ချစ်ငုံဖူးသည်လည်း အိမ်ပေါ်မှ ခြေသံကြား၍ လှည့်ထွက်လာခဲ့ ခြင်းပါ။

အူကြောင်ကြောင် ကိုတိုးတက်ထွန်းသည် မောင့်ကို မပြောဘဲ နေရဲမည်မထင်။ မောင်သည်လည်း ခရီးထွက်လိမ့်မည် မဟုတ်၊ သူ့ကို င်တွေမှ စောင့်နေရှာမှာပါ ဟူသော ယုံကြည်ချက် အတွေးများဖြင့် ခြံတွင်းမှ ထွက်ခဲ့သည်။

တစ်ယောက်တည်း အရဲစွန့်ပြီး ခိုးလာခဲ့ရသူမို့ ဖေဖေ ပြန်မလာ င် အချိန်မီ တည်းခိုအိမ်သို့ ပြန်ရန် အမြန်ဆုံးနှုန်းနှင့် ချစ်ငုံဖူး တစ်ယောက် ပန်လင်တောမှာ လျှောက်နေစဉ်အချိန်မှာ…

ဒေါ်ရတနာခင်ဦးလှိုင်၏ အိမ်ကြီးအတွင်း၌…

“ဟဲ့…တိုး…တိုးကြီး။ ငါ့မြေး”

“အမယ်လေး…”

“ဝုန်း”

“ဒုန်း”

“အား…လာကြပါဦး၊ ကယ်ကြပါဦး”

ဒေါ်ရတနာခင်ဦးလှိုင်၏ စူးစူးဝါးဝါး ကြုံးအော်လိုက်သော သံကြောင့် ဟိုဘက်ခြံတွင်းမှာရှိနေဆဲ ပိုးဝါ ပြေးလာခဲ့ရာမှ…

“အို…ဘယ်လိုဖြစ်တာလဲ မေမေကြီး…ဟာင်…”

ကြမ်းပြင်ပေါ်၌ ပက်လက်လဲလျက် မေ့မြောနေသော ကိုတိုး



www.burmeseclassic.com

www.burmeseclassic.com



တက်ထွန်းနှင့် အရှုံးမကြီးလို သူ့မြေးနှာ:မှ ပတ်ပြေးရင်း အော်နေသော ဒေါ်ရတနာခင်ဦးလှိုင်သို့ အရင်ဆွဲပြီး...

"လာပါ...မေမေကြီး၊ အစ်ကိုတိုးကို မပါ။ ခုတင်ပေါ်တင်အောင်"

ပိုးဝါမ,သော ခေါင်းပိုင်းက ကြွသည်။ ဒေါ်ရတနာခင်ဦးလှိုင်မသော ခြေပိုင်းက မကြွ...

တိုးတက်ထွန်းသည် တစ်ကိုယ်လုံး အေးစက်လျက်၊ မျက်နှာနှုတ်ခမ်းတို့မှာ ဖြူဖွေးဖျော့တော့လွန်းနေသည်။

"မဖြစ်ဘူး။ မဖြစ်ဘူး။ မမ မပန်းဝေကို ပြေးခေါ်မှ၊ ဒီအတိုင်းထား မေမေကြီး၊ ဒီအတိုင်းပဲထား"

ပိုးဝါက ခြံပြင်ဘက်သို့ ပြေးထွက်လာပြီး...

"မောင်လေး...မောင်လေး၊ မျိုးမျိုး"

အသံကုန် ကြုံးဟစ်လိုက်တော့ ပိုးဝါ၏မောင်လေး မျိုးမျိုး အလန့်တကြား ပြေးလာသည်။

"သွား...ဆေးရုံသွားစမ်း... မမ မပန်းဝေ အမြန်ဆုံး လာခဲ့လို့။ ဒီမှာ အစ်ကို တိုးတက်ထွန်း ဘာဖြစ်မှန်း မသိဘူး။ မေ့နေလို့လို့"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ စက်ဘီးအဆင်သင့်ပဲ။ ကျွန်တော် သွားလိုက်မယ်"

မျိုးမျိုး ပြေးထွက်သွားချိန်မှာ ပိုးဝါ ပြေးဝင်လာသည်။

ဒေါ်ရတနာခင်ဦးလှိုင်သည် နတ်စင်မှ ရေခွက်ကိုယူပြီး ရေစက်များ ဖြန်းပက်ရင်း၊ နှုတ်မှ တတွတ်တွတ် ရွတ်နေ၏။





စောစောကလို သူ ပြာလောင်မခတ်တော့။ သူ့ကိုယ်သူ ယုံကြည်မှုအပြည့်ရှိသော သမားတော်တစ်ယောက်ပုံစံမျိုးဖြင့် ကြည့်နေဆဲ...

ကိုတိုးတက်ထွန်း လူးလွန့်လာသည်။

မျက်နှာပေါ်သို့ ကျလာသော ရေစက်များကြောင့် သတိရလွယ်ခြင်းလားမသိ...

နေရာနီးသည့်အပြင် မျိုးမျိုး၏ စက်ဘီးနောက်မှ လိုက်ခဲ့သော ဒေါက်တာမပန်းဝေသည် ဆယ်မိနစ်လောက်အတွင်းမှာ ရောက်ရှိလာနိုင်ခဲ့လေသည်။

"တိုး...အို...တိုးရယ်"

နဖူးပြင်နှင့် ပါးပေါ်မှ ရေစက်များကို သပ်ချပြီး ခေါ်လိုက်သည်။ ပြီးတော့ အောက်ထပ်ထောင့်ခန်းတွင်းသို့ ပြေးဝင်ပြီး ပြန်ထွက်လာချိန်မှာ နားကျပ်နှင့်...သွေးချိန်တိုင်း ကိရိယာနှင့်...

တိုးတက်ထွန်းသည် မျက်လုံးပွင့်လာသော်လည်း အရာရာကို ဘာမှ ပြန်လည်သိရှိမှန်းဆမိပုံမရသေး...

စိုးရိမ်ပူပန်လွန်းသောစိတ်ကြောင့် ဒေါက်တာမပန်းဝေ၏ သက်ကလေးများ ဆတ်ဆတ်တုန်နေသည်။

"ဘယ်လိုဖြစ်ရတာလဲ၊ ဘယ်လိုဖြစ်သွားတာလဲဟင် မေမေကြီးရယ်"

"မသိပါဘူးကွယ်။ ငါမသိဘူး။ သွား...ဆိုပြီး ကြုံးအော်သံကြားလို့ ပြေးဆင်းလာတော့ မိန်းကလေးတစ်ယောက် ထွက်သွားတာ



www.burmeseclassic.com

www.burmeseclassic.com



ရိပ်ခနဲ တွေ့လိုက်ရတယ်။ သူကတော့ ကြောင်ကြောင်ကြီး ရပ်နေ ကာ... ခုလို မတ်တတ်က ဗိုင်းခနဲ ပစ်လဲတော့တာပါပဲ။ သိုက်နန်း ဥစ္စာစောင့်မ လှလှလေး လာခေါ်ပြီ ထင်ပါရဲ့"

ဒေါ်ရတနာခင်ဦးလှိုင် ပြန်လည်ပျော့သွားပြန်ပြီ။ စကားအ တွင် သူငိုနေပါ၏။ ဘာမှ မကူညီနိုင်၊ ဒေါက်တာမပန်းဝေလည် သူ့ကို ဘာမှ မမေးတော့...

"ပိုးဝါရယ်၊ မမကို ကူညီပါဦးကွယ်။ ခုတင်ဗူးယူပေး ပါနော်"

"ဟုတ်ကဲ့...ဟုတ်ကဲ့ မမ။ ပိုးဝါ အားလုံး ကူညီပါ့မယ်။

ဟဲ့...မျိုးမျိုး မပြန်နဲ့ဦး၊ မမ မပန်းဝေ ခိုင်းချင်ရာ ခိုင်းရအော

ပိုးဝါသည် ဖျတ်လတ်သွက်လက်စွာ ကူညီပါ၏။ ဆေးရွေ ဆေးထိုးအပ်ကိုင်နေသော မပန်းဝေ၏ လက်ကလေးများ ဆတ်ဆ တုန်နေသလို မျက်နှာကလည်း ငိုတော့မယောင်...

ဆေးထိုးတော့ တစ်ချက်ညည်းသည်။

"ကဲ...အခန်းထဲရွှေ့ကြရအောင်နော်...တိုး...တိုးရယ်။ ပန်း လေ သတိရပြီမဟုတ်လား ဟင်"

သူ ဖြည်းဖြည်းချင်း ခေါင်းညိတ်ပါ၏။

"လာနော်...အခန်းထဲမှာ သွားပြီးနားရအောင်"

သူ ဘာမှမပြော၊ ခေါင်းသာ ညိတ်ပါ၏။

မပန်းဝေနှင့် မျိုးမျိုးတို့ နှစ်ယောက်တည်း မနည်းတွဲ အောက်ထပ်မှ သူ့အိပ်ခန်း ခုတင်ပေါ် တင်ပြီးသည်အထိ သူ စကား တစ်လုံးမှ မပြော။





မပန်းဝေ နောက်ဖေး ပြေးဝင်သွားသည်။ မကြာခင်မှာ ရေ စ်ခွက် ကော်ဖီပန်းကန်တစ်ခုနှင့် ပြန်ဝင်လာပြီး တိုးတက်ထွန်းကို ကိုယ်တိုင် ထူမသည်။

နောက်စေ့နှင့် ကျောပြင်တို့တွင် ဒဏ်ရာရှာကြည့်သည်။ က်လက်ကြီး လဲကျသွားသော်လည်း နည်းနည်းနိမ့်မြန်းသည်က လွဲ၍ ီးကြီးကျယ်ကျယ် ဒဏ်ရာမရ၍ တော်ပါသေး၏။

"တိုး...ထ၊ ကော်ဖီနဲ့ ဟောဒီဆေးလေးတွေ သောက်လိုက်နော်"

နာခံစွာ ထပြီး ဆေးနှင့် ကော်ဖီကို သောက်သည်။ ဒေါက်တာ န်းဝေမှာ သူ့ရင်ခွင်ဖြစ်သော ချစ်သားငယ်သို့ ပြုစုသည့်အတိုင်း င်မှာထွေးပွေ့လျက်မှ ဖြည်းဖြည်းချင်း ပြန်လှဲသိပ်လိုက်ပြီး...

"တိုး..."

သူက မျက်လုံးဖွင့်ကြည့်သည်၊ သနားစရာ ကောင်းလွန်းသော းငယ်အကြည့်လေး။

"တိုး ဘာမှ မဖြစ်ပါဘူး။ အိပ်လိုက်နော်...၊ ပန်းဝေ အနားမှာ င့်နေမယ်။ နားလိုက်နော်၊ ကဲ...မျက်စိမှိတ်လိုက်၊ မှိန်းပြီး နား က်ပါ တိုးရယ် နော်..."

ဆံပင်လေးများကိုသပ်ပြီး ယုယုယယလေး သိပ်လိုက်သည်။ ိပ်ဆေးရှိန်ကြောင့် ခဏအတွင်းမှာပင် သူ အိပ်ပျော်သွားလေပြီ။

"မေမေကြီး ခဏစောင့်ပါနော်...၊ လာ...ပိုးဝါ၊ အပြင်မှာ စကား ြာရအောင်၊ မျိုးမျိုးလေးလည်း ပြန်ချင်ပြန်ပါစေတော့။ မောင်နှမ ယောက်လုံးကို အထူးပဲ ကျေးဇူးတင်ပါတယ်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် မမရယ်...၊ အိမ်နီးနားချင်းပဲ၊ ဒီလောက်ဘေး ကူညီရမှာပေါ့"

အခန်းတွင်းမှ တတွတ်တွတ် ရွတ်ဖတ်နေသော ဒေါ်ရတ ခင်ဦးလှိုင်နှင့်ဝေးရာ အိမ်ရှေ့ဘက်သို့ ထွက်လာပြီးချိန်တွင်...

"မေမေကြီးကိုမေးရင် အမှန်အတိုင်း သိရချင်မှ သိရမှာ။ ပိုး သိသလောက် ပြောပြစမ်းပါကွယ်၊ တိုး မေ့လဲသွားတာ ပိုး မြင်လိုက်ရသလားဟင်"

"မြင်တော့ မမြင်ပါဘူး မမ၊ မေမေကြီး ကြုံးအော်သံနဲ့ ဝုန်း လဲပြိုသံကြားလို့ ပြေးလာတော့ ဒီပုံစံအတိုင်း မြင်ရတာပါ"

"မေမေကြီးကတော့ တဘက်စွန်းသမားလေ၊ ပြောတာကြ သိုက်နန်းက ဥစ္စာစောင့်မကပဲ လာခေါ်သလိုလို ပြောနေတာသာ ကြ ပါတော့ကွယ်"

"အဖြစ်က သိပ်ဆန်းတယ် မမရယ်...၊ မေမေကြီး ပြောမယ် လည်း ပြောစရာပဲ။ မိန်းမလှလှလေးတစ်ယောက် ရောက်လာတာ တကယ်ပဲ"

"ဟင်..."

"အဲ...သူလဲ ပြန်ထွက်သွားရော ခုလို ဖြစ်ကျန်ရစ်တာပဲ"

ပိုးဝါသည် ချစ်ငုံဖူး ခြံစမှ ယောင်လယ်လယ်နှင့် ချောင်းကြ နေသည်ကအစ သူကိုယ်တိုင် ပို့ပေးခဲ့ရပုံ၊ အဲဒီကောင်မလေး မ ခပ်သုတ်သုတ် ပြန်ထွက်သွားပြီးချိန်နှင့် တဆက်တည်းလို ခုလို ကြောင်းများကို အသေးစိတ် ပြောပြရာပါ၏။





"အဲ...အဲဒီ ကောင်မလေးရဲ့ ပုံသဏ္ဌာန်ကို ပြောပြစမ်းပါ ပိုးဝါ"

"သိပ်လှတယ် မမ မပန်းဝေ၊ အရပ်က ပိုးဝါလောက် ရှိမယ်။ ယ်လုံးသွယ်သွယ်၊ အသားက ဖွေးနုစ်နေအောင် ဖြူတယ်။ မျက်လုံး ဝိုင်း၊ တစ်ကြောင်းဆွဲမျက်ခုံး ကုန်းကုန်းလေးနဲ့၊ နှာခေါင်းကလေး ပ်ဖျားက ချွန်ချွန်လေး။ တစ်ခါတွေ့ဖူးရင် မှတ်မိနိုင်မယ့် မျက်နှာ ပါ"

"အရွယ်... အရွယ်... အဲ... အသက်ကရော ဘယ်အရွယ် ဘက်လဲဟင်"

"ပိုးဝါတို့ထက်တောင် ငယ်မလားပဲ။ ဆယ်ကိုးနှစ်လောက်ပဲ း မယ်ထင်တယ်"

ဒေါက်တာမပန်းဝေသည် အံကိုကြိတ်လိုက်သည်။ သူ့ရှေ့မှာ နေသော ပိုးဝါတစ်ယောက် ချက်ချင်း ပျောက်ဆုံးသွားသလို ရာကို မေ့လျော့လျက်...

"အမယ်လေး...ဟုတ်ပါပြီ...ဟုတ်ပါပြီ၊ သူပါပဲ။ နောက်ဆုတ်ပါ့မယ်လို့ ကတိပေးလိုက်လျက်နဲ့၊ သူ လိုက်လာ ဘ်သွယ်ပြန်ပြီ"

ဒေါက်တာ မပန်းဝေ ငိုလေပြီ။

"တိုးဟာ စိတ်လှုပ်ရှားလို့ မရဘူး၊ တိုးစိတ်ထဲမှာ တစ်ခုခု ချင်းလို့မရတဲ့ ပြဿနာတွေ ဝင်လာတိုင်း ခုလိုဖြစ်ဖြစ်သွားတတ် ယ်"

"ဟုတ်ပါပြီ၊ သူ ရောက်လာပြီး ရန်တွေ့မှာပေါ့၊ စိတ်ဆင်းရဲ



www.burmeseclassic.com

www.burmeseclassic.com



အောင် လုပ်ခဲ့မှာပေါ့၊ ဒါကြောင့်သာ တိုးဟာ စိတ်မထိန်းနိုင်တော့
ခုလို အခြေအနေထိ ဖြစ်သွားရရှာတာ"

"အို... မငိုပါနဲ့ မမ မပန်းဝေရယ်၊ ပိုးဝါ မကြည့်ရက်ဘူး
စပ်စုတယ် မထင်နဲ့နော်၊ ဘယ်လို ဖြစ်ကြတာလဲရှင်။ ရောက်လာ
ကောင်မလုလုလေးက..."

ပိုးဝါသည် မမေးအပ်သော မေးခွန်းမှန်းသိ၍ ချက်ချင်း
ရပ်လိုက်သော်လည်း...

"ဟုတ်တယ်၊ သူဟာ...တိုးကို ချစ်နေတာ...မမနဲ့ စေ့စပ်ထား
တာ သိလို့ နောက်ဆုတ်ပါ့မယ်လို့ ကတိပေးပြီးမှ သက်သက် ဒုက္ခပေး
ရောက်လာတယ်ကွယ်"

"ဟင်"

"သူပေးမယ့် ဒုက္ခကို မမဆို ခံစားနိုင်ပါတယ်၊ တိုးက မခံစား
နိုင်ရှာဘူး။ တိုးဟာ သိပ် သနားစရာကောင်းပါတယ်၊ သူ့ကို နားလည်
နိုင်သူဟာ မမတစ်ယောက်တည်း ရှိပါတယ်ကွယ်။ မမလေ တိုး
သိပ်ချစ်တယ်၊ သိပ်သနားတယ် ညီမလေး ပိုးဝါရယ်"

အသိလွဲ၊ အမြင်လွဲ၊ အတွေး လွဲနေသော ဒေါက်တာ မပန်းဝေ
၏ စကားများကို ယုံစားစိတ်နှင့် ပိုးဝါ သနားလွန်းရပါပြီ။

ချစ်ရလွန်းသူအတွက် ဒေါက်တာ မပန်းဝေ၏ သော
မျက်ရည်တို့သည် နှလုံးသားမှတစ်ဆင့် မျက်ဝန်းကို ဖြတ်သန်း စီးဆင်း
လျက်...

* * *



## အခန်း နှစ်ဆယ့်ရှစ်

ဆင်နှမော်ကျွန်း အပါအဝင် ကျွန်းလေးကျွန်းတို့ ပေါင်းဆုံ
ကို စုစည်းပြီး မှည့်ခေါ်ထားသည့် 'ဖရုံကာကျွန်းစုများ'သည်
သို့ ရှိဝေစွာ ပို့ဒ်၏ ရေ ပင်လယ်ပြင်ပေါ်မှာ တည်ငြိမ်စွာ ရှိနေသည်။

ညနေစောင်းခါနီးလေ... လေထန်လေမို့ လှိုင်းပုတ်သံတို့သည်
ကြက်မက်ဖွယ် အသံကြီးများလို ဟည်းဟည်းထနေသည်။

လှိုင်းညွန့်ဖွေးတို့သည် ဝေးဝေးဆီသို့တိုင် တပြင်တပြန့်ကြီး
နေရပါ၏။

"မနေ့ကလည်း လောမာ၊ ဒီနေ့လည်း လောမာပဲ ထင်ပါရဲ့"

"ဘယ့်နှယ်...ကေသာ၊ လောမာ၊ ဒန္တာ စတဲ့ သုံးဆယ်နှစ်
ဘဝ္ဂသာ ကမ္ဘာ့ဥာန်စီးဖြန်းနေရသလဲ"

ဟု ချစ်ငုံဖူး ကြည့်သော်လည်း သူက ပြုံးစိစိနှင့်...

"မနေ့ကလည်း လောမာ လာမော၊ ဒီနေ့လည်းလာပြီး...
ပြီး ပြန်ရမလားပြောတာ...ငုံရဲ့။ အဟဲ...ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



သူရယ်သော်လည်း ချစ်ငုံဖူး မရယ်နိုင်။

ချစ်သူနှစ်ဦးတို့ ချိန်းဆိုတွေ့ဆုံကြသည်ကို အဖော်လိုက်ရ သည့်အဖြစ်ဟုသာ အေးလှဖြူ မြင်သည်။ သာမန်ချစ်သူနှစ်ဦး၏ တိတ်တခိုးတွေ့ဆုံခြင်းဟုသာ သူ ထင်ပါ၏။

ရှုပ်ထွေးနက်ရှိုင်းလှသော ချစ်ငုံဖူးတို့၏ အချစ်အကြောင်း ကိုဖြင့် မသိရှာ...

အချိန်ကြာလေ... ချစ်ငုံဖူး၏ မျက်နှာမှာ နွမ်းသထက်နွမ်းလာ လေ။

ဖေဖေ့ကိုလည်း သွာလာရ၍ ချစ်ငုံဖူး ရင်ထိတ်လွန်းစွာ ငိုချင် စိတ်များ ဖြစ်ထွန်းနေမိချိန်မှာ...

"ဟော...ဂျစ်ကားတစ်စီးတော့ ဆိုက်လာပြီ။ အပျံစား တစ်ယောက် မောင်းလာတယ်၊ ငုံ ချစ်သူလား ကြည့်စမ်း"

အေးလှဖြူ၏စကားကြောင့် အားတက်စွာ ကြည့်မိသည်။

ချစ်စကား စ၍ ဆိုခဲ့ဖူးသော သဲသောင်ပြင်နေရာသို့ အရောက် ပြေးလာနေသော...

"မောင်..."

"ငုံ၏ အချစ်ဦး မောင်"

တီရှပ်နီနီ၊ ဘောင်းဘီပြာပြာနှင့် ဆံရှည်များ လေမှာ လွင့်လျက် သွက်သွက်လက်လက်ကြီး ပြေးလာနေသော အချစ်ဦး၏ ပုံစံ လှလှကို ရင်ခိုက်စွာ မြင်ရလေပြီမို့...

ချစ်ငုံဖူးလည်း ပြေးထပြီး ဆီးကြိုမိသည်။





အေးလှဖြူက...

"ကဲ...ခဏ ဖယ်ပေးမှပဲ။ မျှော်စင်က သေးမပေါက်ရဆိုတဲ့ တမ်းအောက်မှာ သေးနဲ့သွားခဲလိုက်ဦးမယ်နော်"

သောင်ပြင်ပြန့်ပေါ်တွင် အခင်းကြီး၄ယ် သွား၍ မလွယ်သဖြင့် မျှော်စင်သို့ တက်ရသော အုတ်ဝိုင်း၏ အတွင်းလှေကားအကာနားတွင် ပေါ်သွားတတ်သည်ကို ရည်ညွှန်းသည်။

"ချစ်"

"မောင်ရယ်၊ ခုမှပဲ လာတော့တယ်"

လက်ချင်း ချိပ်ဆက်မိချိန်တွင် ရင်မှဖြစ်သော အပြစ်တင် စကား။

"ခုမှလာဆို ခုမှသိလို့လေ ချစ်ရယ်"

"မောင့်ကိုကိုက ပြောသလားဟင်"

"အင်းလေ၊ ကိုကိုက လူတစ်မျိုး၊ ကိုယ့်ညီရဲ့ အရေးအကြီးဆုံး ချစ်ကြီးတစ်ယောက်လုံး လိုက်လာတာကို ဒီနေ့မှပြောတယ်ဗျာ"

"ဟုတ်ပ...မောင့်ကိုကိုကလည်း တကယ့်ကို တစ်မျိုးကြီး၊ မ ငုံက မောင်တောင် မှတ်နေတာ၊ နောက်မှ မောင်နဲ့ တစ်ခြားစီ၊ ကောင်တောင်တောင်နဲ့နော်"

"ပြောမနေနဲ့၊ သူကတော့ အင်းလေ...သူ့ အပြစ်လည်း သိပ် မရှိပါဘူး၊ မနေ့က မောင်... အိမ်မရောက်ဘူး ချစ်ရဲ့၊ မောင်က



www.burmeseclassic.com

www.burmeseclassic.com



ခြေသလုံးအိမ်တိုင်ကောင်လေ၊ သူ ဘယ်လိုက်ရှာတတ်မလဲ၊ နေ
ပြီး... နေလည်းမကောင်းဘူးတဲ့"

"အစစ်ပါပဲ။ သူကြည့်ရတာ ဖြူဖပ်ဖြူရော်နဲ့၊ စိတ်မှမှန်ရဲ့လား
မသိဘူး၊ ငုံ သွားတုန်းကလေ..."

"ကဲပါ ချစ်ရယ်၊ သူ့အကြောင်း ထားလိုက်စမ်းပါ... ချစ်
မောင်ရဲ့အကြောင်းပဲ ပြောကြစို့နော်"

"ဟုတ်တယ်... ဟုတ်တယ်နော် မောင်...၊ ငုံလေ မောင့်
တွေ့ချင်လွန်းလို့..."

"အမယ်လေးဗျာ၊ ဒီကလည်း သိပ် လွမ်းနေရတာ"

"ဟင်း...အလွမ်းတွေ ခုမှ သိပ်မသယ်နေနဲ့"

"ဟောဗျာ မောင်းတောမှာတုန်းက သူပဲ နှင်ပြီးတော့..."

ချစ်သူ့လက်ကလေးကို ဖျစ်ညှစ်လိုက်သည်။ သူ့အပြော
မှန်နေလေပြီ။

"ကဲ...ဒီမှာ အချိန်မရဘူးတွေ၊ ဘာတွေ လုပ်မနေနဲ့
မောင့်သူငယ်ချင်းရဲ့ကား ဆွဲလာတယ်၊ တစ်နေရာရာ သွားကြရအောင်"

"ဟာ...ဘယ်ဖြစ်မှာလဲ၊ အဘိုးကြီးမသိအောင် သူငယ်ချ
တစ်ယောက်ကို အကူညီတောင်းပြီး ထွက်လာခဲ့ရတာမောင်ရဲ့"

"ထွက်လက်စနဲ့ ဆက်ထွက်မယ်၊ ဘာမှ စကားမများ
လာ..."

"အာ..."





လက်ကိုဆွဲ၍ မောင်ကပြေးတော့ ချစ်ငုံဖူးလည်း အပြေးလိုက်ရသည်။

"မောင့်"

လက်ကို တုံ့ဆွဲရပ်တန့်စေလိုက်ရပြီး...

"ဘယ်သွားမှာလဲ၊ တကယ်မဖြစ်ဘူး"

"ချစ်ရင် ဘာမဆိုဖြစ်တယ်၊ ဘယ်မှာလဲ၊ ချစ်ရဲ့သူငယ်ချင်း၊
ခင်ကိုယ်တိုင် သွားပြောမယ်၊ သူပြောတဲ့နေရာကို မောင်ပြန်လာပို့
ယ်လို့ ပြောခဲ့မယ်၊ ဘာမှ ထပ်မပြောနဲ့၊ လူမြင်ကွင်းကြီးမှာ ဖက်နမ်း
စ်လိုက်မှာနော်"

မျက်နှာတည်ကြီးနှင့် ကလေးများကို ခြိမ်းခြောက်သလိုပြောပြီး
ကားရှိရာသို့ သူနှင့်အတူ သွားရသည်။

ပြီးတော့ ချစ်ငုံဖူး ညွှန်ပြသည့် အေးလှဖြူရှိရာ မျှော်စင်ပေါ်သို့
တွင်းလိုက်ခေါင်းမှ ပြေးတက်သွားပြီး အေးလှဖြူနှင့်သူ ရယ်ရယ်
မောမော စကားပြောလျက် ပြန်ပြေးဆင်းလာတော့သည်။

ကားပေါ်သို့ ခုန်တက်ပြီး ဘက်(က)ဂီယာသွင်း၍ အရှိန်နှင့်
တ်လိုက်ပြီးမှ ဖတ်(စ်)ဂီယာနှင့် အမြန်ပတ်ကွေ့ပြီး အပြင်း
င်းထွက်လာခဲ့လေပြီ။

"မောင်... ဘယ်သွားမှာလဲလို့..."

"စကြာဝဠာ အဆုံးထိ"

"မနောက်နဲ့ကွယ်၊ ငုံ တကယ် ကြောက်တယ်၊ ဖေဖေ ဆူလိမ့်
မည်"



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာငယ်လေးနှင့် အချစ်ဆုံး၏ မျက်နှာကို လှည့်ကြည့်ပြီး–

"မောင် အချိန်မီပြန်ပို့မှာပါ အချစ်ရဲ့"

"တကယ်နော်"

"တကယ်ပေါ့၊ ပြီးတော့ မောင့်အကြောင်းတွေလည်း သိချင်တယ်ဆို၊ ပြောပြမလို့"

"အို… သိပ် သိချင်တာပေါ့"

"ပြီးတော့…ချစ်နဲ့ မောင်နဲ့ ရှေ့ရေးလည်း ဆွေးနွေးကြမယ်နော်"

"ကောင်းပါပြီတဲ့ရှင်၊ ဒါဖြင့် ခု ဘယ်သွားကြမှာလဲ"

"စစ်တွေနယ်မြေအဆုံးက ကျောက်တန်းတံတားရှိရာ ကျောက်တန်းချောင်းကမ်းနံဘေးကို…"

⌘ ⌘ ⌘



## အခန်း နှစ်ဆယ့်ကိုး

"ကိုထွန်းရယ်၊ အချင်းတစ်ခွက်တည်းဆိုရင် စိတ်ပါ တူကြမှာ၊ …တော့ အချင်း တစ်ခုစီ မွေးဖွားတဲ့ အမြွှာမို့လားမသိဘူး၊ သားငယ်ဟာ …ဒိပ်ကို ဗီဇဆိုးတာပဲ၊ ဘယ်လိုဆုံးမလို့မှ မရဘူး၊ သားကြီးနဲ့ …ခြားစီပဲ…"

"ငယ်သေးလို့လည်း ဖြစ်ပါလိမ့်မယ်၊ ကြီးလာတော့လည်း …ပြင်လာမှာပေါ့ကွာ"

ဇနီးသို့သာ အားပေးရသည်။ ဦးထွန်းသာလည်း အားမရှိလှ။ …ာပေါ် အရာရာ ဆိုးသည်ထက် အစ်ကိုဖြစ်သူပေါ် အမြဲတစေ …နိုင်ယူတတ်နေသည်က ပို၍ဆိုးလှသည်။

ဦးထွန်းသာ၏ဇနီး 'ဒေါ်ခင်သန်းနွယ်'သည် ဤအမြွှာသား …စ်ယောက်ကို ဗိုက်ခွဲ၍ ခက်ခဲစွာ မွေးဖွားရပြီးသည့်နောက်တွင် …ာင်းစွာ မကျန်းမာရသည်အထဲ ကလေးနှစ်ယောက်ကို မအိပ်မနေ …စ်ပြိုင်တည်း ကြည့်ရှုရသဖြင့် ကြာလေ ကျန်းမာရေးချွတ်ယွင်း



www.burmeseclassic.com

www.burmeseclassic.com



လာလေ ဖြစ်ရသည်။ အအိပ်မမှန်၊ အစားမမှန်ခြင်းကြောင့် နောက်ဆုံး
တွင် အစာအိမ်ရောဂါဖြင့် ရန်ကုန်ဆေးရုံကြီးတွင် သေဆုံးသွား
ရှာသည်။

ထိုစဉ်က 'တိုးတက်ထွန်း'နှင့် 'ထက်မြက်ထွန်း' တို့သည်
ဆယ်နှစ်သားအရွယ်မျှသာ ရှိကြသေး၏။

ဒေါ်ခင်သန်းနွယ်သည် မိဘမရှိသော တစ်ဦးတည်းသမီး
ညီမတစ်ဝမ်းကွဲ 'ကေခိုင်မွန်'နှင့် ညီအစ်မအရင်းလို တရင်းတနှီး
နေခဲ့ကြရာမှ စိတ်သဘောကောင်းသော ကေခိုင်မွန်သည် တူလေးများ
ကို ကြည့်ရှုစောင့်ရှောက်ပေးတတ်ရှာသည်။

မိန်းမ သေဆုံးစဉ်က သားနှစ်ယောက်နှင့် ဒုက္ခတောမှာ သား
ခဲ့တယ်ဟု တမ်းတမ်းတတ ငိုကြွေးမဆုံးနိုင်အောင် ရှိနေခဲ့ပါသော
ဦးထွန်းသာသည် ယောကျ်ားတို့ထုံးစံအတိုင်း မိန်းမ ဆုံးပြီး လ
အတွင်းမှာပင် ကေခိုင်မွန်၏ အလှနှင့် အကြင်နာကို မြင်တတ်
ခဲ့သည်။

အလွမ်းရင်သို့ အချစ်သစ် နေရာယူလာသဖြင့် ကြည်နူးမှု
များ အစားဝင်ခဲ့သည်။

ဒေါ်ခင်သန်းနွယ် ဆုံးပြီး တစ်နှစ်ခွဲနှစ်ဝန်းစ ကာလတွင်... ဦးထွန်း
သာထက် ရှစ်နှစ်ကျော်မျှငယ်၍ ချမ်းသာကြွယ်ဝသော အပျိုစင် ကေခိုင်
မွန်နှင့် လက်ထပ်ဖြစ်သည်။

ကလေးနှစ်ယောက်ဖခင် မုဆိုးဖိုနှင့် မိုက်မဲစွာ လက်ထပ်
ကောင်းလားဟု ကေခိုင်မွန်၏မိဘများက စွန့်ပစ်ခဲ့လေသည်။





ဖြစ်ချင်တော့...ကေခိုင်မွန်သည် လုံးဝ ကလေးမရနိုင်သော
မိန်းမမျိုးဟု ဆရာဝန်၏ မှတ်ချက်ကြောင့် ငယ်စဉ်ကပင် ချစ်ခဲ့ရသော
တူလေးနှစ်ယောက်ကို ဂရုစိုက်ရှာ၊ ချစ်ရှာပါသည်။

ထက်မြက်ထွန်းက လုံးဝမရ...

အဒေါ်ဝမ်းကွဲဟု သူမမြင်နိုင်။ မိခင်နေရာသို့ အစားဝင်လာပြီး
မိခင်၏မေတ္တာကို လုယူသည့် မိထွေးဟူသော မိန်းမယုတ်ဟု
သာ ဘက်သပ် မြင်ခဲ့မိသည်။

ပြဿနာသည် တဖြည်းဖြည်း နီးကပ်ရက်ဆက်လာခဲ့၏။

နောက်ဆုံးတွင် တိုးတက်ထွန်းသည် ညီ၏ လက်ချက်ကြောင့်
ဒုက္ခရောက်ရမရသည့်နေ့ မရှိ။

ထက်မြက်ထွန်းအတွက် ကေခိုင်မွန် မျက်ရည်မကျရသည့်နေ့
မရှိသလောက် မပြေလည်ခြင်းများသည် ဆက်တိုက်ဖြစ်လာ၍...

"မဖြစ်တော့ဘူး...ကေခိုင်။ ကိုကို ကိုယ်တိုင်လည်း စိတ်ညစ်
စိတ်ကုန်လာပြီ။ ဒီညီအစ်ကိုနှစ်ယောက် တွဲထားရင်လည်း သားကြီး
ဟာ တစ်နေ့နေ့မှာ ဟိုကောင့်လက်ချက်နဲ့ သေမှာပဲ၊ ကိုကိုတို့လည်း
အကိုင်းကို ပြောင်းရတော့မယ်။ သူ့ကို ခေါ်မသွားဘဲ မေ့မေ့ဆီ ပို့ထား
လိုက်မယ်လို့ ကိုကိုစီစဉ်ပြီးပြီ"

ကေခိုင်မွန် ငြိမ်နေလိုက်သည်။

သူတို့ညီအစ်ကိုကို ချစ်ခင်လွန်းစွာဖြင့် အရာရာ၌ အကြင်နာ
ထားခဲ့သော ကေခိုင်မွန်သည်ပင် ထက်မြက်ထွန်းအတွက် စိတ်ကုန်
ခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



သည်သို့ဖြင့် ထိုစဉ်က စစ်တွေ့ဌ်နေသော ဒေါ်ရတနာခင်ဦး…
ရှိရာသို့ ထက်မြက်ထွန်းကို ပို့လိုက်ပြီး သူတို့သုံးယောက် စစ်ကို…
ပြီးတော့ ဆားလင်းကြီးမြို့နယ်၊ နောက်ဆုံး မန္တလေးမြို့သို့ ပြောင်းရွှေ့…
လာခဲ့တော့…

တိုးတက်ထွန်းပင် ကိုးတန်းကျောင်းသားဖြစ်ခဲ့လေပြီ။

"သား…တိုး"

"သားကြီး…တိုးကြီး"

နှင့် နှုတ်ဖျားကမချအောင် ခေါ်ရင်း 'တိုးတက်ထွန်း'…
'ဒေါ်ကေခိုင်မွန်'သည် မြတ်မြတ်နိုးနိုး ချစ်ရှာခဲ့ပါ၏။

တိုးတက်ထွန်းသည် ငယ်စဉ်ကပင် ချူချာသည်၊ စိတ်ဓာတ်…
ပျော့ညံ့၍ ဝမ်းနည်းလွယ်လှသည်။ ဤသည်ကို ဖေးမကာကွယ်…
ရင်းဖြင့် ဒေါ်ကေခိုင်မွန်သည် တိုးတက်ထွန်းသို့ သနားရာမှ ပိုချစ်မြတ်…
နိုးခဲ့သည်။

သူ့အတွက် အကြီးမားဆုံး သံယောဇဉ် ထားစရာသည် ကို…
နှင့် သားကြီးတိုးသည်သာ…

မိထွေးဖြစ်နေ၍ မမျှတစိတ်နှင့် သားတစ်ယောက်ကိုသာ…
မွေးနိုင်၊ ဖြူစင်နိုင်သည်ဟု အထင်မခံရဲ။

စိတ်ထား သိမ်မွေ့နူးညံ့သော ဒေါ်ကေခိုင်မွန်သည် ပတ်ဝန်း…
ကျင်က သူ့ကို အထင်မလွဲစေချင်သောစိတ်ကြောင့်…

"သားနှစ်ယောက် ရှိပါသည်"

ဆိုသော စကားကို ဖျောက်ထားခဲ့သည်။ ရှိသည်မှာလည်း…





…ပြော၊ မရှိပါဟုလည်း မငြင်း၍ ယခုမှတွေ့ရသော မိတ်ဆွေသစ်…
…သည်…

တိုးတက်ထွန်းမှာ ဦးထွန်းသာနှင့် ဒေါ်ကေခိုင်မွန်တို့၏ တစ်ဦး…
…သည်းသောသားဟုသာ သိခဲ့၊ ထင်ခဲ့ကြသည့်အထဲတွင်…

ဦးလှစိုးချစ်သည်လည်း တစ်ယောက်အပါအဝင်ပါ။

⌘ ⌘ ⌘

ကားလမ်းတလျှောက်နှင့် ကျောက်တန်းကမ်းခြေဘေးမှာ…
…က်မြက်ထွန်းသည် သူ၏ဘဝကို အစမှစလျက် ချစ်ငုံဖူးသို့ တင်ပြ…
…ချိန်တွင်…

⌘ ⌘ ⌘

ပန်လင်တောခွဲလည်း တိုးတက်ထွန်း၏ အကြောင်းကို…
…ယ်စဉ်မှစ၍ အသေးစိတ်သိလို၊ လေ့လာလိုပါသည်ဟု ဒေါ်ရတနာ…
…ဦးလှိုင်သို့ တောင်းပန် တောင်းဆိုမှုများကြောင့်…

ပြည့်ပြည့်စုံစုံ အသေးစိတ်အချက်အလက်များပါ မထိမ်မချန်



www.burmeseclassic.com

www.burmeseclassic.com



တော့ဘဲ...အမှန် အတိုင်းပင် ဒေါ်ရတနာခင်ဦးလှိုင်သည် ဒေါက်တာ မပန်းဝေသို့ ပြန်လည်၍ ပြောပြနေပါသတည်း။

❋ ❋ ❋

တစ်ယောက်တည်းနေရသော မုဆိုးမကြီး ဒေါ်ရတနာခင် လှိုင်သည် မြေးဆိုးကို ထိန်းရသည့်အခါ စိတ်အားငယ်စိတ် ချောက်ချားစိတ်တို့ ပေါင်းစုံစွာ ခံစားခဲ့ရလေပြီ။

ဦးထွန်းသာသည် မြန်မာပြည် အောက်ပိုင်းသို့ ပြန်လ ပြောင်းရွှေ့လာရချိန်တွင် ကြီးမားကြောက်ရွံ့ဖွယ် ပြဿနာကြီး စတင် ဖြစ်လာတော့သည်။

မော်လမြိုင်မှ သထုံဘက်သို့ ပြောင်းရွှေ့ရချိန်တွင် ဒေါ်ရတနာ ခင်ဦးလှိုင် ကောင်းစွာ မကျန်းမာ၍ ထက်မြက်ထွန်းကို ပြန်ပို့လို သည်။

တိုးတက်ထွန်း ဆယ်တန်းအောင်သော်လည်း ထက်မြက်ထွ က ဆယ်တန်းပင် မဖြေ။

မောင်ခိုကုန်သည်များနှင့် ရောနှောလျက် တဘက်နိုင်ငံ ကူးချီသန်းချီ လုပ်နေသည်။ ဦးထွန်းသာ ရိုက်နှက်နှိမ်နင်း ထက်မြက်ထွန်းက ဆိုးသွမ်းလေ၊ နည်းနည်းပြောလျှင် များများလု သည်အထိ အရွဲ့တိုက်ခဲ့သည်။

ဒေါ်ကေခိုင်မွန်မှာတော့ မျက်ရည်နှင့် မျက်ခွက်သာ...





တိုးတက်ထွန်း မော်လမြိုင်ကောလိပ်ကျောင်းမှ ကျောင်းပိတ်၍ ရောက်လာချိန်တွင်...

သထုံမြို့အနီး ထန်းညီနောင်ရွာ၏ လှေဆိပ်ကလေးမှာ လူသူ နေသည်။

ဖခင်၏ကိစ္စဖြင့် မိသားတစ်စု ထိုရွာကလေးကို လာခဲ့ကြပြီး ောက် ညီအစ်ကိုနှစ်ယောက် လှေဆိပ်သို့ ရောက်အောင် ထက်မြက် န်းက ခေါ်လာခဲ့သည်။

"ဒီတစ်ခေါက် ဒီကုန်သည်တွေနဲ့ လိုက်သွားပြီးရင် တကယ်ကို ဌေးဖြစ်တော့မှာမို့ ပြောနေတာပါ။ ပေးစမ်းပါ ကိုကိုရာ"

"ဒီဆွဲကြိုးနဲ့နာရီက ကိုကိုပိုင်တဲ့ပစ္စည်းမှ မဟုတ်တာ။ ဖေဖေ င်ထားတာ၊ ဖေဖေ့ဆီမှာတောင်းပါ"

"ဒီအသက်ရွယ်ရောက်မှ ဒီလောက် သတ္တိမရှိဘူးလား"

"မင်းလို သတ္တိမရှိလို့ပါ...ညီလေးရာ၊ လာပြန်ကြပါစို့"

"မပြန်နိုင်ဘူး"

"မင်းကိုလည်း အတူတူဆင်းထားတာပဲ။ မင်းဟာမင်း သုံးဖြုန်း လို့ကုန်တာတော့ ကိုကိုနဲ့ဘာဆိုင်လဲ"

"သြော်...ဒီလို နှိုင်းကြေးဆိုရင်၊ ကိုကိုကုန်တဲ့ ကျောင်းလခမျိုး ကို ပေးရမှာပေါ့။ ခုတော့ ခင်ဗျားတို့သားအဖတွေ စည်းစိမ်ခံပြီး ျွန်ကိုတော့ အရူးမကြီးဆီကို ဘာလို့ ပို့ထားလဲ၊ ဘာလို့ စွန့်ပစ်ထား လဲ"

"မင်းက ဆိုးတာကို ထက်မြက်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုသာ မိထွေးကို...ကိုယ်အမေလို ကိုးကွယ်နေတဲ့ လူဖျင်း လူညံ့"

ဒေါသနှင့်သာ ကြည့်မိသည်။ ညီငယ်သို့ တိုးတက်ထွန်း မယှဉ်... ပြိုင်ရဲ၊ အရာရာ၌ ထက်မြက်ပြီး သွက်လက်လှသော ထက်မြက်ထွန်း... သူ တကယ်လန့်သည်။

"လာပါကွာ၊ ပြန်ကြပါစို့နော်"

"ဒီလို ဘယ်ရမလဲ၊ ထက်မြက်တို့က အလုပ်တစ်ခုကို နောက်... ဆုတ်ရိုး ထုံးစံရှိတာမဟုတ်ဘူး"

"ဟင်"

"ကဲ...နာရီနဲ့ ဆွဲကြိုးချွတ်လေ"

"လာပါ ညီလေးရာ၊ ဖေဖေတို့ရှေ့မှာ တောင်းပါ။ ဖေဖေတို့... ပေးဆိုရင် ချက်ချင်း ချွတ်ပေးပါ့မယ်"

"မိထွေး သြဇာ အာဏာရိပ် အောက်မှာမှ ဆုံးဖြတ်တတ်... လူဖျင်းလူညံ့၊ ကိုယ်တိုင် ဆုံးဖြတ်စမ်းပါဗျ"

"မပေးဘူးကွာ"

အောင်းဘီ့ရှည် ဆံပင်ရှည်နှင့် တက်ကြွဖျတ်လတ်သော... ထက်မြက်ထွန်း၏ မျက်နှာမှ လောဘနှင့် ဒေါသများကြောင့် နီမြန်း...သည်။ နေသည်။ အကြည့်ကလည်း စူးစူးနစ်နစ်...

သတ္တိရှိသော၊ ဆုံးဖြတ်ရဲသော၊ မိမိကိုယ်ကို ယုံကြည်မှု... ရှိသော၊ ဘာမဆို ရင်ဆိုင်ရဲသော၊ လုပ်ရဲကိုင်ရဲ မျက်နှာနှင့် ရှေ့... တစ်လှမ်းချင်း တစ်လှမ်းချင်း တိုးလာနေသည်။





ထက်မြက်ထွန်း၏...မျက်နှာ...

ထက်မြက်ထွန်း၏...အကြည့်...

ထက်မြက်ထွန်း၏...အမူရာ

ထက်မြက်ထွန်း၏...လျှောက်လှမ်းလာပုံ...

စသည်တို့ကို တိုးတက်ထွန်းမှာ ကြောက်ကြောက်ရွံ့ရွံ့နှင့် ...အသေအချာကြီး စိုက်၍ကြည့်နေမိသဖြင့်...

ဤလှုပ်ရှားမှုများအားလုံးကို သူ့မျက်စိထဲမှာ ထာဝရ စွဲမြဲစွာ ...သက်ပန် ထင်ဟပ်နေပါသတည်း။

သူ တစ်လှမ်းတိုလေးတိုင်း တိုးတက်ထွန်းက နောက်သို့ ...စ်လှမ်းဆုတ်မိသည်။

ညီငယ်သို့ ကြောက်ရွံ့စိတ်သည် ရင်၌ အဟုန်ကြီးစွာ...

"ဟိုက်"

တိုးတက်ထွန်း လန့်သွားခဲ့လေပြီ...

သူ့နောက်သို့ ဆုတ်လှမ်းစရာ မြေမရှိတော့၊ လှေဆိပ်မှ ...ရကို ကျောဖြင့် ထိကပ်မိလေပြီ။ လက်က နောက်သို့ ကြောက် ...န့်တကြီး ထောက်မိတော့ လုံးလုံးမာမာ အရာတစ်ခုကို ကိုင်စမ်းမိ ... တူရွင်းတစ်ချောင်း ဖြစ်မှန်းလည်း လုံးဝ မသိရှိခဲ့ရပါ။

ထက်မြက်ထွန်းသည် တိုးတက်ထွန်း၏ ရုပ်အင်္ကျီကို လက် ...ာက်ဖြင့် ဆုပ်ကိုင်ပြီး ဖွင့်ခွဲချလိုက်သည်။

ကျယ်သီးအားလုံး ပြုတ်ထွက်ပြီး ရင်ပြင်သည် ဟင်းလင်း... လည်ပင်းတစ်ဝိုက်ဆီမှဝင်းဝါနေသော နှစ်ဘတ်သားယိုးဒယား



www.burmeseclassic.com

www.burmeseclassic.com



ဆွဲကြိုး အိဝင်းနေသည်က အထင်းသား...

"ဟင်...ဟင်...မင်း...မင်း ဓားပြတိုက်သလို မလုပ်နဲ့နော်"

"လုပ်တော့ ဘာဖြစ်လဲ ကဲ..."

"အား"

ဆွဲကြိုးကို ဆောင့်ဆွဲဖြတ်ယူလိုက်သဖြင့် လည်ကုပ်တစ်ခု ဓားနှင့်မွမ်းလိုက်သည်သို့ စပ်ဖျဉ်းစွာ နာကျင်သွားရသည်။

ကြောက်ရွံ့စိတ်နှင့် ဒေါသစိတ်တို့ ပေါင်းယှက်လာသ တိုးတက်ထွန်း၏ မျက်လုံးများ ပြာသွားသည်။ ဘာကိုမှ မမြင်နိုင် သလို မဆင်ခြင်နိုင်တော့သလို ရှိနေရသည့်အထဲ...

ထက်မြက်ထွန်း၏ လက်သီးတစ်လုံးက မေးစေ့ပေါ် ကျရောက်လာခဲ့သည်။ ရန်မဖြစ်ဖူးသော တိုးတက်ထွန်းမှာ နာ လွန်းသောစိတ်ကြောင့်...

ဆက်လက်၍ အထိုးခံရမှာ ကြောက်လန့် လွန်းစွာဖြင့် ကြေ ကန် ကန်မိပြီး...

သူ ဘာကိုမှ မစဉ်းစား မကြံစည်မိပါဘဲနှင့် နော လက်သည် ရှေ့သို့ ရောက်လာသည်။

တူးရွင်းသည် မြောက်တက်သွားပါ၏။ ပြီးတော့ အား ပြန်ကျလာချိန်တွင်...

တူးရွင်းပြားထိပ်မှ ချွန်မြနေသော သံပြားပြင်သည် ထက် ထွန်း၏ ဦးခေါင်းကို ထက်ပိုင်း ပိုင်းချလိုက်သလို ဖြစ်ခဲ့ရပြီး—

နဖူးပြင်မှ ခေါင်းလယ်အထိ ဖွေးခနဲ ဟက်တက်ကွဲ





သွေးများပန်းထွက်လာလျက်၊ မျက်နှာတစ်ပြင်လုံးသို့ အစင်းလိုက်ကြီး းဆင်းသည်။

မျက်လုံးကြီးပြူးလျက် သွေးစီးကြောင်းကြီးများနှင့် ဝေဒနာကို ချိမဆံ့ ခံစားနေရသော ကြောက်စရာ မျက်နှာကြီးသည်...

တိုးတက်ထွန်းနှင့် တဖြည်းဖြည်း နီးနီးလာသဖြင့်...

"အား...သွား...သွား"

ကြောက်လန့်တကြားနှင့် အော်၍ ရှောင်ဖယ်ပေးလိုက်ချိန်မှာ...

ထက်မြက်ထွန်းသည် သူ့ရှေ့မှာ မှောက်လျက်သား လဲကျ မ်သက်သွားလေပြီ...

သွေးတို့သည် ချောင်းရေစီးသည်နှယ်...တရဟော ယိုစီးပြီး တိုးတက်ထွန်း၏ ခြေများပေါ်သို့ ရဲရဲနီလာချိန်မှာ...

"အား...အား...အမယ်လေး"

သူသည်လည်း တလောကလုံးကို ဘာမှသတိမရ၊ ဘာမှ မသိရှိ တော့ပါဘဲနှင့်...

ထက်မြက်ထွန်း၏ သွေးအိုင်တွင်းသို့ ပုံလျက်သား လဲသွား တော့သည်။

⌘ ⌘ ⌘



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှဖြစ်ရလေ မမကြီးရယ်...နောက်ပိုင်းမှာ တိုးကို ဘယ်သူ အရေးယူကြသလဲ ဟင်"

"ဒီအရေးအခင်းကို မြင်လိုက်သူ တစ်ယောက်မှ မရှိဘူးလေ မပန်းဝေ"

"ဩော်...မျက်မြင်သက်သေ မရှိဘူးဆိုပါတော့..."

"အေး...သတ်သူနဲ့ အသတ်ခံရသူကလည်း ညီအစ်ကိုအရင်း ချင်း၊ နှစ်ယောက်လုံးလည်း သွေးအိုင်ထဲ လဲနေကြတယ်၊ ပြီးတော့ လည်း..."

"ဟင်...ပြီးတော့ ဘာဖြစ်လဲဟင်"

"သား မောင်ထွန်းသာကလည်း တရားရေးဝန်ထမ်းဖြစ်တယ် ငါ့မြေးကြီးဟာ လူအေး...ဟိုကောင်က လူဆိုးဆိုတာကို အားလုံးက သိကြတော့၊ မြေးကြီးကို တိုးတက်ထွန်းဘက်က အားလုံး သက်သေ ညှာညှာစစ်ပေးခဲ့ကြပါတယ်"

"ဟုတ်ကဲ့"

"ပြီးတော့ သထုံခရိုင်က တောနယ်လေးမှာ ဖြစ်ခဲ့ရတဲ့ကိစ္စ လည်း သတင်းကို အကျယ်မဖြန့်တော့ဘဲ လူရင်းတွေ လောက်သာ အသိခံပြီး အားလုံး ဖျောက်ဖျက်ဖုံးဖိထားနိုင်ခဲ့ကြပေမယ့်..."

"ဟင်...နောက်ပိုင်းရော"

"နောက်ပိုင်းလား...နောက်ပိုင်းမှာတော့..."

"အို"

ဒေါ်ရတနာခင်ဦးလှိုင် ငိုလေပြီ။





"ပြောစမ်းပါ မမကြီးရဲ့၊ သိချင်လှပါပြီ"

"နောက်ပိုင်းမှာ ဟောဒီ ငါ့မြေးကြီးကို ဖမ်းသွားကြတာ ပါကွယ်..."

"အင်းပေါ့လေ၊ တရားဥပဒေရဲ့ အဆုံးအမတော့ ခံရမှာပဲပေါ့၊ နိုင်ငံတော်ရဲ့ တရားဥပဒေက ဆုံးမရုံမဟုတ်ဘဲ၊ လူတစ်ယောက်ရဲ့ ဘဝကိုပါ ပြန်လည်ဆယ်ယူပေးခဲ့ပါတယ်"

"စိတ္တဇဆေးရုံမှာ တစ်နှစ်ခွဲလောက်ကြာအောင် ကုသပေးပါ တယ်။ ထောင်ထဲမှာလည်း တစ်နှစ်ကျော်ကျော်ပဲ နေလိုက်ရတယ်"

"အို"

"နောက်ပိုင်းမှာတော့၊ အမှုလည်းပြီးပြတ်၊ ရောဂါလည်း ပျောက်ကင်းစင်ပြီး...ကျောင်းတောင် ဆက်တက်နိုင်ရာက ဘွဲ့ရတဲ့အထိ အောင်းမြင်လာခဲ့ပါတယ်"

"အင်း"

သက်ပြင်းချလိုက်သော မပန်းဝေ၏ အသံ...

"ဒါပေမယ့်ကွယ်...သမီးနဲ့ စေ့စပ်ပြီးမှ သူ့မှာ အားငယ်စိတ် တွေ တဖြည်းဖြည်း ဝင်ဝင်လာခဲ့တယ်"

"ဟုတ်တယ်၊ ပန်းဝေ သိပါတယ်"

"သူ့စိတ်ကို သူ ဖြေဖျောက်တဲ့အနေနဲ့ ထင်ပါရဲ့။ တစ်ခါ တလေ အပြင်ထွက်ထွက်သွားတတ်တယ်။ တစ်ခါတလေတော့လည်း ဒီလို ခံနိုင်ရည် မရှိလောက်တဲ့ အဖြစ်မျိုးနဲ့ တိုက်ဆိုင်ခဲ့ရရင် သူ ဒီလို မေ့လဲသွားတော့တာပါပဲ သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မမကြီး၊ ပန်းဝေလည်း မောင် စိတ်ချမ်းသာ...
စေဆိုပြီး လွှတ်ထားမိတာ ပန်းဝေရဲ့အမှားပဲ"

"သမီးပဲ ကြည့်ထိန်းပါတော့ကွယ်"

"သူ့ကို ထိန်းဖို့ထက် ဆေးကုဖို့က အဓိကပါ မမကြီး...
သူ့ရောဂါကို ပန်းဝေ လျစ်လျူရှုထားလို့ မဖြစ်တော့ဘူး..."

"ပါရဂူတွေနဲ့ တိုင်ပင်မယ်။ ပြီးတော့ ရန်ကုန်က မောင့်ဖေဖေ...
မေမေ့ကို မှာမယ်။ ပန်းဝေကိုယ်တိုင် မောင့်အနားမှာနေပြီး အသေးစိ...
ပြုစုမယ်၊ ကုသမယ်"

"ပန်းဝေ သိပ်ချစ်ရတဲ့ မောင့်ကို ပန်းဝေကိုယ်တိုင် ဂရုစို...
တော့မယ်။ ပြုစုတော့မယ် မမကြီးရယ်"

❋ ❋ ❋

"အဟား...ဟား...ငါ မသေဘူး၊ ရေကူးတတ်တယ်ဆို...
မမကြီးတို့ခေတ်က သင်ခန်းစာလိုပေါ့ ချစ်ရဲ့"

"ဟင်...မောင့်ခေါင်းကြီး ဟက်တက်ကွဲသွားတာဆို"

"အဲဒါက သူတို့သိနေတဲ့အသိလေ၊ သွေးမြင်လို့ လန့်ပြီး ကို...
က မေ့လဲသွားချိန်မှာ မောင်က သတိရလာတာပေါ့။ ဒဏ်ရာက မ...
ပါဘူး။ မောင်လည်း ကြုံးထပြီး လက်ထဲက ဆွဲကြိုးသာမက သူ...





...ထောင်တန် နာရီပါ ဖြုတ်ယူပြီး..."

"အို...မောင်ဟာလေ"

"ဘယ့်နဲ့ လုပ်မလဲ။ မောင့်အဖွဲ့တွေနဲ့ ချိန်းထားပြီးပြီလေ
...ချစ်ရဲ့"

"ကဲ...ပြောပါဦး"

"အဲဒါတွေ ယူ၊ ခေါင်းက ဒဏ်ရာကို တွေ့တဲ့ တဘက်စုတ်
...စ်ထည်နဲ့ ပတ်စည်းပြီး လှေဆိပ်က လှေတစ်စင်းကို ကိုယ်တိုင်
...ာ်ပြီး ထွက်ပြေးလာခဲ့တာ"

"ဟင်...ကိုတိုးတက်ထွန်း သတိရလာတော့ရော"

"သူ့စိတ်က မောင့်ကို သတ်ပစ်လိုက်ပြီလို့ပဲ ထင်နေတာပေါ့။
...ဒီအတိုင်းပဲ ပြောတယ်တဲ့။ ဖေဖေတို့အထင်ကတော့ သူ့သားကြီး
...ားကို ယုံပြီး လှေဆိပ်မှာမို့ ရေထဲကျသွားပြီ။ အလောင်းပါ ရေစီးနဲ့
...ာပြီး ပျောက်သွားပြီလို့ ထင်ကြမှာပေါ့"

"မောင်ရယ်... အဖြစ်ကလည်း အသည်းတုန်စရာ ကောင်း
...က်တာ"

"ချစ် စဉ်းစားကြည့်လေ၊ မောင့် အလောင်းကြီးသာ ရှိရင် သူ့ကို
...သတ်မှုနဲ့ ဖမ်းမှာပေါ့။ ခုတော့ စိတ္တဇဆေးရုံမှာပဲ ကုရတယ်လေ၊
...ပျက်သွားပြီ"

ထက်မြက်ထွန်းက ခေါင်းကို လက်ညှိုးနှင့် တစ်ချက်ထောက်
...က်ပြီးမှ ထိုလက်နှင့်ပင် လက်ခါပြလိုက်သည်။ ဦးနှောက်ပျက်သွား
...ရေတော့ဘူးဟူသော သဘော။



www.burmeseclassic.com

www.burmeseclassic.com



"နောက်ပိုင်းမှာ မောင် ဘယ်ရောက်ပြီး ဘာတွေ ဖြစ်လာ
သေးလဲဟင်"

"တဘက်နိုင်ငံ ရောက်သွားသေးတယ်လေ။ မြဝတီဘက်
နယ်ခြားလမ်းမှာ နေခဲ့တာချည်း သုံးနှစ်ကျော် လေးနှစ်နီးပါး၊ အ
မောင် ပြန်ရောက်လာတာ သိပ်မကြာသေးဘူး။ ကိုကို ဒေါက်တာ
မပန်းဝေနဲ့ စေ့စပ်ပြီးမှ..."

"ဒေါက်တာ မပန်းဝေကရော မောင် အသက်ရှင်နေတ
ဆိုတာ သိလားဟင်"

"ဘယ်သိပါ့မလဲ။ သိလို့ ဘယ်ဖြစ်မလဲ"

"အို...ဘာဖြစ်လို့လဲ"

"ကိုကို့ဆီက ငွေညှစ်လို့ မရမှာစိုးလို့"

"ဘာ..."

"မောင် သူနဲ့နှစ်ယောက်တည်း စတွေ့တုန်းကလည်း ဒီလို
သေမလို လန့်သွားလိုက်တာ မျက်နှာတစ်ခုလုံးကို ဖြူဖွေးသွားတာ

"အင်း..."

"ကိုကိုသတ်ပေမယ့် ကျွန်တော်မသေဘူး။ ကျွန်တော် ကို
ကိုယ်စား လုပ်ရှားမယ်။ ထက်မြက်ထွန်းဟာ အများသိသလို သေ
လို့ပဲ သဘောထားလိုက်ပါ။ ကျွန်တော့်ဘဝကို ကျွန်တော်ဖျောက်
ကိုကို့ဘဝမှာ အစားဝင်နေမယ်၊ ဟုတ်ပြီလား၊ ကျွန်တော်ပြော
အတိုင်း မနာခံရင် ရဲဌာနမှာ ကျွန်တော့်ကို တူရှင်းကြီးနဲ့သတ်
အလောင်းဖျောက်ထားခဲ့သူပါ။ ကျွန်တော်မသေဘဲ ဇာက္ခ





ရောက်လာပြီး အခုမှ အမှုဖွင့်ရတာပါလို့ ပြောပြီး ရဲကိုတိုင်မယ်
ဆိုတော့ ကိုကို သိပ်လန့်သွားတာပေါ့။ ဘာရမလဲ"

"မောင်ဟာလေ"

"မောင်လိုသမျှငွေတွေလည်း သူ့ဆီက တောင်းသုံးတာပေါ့..."

"မောင့် မေမေကြီး သိတယ်ဆို"

"အင်းလေ...ဖေဖေတို့ မသိအောင် စောစောကလို ခြိမ်းခြောက်
ည်းနဲ့ နှုတ်ပိတ်ပြီး အဘွားကြီးဆီကပါ အပြတ် ငွေညှစ်ရတယ်၊
အောင် ငွေပေါ်နေတာသာကြည့်..."

"မောင့်ကို စတွေ့တုန်းက ပင်လယ်ထဲမှာ ဘယ်လိုဖြစ်လာတာ
လဲဟင်"

"အဲဒါကတော့ တကယ် အလုပ်လုပ်ဖို့ လုပ်ငန်းရှာတာ...
ကိုကိုလည်းပါတယ်လေ၊ ညီအစ်ကိုနှစ်ယောက် သွားကြတာ 'ဂါး'
လှေထွက်တာကို ကိုကိုက မလိုက်ရဲဘူး၊ မောင်က ကဲပြီး သက်သက်
လိုက်လာတာ၊ တစ်ခါတည်း လှေမှောက်ပါလေရော"

"မောင်လည်း ပျဉ်တစ်ချပ်တွယ်ပြီး ကူးလာရင်းက...

"မောင့်အသက်နဲ့ရင်းပြီး ဟောဒီ အချစ်ကလေးရဲ့ အချစ်ကို
နေတာပါပဲခင်ဗျာ၊ အဲ ပုံပြင်လေးကတော့ ဒါပါပဲကွယ်"

"လူဆိုး...အဲဒီတည်းက ဖေဖေသိနေတဲ့အတိုင်း ဦးထွန်းသာရဲ့
သားပါလို့ ပြောလိုက် ပြီးရော၊ သက်သက် ဇာတ်ရှုပ်အောင် လုပ်နေ
တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟောဗျာ...မောင် ဝန်ခံလိုက်ရင် မောင်ဟာ တိုးတက်ထွန်းပဲ ဖြစ်မှာပေါ့ဗျ၊ တကယ့်တိုးတက်ထွန်းကလည်း ပုသိမ်ဘက်မှာ ရှိနေတယ်လေဗျာ"

"မောင်ဟာလေ...တကယ်ပါပဲ။ ဒါနဲ့ သူများကို လူသတ်ဖူးတယ်၊ ထောင်ကျဖူးတယ်လို့ ဘာလို့ ညာရတာလဲ"

"မောင်က ကိုကို့ကိုယ်စား ဝင်နေရသူလေဗျာ... သူလုပ်သမျှ မောင်လုပ်တယ်လို့ ပြောရမှာပေါ့"

"ဒါနဲ့ တိုးတက်ထွန်း ဖြစ်သွားမှာပေါ့လည်း ဆိုသေး၊ အို... ဘာတွေမှန်းလည်းမသိဘူး...မောင် တကယ့်ကို ညာဏ်များတဲ့လူ ကို...တက်ထွန်း ကြောက်မယ်ဆိုလည်း ကြောက်လောက်ပါတယ်"

"ဟိုတုန်းက အဆင်ပြေသလို ပြောခဲ့ရတာတွေကို ပြန်တွေးမနေနဲ့တော့လေကွယ်။ အခု အဖြစ်မှန်ကို အားလုံးရှင်းပြလို့ သိရပြီ မကျေနပ်သေးဘူးလား"

"မကျေနပ်ပါဘူး၊ သူ့ကြောင့် သူများ ငိုလိုက်ရတာတွေ၊ ဟင်း... ...ပါ ပြန်ကြစို့"

"အိုး...ပြန်လို့ ဘယ်ဖြစ်ဦးမှာလဲဗျ"

"ဟင်...တော်ကြာဆို မှောင်တော့မယ်"

"မှောင်...မှောင်ကွာ"

"မောင်နော်...အကျပ်မကိုင်နဲ့၊ သူများ တကယ်စိတ်ညစ်တာ သိလား"

"ဒီမှာ...မောင် အခုမှ တကယ့်ကို အရေးကြီးတဲ့ စကားစ...





ပြောရတော့မှာ..."

"ဘာလဲ"

"အို..."

"တကယ်ပြောတာ အချစ်၊ ဖေဖေနဲ့ အန်တီကော၊ အဲလေ... အမေပဲ ထားပါတော့၊ သူတို့ကို မှာလိုက်တော့မယ်၊ ဖေဖေတို့ ...ရောက်လာရင် မောင်ရဲ့အဖြစ်မှန်အတိုင်း၊ ခု...ချစ်ကို ပြောပြတဲ့ အတိုင်း ပြောပြလိုက်တော့မယ်ကွယ်"

ထက်မြက်ထွန်းသည် ချစ်ငုံဖူး၏လက်ကလေးကို မြတ်မြတ် ...နိုး ဆုပ်ကိုင်လိုက်ပြီး...

"မောင်လေ အရင်လို မဆိုးတော့ဘူး၊ ကိုကိုနဲ့ အညီအမျှ ...ခွဲပေးပါ၊ အားလုံး မရသည့်တိုင် အရင်းအနှီးပေးပါလို့ တောင်း...ယ်။ မောင်ဟာ ဘွဲ့မရပေမယ့် ငွေရှာတတ်ပါတယ်ဗျာ၊ ပြီးတော့ ...ချစ်တို့ဘက်က စိတ်တိုင်းကျဖြစ်အောင် ကြိုက်တဲ့ပုံစံနဲ့ မင်္ဂလာ ...ဆောင်ပါရစေ ချစ်ရယ်၊ ဦးထွန်းသာရဲ့သားဆိုရင် ဦးလေး ဦးလှစိုးချစ် ...လည်း ကျေနပ်မှာပါနော် ချစ်၊ မောင်တို့ အမြန်ဆုံး လက်ထပ်ကြပါ ...ကွယ်"

"မောင်ရယ်...ငုံလည်း"

"ငုံလို့ မပြောရဘူး၊ ငုံဆိုတာ အားလုံးအတွက်... မောင့် ...တစ်ယောက်တည်းအတွက်က ချစ်လို့ပြောရမယ်၊ ကဲ...ဆက်ပြော..."

"ကောင်းပါပြီတဲ့ရှင်၊ ချစ်ကလည်း မောင့်ကို သိပ်ချစ်တယ် ...တာ ယုံပါကွယ်၊ ဒါပေမယ့် ဒီလောက်မြန်မြန်ကြီး ဖေဖေ့ကို ဖွင့်ပြော



www.burmeseclassic.com

www.burmeseclassic.com



ဖို့တော့ ချစ် မရဲဘူးကွယ်"

"ဒါဖြင့် ဒီလိုလုပ်"

"ပြောပါမောင်"

"ဖေဖေတို့ကို အရင်မှာလိုက်မယ်၊ ပြီးတော့ အဘိုးကြီး နှစ်ယောက် ဆုံကြပစေ၊ ပြီးတော့ မောင်က ဖေဖေ့ကို တောင်းခိုင်းမယ် ဘယ်နှယ့်လဲ"

"သဘောပါပဲ မောင်ရယ်၊ ချစ်လည်း မောင်နဲ့ဝေးနေရမယ့် အဖြစ်ကို မရင်ဆိုင်ချင်တော့ဘူး၊ မောင်နဲ့ မခွဲဘဲ အမြဲနေချင်တဲ့စိတ် ရှိပါတယ်လို့ ဝန်ခံပါရစေတော့ကွယ်၊ ချစ်ကို အထင်သေးမလား ဟင်..."

"ဟာ...အချစ်ဆိုတဲ့ အရာမှာ မိန်းကလေးဘက်က ဒီလိုသဘော ရှိတာ... တကယ့်သူရဲကောင်းကြီးပေါ့ဗျ"

"အို..."

မောင့် ပွေ့ပိုက်ယုယမှုများ၊ ပြီးတော့ ထုံးစံအတိုင်း ကြမ်းကြမ်း တမ်းတမ်း အနမ်းများဖြင့်...

"မောင်ရယ်...ပြန်ချင်ပြီကွယ်"

"မောင်တော့ ပြန်ကို မပို့ချင်တော့ဘူး။ တစ်ခါတည်းသာ ခိုးပြေးသွားချင်ပြီ သိလား"

"မောင့်နော်...ချစ်ကို ဒီလိုစိတ်ရိုင်းမျိုးနဲ့ အပေါစားသဘော ထားသလား"

"မထားရက်ပါဘူးဗျာ။ ဒါကြောင့်သာ ဖေဖေတို့ကို မှာ





ချစ်ရဲ့အလှ၊ ချစ်ရဲ့သိက္ခာနဲ့ တန်မျှစွာ မင်္ဂလာဆောင်နှင်းပြီး လက်ထပ် ပေါင်းသင်းပါမယ်လို့..."

"ဟာ...တော်စမ်းပါ၊ နည်းနည်းပြောရင် သူက များများရှည်ပြီ"

"ချစ်"

"မောင်"

"ကိုကိုနဲ့ မပန်းဝေတို့ လက်မထပ်ဖြစ်ခင် မောင်တို့ လက်ထပ် ကြရအောင်နော်... ချစ်နော်"

"ဘာဖြစ်လို့လဲ၊ သူတို့က စေ့စပ်လို့တောင် ပြီးကြပြီပဲ"

"မေးမနေနဲ့၊ ဘယ်နည်းနဲ့ဖြစ်ဖြစ်...သူတို့ရှေ့ကအရင် မောင်နဲ့ ချစ်နဲ့ လက်ထပ်ချင်တယ်၊ ဒါပဲ"

"မောင့်သဘောလေ၊ မောင်ပဲ ကြည့်စီစဉ်ပါ။ ချစ်လည်း မောင်နဲ့ ခွဲပြီး မနေနိုင်တော့ပါဘူးလို့ ဝန်ခံပြီးပြီပဲကွယ်..."

"ချစ်"

"ရှင်"

"ချစ်လားဟင်"

"သိပ်ချစ်တယ်ရှင်"

"မောင်လည်း သိပ်ချစ်တယ်ကွယ်။ တကယ် မောင့်ရင်ထဲမှာ ဒီလို လှိုက်လှဲရတဲ့ အချစ်မျိုး တစ်ခါမှမပေါ်ထွန်းခဲ့ဖူးသေးပါဘူးဆိုတာ ချစ် တကယ်ယုံစမ်းပါကွယ်"

"မောင်ပြောသမျှ ယုံနေတဲ့ချစ်ပါ"

"မောင့်တစ်သက်၊ မောင့်ဘဝမှာ တစ်ခါမှ မခံစားဖူးသေးတဲ့



www.burmeseclassic.com

www.burmeseclassic.com



အချစ်တွေ၊ မြတ်နိုးမှုတွေ၊ အကြင်နာတွေနဲ့ ချစ်ကို မောင်ေ တကယ့်ကို တနင့်တနဲ ချစ်မိပါတယ်"

နှလုံးသား၏ စစ်မှန်သော ခံစားမှုများမှ ဖြစ်ထွန်းလာသေ စကားလုံးများကို ချစ်ငုံဖူး အကြွင်းမရှိ ယုံကြည်မိပါ၏။

"ချစ်နဲ့ခွဲရမယ့် အဖြစ်မျိုးကို မောင် ရင်ဆိုင်ရမှာ ကြောက်တ ကွယ်"

သူ့နှလုံးသည်းပွတ်ကို ယခုပင် လှယူတော့မည့်သူ ရှိနေသ ချစ်ငုံဖူးသို့ သူ တင်းတင်းကျပ်ကျပ်ကြီး ဖက်ထားပြီး နဖူးပြင် သူ့ပါးနှင့် ထိကပ်ပွတ်တိုက်နေရှာသည်။

"ချစ်ရယ်"

"မောင်"

"ဘယ်လိုအခြေနေမျိုးကိုပဲ ရင်ဆိုင်ရ ရင်ဆိုင်ရ၊ ချစ် မေ ဘက်က ရှိပါနော်။ ချစ်ကို မခွဲပါရစေနဲ့၊ မစွန့်လွှတ်ပါရစေနဲ့ဗျာ"

"မောင်ရယ်...ဘာလို့ ဒီစကားမျိုးတွေ ပြောနေရတာလဲ"

"ချစ်ကို ခွဲခွာစွန့်လွှတ်လိုက်ရမှာ ကြောက်လွန်းလို့ပါ"

ထက်မြက်ထွန်းဆိုသော လူဆိုးလူတေ တစ်ယောက်သ အချစ်နှင့် ပတ်သက်လာပြန်တော့လည်း သည်းသည်းထန်ထ ခံစားချက်က ကြီးကြီးမားမားပါလား။

ချစ်ငုံဖူးသည် အချစ်ဦး၏မျက်နှာကို မော့ကြည့်လိုက်သ အမှန်တကယ်ပင် စိုးရိမ်ပူပန်နေသည့် မျက်နှာကို မြင်ရတော့ ရ ကရုဏာလှိုင်းခတ်သည်။





"မောင်"

"ဗျာ...ချစ်"

"မောင်ပြောတဲ့အတိုင်း ဘယ်လို အခြေနေမျိုးကိုပဲ ရင်ဆိုင်ရ ရင်ဆိုင်ရ၊ ချစ်လေ...မောင့်ဘက်မှာ ရှိနေပါ့မယ်ဆိုတာ ယုံပါကွယ်"

"အို...ချစ်ရယ်။ မောင် ပျော်လိုက်တာကွယ်။ မောင့်တစ်သက် မှာလေ ဒီနေ့လောက် စိတ်ချမ်းသာရတဲ့နေ့မျိုး၊ ဒီနေ့လောက် ရင်လှိုက် ခုန်အောင် ကြည်နူးရတဲ့နေ့မျိုး မရှိဖူးသေးပါဘူးဗျာ၊ တကယ်ပါ"

"ချစ်ယုံပါတယ် မောင်ရယ်"

"ချစ်ကို ချစ်နေတဲ့မောင်၊ မောင့်ကိုချစ်နေတဲ့ ချစ်ဆိုတဲ့ မောင်တို့နှစ်ယောက်ရဲ့ ဘဝလေး ပျောက်ပျက်မသွားဖြစ်အောင် ချစ် ကူညီပါနော်။ မောင်လည်း မောင့်ဘက်က အစွမ်းကုန် ကြိုးစားပါ့မယ်"

"ပြောပြီကောကွယ်၊ မောင့်ဘက်မှာ ချစ်အမြဲရှိနေပါ့မယ်လို့"

"ပျော်တယ်...ချစ်ရယ်၊ မောင်သိပ်ပျော်တယ်"

မယုံနိုင်လောက်အောင် အသံများပင် တုန်နေသည်အထိ သူ တကယ် ပျော်ရွှင်ကြည်နူးစွာ ခံစားနေရပါကြောင်း ချစ်ငုံဖူး မြင်တွေ့ ရသည်။

အချစ်ဦးသို့ အချစ်များစွာ ပေးဆက်ရုံမျှမက အကြင်နာများပါ ယ်ဆင့်လာရသည်။

"မောင်ရယ်...နောင်လည်း တွေ့ဆုံနိုင်အောင် ကြိုးစားကြဦး ပါ။ ဒီနေ့တော့ ပြန်ကြပါစို့ကွယ်နော်"

"မခွဲရက်ပေမယ့် ချစ်ရဲ့ဆန္ဒတိုင်းကို မောင်လိုက်လျောပါ့မယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ အထိမ်းအမှတ်အဖြစ်နဲ့ မောင်ပြန်ပို့ပါ့မယ်။ သွားစိုးနော်…ချစ်"

"ပြန်ရမှာလည်း သိပ်ဝေးတယ်။ မှောင်လည်းမှောင်တော့မှာ မို့သာ ပြောရတာပါ မောင်၊ ကျေနပ်ပါနော်…၊ အိမ်ရောက်ရင် ဖေဖေ့ ဘယ်လိုရင်ဆိုင်ရဦးမလဲ မသိသေးဘူး"

"ချစ်ကြောက်နေလား ဟင်"

"ကြောက်တော့ကြောက်တာပေါ့။ ဒါပေမယ့်…ဘာပဲ ရင်ဆိုင် ရင်ဆိုင်ရ၊ မောင့်အတွက် ချစ်မှာ အင်အားတွေ၊ သတ္တိတွေ ရှိလာ ပါပြီမောင်"

"ချစ်…အို…မောင့်အချစ်ရယ်"

နှုတ်ဆက်အနမ်းသည် ညင်သာနူးလှသည်။ နှုတ်ခမ်း များ ပွဲကြွေသွားမှာ စိုးရိမ်လွန်းသလို ငုံရုံလေး မွေးပါ၏။

အရှက်မဲ့သည်ဟု ဆိုချင် ဆိုပါတော့။ ပြန်ခါနီး နှုတ်ဆ အနမ်းကို ချစ်ငုံဖူးကလည်း မောင့်ပါးပြင်မှာ တင်ပေးခဲ့သည်။ ပြီး အကြင်နာ အနမ်းက မောင့်နဖူးပြင်မှာ ကျရောက်စေခဲ့သည်။

နှလုံးအိမ်ပွင့်ကွဲမတတ် အဖြစ်သည်းလွန်းစွာ အချစ်ကြီး ကြသော အချစ်ဦး နှစ်ယောက်တို့သည်…

ခွဲခွာကြရန် အပြန်လမ်းဆီသို့…

❋ ❋ ❋





ကျောက်တန်းချောင်းမှအပြန် ပစ်ကနစ် ထွက်လေ့ရှိကြသော ကျားမသောက်ရွာနှင့် ခြံများ၊ 'နာရီကန်ရွာ'နှင့် 'ရေချမ်းပြင်လမ်းခွဲ' တပ်များကို ဖြတ်လျက် 'ကြက်ကိုင်းတန်း' 'သက်ကယ်ပြင်'တို့ ၍ မြို့တွင်းသို့ ပြန်ဝင်ခဲ့ကြပြီး အေးလှဖြူတို့ အိမ်ရှေ့ရောက်တော့ စုတ်စုတ်ချုပ်၍ လုံးဝမှောင်မိုက်နေလေပြီ။

လမ်းထိပ်မှာ ကားရပ်ပေးပြီး မောင်က ကားမောင်း၍ ထွက် သွားနှင့်ပြီ၊

မောင်နှင့်တုန်းကတော့ မောင်စိတ်ချမ်းသာပါစေရန် အားမာန် င်းလျက် ပြောကြားခဲ့ပါသော်လည်း…

တကယ်တမ်း ရင်ဆိုင်ရမည်ဆိုတော့လည်း ရင်မှာ ဒိတ်ဒိတ် ခုန်လာသည်။ အေးလှဖြူ၏ အိမ်သူအိမ်သားများကိုပင် ဘယ်လို နှာနှင့် ရင်ဆိုင်ရမည်မှန်း မတွေးရဲတော့။

ဖြစ်များ ဖြစ်နိုင်ပါလျှင် လက်ရှိ ဝန်းကျင်ကို ကျောခိုင်း စွန့်ခွာ ကျ် မောင့်ရင်ခွင်မှာ မည်သူမှ မမြင်သာအောင် သွားရောက် အောင်းနေလိုက်ချင်စမ်းပါဘိ။

"ဟိုက်…အမယ်လေး…ကိုမင်းမြတ်မင်း ရောက်နေပါလား။ ပေါ် စောင့်နေသလား မသိဘူး"

အိမ်တွင်း၌ မီးချောင်းရောင်ဖြင့် ထိန်ထိန်လင်းနေသည်။ တွင်းမှ အပြင်သို့ မြင်ရန်မလွယ်။

ချစ်ငုံဖူး အသေအချာ ကြည့်မိတော့ ဖေဖေ မပါ။ သူတို့ ယောက်တည်း ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့…အေးလှ ဖရူ အိမ်ရှေ့မှာ အိသည်"

ချစ်ငုံဖူး မမြင်နိုင်သော အရပ်ဆီမှ အသံကြောင့် လှည့်ကြည့်လိုက်မိတော့ နောက်မှဝင်လာသော အေးလှဖြူ၏ အဒေါ်က ရခိုင်သံဝဲဝဲနှင့် လှမ်းအော်လိုက်သည်။

အေးလှဖြူ ပြေးထွက်လာ၏။

"ဟယ်…ငုံ၊ ကိုမင်းရေ…ငုံ ပြန်လာပြီ။ အမယ်လေး… စိုးရိမ်လိုက်ရတာ သူငယ်ချင်းရယ်။ တစ်ခါတည်းများ ပါသွားပြီလားလို့"

အေးလှဖြူကတော့ ရယ်ရယ်မောမောပါ။

"ဟို…သူက ဘယ်လိုလုပ် ရောက်နေတာလဲ။ သူနဲ့ငုံနဲ့ ဆုံ…ဖြစ်ပါ့မလား"

"ဖြစ်တယ်။ လာ…သူငယ်ချင်း။ ကိုမင်းကို အထင်မလွဲပါနဲ့ လာပါ"

အေးလှဖြူက အေးစက်နေသော ချစ်ငုံဖူး၏ လက်ကလေးကို ဆုပ်လျက် အိမ်ပေါ်သို့ ဆွဲခေါ်ခဲ့သည်။

"ကဲ…ကိုမင်းရေ…စိတ်အေးတော့။ ပါမသွားသေးဘူး"

ကိုမင်းမြတ်မင်းနှင့် အေးလှဖြူတို့က ရယ်မောလေ၊ ချစ်ငုံ…ခေါင်းငုံ့နေရလေ…

"ဖေ…ဖေဖေ…ဘာပြောလဲဟင်"

သိချင်လှပြီမို့ အစဲစွန့်ပြီး မင်းမြတ်မင်းသို့ ငုံ့နေရာမှ ဖြည်း…ချင်း ကြည့်ပြီး မေးမိသည်။

"ကလင်…လင်…"





"ကလင်…လင်…"

"ဟော…တယ်လီဖုန်းမြည်လာပြီ။ ငုံ့ အဘိုးကြီးဆိုရင် …ပြန်သွားပြီလို့ ပြောလိုက်မယ်။ ကဲ… တကယ်ပဲ ပြန်ကြတော့…"

"ကောင်းပါပြီ အေးလှဖြူ၊ ကျေးဇူးပါပဲဗျာ"

"ရပါတယ် ရှင်၊ ကဲ…ငုံ၊ ကိုမင်း လမ်းကျတော့ ရှင်းပြ…မယ်။ ဖြူ တယ်လီဖုန်း ထူးလိုက်ဦးမယ်။ သွားကြတော့နော်"

ရှေ့ဆောင်၍ထသော မင်းမြတ်မင်း၏နောက်မှ ချစ်ငုံဖူးက …ကုပ်ကလေး လိုက်ရသည်။ သူငယ်ချင်းကို ကြည့်လိုက်တော့ …က ရခိုင်လိုပြောရင်း လက်ခါပြသည်။

ငုံ့အဘိုးကြီး မဟုတ်ဘူးဆိုသော အဓိပ္ပာယ်ပါ။

မောလိတ်ရပ်ရှိ အေးလှဖြူတို့အိမ်မှ ထွက်ခဲ့ကြပြီးနောက် …မ်းလျှောက်လာကြရင်း…

"ငုံကို အစ်ကိုမင်း နားလည်ပါတယ်ကွယ်"

"ရှင်"

"ငုံနဲ့ ကိုတိုးတက်ထွန်းတို့ရဲ့ ချစ်ပြဿနာမှာ အစ်ကို …ယောက် အနေမျိုးနဲ့ပဲ ကိုယ်ဘာမှ ဝင်မပြောချင်ပါဘူးငုံ"

ချစ်ငုံဖူး ကြိတ်၍ ပြုံးမိသည်။

တစ်ယောက်စီပါ ဆိုသည်ကို မသိရှာကြလေခြင်း။

"အစ်ကိုမင်း ပြောချင်တာက အိမ်ရောက်ရင် ဘယ်လိုပြောရ… ဆိုတဲ့ ကိစ္စကိုပါပဲ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးက ကြာတော့ အေးလှဖြူအိမ် လိုက်သွားတယ် တော်သေးတယ်။ အေးလှဖြူပါ မရှိကြတော့ သူနည်းနည်း စိတ်အေး ပြန်လာခဲ့တယ်၊ နောက် တစ်နာရီလောက် ထပ်ကြာတော့ သူ လိုက်မေ အလုပ်မှာ...'

မင်းမြတ်မင်းသည် စကားကို ခဏရပ်လိုက်ပြီး... အလင်းအ နည်းသော လမ်းမပေါ်မှာပင် ချစ်ငုံဖူး၏ မျက်နှာလေးကို ငုံ့ကြ လိုက်ပြီး...

"အစ်ကိုမင်း ပြောတဲ့ စကားတွေကို ငုံ ယုံစေချင်ပါတယ်"

"ဟုတ်ကဲ့ပါ"

"ဦးလေးလိုက်လို့ အဖြစ်မှန် သိသွားရင် ပြဿနာတက်ေ မယ်ဆိုတာသိလို့ ဦးလေးနေခဲ့ပါ။ ကျွန်တော်ပဲ လိုက်သွားပြီး အ ကြောင်း ဖုန်းဆက်ပါ့မယ်လို့ ပြောခဲ့ပြီး ထွက်လာတော့ အေးလ ပြန်ရောက်နေပြီ၊ ငုံတို့တော့ ကျောက်တန်းဘက်အထိ သွာ တယ်တဲ့"

"အေးလှဖြူက ပြောပြတယ်လား"

"မဟုတ်ပါဘူး။ ကိုတိုးတက်ထွန်း လာဆွဲသွားတဲ့ ကျ မိုင်ရှင်က အစ်ကို့အသိပါ"

"ဩော်..."

ချစ်ငုံဖူး ကုပ်ကုပ်ကလေး လိုက်လာရသည်။

"ဒီကိစ္စ အားလုံးကို အေးလှဖြူတောင် မသိပါဘူး"

"ဘာကိုလဲ"





"ဩော်...ငုံနဲ့ ငုံရဲ့ချစ်သူတို့ အလည်သွားကြတယ်ဆိုတာ လာက်သာ သိကြတယ်၊ ကိုတိုးတက်ထွန်းဆိုတာ ဒေါက်တာ ပန်းဝေရဲ့... အဲလေ... ဒါတွေ ထားပါတော့..."

သူ စကားကို ရပ်ပစ်လိုက်ပြီး တော်တော်နှင့် ပြန်၍မဆက် စ်နိုင်သေး၊ နှစ်ယောက်သား ခြေလှမ်းမှန်မှန်နှင့်သာ ဆက်လျှောက် ာကြသည်။

"ဟို...အိမ်ရောက်ရင် ဘာပြောရမလဲဟင်"

"ပြောပါ့မယ်ငုံ၊ အေးလှဖြူနဲ့တိုင်ပင်ပြီး အစ်ကို တယ်လီဖုန်း ဆက်လိုက်တယ်"

"ဘယ်လိုဆက်လိုက်လဲဟင်"

"ငုံ ရှိနေတယ်။ သူငယ်ချင်းစုံနဲ့ ထမင်းလက်သုတ် လုပ်စား ကြတယ်၊ ကျွန်တော့်ကိုတောင် နဂါးအချိုမုန့်ဆိုင်က ရော်ချောင်း ာနဲ့ ကျောင်း ကျောင်နို့မလိုင် အချိုမုန့်တွေ သွားဝယ်ခိုင်းကြလို့ ယ်ပေးရဦးမယ်။ အားလုံး စားသောက်ကြပြီးမှ ကျွန်တော် ပြန်ခေါ် ာတော့မယ်၊ ဦးလေး စိတ်ချပါလို့ ဖုန်းဆက်ထားလိုက်ပါတယ်"

"ကျေးဇူးပါပဲ အစ်ကိုမင်း"

"ပြီးတော့ အဘိုးကြီး ပျင်းပြီး ဒီပဲ စိတ်ရောက်မနေအောင် တ်ဆွေ အစ်ကိုမင်းတို့ရုံးက စာရေးကြီးကိုလည်း ဦးလှစိုးချစ်က ချင်နေတာ၊ သွားလိုက်ပါဦးလို့ ဖုန်းဆက်ပြီး ပြောထားလို့ ခုဆို ိုးကြီးနှစ်ယောက် လေကျနေကြရောပေါ့"

"ထပ်ဆင့် ကျေးဇူးပါပဲရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ငုံ"

"အစ်ကိုမင်း စကားနည်းနည်း ပြောချင်တယ်"

"ဟုတ်ကဲ့၊ ပြောပါ အစ်ကိုမင်း"

"အစ်ကို့စကားကို ဆုံးအောင် နားထောင်ပါနော်ငုံ"

"ဟုတ်ကဲ့ပါ"

"အစ်ကိုမင်း၊ ငုံကို တကယ်ပဲ လှိုက်လှဲစွာ ချစ်နေမိပါတယ်"

"အို"

"ဆုံးအောင်နားထောင်ပါလို့ ထပ်ပြောပါရစေလားငုံရယ်"

"ဩော်...ဟုတ်ကဲ့...ဟုတ်ကဲ့"

"သာမန်ယောကျ်ားတိုင်းဟာ ကိုယ့်ချစ်သူ သူတစ်ပါးနဲ့ချစ်သွား ရင် နောက် ဆက်မလိုက်ကြတော့ပါဘူး။ အစ်ကိုမင်းကတော့ ဒီ မဟုတ်ဘူး ငုံ၊ ငုံ ကိုတိုးတက်ထွန်းနဲ့ ချစ်သွားကြတဲ့အတွက်လည်း အစ်ကို့အချစ်ဟာ ဒီအတိုင်းပဲ ပေးဆက်နေမြဲ...ရှိနေဆဲ ဆိုတာ ငုံယုံပါ"

မအိုသေးခင် အပျိုလေးဘဝမှ နောက်ဆုံးအပြောခံရမည် သော ရည်းစားစကားများအဖြစ်နှင့်သာ ချစ်ငုံဖူး သည်းခံ၍ နား ရပါမည်။ မောင်နဲ့ ချစ်ခရီးလမ်းအတွက် ခုပဲ သူ ကူညီနေဆဲမ လား...

"ဘာဖြစ်လို့လဲဆိုတော့ အစ်ကိုမင်းအချစ်ဟာ ငုံဆီက ပေမယ့် တုံ့ပြန်မလာလည်း ချစ်နေမယ့် အချစ်မျိုးမို့ပါ။ ပြီး လက်ထပ်တဲ့အဆင့်အထိ ရယူပိုင်ဆိုင်ခြင်းမျိုး မရှိနိုင်မှန်း သိပါ





အစ်ကိုမင်း ဆက်ချစ်နေနိုင်တာ ဘာဖြစ်လို့လဲ ငုံသိလား ဟင်..."

"မသန့်စင်တဲ့ အချစ်တစ်မျိုးတည်းမဟုတ်ဘဲ ညီမငယ်လေး တစ်ယောက်ပေါ်မှာ ထားရှိတဲ့ အစ်ကိုကြီးတစ်ယောက်ရဲ့ မေတ္တာမျိုးလို သန့်သန့်စင်စင်လည်း ထားရှိနိုင်လို့ ညီမလေးတစ်ယောက်လိုလည်း ချစ်နေမိလို့ပါငုံရယ်"

ချစ်ငုံဖူး သူ့ကိုကြည့်မိတော့ သူက ပြန်မကြည့်၊ ရှေ့တည့်တည့် သို့ ကြည့်ရင်းသာ ပြောနေပါ၏။

"မရိုးသားတဲ့အချစ်နဲ့ ချစ်ခဲ့မိတာ မှန်ပေမယ့် ငုံမှာ ချစ်သူ နေလို့ အစ်ကို့အချစ်ကို ပြန်ရုပ်သိမ်းပါတယ်ငုံ"

"ဟုတ်ကဲ့"

"ငုံဆီကသာ ပြန်ရုပ်သိမ်းတယ်လို့ ပြောတာနော်၊ အစ်ကို့ရဲ့ သည်းနှလုံးထဲမှာ ပြန်ပြီး ထည့်ထားမှာ၊ ထာဝရ သိမ်းဆည်း ားမှာပါဆိုတာပါ ငုံ တဆက်တည်း ယုံပါကွယ်"

ဖြစ်နိုင်လျှင် သူ့စကားများကို ဘာမှမကြားချင်...

မောင်နဲ့ ဆုံခဲ့၊ ပြောခဲ့၊ ထိတွေ့ခဲ့၊ ချစ်အနမ်းလေးတွေ ဝေခဲ့ရ ားကိုသာ ပြန်လည်၍ ဖီလင်ယူနေချင်နေမိသည်။

မတတ်သာ၍သာ သည်းခံ၍ နာခံနေရပါ၏။

"ကိုယ်ပြောချင်တာ တစ်ခုတည်းရှိပါတယ်။ ငုံ... ငုံ့ဆီက ပြန်မှုရတာ မရတာက တစ်ပိုင်း၊ စွန့်လွှတ်ရမယ်ဆိုဟာကိုပဲ လျက်နဲ့၊ အစ်ကို ငုံ့ကိုဆက်ပြီး ချစ်နေမိပါတယ်ဆိုတဲ့ မိုက်မိုက် စကားကိုပါ ငုံ ဆက်ပြီး ယုံလိုက်ပါနော်"



www.burmeseclassic.com

www.burmeseclassic.com



ချစ်ငုံဖူး ခက်သွက်သွက် လျှောက်မိသည်။ တည်းခိုအိမ်သို့ ရောက်လိုလှပါပြီ။

"နောက်ဆုံးပြောချင်တာကတော့ အစ်ကိုဟာ ငုံရဲ့ အစ်ကို တစ်ယောက်အနေနဲ့ပဲဖြစ်ဖြစ်၊ မိတ်ဆွေတစ်ယောက်အနေနဲ့ပဲဖြစ်ဖြစ် ငုံမှာ အခက်ခဲရှိလာရင် အစ်ကို့ကို ဖွင့်ပြီး တိုင်ပင်ပါ။ အစ်ကို ကူညီပေးပါ့မယ်လို့ ကတိပေးပါတယ် ငုံ..."

"ဟုတ်ကဲ့...ကျေးဇူးတင်ပါတယ်"

"ငုံတို့ ချစ်ခရီး ဖြောင့်ဖြူးပါစေ၊ ငုံ စိတ်ချမ်းသာပါစေလို့ တကယ့်စေတနာနဲ့ အစ်ကိုဆုတောင်းပေးလိုက်ပါတယ် ငုံရယ်..."

⌘ ⌘ ⌘



## အခန်း သုံးဆယ်

"မောင် ထနော်...မ ထူပေးမယ်"

ဒေါက်တာမပန်းဝေသည် အိပ်ရာတွင်းမှ သူ့အချစ်ဆုံး [illegible]ဘက်ထွန်းကို ပွေ့ထူလိုက်သည်။

"ကဲရော့... ဒီဆေးနဲ့ နို့တစ်ခွက် ဝင်အောင် သောက်လိုက်နော် [illegible]ောင်"

နာခံစွာပင် ဆေးတစ်လုံးသောက်ပြီး နွားနို့တစ်ဖန်ခွက်လုံး [illegible]သောက်ပစ်လိုက်သည်။

"အို...အို...ပြန်မအိပ်နဲ့ဦးလေ"

"ဘာဖြစ်လို့လဲ"

"ထိုင်ပါဦးကွယ်၊ ချစ်မနဲ့ စကားပြောရအောင်လေ..."

"ပြောလေ...မောင် နားထောင်မှာပေါ့"

မွေ့ရာပေါ်သို့ လက်ထောက်ပြီး ကိုယ်ကို စောင်းချလိုက်ချိန်မှာ [illegible]ဝေသည် သူ့ဘေးတွင် ဖြတ်ခနဲ ဝင်ထိုင်ချလိုက်၏။ ခေါင်းအုံး



www.burmeseclassic.com

www.burmeseclassic.com



ရှိရာနှင့် သူ့ခန္ဓာကြားတွင် မပန်းဝေ ရှိနေသဖြင့် သူ လှဲချ၍ မရတော့...

"မောင် ချစ်မနဲ့ မြစ်ပြင်ဘက်ကို လှမ်းလျှောက်ထွက်ရအောင် လားနော်..."

"မလျှောက်ချင်ဘူး၊ မောင်ခေါင်းထဲမှာ ရီဝေဝေနဲ့၊ အိပ်ငိုက်အိပ်ချင်နေတယ်"

စိတ်ငြိမ်ဆေးများ၏ အစွမ်းကြောင့် မောင့် အကြောဆိုင်းများ ထုံတိုင်းနေလေးလံနေရှာမည်။

တိုးတက်ထွန်းသည် ကလေးငယ်တစ်ယောက်လိုပင်၊ မပန်းဝေ၏ ပခုံးမှာမှီပြီး ဖြည်းဖြည်းချင်း ပေါင်ပေါ်သို့ လှဲအိပ်ချလိုက်တော့သည်။

"သြော်...တိုး...မ အချစ်လေးရယ်"

မပန်းဝေက သူ့ခေါင်းပိုင်းကို ကလေးငယ်တစ်ဦး ချီသလို ပွေ့မထားပြီး ဆံပင်တိုတိုလေးများကို သပ်တင်ပေးရင်းက...

"အန်တီကေခိုင်တို့လည်း နက်ဖြန် လာတော့မှာ။ မောင် ဘာ အားငယ်စရာ မရှိပါဘူးကွယ်၊ တိုး နားမှာ မ ဟာလေ တိုးကြိုက်တဲ့ ပုံစံနဲ့ နေမှာပါ"

သူက အဓိပ္ပာယ်မဲ့စွာ ကြည့်လာ၍...

"မ ပြောတာ တိုးနားလည်လားဟင်"

ရင်ခွင်တွင်းမှ မျက်နှာလေးကို ငုံ့ကြည့်ရင်း မေးတော့ သူ ဖြည်းလေးစွာ ခေါင်းခါယမ်းသည်။

"တိုး ကြိုက်တဲ့ပုံစံနဲ့ဆိုတာ တိုးက မကို လက်မထပ်ချင်ဘူး ဆိုရင်လည်း ကြိုက်သလိုနေပါ။ လက်ထပ်ပိုရင်လည်း အဆင်သင့်ပါ။ မောင်လေးတစ်ယောက်လို ခုလိုပဲ ပြုစုယုယနေပါဆိုလည်း မ မောင့်နားမှာ အစ်မကြီး တစ်ယောက်လို နေပေးမယ်။ အဲဒါကို ပြောတာပါ တိုး၊ အို...အို...ကွယ်"

တိုးတက်ထွန်း၏ မျက်ဝန်းမှာ မျက်ရည်များ ပြည့်လျှံပြီး စီးသွယ်လာသည်။

ဒေါက်တာမပန်းဝေသည် တိုး၏မျက်ဝန်းမှ မျက်ရည်စီးကြောင်းကို ရေကာတာ ပေါက်ကျိုးသည်ကို မြင်လိုက်ရသလို လန့်ဖျပ်ပျိုးရိမ်လွန်းစွာ ကြည့်ပြီး...

"အို...တိုးရယ်၊ ဘာလို့ ငိုရတာလဲ၊ ဘာလို့ ငိုရတာလဲဟင်၊ တိုးဘဝမှာ ဘာများ အားငယ်စရာ ရှိလို့လဲကွယ်"

မျက်ရည်များကို လက်ဝါးနုလေးနှင့် ညင်သာစွာ ပွတ်ထုတ်ပြီး...

"တိုးဟာ ချမ်းသာတယ်။ ဘွဲ့ရပြီးပြီ၊ ဖခင်ရှိတယ်၊ သိပ်ချစ်တတ်ရှာတဲ့ အဒေါ် မိထွေးရှိတယ်၊ ပြီးတော့ တိုးရဲ့ ဘဝတလျှောက်လုံးမှာ ဘာတွေပဲ အနစ်နာခံရခံရ လက်တွဲပြီး ခံနိုင်တဲ့...၊ တစ်ဆင့်တက်ပြီး ချစ်မြတ်နိုးနေရတဲ့ တိုးရဲ့ ချစ်မလည်း တိုးအနားမှာ ထာဝရ ရှိနေပြီလေ၊ တိုး ဘဝတာအားလုံး ပြည့်စုံနေပါတယ်၊ အားမငယ်နဲ့ နော်...နော်...တိုး"

"မ မသိပါဘူး၊ မ...မသိနိုင်တဲ့ အကြောင်းရာတွေ မောင့်ဘဝမှာ အများကြီးရှိတယ် မ ရဲ့"







www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး...သိပါတယ်ရှင်၊ မ အားလုံး သိပါတယ် မောင်ရဲ့"

"ဟင့်...ဘာသိတာလဲ၊ မ ဘာသိတာလဲ"

သူက မပန်းဝေ၏ရင်ခွင်မှ ခေါင်းကြွပြီး အံ့ဩမှုမျက်နှာနှင့် မေးနေ၍...

"မောင့်မှာ အတိတ်က မြှုပ်ကွယ်ထားတဲ့ အကြောင်းရာတွေ ပြန်လည်ရှင်သန်နေတယ် မဟုတ်လား"

"ဘာ..."

"မောင် စိတ်သောကရောက်နေတာက ထက်မြက်ထွန်းရဲ့ကိစ္စ မဟုတ်လား"

"ဟင်...ထက်မြက်ထွန်း ဟုတ်လား၊ အို...မ ဒါတွေ သိနေတာ လား၊ ဘယ်...ဘယ်သူက ပြောလဲဟင်"

"မေမေကြီးပေါ့"

"မေမေကြီးက...ဟုတ်လား၊ ဒါဆို မောင်ဟာ လူသတ်သမား ကြီးဆိုတာ မ သိသွားပြီပေါ့နော်"

"အို...မောင့်ကိုယ်မောင် ဒီလိုခံယူမနေစမ်းပါနဲ့...တိုးနေရာ မဖြစ်ရင်လည်း ဒီလိုပဲ သူ့ကို သတ်မိမှာပဲ။ တခြား ဘယ်သူပဲဖြစ်ဖြစ် မောင့်နေရာကဆို သတ်မိမှာပါ။ တိုး သူ့ကို သတ်ပစ်လိုက်တာ သိပ်မှန်တာပေါ့"

"ဗျာ"





"တိုးက မသတ်ရင် သူက သတ်တော့မှာလေ...ဒါဟာ ကိုယ်ပိုင် ခုခံကာကွယ်မှုပဲ၊ ဒီကိစ္စကို တရားရုံးမှာတောင် ဖြေရှင်းပြီးကြပြီပဲ တိုးရယ်။ ဒီအကြောင်း တိုးစိတ်ထဲက ဖျောက်ပစ်လိုက်စမ်းပါတော့ နော်..."

တိုးတက်ထွန်းက အံကို ကြိတ်လိုက်သည်။ ပြီးတော့...နှုတ်ခမ်း နှစ်ခုကို စေ့ပိတ်ပြီး ခေါင်းကို ခါယမ်းနေပါ၍...

"တိုးရယ်၊ ပြီးပြီးသားကိစ္စတွေ ဘာလို့ တွေးနေရတာလဲ၊ ဘာလို့ ဝမ်းနည်းနေရတာလဲ"

"မပြီးသေးဘူး ဆိုရင်ရော..."

တွေဝေ စိုးရိမ်လွန်းစိတ်ကြောင့် တိုးတက်ထွန်း၏မျက်နှာသို့ ထိတ်လန့်ကြောက်စိတ်နှင့် ကြည့်မိပြီးမှ မပန်းဝေသည်...

ဆေးပညာနှင့်ယှဉ်သောအမြင်...အချစ်နှင့်ယှဉ်သော အကြင်နာ တို့ဖြင့် ပြုံးပစ်လိုက်ပြီး...

"မပြီးသေးလည်း ဘာဖြစ်လဲ မောင်ရဲ့၊ အားလုံးကို ချစ်မနဲ့ တိုင်ပင်တွဲပြီး ရင်ဆိုင်ဖြေရှင်းပစ်ကြမယ်လေကွယ်နော်"

ဆက်တိုက်မေး၍ မဖြစ်သေး။ ဖြည်းဖြည်းချင်းမေးမှ ဖြစ်တော့မည် ဟူသော အသိဖြင့် ပို၍ ယုယစွာ ထွေးပွေ့ရင်း တိုး၏ နဖူးပြင် လေးကို ငုံ့မွှေးလိုက်သည်။ အကြင်နာအနမ်းလေးများသည် ပူလောင် နေသော အချစ်ဆုံး၏ သောကရင်ခွင်သို့တိုင် အေးမြစွာ စိမ့်ဖြာ စီးဆင်း နေသတည်း။

"တိုး"



www.burmeseclassic.com

www.burmeseclassic.com



သူ မထူးရုံမက မျက်စိကို ပိတ်ပစ်လိုက်သည်။

"ချစ်မရဲ့ အချစ်ဆုံးရယ်၊ မကို ကြည့်ပါဦး"

"ဟင်"

"မနဲ့ မောင်ဟာ ဒီကမ္ဘာပေါ်မှာ အရင်းနှီးဆုံး လူသား။ ပြီးတော့ အချစ်ဆုံးနှစ်ယောက်၊ မောင့်ရဲ့ ပြဿနာဟာ မရဲ့ ပြဿနာပဲ။ မောင့် အခက်ခဲဟာ မရဲ့ အခက်ခဲပဲပေါ့ တစ်ယောက်တည်း ဖြေရှင်းတာထက် နှစ်ယောက်ရဲ့ အတွေးအခေါ်နဲ့ ဖြေရှင်းတာက ပိုပြီး အောင်မြင်နိုင်မှာ ပေါ့ မောင်ရဲ့၊ မဟုတ်ဘူးလားဟင်"

သူ တွေတွေဝေဝေ ဖြစ်လာသည်။ မပန်းဝေ၏ စကားသည် ဟုတ်အံ့နီး...မဟုတ်အံ့နီးဖြင့် သူ ချိန်ဆနေပုံရပါ၏။

"မ...ဘယ်သူ့ကိုမှ မပြောရဘူးနော်"

"အို...စိတ်ချ၊ စိတ်ချ၊ မ သစ္စာဆိုပြီး ကတိပေးတယ်။

"မ ကလွဲပြီး တကယ် ဘယ်သူ့ဆို ဘယ်သူ့မှ မပြော... သိလား။ ကဲ...ပြောပါဦးကွယ်၊ မောင် ဘာဖြစ်နေလဲဟင်"

"သူပေါ့...သူ"

"သူပေါ့"

"သူ ဟုတ်လား"

"အင်း..."

"သူ ဆိုတာ ဘယ်သူလဲ"

တိုးတက်ထွန်း ဘာမှမဖြေ၍ ဤဝန်းကျင်တွင်းမှ လူတို... တိုးပြောသော 'သူ' မဖြစ်နိုင်။





"ဒီမှာ မောင်"

"အင်း"

"သူဆိုတာ... ထက်မြက်ထွန်းပဲ မဟုတ်လား"

"ဟုတ်တယ်...ဟုတ်တယ် မ"

ထက်မြက်ထွန်းသည် အမှန်တကယ် သေဆုံးသွားခြင်းမ... ဟုတ်ရဲ့လား ဆိုသော အတွေးများ မပန်းဝေ စတင် တွေးမိလာခဲ့ပြီ။

"အဲဒီသူက ဘယ်မှာလဲဟင်"

"အများထင်နေသလို သူမသေဘူး၊ မောင့်နားမှာရှိနေတယ်မ"

"အို...သူ...သူ မသေဘူးလား"

တိုးတက်ထွန်း ခေါင်းယမ်းသည်။ ခြောက်နေသော နဖူးပြင် ...သားမှာ ချွေးသီးများ စို့လာပြီ။

"ဒါဆို မနဲ့ပါ ဆုံကြမယ်လေ မောင်"

တိုးတက်ထွန်း ခေါင်းယမ်းပြန်သည်။ မပန်းဝေ၏စိတ်တို့ ...သည် စိုးရိမ်ခြင်းဖြင့် ပူပြင်းရလေပြီ။

ထက်မြက်ထွန်း အသက်ရှင်လျက် ရှိနေပြီး တိုးတက်ထွန်းနှင့်မ... ...က်သွယ် ပြုလုပ်နေခြင်းမှာ စိုးရိမ်စရာများစွာ ဖြစ်လာနိုင်သည်။

ဤလူဆိုး လူတေသည် မောင့်ကို တစ်နည်းနည်း ဒို့မဟုတ် ...းလမ်းအမျိုးမျိုးဖြင့် ခြိမ်းခြောက်နေပေလိမ့်မည်သာ...

သူ့ဆန္ဒများစွာကို တောင်းဆိုနေပေလိမ့်မည်။

သူ့ကို သတ်ထားမိခဲ့သူ... တိုး အနေနှင့် နဂိုကမှ အားငယ် ...က်တတ်ရသည့်အထဲ ဒီကောင့်ကြောင့် ဘယ်လောက်များ



www.burmeseclassic.com

www.burmeseclassic.com



ချောက်ချားနေရှာမလဲ။

ဟိုနေ့က မေ့လဲသည်မှာလည်း ဤပြဿနာပင် ဖြစ်ရမည်ဟု ဒေါက်တာမပန်းဝေ တွေးလာနိုင်ခဲ့ပါပြီ။

"မောင်...မ အချစ်လေး၊ မကို ကြည့်ပါဦးကွယ်"

အားငယ်လွန်းသော မျက်ဝန်းလေးနှင့် ကြည့်နေသော တိုးတက်ထွန်းကို သနားလွန်းစွာ ငုံ့ကြည့်ရင်းက...

"အခု ထက်မြက်ထွန်း ဘယ်မှာနေလဲဟင်"

"တိုး မသိဘူးမ"

ထက်မြက်ထွန်းသည် ငယ်စဉ်က ဒေါ်ရတနာခင်ဦးလိုင်း ဤစစ်တွေမြို့ပေါ်မှာ နေထိုင်ခဲ့ဖူးသူမို့ သူ့ခိုအောင်းနေစရာ နေရာများစွာ ရှိပေလိမ့်မည်။

ထက်မြက်ထွန်းနှင့် တိုးတက်ထွန်းတို့ ရင်ဆိုင်တွေ့ မဖြစ်စေ့။ မောင့်ရှေ့မှ ဒိုင်းသဖွယ်၊ ထက်မြက်ထွန်း ပစ်လာ ဒုက္ခပေးခြင်း မြားတံများစွာကို ကာကွယ်ရန် ဒေါက်တာမပန်း တိုး၏ရှေ့မှ ရပ်ပေးမည်။

ထက်မြက်ထွန်းနှင့် သူကိုယ်တိုင် ရင်ဆိုင်မည်။

"သူ စစ်တွေရောက်နေတာ ဘယ်လောက်ကြာပြီလဲဟင်"

"ဒါတွေ မောင် ဘာမှမသိဘူးမရယ်၊ မောင့်ကိုလည်း မမေးပါနဲ့တော့၊ တစ်ခါတစ်ခါ သူ မောင့်ဆီ ရောက်ရောက်လာ အဲဒါကလွဲလို့ မောင်ဘာမှ မသိဘူး။ မောင်ဘာမှ မပြောနိုင် မောင်ဘာမှ မသိဘူး။ မောင်ဘာမှ..."





"အို...တိုး...တိုး...တိုးရေ"

တိုးတိုးသာသာ ပြောနေရာမှ နောက်ပိုင်းတွင် ကြုံးအော်၍ ရင်ခွင်မှ လွတ်ခွာရန် ရုန်းထွက်နေသော တိုးသို့ ပြန်လည်၍ ဖက်ထား လျက်က...

"မပြောနဲ့...မပြောနဲ့လေမောင်၊ အို...မပြောရုံမဟုတ်ပါဘူး။ ဘာမှလည်း မတွေးနဲ့တော့။ ဒီအကြောင်းတွေ ခဏ မေ့ထားလိုက်ကြ အောင်နော်...နော်...တိုးရယ် နော်ကွယ်"

မပန်းဝေသည် အခုန်မြန်နေသော သူ့ရင်လေးကို ဖိထားပေးပြီး ရက်ရည်မဝဲဖြစ်အောင် မနည်းထိန်းထားလိုက်ရသည်။

ဤမျှ ကြီးမားနက်ရှိုင်းသော ရှုပ်ထွေးနက်နဲလွန်းလှသော ပြဿနာအစ်ကိုနှစ်ယောက်၏ လူသတ်မှုဇာတ်လမ်းကို မပန်းဝေ တစ်ယောက်တည်း ကိုင်တွယ်ဖြေရှင်း၍ မဖြစ်နိုင်တော့မှန်း သိလာခဲ့ရ ပြီ...

"မ"

"ရှင်"

"မောင့်ချစ်မ"

"တိုးရယ်"

"တိုးကို မ ချစ်သလားဟင်"

"အို...ဘယ်လိုမေးလိုက်တာလဲ တိုးရယ်...အားလုံးလည်း သိတယ်။ တိုးလည်း သိပါတယ်ကွယ်။ မ ထပ်ပြီးတော့လည်း ပြောပါ့မယ်။ တိုးကိုလေ...မ သိပ်ချစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မ ရယ်ဗျာ"

"ဟောဒီလို ရင်ခွင်ထဲမှာ အမြဲထည့်ထားချင်လောက်အော
မလေး မောင့်ကိုချစ်တယ်၊ မြတ်နိုးတယ်၊ သနားတယ်၊ မ အချစ်ကိုေ
ယုံရဲ့လားကွယ်... ဟင်"

သူသည်ခေါင်းညိတ်ပြပြီး မျက်စိမှိတ်ပစ်လိုက်သည်။ မျက်ေ
စီးကြောင်းများက လိမ့်ဆင်းလာတော့လည်း...

မပန်းဝေသည်လည်း မျက်ရည်ထိန်းမရတော့။

ငို စရာအကြောင်းမရှိပါဘဲနှင့် ချစ်သူငိုနေသည်ကို မမြင်ရ
မကြည့်ရက်လွန်းလို့ ကျလာသော အကြင်နာမျက်ရည်များပါ—

"မ"

"မောင်"

"မောင်လည်း မ ကို ချစ်ပါတယ်ဗျာ"

"မ ယုံပါတယ်ကွယ်"

"မောင်လည်း ချစ်မနဲ့ မခွဲချင်ဘူး။ မခွဲနိုင်ဘူး။ ခွဲ
ကြောက်တယ်"

"အို...ဘာလို့ ခွဲရမှာလဲ"

"မ...မသိဘူးနော်"

"ဟင်"

"မရယ်"

"ပြောပါကွယ်"

"မောင့်လေ...မောင်"





"အင်း...ပြောလေမောင်"

"မနဲ့ မခွဲပါရစေနဲ့၊ မောင်ဟာ မောင်ပဲဖြစ်ပါရစေ။
တိုးဟာ တိုးပဲဖြစ်ပါရစေဗျာ...တိုးပဲ ဖြစ်ပါရစေ"

သူ့ရင်ခွင်မှာ မျက်နှာအပ်ပြီး တိုး ရှိုက်ကြီးတငင် ငိုရှာသည်။
ချစ်သူ့မျက်ရည် ရင်ခွင်မှာစီးလေတော့၊ နှလုံးသားကို ရေနွေး
ပူမှာ စိမ်နှစ်ထားရသည်သို့ ရှိပါ၏။

တိုးဟာ တိုးပဲ ဖြစ်ပါရစေတဲ့။ စိတ်မမှန်သူ တစ်ယောက်၏
အားလည်းရန် ခက်ခဲလွန်းသော စကားများကို ဒေါက်တာမပန်းဝေ
အဓိပ္ပာယ် ဖော်ကျူးမနေမိတော့...

လောလောဆယ် အချစ်ဆုံးလေး ငိုနေသည်ကိုသာ အတတ်နိုင်
ဆုံးသော ချစ်မြတ်နိုးခြင်းများဖြင့် နှစ်သိမ့်ချော့မော့ပြီး...

စိတ်၏ သက်သာရာရမှုကို အကြင်နာနှင့် ကုသပြီး...

ကိုယ်ခန္ဓာ၏ သက်သာမှုကိုတော့ သူတတ်ကျွမ်းသော ဆေး
ပညာနှင့် အစွမ်းကုန် ကုသယူပါမည်ဟူသော ဆုံးဖြတ်ချက်များဖြင့်...

ဒေါက်တာမပန်းဝေသည် သူ့ရင်ခွင်တွင်းမှ အချစ်ဆုံးလေး
အားကို မြတ်နိုးယုယခြင်းများစွာဖြင့် တင်းတင်းကျပ်ကျပ်ကြီး ဖက်ပိုက်
ထားလိုက်မိပါတော့သည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း သုံးဆယ်တ

ချစ်သမီးကြီးငုံ...

မေမေ စာရေးလိုက်ပါတယ်။

မေမေ့သမီးလည်း အိမ်က ထွက်သွားပြီး ကတည်း စာနှစ်စောင်ပဲ ရေးဖော်ရတယ်။ သမီးဖေဖေဆီကတော့ အကြောင်းစုံ အမြဲရေးရှာပါတယ်။ သမီးတို့ မောင်းေ အိမ်မှာ နေရထိုင်ရတာ အဆင်ပြေတယ်ဆိုလို့ မေမေ စိတ် ရပါတယ်။ အစားအသောက်လည်း ပေါပါတယ်ဆိုလို့ သ ဖေဖေ ကိုအစားမက်ကြီးအတွက်တော့ အံကျပဲပေါ့သမီးရ

မိသားစု စည်းစည်းလုံးလုံး နေချင်ပေမယ့်... တာ အရမ့် ခုလို တကွဲတပြားစီ ဖြစ်နေရတာ မေမေလည်း တစ် စိတ်မချမ်းသာပါဘူး။ မောင်လေးနဲ့ ညီမလေးတွေကလ မမကြီးကို အောက်မေ့လှပြီလို့ ပြောနေကြပါတယ်။ သ စာတွေထဲ တစ်ပါတည်း ထည့်ပေးလိုက်ပါတယ် သမီး





သမီးကြီး...သမီးကြီးဟာ မေမေရဲ့ အချစ်ဆုံးနဲ့ အားအကိုးဆုံးပါဆိုတာကို မေမေ အမြဲပြောခဲ့တယ်နော်၊ နောင်...မေမေတို့ အသက်ကြီးလို့ သားသမီးတွေ အိမ်ထောင် ရက်သားကျကုန်ကြရင် မေမေဟာ ငါ့သမီးကြီးနဲ့ပဲ အတူ နေမှာ။ အငယ်တွေကို တစ်ယောက်မှ အားမကိုးပါဘူးလို့ မေမေအမြဲပြောနေကျစကားကို မေမေ့သမီးကြီး မှတ်မိ သေးရဲ့လား။

အေး...အဲဒီလို အားကိုးတကြီးပြောပေမယ့် သမီးနဲ့ နေနိုင်ဖို့ရာ သားမက်ကောင်းမှ နေနိုင်မှာ၊ နေလို့ဖြစ်မှာ ဆိုတာရော သမီး သဘောပေါက်ရဲ့လား၊ နားလည်ရဲ့လား ဟင်...ငုံ။

ဖအေကြီးဆိုတော့ သမီးကို အရာရာပြောလို့ မသင့် လျော်ရှာဘူး။ ဒါကြောင့် မေမေ့ဆီ အကြောင်းစုံ စာရေးတယ်။

ဦးထွန်းသာတို့ မိသားစု အကြောင်းကိုလည်း နှ စုံစမ်း စမ်းပါဆိုလို့ စုံစမ်းရသေးတယ်။

ဒီမှာ...ငုံ၊ မေမေ သမီးကြီးကို မေးမေးပြီး...ပြောချင် ဆူချင်မိတယ်။ ခုတော့ အနေဝေးလေတော့ စာနဲ့ပဲ ပြည့်ပြည့်စုံစုံ ရေးရတော့မှာပဲ ငုံ...

သမီး ဦးထွန်းသာရဲ့သား တိုးတက်ထွန်း...ဆိုတဲ့ ကောင်နဲ့ ကြိုက်နေတယ်တဲ့။

မိုက်လိုက်တဲ့သမီး...



www.burmeseclassic.com

www.burmeseclassic.com



သူ့မှာ လူသိရှင်ကြား စေ့စပ်ထားတဲ့ ဆရာဝန်မ ချစ်သူလည်း ရှိနေတယ်ဆိုတာ သမီးသိတယ်ဆို...

ပထမတော့ ရှောင်မလိုလိုလုပ်ပြီး နောက် ပြန်တွဲနေပြန် တယ်တဲ့...မနေ့ကပဲ လေယာဉ် လူကြုံနဲ့ စာရလို့ စစ်တွေ ပြန်မယ့် ရုံးကလူနဲ့ ဒီစာကို ရေးပေးလိုက်ရတယ်။

ဒီမှာ သမီး... ဦးထွန်းသာဟာ လူတော်လူကောင်း တစ်ယောက်ပါ...မှန်ပါတယ်။ သူ့မိန်မကလည်း ချမ်းသာပါ တယ်၊ သဘောကောင်းပါတယ်။ ဒါပေမယ့် အမျိုးက အရှုး မျိုးဟဲ့...သိရဲ့လား။ ဒေါ်ရတနာခင်ဦးလှိုင်ရဲ့ မိခင်ဟာလည်း ရူးပြီး သေတာ၊ ဒေါ်ရတနာခင်ဦးလှိုင်ဆိုတာ ကလည်း သူ့ မြဘယက်ကြီး တကိုင်ကိုင်နဲ့ ကြောင်နေတဲ့ အဘွားကြီးဆိုတာ သူတို့နဲ့ နီးစပ်တဲ့ အသိုင်းအဝိုင်းက လူတိုင်းသိကြတယ်။ အဲဒီ မြဘယက်ကြီးဟာလည်း မြအတုကြီးပါတဲ့အေ။ ကဲ... ဒါတွေ က ထားလိုက်ပါတော့...

အရေး အကြီးဆုံး ပြောရရင် သမီးချစ်နေတဲ့ ကိုးတက် ထွန်း ဆိုတဲ့ကောင် ကိုယ်တိုင်က လူကောင်းတစ်ယောက် မဟုတ်ဘူး၊ လူသတ်သမား...သိရဲ့လား။ သူ့ညီလေး ထက် မြက်ထွန်းဆိုတဲ့ အမြွှာညီအစ်ကိုအရင်းကို တောရွာလေး တစ်ရွာမှာ သတ်ပစ်ခဲ့တယ်တဲ့၊ သိရဲ့လား။

အဲဒါကို အရှိန်ဝါနဲ့ ငွေနဲ့ဖုံးဖိပြီး အမှုကိစ္စကို ဖျောက် ဖျက်ပစ်လိုက်ကြတာတဲ့။ အဲဒါတွေရော...နင်သိရဲ့လား ...





နင့်ချစ်သူ လူသတ်သမားဆိုတာရော နင်သိရဲ့လား။ ပြီးတော့ ညီကိုသတ်ပြီး ရူးသလို၊ ကြောင်သလိုလုပ်ပစ်ပြီး စိတ္တဇဆေးရုံ တက်လိုက်တယ်လေ။ ရူးလို့ သတ်တယ်ပေါ့။ ဒီတော့ အပြစ် မရဘဲ အခုလွတ်နေတာ။ အဲဒီလို ကောင်မျိုးကိုမှ ရွေးပြီး သွားကြိုက်ရတယ်လို့၊ မေမေတော့ သေသာသေလိုက်ချင် တော့တာပဲ သမီးရေ...

စာမဆုံးခင် ချစ်ငုံဖူး ပြုံးမိသည်။

“ဟုတ်တာပေါ့ မေမေရယ်၊ လူသတ်သမား၊ သူများနဲ့ စေ့စပ် ထားတဲ့သူဆိုရင်တော့ မေမေပြောသလို သမီးမိုက်တာပေါ့”

ခုတော့ သမီးရဲ့ချစ်သူဟာ မေမေတို့ထင်နေတဲ့၊ သိနေတဲ့ ကိုးတက်ထွန်း မဟုတ်ပါဘူးရှင့်၊ သူ့ ရိုက်သတ်လို့ မသေဘဲ တဘက် ...င် ရောက်သွားပြီးမှ ပြန်ရောက်လာတဲ့ ကိုထက်မြက်ထွန်းပါ။

ပုံစံကလည်း တခြားစီပါ မေမေရယ်၊ ဟိုက ဖြူဖပ်ဖြူရော်နဲ့၊ ...င်က တိုတိုလေး၊ သမီးချစ်သူက အရပ်လည်း မြင့်မြင့်မတ်မတ်၊ ...တ်ဖျတ်လတ်လတ်၊ ဆံပင်ရှည်ရှည်နဲ့ သိပ်မိုက်တာ။ မေမေမြင်ရင် ...သဘောကျမှာပါရှင်၊ ပြီးတော့ ရူးလည်းမရူးဘူး။ သူ့မိဘကလည်း ...်းသာတယ်...

မကြာခင်မှာပဲ အဲဒီ ဦးထွန်းသာနဲ့ ဒေါ်ကေခိုင်မွန်တို့ စစ်တွေကို ...ောက်လာကြတော့မယ်။ အဲဒီအခါကျရင်လည်း...

သူ့အစ်ကို ကိုတိုးတက်ထွန်း လိုလိုနဲ့ သူ့အစ်ကိုရဲ့ဘဝကို ငှားပြီး



www.burmeseclassic.com

www.burmeseclassic.com



ရှင်သန်လှုပ်ရှားနေရတဲ့ မောင်ဟာ...

ဝင်ကစွပ်ကောင်လို သေင်ပြင်ပေါ်က ခရုကမာခွံ စတဲ့ ခန္ဓာ များစွာကိုငှားပြီး လှုပ်ရှားနေရရှာတဲ့...

"ဝင်ကစွပ်ကောင်လိုလူ"

ဘဝကနေပြီး သူ့ရဲ့ ပင်ကိုဘဝကို ဖော်ပြတော့မှာပါ မေမေ

အဲဒီအခါကျရင် သူ့ဒွေးသား ထက်မြက်ထွန်းဆိုတဲ့ သမီးရဲ့ အချစ်ဆုံး အချစ်ဦးနဲ့ မေမေတို့ သဘောတူပေးကြပါနော်...

မေမေပြောတဲ့ ရှုးကြောင်ကြောင် တိုးတက်ထွန်းဟာလည်း သူ့ကို သိပ်ချစ်မြတ်နိုးရှာတဲ့ ဒေါက်တာမပန်းဝေနဲ့ မကြာခင်မှာ သူတို့ ယူဖြစ်ကြတော့မှာပါ။ သမီးတို့ နှစ်စုံတွဲရဲ့ မင်္ဂလာပွဲကိုလေ...မောင်က ပြောတယ်၊ သူအရင်လုပ်မယ်။ ဒေါက်တာမပန်းဝေတို့ထက် စောပြီး သမီးကို လက်ထပ်မယ်တဲ့ မေမေရဲ့။

မေမေ အခု ဆူပါ။ နောက်ဆို မေမေ စိတ်ရှင်းသွားမှာပါ။

မေမေတို့လည်း ကျေနပ်ကြည်ဖြူ၊ သမီးချစ်သူကိုလည်း သမီး မခွဲရတဲ့ အချိန်မျိုးကို အမြန်ဆုံး ရောက်ချင်လှပါပြီ မေမေရဲ့။ မေမေ သမီးက မေမေ ထင်သလို မမိုက်ပါဘူးရှင်...

ချစ်ငုံဖူးသည် သူ၏ ချစ်မိခင်ကြီး 'ဒေါ်မြမြနု'သို့ တွေး မျှော်မှန်းရင်း သူ့စာများကို စိတ်က ပြန်ကြားနေသည်။ အပျော်ရင်နှင့် အရာခပ်သိမ်းသည် ချမ်းမြေ့ဖွယ်ရာချည်းပါလား။

လောကသည် လှပလို့ပါလား...

မဆုံးသေးသောစာကို ဆက်ဖတ်ရပြန်သည်။





အဲဒီတော့ သမီးရယ်...

အဝေးမှာနေရတဲ့ မေမေဟာ ဘယ့်လောက်များ စိတ်ထဲမှာ စိုးရိမ်ပူပန်နေရရှာမလဲဆိုတာ သမီး စာနာစိတ်ဝင်ပါ။ မေမေ့ကို သနားပါနော်...

တိုးတက်ထွန်းဆိုတဲ့ ကောင်နဲ့သာ သမီး ဆက်လက်ပြီး ဆက်သွယ်နေမယ်ဆိုရင်တော့ မေမေကရော ဖေဖေကပါ စွန့်ပစ်ရလိမ့်မယ် သမီး၊ မေမေတို့ မျိုးရိုးမှာ သူများယောကျ်ား ခိုးတဲ့မိန်းမ မပါဘူး။

အခုဟာ ယောကျ်ားအဆင့် မဟုတ်သေးပေမယ့် စေ့စပ်ပြီး အတူနေနေကြတော့ ဇနီးမောင်နှံနဲ့ ဘာထူးတော့မလဲ။ အဲဒီလိုလူမျိုးကို ရှောင်စမ်းပါ သမီးရယ်...

မိန်းမတစ်ယောက် ဘဝမှာ ကိုယ်က လွတ်လပ်ပြီး သူတစ်ပါးလင်သားကို ခိုးယူသူရယ်၊ ကိုယ်က မလွတ်လပ်ပါဘဲ တခြားယောကျ်ားတစ်ယောက်နဲ့ ဖောက်ပြားတတ်တဲ့ မိန်းမမျိုးဟာ အယုတ်ညံ့ဆုံး မိန်းမမျိုးပဲလို့ မေမေ သမီးကို ခဏခဏ ပြောဖူးလျက်နဲ့ သမီးရေ... ဒီစာရေးနေရင်း သမီး အတွက် ပူပန်စိတ်နဲ့ မေမေ မျက်ရည်ကျနေမိတယ် သိရဲ့ လား...

သြော်... မိခင်တစ်ယောက် လုပ်ရတာ မလွယ်ပါလား... မေမေ ရယ်။ ခုရက်ပိုင်းအတွင်းကို မေမေ စိတ်ချမ်းသာစေရတော့မှာပါ။



www.burmeseclassic.com

www.burmeseclassic.com



မိမိအတွက် မိခင်ကြီး မျက်ရည်ကျတယ် ဆိုပြန်တော့ ချစ်ငုံဖူး စိတ်မချမ်းမြေ့နိုင်တော့၊ ကြည်လင်သော နှလုံးသားလေးပင် မှုန်မှိုင်းသွားရပါ၏။

ဒီမှာသမီးရယ်၊ မေမေ့စကားကို နားထောင်စမ်းပါ။ နားထောင်နိုင်ပါစေလို့ ဆုတွေအထပ်ထပ် တောင်းရင်း စာကို ဆက်ရေးပါရစေ သမီး…

အင်ဂျင်နီယာလေး မင်းမြတ်မင်းဟာ သမီးကို အတော်လေး မျှော်လင့် ချစ်ကြိုက်နေရှာတယ်လို့ သမီးဖေဖေရဲ့စာမှာ ပါတယ်။

သမီးရဲ့ဖေဖေကလည်း သိပ်သဘောတူနေတယ်။ အဲဒီကိစ္စတွေအတွက် မေမေတောင် လိုက်လာနိုင်ရင် လိုက်လာခဲ့ပါလို့ မှာတယ်။

ကလေးက တပြုံကြီးနဲ့ မေမေ့ကို သမီး မသနားတော့ဘူးလားဟင်။

မေမေ့စကား နားမထောင်ရင်တော့ မေမေ လိုက်လာရတော့မှာပဲ သမီးရေ…

မေမေ့စာတွေလည်း ရှည်နေပြီ၊ စိတ်ထဲရှိသလောက် ပြောချင်တာတွေသာ ချရေးရမယ်ဆိုရင်တော့ ကမ္ဘာပေါ်မှာ အထူဆုံး စာတစ်အုပ်ဖြစ်သွားလိမ့်မယ်သမီး။

သမီးရဲ့ဖေဖေဟာ အရာရာမှာ စေ့စပ်သေချာတဲ့လူ အကောင်းအဆိုးကို ကြည့်တတ် ဝေဖန်တတ်တဲ့လူပါ။





သူ သဘောကျတယ်ဆိုတဲ့ မင်းမြတ်မင်းဟာ တကယ့်ကို သင့်လျော်ထိုက်တန်တဲ့ ခင်ပွန်းကောင်းတစ်ယောက် ဖြစ်လိမ့်မယ်လို့ မေမေယုံကြည်နေမိပါတယ် သမီး။

ဒါကြောင့်…

စာသာရှည်တယ်၊ ပြောစရာကတော့ နှစ်ချက်ပဲရှိပါတယ် သမီး။

"တိုးတက်ထွန်းနဲ့ လုံးဝ အဆက်ဖြတ်လိုက်ပါ"

ပြီးတော့…

"မင်းမြတ်မင်းကို လက်ထပ်ဖို့ သမီးစဉ်းစားပါ… ဒါပါပဲ"

ဖေဖေနဲ့ မေမေ့ကိုချစ်ရင်၊ သနားရင် ဒီစကားနှစ်ခွန်းကို လက်ခံပါသမီး။

သမီးရဲ့ဘဝကိုလည်း အနစ်မွန်းမခံပါနဲ့၊ ကိုယ့်ကိုယ်ကိုယ်လည်း ချစ်ပါ၊ သနားပါ သမီးရယ်။

မေမေ့သမီးကြီး မေမေ့ရဲ့စကားနှစ်ခွန်းကို လက်ခံနိုင်ပါစေလို့ မေမေ လှိုက်လှိုက်လှဲလှဲကြီး ဆုတောင်းလိုက်ပါတယ်။

သမီးစိတ်ချမ်းမြေ့ပါစေ…
ချစ်မေမေ
**ဒေါ်မြမြနု**
ရန်ကုန်မြို့



www.burmeseclassic.com

www.burmeseclassic.com



ဪ...မေမေရယ်...မေမေရဲ့ စကားနှစ်ခွန်းကို သမီး ဘယ်လ
လုပ်ပြီး လိုက်နာလို့ရပါတော့မလဲ၊ အဲ... ပထမအချက်ကတော
လိုက်နာတယ်လို့ပဲ ဆိုရမှာပေါ့နော် မေမေ...တိုးတက်ထွန်းကို အဆက
အသွယ်ဖြတ်စရာမလိုမှုပါဘူး။ အစတည်းကမှ မဆက်သွယ်ခဲ့ရတ
ပဲလေ...

ဒုတိယ စကားလည်း ဘယ်လိုလုပ် နားထောင်လို့ရနိုင်ပါတေ
မလဲ မေမေရယ်...သမီးလေ...မောင့်ကို သိပ်ပြီးချစ်နေမိပြီ။ မောင်က
လွဲပြီး ပြောင်းလဲတဲ့အချစ်မျိုး သမီးရဲ့တစ်သက်မှာ ဘယ်ယောက်
ဇ ါမှာမှ ထားလို့ရနိုင်တော့မှာ မဟုတ်ပါဘူးဆိုတာတော့ သမီးကို
သမီး အသိဆုံးပါရှင်။

သမီးရဲ့ချစ်သူဟာ မေမေတို့ထင်နေတဲ့ တိုးတက်ထွန်း မဟု
ပါဘူး။ ထက်မြတ်ထွန်းပါမေမေ။

သမီး မောင်နဲ့ အမြန်ဆုံးတွေ့နိုင်အောင် ကြိုးစားလိုက်မ
မေမေ့ဆီကိုလည်း သမီးရဲ့ဆန္ဒတွေ အစုံ စာပြန်လိုက်ပါမယ်ရှင်–

သမီးတို့ နောက်နှစ်ရက်ကြာရင် မောင်းတောကို ပြန်ကြ
တော့မှာပါ မေမေ။

မပြန်ဖြစ်ခင် အကြောင်းအကျိုးအစုံ သမီးမေမေ့ဆီ
စာရေးလိုက်ပါ့မယ်။

သမီး မောင့်ကို သမီးရဲ့ ရင်ထဲက ချစ်တတ်နိုင်စွမ်းသမျှသော
အချစ်တွေအားလုံးနဲ့ ချစ်နေမိပါပြီ။





ဒါကြောင့် မေမေရယ်...
"သမီးကို သနားပါ၊ စာနာပါ၊ နားလည်ပေးပါ၊ ခွင့်လွှတ်ပေးပါ
နော်"

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း သုံးဆယ့်နှစ်

"ချစ်မ စကားကို နားထောင်ပါ တိုးရယ်၊ လိုက်ခဲ့စမ်းပါ၊ မော
တစ်ယောက်တည်းလည်း မထားခဲ့ချင်ဘူး။ ချစ်မတစ်ယောက်တည်
လည်း မသွားချင်လို့ပါ"

"မမကြီး ခေါ်သွားလေ"

"ဟာ...ဘယ်ဖြစ်ပါ့မလဲ၊ မမကြီးတစ်ယောက်တော့ စော
ထားခဲ့ရမှာပေါ့"

"ဟင်...စောင့်ဖို့ ဆိုတော့ တိုးက ဘာဖြစ်နေလို့ လူစော
ချထားရမှာလဲ မရဲ့"

"အို...မဟုတ်ပါဘူး၊ အိမ်မှာ တိုးတစ်ယောက်တည်း ရှိနေ
သူလာနေမှာစိုးလို့ပါ"

"ဘယ်သူလဲ"

"ထက်မြက်ထွန်းလေ"

တိုးတက်ထွန်းသည် ကမ္ဘာပေါ်မှာ ကြောက်စရာအကောင်း





သတ္တဝါတစ်ကောင်နှင့် ယှဉ်ပြိုင်ရမည်ဆိုသော စကားကို ကြားလိုက်ရသလို သူ့မျက်နှာတစ်ခုလုံး သွေးဆုတ်ကျသွား၏။

ဒေါက်တာမပန်းဝေသည်လည်း ပြောပြီးမှ မှားသွားမှန်းသိလိုက်ပါသော်လည်း ဘယ်သို့သော စကားနှင့်ဖြေ၍ ပြန်ပြေဖို့ နှစ်သိမ့်ရပါ့မလဲဟု တွေးမရဘဲ ရှိနေစဉ်...

"ဒါဖြင့်လည်း ထားခဲ့လေ၊ မ...သွား"

သူကပြောပြီး ယိုင်နွဲ့သော ခြေလှမ်းများဖြင့် ခေါင်းရင်းမှ ဘုလားထိုင်တွင် သူ့ သွားထိုင်နေတော့သည်။

"တိုး...မောင်ရယ်၊ လိုက်ခဲ့ပါကွယ်"

"မလိုက်ဘူး...မ"

"မောင့်ဖေဖေနဲ့ မေမေကို သွားကြိုရာမှာ ချစ်မတစ်ယောက်တည်း မသွားပါရစေနဲ့လား မောင်ရယ်၊ မောင်ပါ လိုက်ခဲ့ပါနော်"

"ဒီမှာ...မ"

ပြတ်သားသောအသံနှင့် ထန်လာသောအကြည့်ဖြင့်...

"တိုးကို ဘာမှထပ်မပြောနဲ့၊ မ သွားတော့"

ထပ်မပြောနဲ့ဆိုတော့လည်း မပြောရဲရှာပါ၊

ဒေါက်တာမပန်းဝေသည် ဒေါ်ရတနာခင်ဦးလှိုင်သို့ တဖွဖွ ဖုန်းဆက်ရှာသည်။

တိုးနားမှာ နေဖို့...

တိုးကို အလစ်မပေးဖို့နဲ့...

နောက်...ခြံတွင်းသို့ ဘယ်သူပဲလာလာ တံခါးဖွင့်မပေးဖို့များကို



www.burmeseclassic.com

www.burmeseclassic.com



အထပ်ထပ်မှာကြားပြီး ပန်လင်တောမှ လေယာဉ်ကွင်းရှိရာသို့ ဆေးရုံ ဆရာဝန်တစ်ယောက် ကူညီသောကားဖြင့် ထွက်ခဲ့ရတော့သည်။

စိတ်က မဖြောင့်...
တိုးအတွက် နည်းနည်းလေးမှ စိတ်မချ။
ဒေါ်ရတနာခင်ဦးလှိုင်ကိုလည်း အားမရ၊
အရေးအကြီးဆုံး...
အစိုးရိမ်ရဆုံးက...
ထက်မြက်ထွန်း၏ ရန်...

တိုးက သူ့ကိုသတ်ထားသည်ကို အခွင့်ကောင်းယူပြီး ပြန် ဖော်ထုတ်မည်၊ ပြန်အဖမ်းခံရမည် စသည်တို့နှင့် ခြိမ်းခြောက်ပြီး၊

သူ တိုးကို ဘယ်ထိအောင်များ နှိပ်စက် ခိုင်းစေနေလေသလဲ
ငွေတွေဘာတွေများ ခိုးယူခိုင်းနေသလား။
တစ်စုံတစ်ခုကို မဖြစ်မနေ လုပ်ရမည်လို့များစေခိုင်းနေလေ သလား။

"အို...ကွယ်"

လေယာဉ်ကွင်းသို့လာရင်းက ဒေါက်တာမပန်းဝေသည် နှုတ် စိတ် ကြီးမှားလွန်းစွာ ပူပန်နေမိသည်။

စစ်တွေမြို့မှ နှုတ်ခွန်းဆက်သပါ၏...ဆိုသော မြို့မှအသံ စာတမ်းကိုကြည့်ပြီး စစ်တွေလေဆိပ်ပေါ်သို့ ခြေချမိလေမှ...





"အို... ဒီနာရီပိုင်းလေးအတွင်းမှာပဲ အန်တီကေခိုင်တို့ ရောက်လာကြတော့မှာ"

ဦးထွန်းသာဟာလည်း အရာရာကို စီစဉ်ကြံဆနိုင်တဲ့လူပဲ။

တိုးဆီကို မရောက်ခင်တည်းက ငါလမ်းမှာ တစ်ခါတည်း ပြောသွားမယ်။

ထက်မြက်ထွန်း အသက်မသေဘဲ တဘက်နိုင်ငံကနေ စစ်တွေ ကို အခု တိတ်တဆိတ် ပြန်ရောက်နေပါပြီ။

တိုးဟာ ဒီအတွက် သိပ်စိတ်ထိခိုက်နေရှာတယ်။

ထက်မြက်ထွန်းကိစ္စကို အမြန်ဆုံး ပြေလည်အောင် ဖြေရှင်း ပေးပါလို့ ဦးလေး ဦးထွန်းသာကို ချက်ချင်းပြောမှဖြစ်မယ်။

ဦးထွန်းသာ၊ အန်တီကေခိုင်နဲ့ ငါဟာ သူ့ရဲ့ ချစ်မြတ်နိုး အားကိုးစရာ လူသားသုံးယောက်ပါလေ။

တို့တွေ ဝိုင်းဖြေရှင်းလိုက်ကြရင် အရာခပ်သိမ်းဟာ မကြာခင်မှာ ပြေလည်စွာ ပြီးဆုံးသွားတော့မှာပါ။

"တိုး...ပန်းဝေ သိပ်ချစ်ရတဲ့ တိုးရယ်။ မဖြစ်လို့သာ ထွက်ခဲ့ ရတာ၊ နည်းနည်းလေးမှ စိတ်ချနိုင်တာမဟုတ်ဘူး မောင်ရယ်"

"ပန်းဝေလေ...တိုးနားမှာပဲ နေချင်တယ်ကွယ်"

"ဩော်...ဒီနေ့ကျမှ လေယာဉ်က နောက်ကျဦးမယ်ဆိုပါလား"

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း သုံးဆယ့်သုံး

“ဘာတဲ့လဲဟင်...တွေ့ခဲ့လား”

အေးလှဖြူ ပြန်လာသည်ကို အိမ်ပေါ် အရောက်ထိ မစောင့်နိုင် ပြေးဆင်း၍ မေးမိသည်။

“ဆောရီးပဲ ငုံ့ရယ်”

“ဟင်...ဘာဖြစ်လာလို့လဲ”

“အဘွားကြီးက ဘယ်လိုတောင်းပန်လို့မှ မရဘူး။ တံခါး ဖွင့်မပေးဘူး”

“ဟယ်...”

“ဒါနဲ့ ပြန်လာခဲ့ရတာ။ ရော့...ငုံ့စာ”

အေးလှဖြူထံမှ စာကိုယူပြီး ချစ်ငုံ့ဖူး ငိုင်နေမိသည်။ နက်ဖြ ပြန်ရတော့မည်။

သည်တစ်ခါ မောင်နှင့် လွဲရလျှင် ပြန်လည်၍ ဆုံနိုင် မလွယ်တော့ဟု ထင်မိသည့် ဖေဖေသည် သမီးသို့ ဘာမှမပြော လည်း ဓနီးမှတစ်ဆင့် အပြောခိုင်းခဲ့လေပြီ။





မောင်တောသို့ ပြန်ရောက်ပြီးနောက်တွင် ချစ်ငုံ့ဖူး၏ လွတ်လပ်ရေးများလည်း ပိတ်ဆီးခံရတော့မည် ထင်ပါ၏။

သည့်ထက်ပို၍ စိုးရိမ်စရာ ကောင်းသည်က ဖေဖေကိုယ်တိုင် ခင်းမြတ်မင်းနှင့် လက်ထပ်ဖို့ ဖွင့်ပြော တိုက်တွန်းလာလျှင် မခက်လား။

“ငုံ့ ဘာငိုင်နေတာလဲ။ အိမ်ထဲသွားကြမယ်လေကွယ်”

“ငုံ့ နက်ဖြန် ပြန်ရတော့မှာ။ ဒီနေ့ မောင်နဲ့တွေ့မှ ဖြစ်မှာရယ်”

“ဒီအတွက် ကိုယ် ဘာထပ်ပြီး ကူညီပေးရဦးမလဲဟင်”

ငုံ့ ဘာမှ မဖြေနိုင်။ သူကိုယ်တိုင် ဘာလုပ်ရမည်မှန်း တွေးရသေး။

“သူ့ကို ဆက်သွယ်လို့ ရနိုင်တဲ့ တခြားနေရာက တစ်ဆင့်များ ရှိဘူးလားဟင်”

“တခြားနေရာက တစ်ဆင့်”

ချစ်ငုံ့ဖူး ယခုလို တွေးမိလေမှ မိမိ၏ မိုက်မဲလွန်းသော လျော့ခြင်းများကို ပြန်လည်သတိရ၏။

မောင်သည် ထက်မြက်ထွန်းဆိုသော သူ့ကိုယ်ပိုင်ဘဝနှင့် လှုပ်ရှားနေရရှာသူ မဟုတ်သေး။

ဝင်ကစွပ်ကောင်လို ကိုတိုးတက်ထွန်း၏ဘဝကို ခေတ္တယူပြီး ရှင်သန်သွားလာနေသူ ဖြစ်လေသည်။ ခရီးသွားလျှင်ပင် တိုးတက်ထွန်း၏ မှတ်ပုံတင်ကို ကိုင်ဆောင်၍ သွားရသည်။ ညီအစ်ကိုချင်း



www.burmeseclassic.com

www.burmeseclassic.com



နားလည်မှု ယူထားရသည်ဟု ပြောဖူးပါ၏။

"မောင် အသက်ရှင်လျက် ရှိနေသေးတယ်ဆိုတာ။ ဒီကမ္ဘာပေ

မှာ မေမေကြီးနဲ့ ကိုကိုပဲ ရှိတယ်"

လို့ သူပြောဖူးခဲ့တာကို စဉ်းစားတတ်ဖို့ ကောင်းသည်။

ဒေါက်တာမပန်းဝေ ရှိနေချိန်မျိုးမှာ မောင်အိမ်မှာ ရှိနေ၍မ

ရှောင်နေရရှာလိမ့်မည်။

မောင် ရှောင်နေရာ အရပ်၊ ခိုအောင်းနေရာ အိမ်၊ ဆက်သွယ်

ရန်... လိပ်စာကို ဒီပါးစပ်က ဘာကြောင့်များ မမေးမိပါလိမ့်...

တွေ့ဆုံရချိန်လေး အတွင်းမှာ ပြောစရာစကားတွေ သိန်းသ

ကုဋေကြောင့် ပြောသင့်တာတွေ မေ့၊ မထင်မှတ်တာတွေ ပြောဖြစ်

ချစ်သူချင်း ဆုံတွေ့ရလေတိုင်း ဖြစ်မြဲအစဉ်လာမှာ ချစ်ငုံဖူးတို့လည်း

မျောပါခဲ့ရသည်။

"ငုံ..."

"ဟင်...အေးလှဖြူ"

"ကိုတိုးတက်ထွန်းက အိမ်ထဲမှာ ရှိနေတာတဲ့ ဟုတ်လား"

"သူ အပြင်မှာ ရှိမနေတာ ခက်တာပေါ့။ တစ်ခါတည်း တွေ့

ရင် တစ်ခါတည်း ခေါ်လာခဲ့မှာ၊ သိလား"

စိတ်ညစ်နေရာမှ ချစ်ငုံဖူး ပြုံးလိုက်မိသည်။

အားလုံးသော အားလုံးလူများသည် ချစ်ငုံဖူးနှင့် တိုးတက်ထွ

ဟုသာ သိနေကြသည် မဟုတ်လား။

ယခု စာကိုလည်း စာအိတ်ပေါ်မှာ ထက်မြက်ထွန်း၊ အတွင်း

မောင်၊ အဲဒီစာကို အပေါ်မှ စက္ကူအိတ် အညိုထဲ ထည့်ပြီး ဖော်





ပေးလိုက်ခြင်းပါ။

အရင်တစ်ခါလည်း ကိုတိုးတက်ထွန်းမှတစ်ဆင့် ကြားသိပြီး

မောင် ရောက်လာခဲ့ဖူးသည်။ ယခုလည်း ခဲအိုလောင်းကြီးမှ တစ်ဆင့်

ဝင် လွယ်လွယ်ကူကူ ဆက်သွယ်ယူနိုင်လိမ့်မည်ဟု ထင်ခဲ့သော်

လည်း...

"ဒေါက်တာ မပန်းဝေတော့ လေယာဉ်ကွင်း သွားကြိုတယ်တဲ့"

"ဟာ...သူ့မိဘတွေ လာပြီထင်တယ်"

"ဘယ်သူ့မိဘတွေလဲ"

ချစ်ငုံဖူး ရုတ်တရက်အားတက်စွာ ပြောမိသည်ကို အေးလှဖြူ

က အံ့ဩစွာ မေးနေ၍ ချစ်ငုံဖူး မလုံမလဲ ပြုံးမိတော့မှ အေးလှဖြူ

သဘောပေါက်သွားတော့သည်။

အေးလှဖြူသည် ချစ်သူငယ်ချင်းမို့သာ ကူညီနေရသည်။

ဒေါက်တာမပန်းဝေနှင့် အတူနေနေသည့် သူ့ကို ငုံ့ချစ်သူအဖြစ်

လက်မခံသင့်ကြောင်း သူလည်း ပြောခဲ့ဖူးပါ၏။ ငုံက ရယ်ပွဲဖွဲ့ပြီး

ပြောလိုက်တော့လည်း သဘောကောင်းသူ အေးလှဖြူက ဘာမျှထပ်ပြီး

ဆဖန်ချက်မပေးတော့...

"အေးလှဖြူ သူငယ်ချင်း"

"ဒီစာ သူ့လက်ထဲကို သိပ်ရောက်စေချင်တာပဲ၊ ပြောစမ်းပါဦး

ဘယ်လိုလုပ်ရမလဲ"

"ဖြူလည်း မပြောတတ်ဘူး ငုံ၊ ငုံ အကြံရရင်သာ ခိုင်းပါ၊ ဖြူ

ကူညီမယ်"

အိမ်ပေါ်သို့ ပြန်တက်လာပြီး ခြေပစ်လက်ပစ် ထိုင်ချလိုက်စဉ်



www.burmeseclassic.com

www.burmeseclassic.com



နံရံ၌ ချိတ်ဆွဲထားသော မင်းသမီးလေး က,နေပုံ ပြက္ခဒိန်ကို ကြည့်နေ မိသည်။ ပဝါလေးကို လိပ်ပြာတောင်ပံလို ဖြန့်ကားလျက်...

"ပိုးဝါ..."

"ဟုတ်ပြီ... ပိုးဝါရှိတယ်"

အချစ်၏ အားမာန်...

လူသားတို့၏ အကျဉ်းအကျပ်တွင်းမှ ထွက်ပေါက်ရရှိအောင် ကြိုးပမ်းနိုင်မှု...

"ဒီမှာ အေးလှဖြူ"

"အင်း...ပြော ငုံ"

"တစ်ခေါက် ပြန်သွားပေးပါဦး သူငယ်ချင်းရယ်"

"ဟင်"

မောလိုက်ရပ်နှင့် ပန်လင်တောသည့် နီးလှသည်တော့ မဟုတ် အံ့သြနေသော အေးလှဖြူသို့ အားနာစွာ ကြည့်ရင်းက...

"သူတို့ ဒီဘက်ခြမ်မှာ ပိုးဝါဆိုတဲ့ မိန်းကလေးတစ်ယောက် ရှိတယ်၊ အဲဒီ ပိုးဝါဆီကိုသွားပြီး ဒီစာအရေးကြီးလွန်းလို့ပါ၊ ကိုတိုးတက် ထွန်းရဲ့ လက်ထဲကို ရောက်အောင် ပေးပေးပါလို့ ပြောပါ အေးလှဖြူ"

"ပိုးဝါ ဟုတ်လား"

"ဟုတ်တယ်...ပိုးဝါဟာ ဟိုဘက်ခြံကို ခွင့်မတောင်းဘဲ ဝင်နိုင် သူပါ၊ ဒေါ်ရတနာခင်ဦးလိုင်ကလည်း ပိုးဝါဆိုရင် တံခါးဖွင့်ပေးမှာ ဖြူရယ်"

"ကောင်းပြီလေ၊ ဖြူ တစ်ခေါက် ပြန်သွားပေးပါ့မယ်"





အေးလှဖြူက ခြေရင်း မီးဖိုအနိမ့်ခန်း အုတ်ခုံပေါ်မှ ဘိုင်စကယ် ကို ထုတ်ယူလာသည်။ လမ်းပေါ် အရောက်တွင် ချစ်ငုံဖူးက...

"သြော်...ပိုးဝါကို တစ်ခု မှာပေးပါဦး အေးလှဖြူရယ်"

"ပြောလေ..."

"ကိုတိုးတက်ထွန်း လက်ထဲကို ဒီစာ ထည့်ပြီးတဲ့အခါမှာ သက်ဆိုင်ရာကို အမြန်ဆုံး ပို့ပေးပါလို့... ပြောပေးပါ လို့ပါ တစ်ခါ ထည်း မှာလိုက်ပါနော်"

"ဘယ်လို"

အေးလှဖြူ နားရှုပ်သွားဟန် တူသည်။

"သက်ဆိုင်ရာကို အမြန်ဆုံး ပို့ပေးပါ၊ ပြောစရာကဒါပဲ၊ ပေး ရောက ဒီစာပါ ဖြူ"

သံသယစွန်းသော မျက်ဝန်းဖြင့်သာ ကြည့်သည်။ ဘာမှ မပြောရှာတော့...

ချစ်ငုံဖူး၏ ချစ်ခရီးလမ်းတွင် တစ်စုံတစ်ခုသော အကြောင်း ရာသည် ကွာဟနေပေလိမ့်မည်ဟု သူ တွေးမိသော်လည်း မမေး ဘာ့ပါဘဲနှင့် လမ်းမကြီးအတိုင်း စက်ဘီးကိုနင်းလျက် နေပူကျဲကျဲ အွင်းမှာ ထွက်သွားရှာတော့သည်။

ချစ်ငုံဖူးသည်မူ အေးလှဖြူ၏ အပြန်လမ်းကို စိတ်စောစွာ စောင့်စားလျက်...

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း သုံးဆယ့်လေး

စာအိတ်ပေါ်မှာ…

"ကိုထက်မြက်ထွန်း"

အတွင်းမှာ…

**မောင်…**

ငုံ နက်ဖြန်ပြန်ရတော့မှာ၊ အေးလှဖြူတို့ အိမ်မှာ ငုံစောင့်နေပါတယ်။ ဒီစာကို ရရချင်း အမြန်ဆုံး လာခဲ့ပါနော်…

ပြောစရာစကားတွေ အများကြီးပဲ သိလား၊ ချစ်လေ မောင့်ကိုစောင့်နေတယ်၊ မောင့်ကို ချစ်မျှော်နေတယ်။

မောင် သိပ်ချစ်တယ်ဆိုတဲ့

**မောင့်ရဲ့ချစ်(ချစ်ငုံဖူး)**





ပိုးဝါ လာပေးသွားသောစာကို 'တိုးတက်ထွန်း' သုံးခေါက်မြောက် ဖတ်အပြီးတွင်…

"မသွားဘူး…မသွားဘူး…"

"ငါ ထက်မြက်ထွန်း မဟုတ်ဘူး"

လက်များတုန်ရာက တစ်ကိုယ်လုံးပါ ဆတ်ဆတ်တုန်လာသည်။

နှုတ်ခမ်းလေးများ ဆတ်ဆတ်တုန်လျက် မျက်ရည်တို့ ရစ်ဝဲရင်း…

"မရေ…ချစ် မ"

"မောင်…တိုးပဲ ဖြစ်ပါရစေ…၊ မောင်လေ…တိုးပဲ ဖြစ်ပါရစေ ဗျာ…"

စာကိုကိုင်၍ မျက်နှာကို လက်ဝါးနှင့်အုပ်ပြီး တိုးတက်ထွန်း ငိုလေပြီ။

ဒေါ်ရတနာခင်ဦးလှိုင်သည် မြေးဖြစ်သူ၏ အရိပ်အကဲကို အဝေးမှနေ၍သာ ကြည့်နေသည်။ ဘာမှဝင်မပြော၊ ပိုးဝါ ဝင်ပြီး စာပေးသွားသည်ကိုလည်း မသိလိုက်။

တိုးတက်ထွန်းသည် ပြတင်းဝမှာ သွားရပ်၏။ စာကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသဖြင့် စာသည် လုံးကြေနေသော်လည်း…

စာထဲမှ စကားလုံးလေးများ အပြင်သို့ ခုန်ထွက်လာသည်။

ပြတင်းပေါက်ရှေ့မှာ မိန်းမလှလေးတစ်ယောက် ရပ်လျက်…



www.burmeseclassic.com

www.burmeseclassic.com



အေးလှဖြူတို့ အိမ်မှာ ငုံ စောင့်နေပါတယ်။
ချစ်လေ...မောင့်ကို စောင့်နေတယ်။
မောင့်ကို ချစ် မျှော်နေတယ်။

မောင် သိပ်ချစ်တယ်ဆိုတဲ့...
မောင့်ရဲ့ ချစ်...
ချစ်ငုံဖူး

ချစ်လေ...မောင့်ကို စောင့်နေတယ်။
မောင့်ကို ချစ် မျှော်နေတယ်။
မောင် သိပ်ချစ်တယ်ဆိုတဲ့...
မောင့်ရဲ့ ချစ်...
ချစ်ငုံဖူး

ချစ်လေ...မောင့်ကို စောင့်နေတယ်။
မောင့်ကို ချစ် မျှော်နေတယ်။

မိန်းမလှငယ်သည် ယင်းစကားလုံးများကို ထပ်ခါထပ်ခါ ရွတ်ဆိုနေပါ၏။

တိုးတက်ထွန်းရှေ့မှ ပျောက်ကွယ်မသွား။

ထင်ရှားစွာ ရပ်လျက်...သူ့နှုတ်မှ တတွတ်တွတ် ရွတ်ဆိုနေ





သော စကားသံများ ပို၍ပို၍ ကျယ်လောင်လာသည်။

သူ့ရုပ်လွှာသည် ပို၍ပို၍ ပီပြင်လာ၏။

ရပ်နေသော မိန်းကလေး...

ထပ်ခါထပ်ခါ ပြောကြားနေသော မိန်းမချောလေးသည်...

ချစ်ငုံဖူးပါတကား...

တိုးတက်ထွန်းသည် ကြားရသော စကားသံနှင့် မြင်ရသော ရုပ်လွှာတို့ကို အသေအချာ ကြည့်ပြီးနောက်...

လက်တွင်းမှ စာကို ပစ်ပေါက်လိုက်ပြီး လှေကားရှိရာသို့ ဘာဟုန်ထိုး ပြေးသွားသည်။

စောစောဆီက ယိုင်နဲ့နေသော ခန္ဓာကိုယ်သို့ အင်အားများ ရုတ်ချင်း သွင်းယူလိုက်သည်သို့...

သူသည် ဓာန်အပြည့်နှင့် တက်ကြွဖျတ်လတ်စွာ လှုပ်ရှား ရှင်သန်လေပြီ။

ဒေါ်ရတနာခင်ဦးလှိုင်သည် တိုးတက်ထွန်း ပစ်ပေါက်သွားသော စာကို ကောက်ဖတ်ပြီးသည်နှင့်...

အပေါ်ထပ်သို့ မော့ကြည့်မိသည်။ အဓိပ္ပာယ် ရှာမရသော အနှင့် နားလည်ရန် ခက်ခဲလွန်းသော သူ့မြေး၏ ပြောင်းလဲသွားသော အမူရာများအတွက်...

သူ့ ဉာဏ်နှင့် လိုက်မမီစွာ မစဉ်းစားတတ်...



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ မပန်းဝေသာ ရှိနေခဲ့ပါလျှင်...

ကြိုတင်တွေးခေါ်တတ်လေမည်။ ပြဿနာ အရပ်ရပ်ကို ကြိုတင် ဆီးကာနိုင်ကောင်းပါလိမ့်မည်။

ယခုတော့...

ဒေါ်ရတနာခင်ဦးလှိုင်သည် လေ့ကားအတိုင်းအတိုင်း ခြေသံ မကြားအောင် တက်လိုက်သွားသည်။

အခန်းတွင်း၌ တိုးတက်ထွန်း မတ်တတ်ရပ်လျက် လှုပ်လှုပ် ရှားရှား လုပ်နေသည်ကို ရိုးတိုးရိတ်တိတ် မြင်ရပါ၍ သူ အသာလေး ခန်းဆီးကွယ်က စောင့်ချောင်းကြည့်နေမိသည်။

တိုးတက်ထွန်းတွင် အင်္ကျီမရှိ။ ဗီရို၏ နောက်ဘက်ပိုင်းက သူ လှမ်းနှိုက်ယူလိုက်သည်။

လက်ရှည်ရှပ်အင်္ကျီ နီနီရဲရဲ။

စွပ်ဝတ်လိုက်ပြီး ကြယ်သီးများ တပ်လိုက်၏။ ရင်ဘတ် အထက်ပိုင်းကိုတော့ လှစ်ဖွင့်ထားသည်။

လက်ကို လက်ကောက်ဝတ် အထက်နားအထိ မထိတထိလေး ခေါက်တင်လိုက်၏။

ပြီးတော့ ဗီရို၏ အတွင်းအံဆွဲကို ဆွဲယူလိုက်ပါ၏။

ဂျင်းဘောင်းဘီ ပြာပြာနှင့်...

မည်းမည်းကြီး တစ်ခု...





ဘောင်းဘီရှည် ပုံကျကျကို စွပ်ဝတ်လိုက်ပြီးမှ ပုဆိုးကို ချွတ်ချလျက် ခြေနှင့် ခတ်ထုတ်ပစ်လိုက်သည်။ ပြီးတော့...

"ဟာ..."

ဒေါ်ရတနာခင်ဦးလှိုင် လန့်ပြီး မအော်မိအောင် ပါးစပ် ပိတ်လိုက်ရပါ၏။

မည်းမည်းပွပွကြီးကို သူ မ,ကိုင်လျက် ခေါင်းမှာ စွပ်အုပ် လိုက်သည်။

ပုံစံလှလှ ပုံချထားသော ဆံရှည် ဆံပင်တု တစ်ခု။

သူ မှန်ရှေ့မှာ ခပ်မတ်မတ် ရပ်လိုက်သည်။

ဂျင်းဘောင်းဘီပြာပြာ၊ ရှပ်လက်ရှည်နီနီ၊ ဆံပင်ရှည်ရှည်နှင့် သူ့ရုပ်လွှာသည်...

"တိုးတက်ထွန်း မဟုတ်တော့..."

"ထက်မြက်ထွန်း ဖြစ်သွားခဲ့လေပြီ"

မှန်ကိုကြည့်ပြီး သူ ပြုံးလိုက်သည်။

သူ့အပြုံးသည် လုံးဝအသက်မပါ။

သတိမရှိသူတစ်ယောက်၏ ကြောက်စရာကောင်းလွန်းသော အပြုံးမျိုး။



www.burmeseclassic.com

www.burmeseclassic.com



သူကြည့်နေသည့်မှန်၏ မြင်ကွင်းထဲတွင် ဒေါ်ရတနာခင်ဦး လှိုင်သည် သေးကွေးစွာ ဝင်လာ၏။ အခန်းဝနားမှာမို့ အမြင်ဝေဝါး ရုပ်ပုံသေးနေခြင်းပါ။

"ဟင်...ငါ့မြေး၊ ဘယ်...ဘယ်လိုဖြစ်"

"ဟား...ဟား...ဟား"

သူသည် ခါးထောက်လျက် ကြောက်မက်ဖွယ် ကောင်းလောက် အောင် ရယ်နေသည်။ မှန်ထဲတွင် မျက်ဝန်းချင်း ဆုံနေသော ဒေါ်ရတနာ ခင်ဦးလှိုင်က...

"တိုး...ငါ့မြေး။ တိုးကြီး"

သူ လှည့်မကြည့်သေး။

"မေမေကြီး ခေါ်နေတယ်လေ"

"မြေး...တိုးတက်ထွန်း"

သူသည် ခါးထောက်လျက် နောက်ဘက်သို့ ဖြည်းဖြည်းချင်း လှည့်လာသည်။

"အမယ်လေး"

ဒေါ်ရတနာခင်ဦးလှိုင် အမယ်လေး တ,လောက်အောင် သူ့ မျက်နှာထားသည် ရုန့်ရင်းကြမ်းတမ်းနေလေပြီ။

"ကျုပ် တိုးတက်ထွန်း မဟုတ်ဘူး"

**"ထက်မြက်ထွန်း"**





စောစောဆီက ဖျော့နွဲ့နေသော ရုပ်လွှာ၊ အားငယ်နေသော ချက်နှာနွမ်းနွမ်းလေးများအားလုံး ပျောက်ဆုံးခဲ့လေပြီ။

ကြမ်းတမ်းသောအသွင်၊ ရက်စက်မည့်မျက်နှာနှင့် လူသစ် တစ်ယောက်...

သူသည် ဒေါ်ရတနာခင်ဦးလှိုင်သို့ ပြုံးပြုံးကြီး စိုက်ကြည့်ပြီးမှ အနိုင်တင်းလွန်းနေသော သူ့မျက်နှာ အနည်းငယ် ပြေလျော့သွားလေ သည်။ ပြီးတော့ တစ်စုံတစ်ခု အရေးတကြီး လုပ်စရာရှိသည်ကို သတိဝင်လာပုံမျိုးနှင့်...

ခုတင်ရှိရာဘက်သို့ ပြန်လှည့်လိုက်သည်။ ခုတင်အောက်ခြေမှ ခရီးဆောင်သေတ္တာတစ်လုံးကို ဆွဲထုတ်ပြီး အိပ်ရာပေါ် ပစ်တင်လိုက် ၏။ ပြီးတော့ ကလစ်ကို ထောက်ခနဲ မြည်အောင် လက်နှစ်ဘက်နှင့် ဆွဲဖွင့်၍ အဖုံးက ဖြုတ်ခနဲ ကြွပွင့်သွား၏။

သူသည် ဗီရိုတွင်းမှ အဝတ်များကို ယူချင်သည်ကို ဆွဲယူ သည်။ မယူချင်သည်ကို ကြမ်းပြင်ပေါ်သို့ လွှင့်ပစ်နေ၏။ တိုက်ပုံ အကျီများ၊ ပုဆိုးနွမ်းများသည် ပြန့်ကြဲလျက်...ဘောင်းဘီများစွာနှင့် ကိုရှပ်များသာ ထည့်သည်။ အံဆွဲထဲမှမှတ်ပုံတင်နှင့် ငွေများ၊ နောက်ဆုံး ဆွေးပုလင်းတစ်လုံးကို ပစ်ထည့်လိုက်ပြီး သေတ္တာကို ဆောင့်ပိတ်ချ လိုက်သည်။

ခုတင်ခြေရင်းမှ ဝပ်ကင်းရှူးကို သူ စီးနေဆဲ...

ဒေါ်ရတနာခင်ဦးလှိုင်သည် သူနှင့်နီးရာသို့ တဖြည်းဖြည်း



www.burmeseclassic.com

www.burmeseclassic.com



ကပ်လာပြီး...

"မြေး...ငါ့မြေး"

"ဘာတွေလုပ်နေတာလဲဟင်"

"ဘယ်သွားမှာလဲ"

အဘွားအိုသည် ထိတ်ထိတ်လန့်လန့် ရှုံ့ရှုံ့ကြောက်ကြောက် အသံတုန်တုန်ဖြင့် မေးလာသည်ကို...

သူ ကြည့်ပြီး ပြုံးလိုက်သည်။

စောစောကအပြုံးမျိုး မဟုတ်တော့။

သစ်လွင်လန်းဆန်းသော တက်တက်ကြွကြွအပြုံး...

"ခရီးထွက်မလို့ မေမေကြီးရဲ့"

"အို..."

"မေမေကြီးမြေး မိန်းမခိုးမလို့ဗျ"

"ဟင်"

"နက်ဖြန် သူပြန်ရတော့မယ်။ သူ့ကို အငယ်လေး မခွဲနိုင်တော့ဘူး။ တစ်ခါတည်း ခိုးပြေးတော့မယ်"

"ဘာ...အငယ်လေး"

"ဟုတ်တယ်လေဗျာ၊ မေမေကြီးရဲ့မြေး အငယ်လေး... ထက်မြက်ထွန်းလေဗျာ"

"မြတ်စွာဘုရား"

ဒေါ်ရတနာခင်ဦးလှိုင်သည် ခန်းဆီးစကို ဆုပ်ကိုင်ပြီး ...





လိုက်မိပါ၏။

"**အငယ်လေး**"

ဟုတ်သည်။ တိုးတက်ထွန်းကို အားလုံးက '**တိုးကြီး**'၊ ထက်မြက်ထွန်းကျတော့ '**အငယ်လေး**'...သူတို့ ခေါ်နေကျအမည်။

ဒေါ်ရတနာခင်ဦးလှိုင်ကိုယ်တိုင်ပင် သူ့ရှေ့မှာ မြင်နေရသော တက်တက်ကြွကြွ မြေးငယ်သည် ထက်မြက်ထွန်းနှင့် မခြား... အပြုအမူကအစ အတူတူ။

သူနှင့်အတူ နေလာရသော မြေးမို့ သူက အားလုံးထက်ပို၍ သိသည်။

ထက်မြက်ထွန်းမှ ထက်မြက်ထွန်း အစစ်ပါ။

"အို...ဒါပေမယ့် ငါ့ရှေ့မှာတင် အသွင်ပြောင်းသွားတာပဲ၊ သူ... သူဟာ မြေးကြီး တိုးတက်ထွန်းပဲပေါ့"

"ဟိုက သေပြီပဲ"

"သူ သတ်ပစ်လိုက်တဲ့ ဒီ ထက်မြက်ထွန်း သေခဲ့တာ ကြာပြီပဲ"

ကြောက်ရွံ့ခြင်း၊ အံ့သြခြင်း၊ ချောက်ချားခြင်း စသော ခံစားမှုပေါင်းစုံတို့သည် အဘွားအို၏ စိတ် နှလုံးကို ပြင်းထန်စွာ ခံစားနေစေပြီ။

"ငါ့မြေး"

"ဘာလဲ မေမေကြီးရဲ့"

"ဘယ်သွားမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မိန်မ သွားခိုးမလို့ပါဆို"

"ဘာတွေ ပြောနေတာလဲ။ ဒီမှာ မပန်းဝေလေး ရှိနေတယ်လေ"

"အဲဒါက...ကိုကို့ချစ်သူပဲ၊ သူတို့မယူခင် အငယ်လေးတို့က အရင်ယူကြမှာ..."

သူသည် စောစောဆီကနှင့် လုံးဝခြားနားသွားခဲ့ပြီ...

ပထမ အားငယ်ကြောက်ရွံ့စိတ်ဖြင့် တိုးတက်ထွန်းအဖြစ်မှ နေ၍ တွန်းလှန်ခဲ့သေးသည်။

မရတော့...

သူ့မှာ စိတ်ကြမ်းဝင်လာသည်။ ခက်ထန်ခြင်းသို့ ချက်ချင်း ပြောင်းလဲသွားသည်။

ယခုတော့...

ပြန်လည် တည်ငြိမ်သွားလေပြီ။

သူသည် သူ့ကိုယ်သူ ထက်မြက်ထွန်း အဖြစ်နှင့် လုံးလုံးလျား လျား ခံယူသွားခဲ့လေပြီတည်း...။

ဒေါ်ရတနာခင်ဦးလှိုင်သည် ယခု သူပြောလိုက်သော စကားနှင့် စောစောက မိန်းကလေး၏စာကို ဆက်စပ်တွေးယူနိုင်ခဲ့ပါပြီ။

သူ့မြေးကြီး တိုးတက်ထွန်းသည် ကိုယ်ခန္ဓာတစ်ခုတည်းနှင့် စိတ်နှစ်ခု ပေါက်ပွားစေလျက် သူ့ကိုယ်သူ နှစ်ဘဝအဖြစ် ဖန်တည်း ထားခဲ့လေပြီး





ထက်မြက်ထွန်းအဖြစ်နှင့် ယခုပင် ချစ်ငုံဖူးဆိုသော မိန်းကလေး ထံသို့ သွားပြီး ခိုးယူပေါင်းသင်းပေတော့မည်။

"အို...ဒီအတိုင်းဆိုရင်..."

ဒေါ်ရတနာခင်ဦးလှိုင် အလန့်ကြီး လန့်သွားရလေပြီ...

ဒီအတိုင်းဆိုရင် ဟိုကောင်မလေးကို သူ ခုချက်ချင်း ကောက်ယူ လိုက်တော့မှာ...

ဒါဆို မပန်းဝေ...

မြေးချွေးမချောလေး၏ သဘောကောင်းလွန်းသော စိတ်ထား နှင့် တိုးပေါ်ချစ်မြတ်နိုးရှာလွန်းသော မေတ္တာရှင်မလေ။ ပြီးတော့ ဆရာဝန်မ...

ဘယ်နည်းနဲ့မှ သူ့မြေးကို တခြားသော မိန်းကလေးနှင့် အယူ ခံနိုင်။

သူ တိုးတက်ထွန်း ပြန်ဖြစ်လာရမည်။ ထက်မြက်ထွန်း ဖြစ်စေရ။

သူ့ခရီးကို ဖြစ်သည့်နည်းနှင့် ပိတ်ဆီးကာကွယ်ရပေမည်။

သူ သွား၍မဖြစ်။

မသွားစေရ။

ဒေါ်ရတနာခင်ဦးလှိုင်သည် အခန်း၏ တံခါးမကိုပြေး၍ ပိတ် လိုက်သည်။ ကန့်လန့်ထိုး၍...

"ဟော့...တိုးကြီး၊ မင်းပစ္စည်းတွေ အခု ပြန်သိမ်းလိုက်စမ်း၊



www.burmeseclassic.com

www.burmeseclassic.com



မင်း မသွားရဘူး"

အာဏာရှင်တစ်ယောက်၏ လေသံဖြင့် လက်ညှိုးညွှန်၍ ခိုင်းလိုက်သည်။

သူကိုယ်တိုင်လည်း ပင်ကို မူမမှန်သော အမျိုးသမီးကြီး တစ်ယောက် မဟုတ်လေတော့…

သူ့ကိုယ်သူ ခပ်ကြွကြွ၊ ခပ်မာမာဖြင့် ငါသြဇာ တည်ရမည် ဆိုသော မာန်ဝင့်သံနှင့်…

"ဟော့…ဘာလို့ အိတ်ဆွဲလာတာလဲ၊ အခု ထားလိုက်စမ်းလို့ ငါပြောနေတယ်"

အဘွားအိုသို့ သူသည် သိမ်မွေ့စွာကြည့်ပြီး ပြုံးလျက်…

"မေမေကြီးကလည်းဗျာ၊ အငယ်လေး မိန်းမ ယူတော့မယ် ဆိုလို့ စိတ်ဆိုးနေလား၊ ဟုတ်လား…၊ အငယ်လေးရဲ့ချစ်သူက သိပ်ကို လှတာ။ ဘယ်လိုလှမှန်းမသိအောင်ကို လှတာ၊ မကြာခင် ခေါ်လာခဲ့မယ်သိလား။ အခုတော့၊ ဒီကနေ ပေလီကို ပြေးကြမယ်။ တစ်ပတ်လောက် ဟန်းနီးမွန်းထွက်ပြီးမှ ပြန်လာခဲ့မယ်နော်…သိလား"

"ဟင်"

"ဖေဖေတို့ကို ပြောထားနှင့်ပါ။ အငယ်လေး ပြန်လာရင် သူ့မိဘတွေ ကြိုက်သလို မင်္ဂလာဆောင်ပေးရမယ်လို့"

"ဘာ"

"အငယ်လေးရည်းစားက သိပ်လှတယ်ဗျာ။ အငယ်လေးကိုလည်း သိပ်ချစ်တာ၊ အငယ်လေးကလည်း သူ့ကိုလေ သိပ်ချစ်လွန်းလို့





ချစ်…လို့ပဲခေါ်တာ မေမေကြီးရဲ့"

ဒေါ်ရတနာခင်ဦးလှိုင်အနားသို့ သူ ကပ်လာပြီး…

"ကဲ…ဖယ်ပါ မေမေကြီးရာ၊ သူ အေးလှဖြူတို့အိမ်မှာ စောင့်နေရှာပြီ၊ သူ့အမေ ဦးလှစိုးချစ် ဆိုတာက လွယ်တဲ့လူ မဟုတ်ဘူး"

"မသွားရဘူး တိုး"

"ချစ်လေး မျှော်လှရောမယ် မေမေကြီးရဲ့၊ သနားပါတယ်။ အငယ်လေးလေ သူ့ကို သိပ်ချစ်တာ။ ဘယ်လိုချစ်မှန်းမသိအောင်ကို ချစ်တာဗျ။ ကိုကို မပန်းဝေကို ချစ်တယ်ဆိုတာထက် အဆတစ်ရာမက ချစ်ကို အငယ်လေး ချစ်တာပါဗျာ။ ကဲ…ပါ သွားပါရစေတော့"

ဒေါ်ရတနာခင်ဦးလှိုင်ကို ကြည့်ပြီး ပြုံးရွှင်ပျော်မြူးနေရှာသော ကြည်နူးမှုမျက်နှာလေးမှာ ငြိမ်သက်သွားရှာသည်။

"ငတိုး…နင် ငါ့ကို ဘာမှတ်လဲဟင်၊ ငါ အမြွတ်နိုးဆုံး မြေဘယက်ကြီးကို ပေးပါ့မယ်လို့ ပြောပြီးပြီ။ ဒီအိမ်ကြီးလည်း နင်ပဲရမှာ၊ နင် မပန်းဝေကလွဲလို့ ဘယ်သူ့မှ မယူရဘူး"

"ဗျာ"

သူက အံ့သြသလို ကြည့်လိုက်ပြီး…

"မပန်းဝေက ကိုကိုယူလိမ့်မယ်လေ၊ အငယ်လေးက အငယ်လေး သိပ်ကိုချစ်ရတဲ့…"

"ဟဲ…အရူး"

"နင်…ငတိုး…နင်ဟာ တိုးကြီး"

"ထက်မြက်ထွန်းကို နင်ကိုယ်တိုင်ပဲ ပေါက်ပြားကြီးနဲ့ ခေါင်းကို

www.burmeseclassic.com

www.burmeseclassic.com



ရိုက်ခဲ့ပြီး သတ်လိုက်ပြီလေ"

လက်ညှိုးငေါက်ငေါက်ထိုးလျက် အသံကျယ်ကျယ်ကြီးနှင့် အော်လိုက်သည်။

ပွဲတင်သံတို့သည် အခန်းထဲမှာ ညံစီနေကြသည်။

"ဟဲ့...အရူး"

"နင်ဟာ တိုးကြီး"

"ထက်မြက်ထွန်းကို နင်သတ်လိုက်ပြီ"

"နင်သတ်လိုက်ပြီ"

ဆင့်ကာ ဆင့်ကာ ဆက်တိုက်ပြောနေသံတို့သည် ရှေ့နှင့် နောက်နှင့် ဆက်လျက်...

တိုးတက်ထွန်း၏ လက်တို့သည် အားနွဲ့စွာ ပြေလျော့သွားသည်။

"ဝုန်း"

လက်ဆွဲသေတ္တာသည် ကြမ်းပြင်ပေါ်သို့ အားနှင့် လွှတ်ကျသွား၏။

"မဟုတ်ဘူး...မဟုတ်ဘူး"

"ကျွန်တော် တိုးတက်ထွန်း မဟုတ်ဘူးဗျ"

ပွဲတင်သံများကို မကြားသာစေရန် နားနှစ်ဘက်ကို ပိတ်လျက် ခေါင်းကိုခါယမ်းပြီး သူအော်နေရှာသည်။

ပြီးတော့...





"ကျွန်တော့်အချစ်ဆုံးရှိရာသို့ သွားပါရစေဗျာ"

"ကျွန်တော့်ဆန္ဒကို ဖြည့်ကြပါ"

"ကျွန်တော်ဖြစ်ချင်တာ ဖြစ်ပါရစေ"

"အို...အတားအဆီးတို့ရယ်...ဖယ်ပေးကြပါ"

"ချစ်...မောင့်အချစ်ဆုံးရေ..."

သနားစရာကောင်းလောက်အောင် တောင်းပန်ရင်း သူ့ချစ်သူ ချစ်ငှဖူးသို့ တမ်းတနေချိန်မှာ...

နားလည်မှုကင်းမဲ့လွန်းသော အဘွားအိုသည် တိုးတက်ထွန်း၏ ပါးကို ဖြန်းကနဲ ရိုက်ထည့်လိုက်ပြီး...

"ငါ့ကို ဘာဒုမှတ်သလဲ။ ဒေါ်ရတနာခင်ဦးလှိုင်တဲ့ နာမည် တစ်လုံးနဲ့နေတာ ဟင်း..."

"မသွားရဘူး"

"နင်...ဘယ်မှ မသွားရဘူး"

"နင်ဟာ တိုးတက်ထွန်း"

"ထက်မြက်ထွန်း မရှိတော့ဘူး။ ငါ့မြေးလေးဟာ နင်သတ်လို့ သေပြီလေ၊ ဟဲ့...အရူးရဲ့"

ထက်မြက်ထွန်းဟာ သူ့ကိုယ်သူ ပုံမှန်စွာ ခံယူလျက် ထက်မြက်ထွန်းဘဝမှ အသိ၊ အတွေ့၊ အချစ်တရားများကို ခံယူလျက် လှုပ်ရှားနေဆဲတွင်...

ဒေါ်ရတနာခင်ဦးလှိုင် စကားကြောင့်...



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်မှာ...

တိုးတက်ထွန်းနှင့် ထက်မြက်ထွန်းဆိုသော ဘဝနှစ်ခု ပြန်လည် ရောထွေးသွားခဲ့ရရှာလေပြီ။

လူသတ်သမား...အရူးဟူသော စွပ်စွဲချက်များနှင့်အတူ ပါးရိုက် ခံလိုက်ရ၍...

ရောထွေးနေသော ဘဝနှစ်ခုတွင်းမှ စိတ်ရိုင်းတို့သည် ပေါက်ကွဲ ခဲ့လေပြီ...

သူ့ကိုယ်သူ ဘယ်သူရယ်လို့မှ မခံယူနိုင်တော့။

ဒေါသစိတ်သည် ရင်တွင်းမှ အုံကြွလျက် ကြီးစွာသော ခွန်အား ကို ဖြစ်ထွန်းစေခဲ့ပါပြီ...

"အမယ်လေး...အာ..အား"

ချစ်သူရှိရာသို့ သွားလိုဇော ဆန္ဒဖြင့် မေတ္တာလမ်းဖြူးလေး ပေါ်မှာ ခြေချလိုက်မိချိန်တွင် ရှေ့မှ အတားအဆီးကို ဖယ်ရှားလိုက်ခြင်း လား...

အရူးဆိုသောအသိကို ပေးလိုက်ခြင်းကြောင့်လား...

လူသတ်သမားဟု အခေါ်ခံလိုက်ရ၍လား...

ဒေါသကြောင့်လား...

စိတ္တဇလား...

ချစ်တတ်လွန်းသော မေတ္တာတရားကြောင့်လား...

"အားလုံး အားလုံး ရောထွေးသွား၍လေလား..."





တိုးတက်ထွန်းသည် ဆင်ခြင်နိုင်စွမ်းသော လူသားတို့၏ အသိနှင့် သတိများ ကင်းလွတ်သွားလေပြီ...

"အို...အမယ်လေး...လွှတ်...ငါ့ကို လွှတ်ပါ"

ဒေါ်ရတနာခင်ဦးလှိုင်သည် ကြောက်ရွံ့တကြီးနှင့် အသံများ ပြာလာအောင် ကြုံးအော်နေသည်...

တိုးတက်ထွန်းမှာ ဒေါ်ရတနာခင်ဦးလှိုင်၏ ပခုံးစွန်းနှစ်ဘက်ကို ကိုင်ပြီး အဆက်မပြတ် လှုပ်ခါနေ၍...

"လွှတ်...လွှတ်"

အသံသည် မကျယ်လောင်တော့...

ပင်ကိုက နှလုံးရောဂါရှိသော ဒေါ်ရတနာခင်ဦးလှိုင်သည် မြေး အတွက် ခံစားမှုလွန် စိတ်ဝေဒနာနှင့် ကြောက်လန့်လွန်းအားကြီးသော စိတ်များဖြင့်...

ရန်းကန်ရာမှ ငြိမ်သက်သွားတော့သည်။ တိုးတက်ထွန်း၏ သန်မာလွန်းသော လက်များကြားမှာ သူ့ကိုယ်ခန္ဓာသည် ပျော့ခွေ ကျသွားသည်။

တိုးတက်ထွန်းသည် ခေါင်းညွှတ်ခွေ ငိုက်ကျသွားသော သူ့ အသွင်ကို ကြောင်ကြောင်ကြီးကြည့်ပြီး သူ့လက်များကို လွှတ်ချ လိုက်သည့်အခါ...

ကြိုးဆွဲရုပ်ကို ဖြတ်ချလိုက်သည်သို့...ဒေါ်ရတနာခင်ဦးလှိုင် သည် ကြမ်းပြင်ပေါ်သို့ ပုံခနဲ လဲကျငြိမ်သက်သွားလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဝေဒနာရှိခဲ့သောနလုံးသည် အခုန်ရပ်ခဲ့ပြီ။ တိုးတက်ထွန်းသည် သူ့အဘွား၏ အဖြစ်ကို အနီးကပ် မြင်တွေ့လိုက်ရပြီးနောက်...

သူ့မျက်လုံးများ ပြာလာသည်။

ဘာမှ မမြင်ရတော့...

တစ်ကိုယ်လုံး တဆတ်ဆတ် တုန်လာပြီး...

သူသည်လည်း ဒေါ်ရတနာခင်ဦးလှိုင်၏ဘေးမှာ ပုံလျက် လဲလေပြီ...

ဖြစ်နေကျ ဝေဒနာအတိုင်း အားလုံးကို သတိမရတော့ပါဘဲနှင့် လုံးဝ မေ့မြောစွာ လဲကျသွားချိန်မှာ...

ခြံတွင်းသို့ ဂျစ်ကား ဝင်လာခဲ့ပါပြီ။ ဒေါက်တာ မပန်းဝေနှင့် အတူ ဦးထွန်းသာနှင့် ဒေါ်ကေခိုင်မွန်တို့သည် သားကြီးနှင့် တွေ့ရတော့မည်ဆိုသော အသိဖြင့် အားလုံး ပြုံးပြုံးရွှင်ရွှင်...

သို့ရာတွင်...

မိနစ်ပိုင်းကလေးမျှ ကွာဟစွာဖြင့်..

အရာအားလုံးတို့သည်...

ဆုံးရှုံးခြင်းများဖြင့် နောက်ကျခဲ့ရလေပြီတကား...

❋ ❋ ❋



## အခန်း သုံးဆယ့်ငါး

ဆိုးလွန်းသော အငယ်ထက် အေးလွန်းသော သားကြီးကို သနားပိုခဲ့သည်။

သားကြီးကလည်း မိခင်မှ မိခင်၊ လုံးဝ အပျောက်မခံနိုင်အောင် တတန်းတန်း လိုက်နေတတ်ပါ၏။ အရာရာကို ကြောက်တတ်၊ စိတ်အားငယ်တတ်သောသားမို့ မိခင်က ကျောင်းလိုက်စောင့်သည်။ ကျူရှင်လိုက်ပို့သည်။ ရေကူး သင်သည်က အစ...ကန်ဘောင်ဘေးမှာ အမေမြင်ရမှ ရေကူးရဲသည်။ မိခင် မလိုက်နိုင်သည့်နေ့တွင် ရေကူးမသင်။ မုန့်ဆိုင် မုန့်ဝယ်သွားသည်ကအစ မိခင်ပါရသည်။

အရာခပ်သိမ်းသော ကိစ္စတိုင်းကို မိခင် ရှေ့ဆောင်လေမှ လုပ်ရဲကိုင်ရဲသော သားကြီး။ ပြီးတော့...မိခင်ကိုလည်း အားကိုးစိတ်နှင့် လွန်လွန်ကဲကဲ ချစ်တတ်သော သားမျိုးပါ။

မိခင်သို့ အားကိုးနေဆဲ ဆယ်နှစ်သားအရွယ်တွင် မိခင်ဒေါ်ခင်သန်းနွယ် ကွယ်လွန်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ငယ်စဉ်ဘဝ ခုနစ်နှစ်သားလောက်က ချော်လဲရာမှာ ကျလာ
သော သူ့သွေးများ သူမြင်ပြီး မေ့လဲသွားဖူးသည်။

"မေမေ သေပြီ"

ဟူ၍ စတင်သိရချိန်ကလည်း ရင်မှာ တလှပ်လှပ် တုန်လာ
သည်။ ပြီးတော့ မျက်စိများ ပြာဝေလျက် မှောင်မိုက်ပြီးနောက် မေ့လဲကျ
ခဲ့ဖူးသော...

တိုးထက်ထွန်းသည်...

ဒေါ်ကေခိုင်မွန်၏ ပြုစုယုယမှုများကို သူ့အနေနှင့် သူ့မေမေ
ကိုယ်စား ဘယ်လိုမှ အစားထိုး၍မရ။

ဒေါ်ကေခိုင်မွန်ကိုတော့ ချစ်အားကိုးစိတ် ထားပါသည်။ ချစ်
မေမေနှင့်တော့ ဘယ်လိုမှ အစားထိုး၍ မရနိုင်ပါ။

သည်သို့ စိတ်ဆင်းရဲနေရသည့်အထဲတွင် သူက ချစ်ခင်
သံယောဇဉ်ရှိခဲ့ရသော ညီလေး...

ထက်မြက်ထွန်းသည်...

ဆိုးလိုက်သည့်ဖြစ်ခြင်း၊ သူညာလေ...ဟိုက အနိုင်ယူလေ
နောက်ဆုံး သူ ချစ်လှစွာသော ညီလေးနှင့်လည်း လမ်းခွဲကာ တစ
တပြားစီ နေသွားရချိန်မှာ...

'စိတ္တဇ'သည်...

သူ့ကိုယ်တွင် မသိမသာ ဝင်လာခဲ့သည်။ ဘယ်သူမှ မ
သူကိုယ်တိုင်လည်း မသိခဲ့။





သူ၏ လက်ရှိဘဝကို အားငယ်စွာဖြင့် စိတ်တိုင်းမကျနိုင်ခဲ့။
တစ်ခါတစ်ရံတွင်...

"ထက်မြက်ထွန်းလိုသာ ငါမိုက်မိုက်ကန်းကန်း လျှောက်လုပ်
စ်လိုက်ချင်တယ်"

ဟူသော ရှန်းကန်ချင်စိတ်သည် မကြာခဏ ပေါ်ပေါက်ခဲ့ဖူး
ါ၏။

နဂိုတည်းက အပေါင်းအသင်းမရှိသလောက် နည်းခဲ့သော
ိုးထက်ထွန်းသည် ကျောင်းတက်၊ အိမ်ပြန်၊ စာဖတ်၊ အိပ်ချိန်အိပ်၊
ားချိန်စား ဆိုသော 'ပုံစံခွက်ထဲကလူ'အဖြစ်နှင့် နေထိုင်လာခဲ့ရာမှ...

သထုံမြို့သို့ ဖေဖေတို့ ပြောင်းရွှေ့ရပြီးနောက်တွင် စိတ္တဇမှ
က်မြက်ထွန်း လာလည်ခဲ့သည်။

သူဝတ်ပုံစားပုံကအစ ရှုတ်ချသည်။ ချူချာသည်။ မိန်းမလျှာ
ိုပဲဟု နှိမ်တတ်၏။ မိထွေးသြဇာကို ခံနေသည့် ညံ့ဖျင်းသူဟု အပြော
ံရပါသေးသည်။

တစ်ခါတလေလည်း အစ်ကိုဖြစ်သူကို ပြေပြေလည်လည်
ချစ်ချစ်ခင်ခင် ဆက်ဆံတတ်သေးသည်။

လူပျို့ရွယ်တွင် ထက်မြက်ထွန်းကို သည်တစ်ခါသာ အနီးကပ်
တွေ့ရ ဆုံရပါ၏။

ပျံနေအောင် ရေကူးသည်။ ကရာတေးစွမ်းရည် သူ့ကို လုပ်ပြ
သည်။



www.burmeseclassic.com

www.burmeseclassic.com



ခြေမြန်လက်မြန် ရန်ဖြစ်ပြီး သူ့လက်သီးသည်သာ တဘက်သို့ ကျရောက်ပြီး သူခံရသည်ဟု မရှိဖူးခဲ့။

ဘောင်းဘီကို အမြဲလိုဝတ်ပြီး ဆံပင်ရှည်ရှည် ထားလျက် ဖိနပ်မြင့်မြင့်ကိုစီးပြီး ခပ်မတ်မတ် လျှောက်တတ်သဖြင့်...

ရုပ်ချင်းခွဲမရအောင် တူသော်လည်း ပုံစံချင်းက ခြားနားလွန်းသဖြင့် ငယ်စဉ်ကလို ဘယ်သူမှ လူမမှားကြတော့။

ထက်မြက်ထွန်းနှင့် နောက်ဆုံးကြုံခဲ့ရသည့်ရက်များအတွင်းက ထက်မြက်ထွန်း၏ သွက်လက်လွန်းသော လှုပ်ရှားဟန်များသည် သူ့မျက်စိထဲ၊ သူ့ဦးနှောက်ထဲ၊ သူ့အာရုံထဲတွင် စွဲထင်စွာ ကျန်ရစ်နေလေသည်။

သထုံမှနေ၍ 'ဇီးဖြူကုန်း' ဆိုသော တောရွာလေးတစ်ရွာသို့ မိသားစု သွားလည်ကြရာမှ...

လေ့ဆိပ်ကလေးတစ်ခုတွင် ညီအစ်ကိုချင်းဆုံကြပြီး မောင်နှံ ကုန်သည်များနှင့် အစုစပ်ထည့်မည်ဟု ပြောလည်လာခဲ့သော ထက်မြက်ထွန်းသည် ထိုနေ့က ဖခင်ထံမှ ငွေတောင်းသော်လည်း မရ၍ ဒေါ်ပွ နှင့်...

အစ်ကိုဖြစ်သူကို အနိုင်ကျင့်ပြီး ဆွဲကြိုး ဖြတ်ယူရာမှ ကြောက် တတ်သော တိုးတက်ထွန်းမှာ ကြောက်ကန် ကန်လျက် ပေါက်ပြားမှန်း မသိပါဘဲနှင့် နောက်ခိုင်းမှနေ၍ တွေ့ရာကို လှမ်းဆွဲပြီး ခုတ်ချလိုက် သဖြင့်...

ထက်မြက်ထွန်းမှာ ခေါင်း ဟက်တက်ကွဲပြီး မျက်လုံးအပြူး





သား၊ သွေးစီးကြောင်းများနှင့် သူ့ရှေ့တွင် သူ့လက်ချက်ကြောင့် ပုံလျက်လဲပြီး အသက်ထွက်သွားသည့် ရှုခင်းကို ကြည့်ပြီး...

အမြင့်မားဆုံးသော ကြောက်ရွံ့ခြင်းများဖြင့် သူပုံလဲရာမှ ပြန်လည် သတိရလာသောအခါတွင်...

သူ ဘာကိုမှ မမှတ်မိတော့၊ မသိတော့...

ဆရာဝန်များ၏ စစ်ဆေးချက်အရ စိတ္တဇဆေးရုံမှာ တင်ခဲ့ရသည်၊ အမှုစစ်ပြီး မသိစိတ်နှင့် မှားခဲ့မိခြင်းကြောင့် ရုံးတော်က သက်ညှာစွာ စဉ်းစားပေးပါ၍ ထောင်ဒဏ် တစ်နှစ်ခွဲမျှသာ အပြစ်ရခဲ့သည်။

ရောဂါနှင့် အပြစ်ဒဏ်များမှ လွတ်မြောက်လာသော်လည်း...

တိုးတက်ထွန်းမှာ ပင်ကိုပကတိ လူကောင်းတစ်ယောက်၏ စိတ်မျိုး 'ထာဝရ' ရှိမနေတော့...

သို့သော်လည်း သူ၏ စိတ္တဇသည် မည်သူမှ မသိသာ...

"သိပ်အေးတာပဲ"

"ရိုးရိုးပဲ နေတတ်ရာတယ်"

ဟူသော မှတ်ချက်များနှင့်အတူ...

ဦးထွန်းသာက အရှိန်အဝါရှိလာခဲ့သည်။ ဒေါ်ကေခိုင်မွန်က အမွေများရပြီး ချမ်းသာလာခဲ့သဖြင့် မိဘတို့၏ ဂုဏ်သိက္ခာနှင့် ဖိလျက်...

လူ့အသိုင်းဝိုင်း ကျယ်ဝန်းရာ ရန်ကုန်မြို့တော်ကြီးမှာ တိုးတက်



www.burmeseclassic.com

www.burmeseclassic.com



ထွန်း၏ အတိတ်သည်လည်း မေးမှိန်စေခဲ့ပြီ။

နောက်ထပ် ကျယ်ပြန့်လာသော အသိုင်းအဝိုင်းသစ်များစွာတွင်းမှာ ဒေါက်တာမပန်းဝေတို့ မိသားစုလည်း ပါဝင်ခဲ့သဖြင့်...

တိုးတက်ထွန်းနှင့် စေ့စပ်ဖြစ်ခဲ့ကြသည်အထိ မပန်းဝေ၏ မိဘများဘက်ကလည်း သဘောတူခဲ့ကြပါသည်။

ဒေါက်တာမပန်းဝေ ကိုယ်တိုင်ကလည်း တိုးတက်ထွန်းပေါ်တွင် ချစ်မြတ်နိုးစွာ ရှိနေချိန်မှာ...

စိတ်ကျရောဂါသည် မကြာခဏ တိုးတက်ထွန်းထံ ဝင်ရောက်ဖိစီးတတ်လေပြီ။

သူက ရိုးရိုး ဘီအက်စီဘွဲ့။ ဟိုက ဆရာမ...

ဒါ ငါ့အမေ မဟုတ်ဘူး။

ငါ့အိမ် မဟုတ်ဘူး။

မိထွေးဘက်က ပါလာတဲ့ ပစ္စည်းတွေနဲ့...

ငါ ဟန်လုပ်နေရတာ ရှက်စရာ။

ဆိုသော အတွေးများဝင်ပြီး တစ်ခါတစ်ရံတွင် အားငယ်လွန်းစွာဖြင့် သနားစရာကောင်းလောက်အောင် တစ်ယောက်တည်း ကြိတ်ငိုရှိုက်နေတတ်ရှာသည်။

သူ့အသိတွင် သူ ထက်မြက်ထွန်းကို သတ်ပစ်လိုက်သည်ဆိုသည်ကို လုံးဝသတိမရတော့...





သူ့မျက်စိထဲတွင် မြင်နေသည်က သူ့ညီ ထက်မြက်ထွန်း၏ တက်ကြွလွန်းသောပုံစံ၊ သွက်လက်စွာ လှုပ်ရှားမှု၊ ဘယ်သူ့မှ လူမထင်သည့် အပြုအမူ အပြောအဆိုများ...

"ငါ သူ့လိုဖြစ်ရင်ကောင်းမှာ"

"ငါ ထက်မြက်ထွန်းပဲ ဖြစ်လိုက်ပါတော့"

ဆိုသော အတွေးများသည် တစ်စထက်တစ်စ ကျယ်ပြန့်စွာ သူ့အသိဉာဏ်တွင်းသို့ ဝင်ရောက်လာချိန်မျိုးမှာ...

"ကျွန်တော် ခရီးထွက်ဦးမယ်။ ထက်မြက်ထွန်းအဖြစ်နဲ့ ပျောက်သွားမှာနော်၊ ကျွန်တော့်ကိုမေးရင် တိုးတက်ထွန်း အိမ်မှာရှိနေတယ်လို့ ပြောပါ"

ထက်မြက်ထွန်း စိတ် စတင်ဝင်ရောက်လာချိန်မှစလျက် စကားပြောကအစ ထန်လာသည်။ မာန်ဝင့်စွာ သူ့ကိုယ်သူ လှုပ်ရှားလာတတ်၏။

ဦးထွန်းသာရော ဒေါ်ကေခိုင်မွန်ပါ မသွားရဟု တားလေတော့၊ နောက်ဆုံး ခိုးထွက်သည်။

မတတ်သာတော့သည့် အဆုံး...

သူ ခရီးထွက်သည့် ကိစ္စများကို လက်ပိုက်၍ ကြည့်နေရာမှ အစပြုပြီး...

ပုသိမ်သို့သွားရာမှ ဂါးလေ့နစ်ပြီး စစ်တွေသွား ဟားခါးသဘောၤက ဆယ်ယူခဲ့သည့်အဖြစ်နှင့် ကြုံဆုံခဲ့ရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့...

သူနှလုံးသားသစ်ဆီသို့ အချစ်ဦးအဖြစ် ဝင်ရောက်လာခဲ့သော 'ချစ်ငုံဖူး'သို့ မခွဲခွာရက်နိုင်လောက်အောင် ချစ်ကြိုက်ခဲ့ရာမှ အစပြုလျက်...

ဒေါ်ရတနာခင်ဦးလှိုင်၏ မသိနားမလည်မှုများကြောင့်...

ဤမျှတုန်လှုပ်ချောက်ချားဖွယ်...

ရင်နာကြေကွဲဖွယ် ဇာတ်လမ်းကြီးကို ဖြစ်ထွန်းပေါ်ပေါက်စေခဲ့ပါသတည်း။

* * *





## အခန်း သုံးဆယ့်ခြောက်

တရားခံလူနာများ ထားရှိရာ ဖြစ်သော်လည်း ဒေါက်တာမပန်းဝေသို့ ငွေညှာသောအားဖြင့်...

သီးသန့်ခန်းလေးတစ်ခု ပေးထားလေသည်။

ဆေးရုံ၏ ခုတင်ပေါ်တွင် နွမ်းညှိုးနေသော အပြစ်မဲ့ မျက်နှာလေးနှင့် 'ထက်မြက်ထွန်း' ဖြစ်ချင်လွန်းသော 'တိုးတက်ထွန်း'သည် နှစ်ခြိုက်စွာ အိပ်ပျော်လျက် ရှိနေရှာသည်။

အခန်းတွင်း၌ ကြိတ်၍ ငိုရှိုက်နေသော ဒေါ်ကေခိုင်မွန်သို့ ဦးထွန်းသာက နှစ်သိမ့်ပြီး အပြင်သို့ ထွက်ရန် ချော့ခေါ်နေပါ၏။

ဂျူတီကုန်နှင့် နားကျပ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသော ဒေါက်တာ မပန်းဝေသည် သူ့အချစ်ဆုံးအတွက် မျက်ရည်မကျဖြစ်အောင် အံကိုခဲ၍ မနည်းထိန်းထားနေရရှာသည်။

မပန်းဝေ၏ဆရာ စိတ်ရောဂါကု သမားတော်ကြီးလည်း စစ်တွေသို့ ရောက်ရှိနေ၍ပါ...



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ကြီးသို့လည်း မပန်းဝေနှင့် တိုးတက်ထွန်းတို့၏ အကြောင်းကို အသေးစိတ် သိရှိအောင် ပြောပြထားပြီး ဖြစ်ပါ၏။

"သူ...ဒီတစ်ခါ ပြန်နိုးလာရင်တော့ သတိရလာလိမ့်မယ် ထင်တယ်"

"ရှင်...ဆရာ"

"အခု ကုသထားမှုတွေ အောင်မြင်သင့်သလောက်တော့ အောင်မြင်မှာပါကွယ်"

"ဟုတ်ကဲ့ပါ ဆရာ"

"အရင်တစ်ခါတုန်းက သူဟာ ထက်မြက်ထွန်းကို သတ်ပစ်တာ မေ့သွားခဲ့သလို၊ အခုလည်းပဲ ဒေါ်ရတနာခင်ဦးလှိုင် သူ့ပယောဂကြောင့် သူ့မျက်စိရှေ့မှာ သေသွားတဲ့ကိစ္စကို သူမေ့သွားလိမ့်မယ် ထင်တယ် မပန်းဝေ"

"ဆရာရယ်...သူ့ကို ကယ်ပါဦး ဆရာရဲ့"

"အေးကွယ်...တို့များ တတ်စွမ်းတဲ့ ဆေးပညာနဲ့ အစွမ်းကုန် ကုကြတာပေါ့...မငိုပါနဲ့ မပန်းဝေ"

"ဟုတ်ကဲ့ပါ ဆရာ"

ဒေါက်တာမပန်းဝေက မျက်ရည်များ သုတ်လိုက်ပြီး...

"ဆရာ...စောစောကပြောတဲ့ သူပြန်နိုးလာရင် သတိရမှာဆိုတာ ဘာကိုပြောတာလဲရှင်..."

"ဩော်...သူဟာ တစ်ယောက် ဖြစ်နေလိမ့်မယ်"

"ရှင်"





"နိုင်ငံခြားမှာ ဒီရောဂါမျိုး ဆရာပညာတော်သင် သွားတုန်းက တွေ့ခဲ့ဖူးတယ်"

"ဘယ်လိုပါလဲ ဆရာ"

"အခု သူ့စိတ်မှာ နှစ်ယောက်ဖြစ်နေတယ် မဟုတ်လား..."

"ဟုတ်ကဲ့ ဆရာ"

"ဒါပေမယ့် ရောဂါမပျောက်ကင်းခင် အတွင်းမှာတော့ သူဟာ တိုးတက်ထွန်းသော်လည်းကောင်း၊ ထက်မြက်ထွန်းအဖြစ်နဲ့သော်လည်းကောင်း၊ တစ်ယောက်ယောက်ပါလို့ ပြောလာလိမ့်မယ်လို့ ယူဆရတာပဲ။ တစ်ချိန်တည်းမှာ စိတ်နှစ်မျိုးနဲ့လူတော့ ဖြစ်နိုင်ဟန်မတူတော့ဘူး"

"ဟုတ်ကဲ့"

"ဆရာတို့ စောင့်ကြည့်ကြတာပေါ့လေ"

"ဟုတ်ကဲ့ပါ ဆရာ"

"ဩော်... သူ့ကို တွေ့ပါရစေလို့ ခွင့်တောင်းနေတဲ့ သူ့ရဲ့ ထက်မြက်ထွန်းဘဝက မိန်းကလေးကိုလည်း တွေ့ခွင့်ပေးလိုက်ပါလေ"

"ကောင်းပါပြီ ဆရာရယ်... ကောင်းပါပြီ"

"သူဟာ ထက်မြက်ထွန်းအဖြစ် ဖန်ဆင်းထားချိန်မှာ ချစ်ငုံဖူးကို အသေအလဲချစ်ပြီး ထက်မြက်ထွန်းပဲ ဖြစ်နေချင်တယ်၊ ဒါကြောင့်သာ မပန်းဝေ တို့ထက်စောပြီး အမြန်ဆုံး လက်ထပ်ရအောင်ပါလို့ ချစ်ငုံဖူးကို ပြောခဲ့တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်မှာပါ ဆရာရယ်"

"အဲဒီလိုပဲ တိုးတက်ထွန်းဘဝနဲ့ မပန်းဝေကို ချစ်လွန်းတဲ့ စိတ်ကြောင့်..."

"တိုးဟာ တိုးပဲ ဖြစ်ပါရစေဗျာလို့ ပြောခဲ့တယ်မဟုတ်လား၊ သူ ထက်မြက်ထွန်း ဖြစ်ရမှာ ကြောက်နေရှာတယ်"

"လူတစ်ကိုယ်နဲ့ စိတ်နှစ်ခု ဖြစ်နေရရှာတဲ့ သူ့ဘဝဟာ တကယ်ပဲ သနားစရာပါကွယ်"

"ကဲပါလေ...သူ ပြန်သတိရလာရင်သာ သူ့ကိုယ်သူ ဘယ်သူ အဖြစ်နဲ့ ခံယူမလဲဆိုတာ ဆရာတို့ စောင့်ကြည့်ကြရမှာပေါ့ကွယ်၊ ဆရာသွားမယ်နော်... မပန်းဝေ"

မျက်ရည်ဝေနေသော မပန်းဝေ ရှိသေစွာ ခေါင်းညိတ်ပြမိပါ၏။

ဆရာဝန်ကြီး ထွက်သွားချိန်မှာ...

"ကဲ...ကေခိုင်လည်း မေမေ့ အသုဘကိစ္စအတွက် သိပ် ပင်ပန်းနေပါတယ်၊ ကိုကိုလည်း နားချင်ပြီကွယ်၊ ပြန်ကြစို့နော်..."

ဒေါ်ကေခိုင်မွန်က မျက်ရည်သုတ်ရင်း ထသည်။ ဦးထွန်းသာက မျက်ရည်ဝဲစွာဖြင့် ခုတင်ပေါ်မှ သားချစ်သို့ လှမ်းကြည့်လိုက်ပြီး—

"ကဲ...သွားကြပါစို့ကွယ်...၊ သြော်...သမီး မပန်းဝေ၊ အပြင်မှာ ငိုနေရှာတဲ့ မိန်းကလေးကိုလည်း တွေ့ခွင့်ပြုလိုက်ပါကွယ်၊ သူ့မှာ ဘာအပြစ်မှ မရှိရှာပါဘူး"





"စိတ်ချပါ အန်ကယ်(လ်)၊ တကယ်လို့ တိုး နိုးလာပြီး သူဟာ သူ့ကိုယ်သူ ထက်မြက်ထွန်းပါလို့ သိနေခဲ့ရင် ပန်းဝေ ဘေးဖယ်ပေးလိုက်ပါမယ်ရှင်"

"အို...သမီးရယ်၊ မဟုတ်တာ"

"ဟုတ်ပါတယ် အန်တီကေခိုင်ရယ်၊ ပန်းဝေ တိုးကို ချစ်တာ လိုက်လျောနိုင်တဲ့ အချစ်မျိုးချည်း မဟုတ်ပါဘူး။ စွန့်လွှတ်ရဲတဲ့ အချစ်မျိုးလည်း ပါဝင်ပါတယ်ရှင်"

❋ မိန်းမသားငယ်တစ်ယောက်၏ ချစ်အား ချစ်မာန် ကြီးလွန်းပုံကို ဦးထွန်းသာ မကြားချင်ယောင်သာ ဆောင်၍ နေလိုက်ရသည်။ မပန်းဝေက...

"ချစ်ငုံဖူးက ထက်မြက်ထွန်း အဖြစ်နဲ့ သူ့ကို လက်ခံရဲတယ်ဆိုခဲ့ရင် သူ့ရောဂါတွေ၊ သူ့အပြစ်တွေ လွတ်ကင်းပြီးတဲ့အခါမှာ ပန်းဝေ ကျေကျေနပ်နပ်ကြီး ချစ်ငုံဖူးရဲ့လက်ကို အပ်လိုက်ပါရစေ"

"တကယ်လို့ တိုးပါလို့ သူ့ကိုယ်သူ ခံယူရင်လည်း သူဟာ တစ်သက်လုံး မကျန်းမမာ ဖြစ်နေပါစေ... တစ်ဘဝလုံး မေ့နေအောင် ရူးသွပ်နေပါစေ၊ ပန်းဝေသူ့ကို တစ်သက်လုံး ပြုစုကုသပါ့မယ် အန်တီရယ်"

"ဒါတော့ သမီးတို့လူငယ်တွေကိစ္စ၊ ကိုယ်ပိုင်သာ ဆုံးဖြတ်ကြပါကွယ်"

ဒေါ်ကေခိုင်မွန်၏ ပခုံးကိုတွဲလျက် ဆေးရုံခန်းတွင်းမှ ထွက်လာသော ဦးထွန်းသာသည် ငိုနေသော ကောင်မလေး လှလှ ချောချော တစ်ယောက်သို့ ကြည့်လျက်...



www.burmeseclassic.com

www.burmeseclassic.com



"အထဲ ဝင်ကြည့်ပါ ချစ်ငုံဖူး"

သည်မျှပြောပြီး ပြန်လှည့်ထွက်သွားတော့သည်။

ချစ်ငုံဖူးလည်း ဘာမှ ပြန်မပြောလိုက်နိုင်တော့။

ချစ်ငုံဖူး အခန်းတွင်းသို့ တစ်လှမ်းချင်း ဝင်လာခဲ့ရပါပြီ။

ခုတင်၏ သည်ဘက်ခြမ်းမှာ ချစ်ငုံဖူး ရပ်လိုက်သည်။ ဟိုဘက်ခြမ်းမှာ ဒေါက်တာ မပန်းဝေ။

အလယ်တွင် ဤမိန်းမသား နှစ်ယောက်လုံး၏ နှလုံးသည်းပွတ်လို ချစ်မြတ်နိုးခဲ့ရပါသော လူတစ်ယောက်။

"မောင်...မောင်ရယ်"

ချစ်ငုံဖူး ထိန်းမရတော့။ ချစ်သူ၏ မျက်နှာလေးကိုကြည့်ပြီး ငိုချလိုက်တော့သည်။

ပိုးဝါမှတစ်ဆင့် အေးလှဖြူ၊ အေးလှဖြူမှတစ်ဆင့် သူ့ဆီသို့ လာရန် ဟန်ပြင်ထားရာမှ သည်အဖြစ်ဆိုးနှင့် ကြုံရသည့် အကြောင်းကိုလည်း ချစ်ငုံဖူး သိရှိခဲ့ပြီးလေပြီ။

"ချစ်ငုံဖူး...ညီမလေး..."

"ရှင်..."

"သူသာ ကျန်းမာလာပြီး သူ့ကိုယ်သူ..."

"မမ စောစောက ပြောနေတာတွေ ငုံအပြင်က အားလုံးကြားနေပါပြီရှင်"

"ညီမလေးမှာ ဘာအပြစ်မှ မရှိပါဘူးကွယ်...၊ မမအားလုံး





ခွင့်လွှတ်ပါတယ်။ စွန့်လွှတ်ပေးနိုင်လောက်အောင်လည်း တိုးပေါ်မှာ မမ ချစ်ပါတယ် ညီမလေး"

"အို...ငုံတော့ ဘာပြောရမှန်းကို မသိတော့ပါဘူးရှင်၊ ငုံ့ဆီကို သူလာတော့မယ်လို့ လုပ်ပြီးမှ ဒီလို ဖြစ်ရတယ်လို့ ကြားရလို့ ငုံ ငိုချင်တာပဲသိတယ် မမရယ်၊ ငုံ ဘာမှမပြောတတ်ဘူး။ ငုံပြောနိုင်တာ တစ်ခုပဲရှိတယ်"

"ဟင်..."

"ငုံ မောင့်ကို သိပ်ချစ်တယ်ရှင်"

မပန်းဝေ မျက်ရည်ထိန်းထားနိုင်သော်လည်း ချစ်ငုံဖူး၏ ပြောသံများ၊ ရှိုက်သံများက အခန်းတွင်းမှာ လျှံနေတော့သည်။

"ဟာ..."

သူ လွန့်နိုးလာလေပြီ။

သူ့ရှေ့မှာ မငိုပါနဲ့လား ညီမလေးရယ်"

မပန်းဝေ သတိပေးလိုက်သဖြင့် မျက်ရည်များသုတ်ပြီး...

"ဟုတ်ကဲ့...ဟုတ်ကဲ့ပါ ရှင်..."

ခုတင် တဘက်စီမှာ သူ၏ အချစ်ဆုံး နှစ်ယောက်။

သူသည် မျက်လုံးပွင့်လာပြီး မပန်းဝေသို့ စူးစူးစိုက်စိုက်ကြည့်၏။ မပန်းဝေက ဖန်တီးမှုအပြုံးဖြင့် ပြုံးပြလိုက်သည်။

ပြီးတော့ သူ တဘက်သို့ လှည့်ကြည့်လာပြန်သည်။

မရင့်ကျက်သော ဆယ်ကျော်သက်မလေး ချစ်ငုံဖူးသည် ဟန်မဆောင်နိုင်တော့...



www.burmeseclassic.com

www.burmeseclassic.com



အငိုမျက်နှာလေးနှင့်သာ သူ့ကိုအသက်မရှုရဲလောက်အောင် ကြည့်နေမိသည်။

သူသည် ထက်မြက်ထွန်း ဖြစ်လာလျှင် ချစ်ငုံဖူး၏ ချစ်သူ။

တိုးတက်ထွန်းအဖြစ် ခံယူလျှင်တော့ ဒေါက်တာ မပန်းဝေ၏ ချစ်သူ။

သူ့ ခံယူချက်၊ သူ့စကားသည် မိန်းမသားနှစ်ယောက်၏ တစ်ဘဝစာအတွက် အဆုံးအဖြတ်...

သို့သော်လည်း...

သို့ပါသော်လည်း...

"ကျုပ်...ကျုပ်...ဘယ်ရောက်နေတာလဲဟင်"

သူက လှုပ်လှုပ်ရှားရှား မေးလာ၍...

"တိုး..."

"မောင်..."

ဒေါက်တာမပန်းဝေနှင့် ချစ်ငုံဖူးတို့ သံပြိုင်လို ခေါ်မိကြသည်။ အချစ်ချင်းတူ၍ အပြုမူချင်းများ ညီမိလေ သလား။ သူ့လက်ကလေး တဘက်စီကို ဆုပ်ကိုင်ထားမိကြသည်။

သူ့အကြည့်သည် စူးဝါးလာသည်။ ပို၍ စိမ်းလာသည်။ ပြီးတော့ သူ့လက်နှစ်ဘက်ကို ဆောင့်၍ ရုန်းလိုက်ပြီး...

"ကျွန်တော် ဘယ်ရောက်နေလဲ"

"ခင်ဗျားတို့ ဘယ်သူတွေလဲဟင်"

"အမယ်လေး...တိုးရယ်"





"အို...မောင်ရယ်"

ဆုံးရှုံးရလေပြီ...

ဆိုသော အသိကြောင့် အချစ်ကြီးမလေးနှစ်ဦးတို့၏ ကြေကွဲမှုမှ ပေါက်ကွဲသံ...

"ဘယ်သူမှ မလာနဲ့"

"ဘယ်သူမှ အနားမကပ်နဲ့"

"သတ်မိလိမ့်မယ်"

"သွားကြ...သွားကြ...သွားကြ"

သူ့ ကြုံးအော်သံကြောင့် သူနာပြုဆရာမ နှစ်ယောက်နှင့် စောစောဆီက ဆရာဝန်ကြီးလည်း ပြန်လည် ပြေးဝင်လာခဲ့ပြီ...

သူ့ကို ဆရာဝန်ကြီးကိုယ်တိုင် ဖျောင်းဖျ နှစ်သိမ့်လျက်... အိပ်ဆေးများ ပြန်လည် ထိုးလိုက်ဟန်တူပါ၏။ ခဏမျှ လှုပ်ရှားပြီး နောက်...

သူ ငြိမ်ကျသွားလေပြီ...

"မပန်းဝေ"

"ဟုတ်ကဲ့ပါဆရာ"

"ဆရာထင်သလို ဖြစ်မလာဘဲ ခုလိုသူဟာ ဘာကိုမှ သတိမရ တော့ဘူးဆိုရင် သူ့ကို အေးအေးဆေးဆေးကုမှပဲ ဖြစ်တော့မယ်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ရန်ကုန်က စိတ်ရောဂါကု ဆေးရုံကိုပို့ပြီး ကုမှဖြစ်မယ်။ မပန်းဝေတော့ စိတ်ရှည်လက်ရှည် ပြုစုရလိမ့်မယ်နော်။ အချိန်တော့ အများကြီး ယူရလိမ့်မယ် ထင်တယ်ကွယ်"

"ပန်းဝေ အတတ်နိုင်ဆုံးဆိုတာထက် လွန်ကဲပြီး ပြုစုပါ့မယ် ဆရာရယ်၊ သူ့ မိဘတွေ ကလည်း တတ်နိုင်ပါတယ်..."

"အေးကွယ်...၊ အောင်မြင်နေတဲ့ ဆေးပညာတွေနဲ့ သူ့ရဲ့ ဘဝမှန်ရောက်အောင် ပြန်ပြီး ဆွဲခေါ်ထုတ်ယူရမှာပေါ့လေ"

"ဆရာရယ်... သူ ပျောက်နိုင်ပါတော့မလား"

"ပျောက်နိုင်ကောင်းပါရဲ့လေ၊ အချိန်ရယ်၊ ကုသမှုရယ်၊ သူ့ကို နားလည်စွာ ဂရုစိုက်မှုရယ် ပေါင်းစပ်လိုက်ရင် သူ့ဘဝမှန်ကို ပြန်ရောက်လာနိုင်ကောင်းပါရဲ့ကွယ်"

"ရှင်"

"ဩော်...သူ အထင်မှားနေတဲ့ သူ့ကိုယ်သူ ထက်မြက်ထွန်း ဆိုတာ ကွယ်ပျောက်သွားပြီး တိုးတက်ထွန်းဆိုတဲ့ ဘဝကို ပြန်လည် သိရှိလာတဲ့အထိ ဆရာတို့ ကြိုးစားကြည့်ရမှာပဲလေ။ ဒါပေမယ့် အချိန်ကာလကိုတော့ မှန်းဆလို့ မရဘူးပေါ့ကွယ်။ မပန်းဝေသာ စိတ်ကို ဖြေသိမ့်ပါ"

ဆရာဝန်ကြီးသည် ဒေါက်တာ မပန်းဝေ၏ ပခုံးလေးကို ပုတ်လျက် ဖြေသိမ့်နိုင်ပါစေ ဟူသော စေတနာနှင့် နှစ်သိမ့်လိုက်ပြီး—

တိုးတက်ထွန်းသို့ တစ်ချက်ကြည့်လျက် ခေါင်းကို ခါယမ်းပြီး ထွက်သွားတော့သည်။





ဆရာဝန်ကြီးလည်း ပြန်ထွက်သွားပါပြီ။ ဒေါက်တာမပန်းဝေ သည် ချစ်ငုံဖူး အပါအဝင် အားလုံးကို မေ့လျော့သွားပြီထင်ပါ၏။

ခုတင်ပေါ်မှ တိုးတက်ထွန်း၏ ရင်ခွင်မှာ မျက်နှာအပ်လျက်...

"တိုးရေ...ချစ်မရဲ့ အချစ်ဆုံးရယ် ရောဂါတွေပျောက်အောင် ကုမယ်၊ တိုးရဲ့ဘဝကို ပြန်ရအောင်ယူမယ်။ ပြီးတော့ တိုးကို ပန်းဝေ တတ်တဲ့ ဆေးပညာနဲ့ တစ်သက်လုံး ပြုစုနေပါ့မယ် တိုးရယ်"

ချစ်ငုံဖူးသည် သူ့ချစ်သူရင်ခွင်မှာ မျက်နှာအပ်ထားသော ဒေါက်တာ မပန်းဝေသို့ ကြည့်ပြီး...

နောက်ပြန်ပင် တစ်လှမ်းချင်း ဆုတ်လာသည်။

ကြောက်ရွံ့စရာ မြင်ကွင်းတစ်ရပ်လို စိတ်မှာ ထင်မြင်လာခဲ့ ပါပြီ...

ရင်နာ ကြေကွဲမှုများသည် နှလုံးအိမ် ပွင့်ကွဲတော့မတတ်...

"ဆုံးရှုံးရလေပြီ"

ဆိုသော စကားမျိုးကိုပင် ပြောနိုင်စွမ်းမရှိသော ဘဝမျိုး။

'ထက်မြက်ထွန်း' ဆိုသော သူ့ချစ်သူသည် ဤလောကတွင် ရှိမနေခဲ့...

တိုးတက်ထွန်းဆိုသော ခန္ဓာကိုယ်တွင်းသို့ ခေတ္တမျှ အစားဝင် လာသော စိတ်လေးတစ်စိတ်သာ ဖြစ်ချေသည်။

ဤစိတ်သည်လည်း ယခုအခါ သူ့ကိုယ်မှ ခွာလေပြီ။

နောင်တွင်လည်း ဆေးပညာအစွမ်းဖြင့် ဤစိတ်ကို နှင်ထုတ်ကြပေ တော့မည်။



www.burmeseclassic.com

www.burmeseclassic.com



တိုးတက်ထွန်း မည်သောမပန်းဝေ၏ ချစ်သူ၊ ခင်ပွန်းလောင်း
န်ဆင်းထားသော...

ထက်မြက်ထွန်းဆိုသည့်...
ချစ်ငုံဖူး၏ အချစ်ဦး 'မောင်'သည်...
"ဤလောကတွင် ယခု မရှိတော့"
"ယခင်ကလည်း မရှိခဲ့"
"နောင်လည်း ဘယ်သောအခါမှ ရှိမည်မဟုတ်တော့ပါ"

ဆိုသော အသိများဖြင့် ချစ်ငုံဖူးသည် ဆေးရုံခန်းမှ ကသုတ်
ကရက် လှမ်းလျက် ထွက်ပြေးမိပါပြီ။

"ငုံ...ငုံ...အို...မပြေးနဲ့လေ"

သန်မာသော လက်တစ်ခုက သူ့ကို လှမ်းဆွဲလိုက်သည်။

ချောက်ချားသည်းထန်စွာ ငိုကြွေးနေသော မိန်းကလေး၏
ခုံးကိုဖက်လျက် နှစ်သိမ့်စကားများ ပြောကြားနေသူက...

မင်းမြတ်မင်း...

သမီးရဲ့ချစ်သူမှာ မေမေတို့ပြောသလို သေဆုံး
နင့်ပြီးသား၊ လူ့ပြည်မှာမရှိတဲ့ လူသားတစ်ယောက်
ဆိုရင်တော့ မေမေတို့ရဲ့စကားကို သမီးနားထောင်
မှာပါ။

ကြောင်နှစ်ကောင်စာအုပ်တို



ဟု ချစ်ငုံဖူးက သူ့ချစ်မေမေထံ ပေးစာမှ တစ်ပိုဒ်ကို ချစ်ငုံဖူး
သတိမရနိုင်သေးသော်လည်း မင်းမြတ်မင်းက သတိရခဲ့ပါပြီ။

"ငုံရယ်... တိတ်ပါကွယ်။ ဘယ်လိုမှ ပြုပြင်တည်ဆောက်
ဖန်တီးလို့မရနိုင်တော့တဲ့ အရာလို့သာ သဘောထားပြီး စိတ်ကို
ဖြေသိမ့်လိုက်ပါတော့ ညီမလေးရယ်"

"အစ်ကိုမင်း... အစ်ကိုမင်းရယ်၊ ငုံ ငိုပါရစေ၊ သူ့အတွက်၊ ငုံ
ချစ်လွန်းခဲ့ရတဲ့ သူ့အတွက် ငုံ ငိုပါရစေဦးရှင်"

"ငုံရယ်"

"ဩော်...ဒီလောကမှာ မရှိတဲ့လူကိုမှ ချစ်မိတဲ့ ငုံရဲ့အဖြစ်ဟာ
ဘယ်လောက်များ ရင်ကွဲဖို့ကောင်းလိုက်ပါသလဲ အစ်ကိုမင်းရယ်"

ခံစားမှုပြင်းပြနေချိန်ကာလမို့ ဖျောင်းဖျလေ၊ ပိုဆိုးလေ ဖြစ်မှာ
စိုး၍ သူ့ပခုံးလေးကို ဖက်တွယ်လျက်သာ... ဆေးရုံမှ ထွက်ပြီး ကမ်းနား
ဘက်သို့ လျှောက်ခဲ့ရသည်။

"သူ့ချစ်သူအတွက် အတတ်နိုင်ဆုံးဆိုတာထက် ပိုပြီး ပြုစု
ပါ့မယ်ဆိုတဲ့ ဒေါက်တာမပန်းဝေရဲ့ စကားမျိုးလိုပင်"

မင်းမြတ်မင်းသည် သူ ချစ်မြတ်နိုးလွန်းခဲ့ရသော ချစ်ငုံဖူးသို့
သူ၏ အကြင်နာအားလုံး၊ မြတ်နိုးမှုများ အားလုံးဖြင့် ချစ်ငုံ့ဖူး၏
ကြေကွဲမှုဝေဒနာကို ကုစားယူပါမည်။

မကြာခင်မှာ ပျောက်ကင်းပါလိမ့်မည်ဟုလည်း သူ ယုံကြည်
လျက် ရှိပါ၏။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သူ့ပခုံးစွန်းလေးကို ဖက်လျက် လျှောက်လာရာမှ ချစ်ငုံဖူးသည် မင်းမြတ်မင်း၏ ပခုံးစွန်းမှာ ခေါင်းမှီချလိုက်သည်။

"ငုံရယ်"

စီးလာသော မျက်ရည်စလေးများကို သူ့အိတ်တွင်းမှ လက်ကိုင်ပဝါနှင့် ယုယုယယလေး သုတ်ပေးမိသည်။

နေသည် အလာတုန်းကလို မပူတော့ပေ၊

သူတို့နှစ်ဦး၏ဘေးတွင် ဂစ္ဆပနဒီ အမည်ရှိ ကုလားတန်မြစ်သည်...

မင်းမြတ်မင်း၏ ရင်တွင်းမှ မေတ္တာမြစ်နှင့် ယှဉ်ပြိုင်၍... အေးငြိမ်းညင်သာစွာ စီးဆင်းလျက်...

✱

ပြီးပါပြီ။

✱

ကလျာ (ဝိဇ္ဇာ–သိပ္ပံ)
၁၉၈၃–ခု၊ မတ်လ၊ ၄ ရက်နေ့

www.burmeseclassic.com